စာပေဗိမာန်စာမူဆုရ

သောင်းညွှန့်သစ်

မြိုင်ယံလယ်က တတ္တိဝတီ

၂၀၀၈ ခုနှစ်၊ စာပေဗိမာန် စာမူဆု

စာပဒေသာ ပထမဆုရ

မြိုင်ယံလယ်က ဟိတ္တိဝက်

aomif,ñ[illegible]pf

တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးပန်းချီ - ညီညီ

အတွင်းဓာတ်ပုံများ - စောဂျိမ်းစ်ကလိုဝါး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၀ ပြည့်နှစ်၊ ပထမအကြိမ်

အုပ်ရေ ၂၀၀၀

တန်ဖိုး (၈၀၀) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် - ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် - ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- ❑ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- ❑ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❑ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❑ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

G H

ဂါရဝကန်တော့ပန်း

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့်တကွ
ဖခင်ကြီး (ဦးမှင်)၊ မိခင်ကြီး (ဒေါ်အေး)
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အား
သက္ကစ္စဂါရဝဖြင့် လက်ဆယ်ဖြာယှက်မိုး ဦးညွှတ်ရှိခိုးကန်တော့အပ်ပါသည်။

E F

ကျေးဇူးတင်မှတ်တမ်း

ဤစာအုပ်ရေးသားပြုစုနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသော အောက်ပါ ပုဂ္ဂိုလ်အပေါင်းကို အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ဂါရဝပြုဖော်ပြအပ်ပါသည်။

- တိုက်ကြီးမြို့၊ တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးတင့်ဝေ
- သစ်တောရေးရာဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ်၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးရဲမြင့် (ရဲမြင့်-သစ်တော)၊ (တိုးခဲ့/ပညာ) ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး လက်ျာအောင် (ငြိမ်း) နှင့် (ညွှန်ကြားရေးမှူး) (ငြိမ်း) ဗိုလ်ကြီးကျော်ညွန့်လွင် (ကျော်ညွန့်လွင်) နှင့် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း) ဦးတင်ငွေ
- မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်း (၂၀၀၂)၊ ဦးမြတ်ကျော် (၂၀၀၇) နှင့် လက်ထောက်ညွှန်ကြားရေးမှူး (မွေး/ကု) ဦးစီးဌာန၊ ဦးထွန်းလှိုင် (ထွန်းလှိုင်-မြိုင်)
- သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် မန်နေဂျာ (အင်အား) ဦးညီညီ၊ မန်နေဂျာ (လုပ်ငန်း) ဦးရှိန်ဟန်နှင့် လက်ထောက်မန်နေဂျာ (ဆင်ဆေးကု) ဦးသောင်းညွှန့်
- သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မြိုင်ဟောဝန် ဆင်စခန်း၊ လက်ထောက်မန်နေဂျာ (ဆင်ဆေးကု) ဦးစိုးဝင်းနှင့် ဆင်ခေါင်းကြီး စောစေးစေးနှင့်အဖွဲ့)
- တိုက်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိများဖြစ်ကြသည့် ဦးမြနှင့် ဝန်ထမ်းများ (၁၉၆၆ ခုနှစ်)၊ ဦးဝင်းသိန်းနှင့် ဝန်ထမ်းများ (၂၀၀၃ ခုနှစ်)၊ ဦးကျော်ဆန်းဝင်းနှင့် ဝန်ထမ်းများ (၂၀၀၄ ခုနှစ်) နှင့် ဦးသန်းဝင်းနှင့် ဝန်ထမ်းများ (၂၀၀၇ ခုနှစ်)
- သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုထန်နှင့် အထွေထွေမန်နေဂျာ ဦးအောင်မင်းကျော်သူ
- ကွင်းဆင်းလေ့လာရာတွင် တွေ့ဆုံမေးမြန်းခဲ့ရသူ ဒေသခံပုဂ္ဂိုလ်များ

မိမိနှင့်အတူ လက်တွဲလုပ်ဖော်ကိုင်ဖက် သစ်တောဝန်ထမ်းများအားလုံးတို့အား အထူးကျေးဇူး ဥပကာရ တင်ရှိပါကြောင်း အမှတ်တရ ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

သောင်းညွှန့်သစ်

ELEPHANTS: THE NATIONAL TREASURE OF MYANMAR

An object of worships, a target of hunter, a beast of burden, a burden to the people, gentle in captivity, dangerous in the wild, the pride of kings, the companion of mahouts, a machine of war, an envoy of peace, loved, feared and hated, the elephants has had a glorious and an infamous associations with man in Asia.

For its sheer contrast and splendor, this Association is unequalled by any other interaction between animal and men in the world.

SU KUMAR, 1992
ELEPHANT EXPERT GROUP

မာတိကာ

ဂါရဝကန်တော့ပန်း
ကျေးဇူးတင်မှတ်တမ်း
ELEPHANTS: THE NATIONAL TREASURE OF MYANMAR
နိဒါန်း

	အကြောင်းအရာ		စာမျက်နှာ
အခန်း (၁)	တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းများ ဝင်ရောက်တိုက်ခိုက်ခြင်း	...	၁
အခန်း (၂)	ရန်ငြိုးများဖြင့် တစ်ကျော့ပြန်ကလဲ့စား	...	၁၁
အခန်း (၃)	မြိုင်ဟောန်ဆင်စခန်းဆီသို့	...	၂၆
အခန်း (၄)	ဆင်အကြောင်း ပဏာမသိကောင်းစရာများ	...	၄၄
အခန်း (၅)	မြန်မာ့ဆင်လောက ဆင်အမျိုးအစားများ	...	၅၀
အခန်း (၆)	ဘာသာရေးနှင့်ယဉ်ကျေးမှုနယ်ပယ်တွင် ဆင်တို့၏အရေးပါမှု	...	၇၅
အခန်း (၇)	တောဆင်ရိုင်းဖမ်းဆီးခြင်း	...	၈၅
အခန်း (၈)	တောတွင်းနေထိုင်စားသောက်ခြင်းအတတ်နှင့် အတွေ့အကြုံ	...	၉၇
အခန်း (၉)	ဆင်လောက ကြောက်ရွံ့စရာ ရက်စက်မှု ကမ်းကုန်ချက်များ	...	၁၀၈

အကြောင်းအရာ **စာမျက်နှာ**

အခန်း (၁၀) ဆင်လောက ချစ်စရာ၊ အကြင်နာနှင့် ကရုဏာနှလုံးသားများ ... ၁၂၁

အခန်း (၁၁) တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းများ ကျက်စားနေထိုင်မှုအခြေအနေ (၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ) ... ၁၄၇

နိဂုံး ... ၁၆၀

နောက်ဆက်တွဲများ ... ၁၆၃

- တိုက်ကြီးမြို့နယ်အတွင်း လူနှင့်တောဆင်ရိုင်းတို့ ပဋိပက္ခ ဖြစ်ပွားရာနှင့် တောဆင်ရိုင်းများ ကျက်စားရာနေရာ ဖော်ပြမြေပုံ
- မြန်မာနိုင်ငံ အမျိုးသားဥယျာဉ်နှင့် ဘေးမဲ့တောများ (၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ)
- မြန်မာနိုင်ငံ အမျိုးသားဥယျာဉ်နှင့် ဘေးမဲ့တောများ တည်နေရာပြမြေပုံ (၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ)
- Myaing Hay Wun Elephant Camp. (Fact Sheet)
- မှတ်တမ်းတင်ဓာတ်ပုံများ

ကျမ်းကိုးစာရင်း ... ၁၇၆

နိဒါန်း

ရန်ကုန်တိုင်း၊ မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် ရိုးမသစ်တောများမှ တောဆင် ရိုင်းအုပ်ကြီးများ၏ သောင်းကျန်းတိုက်ခိုက်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ ဆိုးရွား ပြင်းထန်လာခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလအထိ တောဆင်ရိုင်းကြီးများ၏ တိုက်ခိုက်သတ်ဖြတ်မှုကြောင့် လူပေါင်း ၅၈ ဦး မရှုမလှ သေဆုံးခဲ့ကြရသည်။

စာရေးသူအနေဖြင့် သစ်တောဦးစီးဌာနတွင် နှစ်ပေါင်း ၃၀ အမှုထမ်း ဆောင်ရွက်ပြီးနောက် အနားယူခဲ့ပြီးဖြစ်သည်။ သို့သော် သစ်တောသတင်း ဆင်သတင်းများနှင့် ပတ်သက်၍ ကြားရသည့်အခါတိုင်း မိမိနှင့် သက်ဆိုင်နေသည့်စိတ်မျိုး ရင်တွင်းခံစားချက် ဖြစ်ပေါ်နေမိသည်။ သို့ကြောင့်လည်း အမြဲတစေ ဂရုတစိုက် အာရုံထားခဲ့မိပါသည်။

တောဆင်ရိုင်းများ၏ တိုက်ခိုက်မှုများ ၊ လူသတ်မှုဖြစ်စဉ်များ၊ တောဆင်ရိုင်းများကို မောင်းနှင်ခြင်း၊ နှိမ်နင်းခြင်း၊ ဖမ်းဆီးခြင်းတို့တွင် အခွင့်အခါသင့်တိုင်း တာဝန်ရှိသူအဖြစ် သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးအဖွဲ့၊ ဆင်ဝိုင်း ဆင်လုပ်သားတို့နှင့်အတူ လိုက်ပါကူညီဆောင်ရွက်ရင်း လေ့လာခွင့်၊ ရေးသားခွင့်၊ အခွင့်အလမ်းများ ရရှိခဲ့ရာမှ ဤစာအုပ်ဖြစ်မြောက်လာခဲ့ပါသည်။ တွေ့ကြုံခဲ့ရသော တောဆင်ရိုင်းများ၏ လူသတ်မှု၊ တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ဆင်တို့၏ လျှို့ဝှက်နက်နဲသော စိတ်သဘော၊ အသိရခက်သော အံ့ဩထိတ်လန့်ဖွယ် ဖြစ်ရပ်များကို လက်တွေ့ဘဝများနှင့် ထင်ဟပ်၍ သတိပြုလာခဲ့မိပါသည်။ ထို့ပြင် မြန်မာ့လူနေမှုဘဝ အရေးအရာထဲတွင် ဆင်တို့၏ အခန်းကဏ္ဍသည် ခိုင်မြဲစွာ ယှဉ်တွဲပါလာခဲ့ပြီးဖြစ်ရာ နောင်တွင်လည်း ဘယ်သောအခါမျှ ဖယ်ရှား၍ ရမည်မဟုတ်ပေ။

မြန်မာစာပေလောကၦ ဆင်နှင့်ပတ်သက်သော စာအုပ်စာစောင် ကျမ်းဂန်တို့ကို သူနည်းသူဟန်တို့ဖြင့် ရေးဖွဲ့ခဲ့ကြခြင်းများ ရှိပါသည်။ သို့ရာတွင် ပြည့်စုံလုံလောက်ဦးမည် မဟုတ်ပေ။ ရရန်ခက်ခဲသော၊ နှစ်သက်မြတ်နိုးဖွယ်ဖြစ်သော ရတနာတစ်ပါးတွင် အဝင်အပါ ဆင်ရတနာဖြစ်နေ၍လည်း အခက်အခဲများစွာ ရှိနေပေသည်။ မိမိ၏တင်ပြချက်များသည်

လည်း ကျယ်ဝန်းလှသော ဆင်လောက ဆင်တို့ဘဝရေးရာအတွက် သဲတစ်ပွင့်မျှသာ ဖြစ်ပါသည်။ များစွာ လိုအပ်နေဦးမည် ဖြစ်ပါသည်။

သို့ရာတွင် ကြုံကြိုက်ခဲလှစွာသော အခွင့်အခါများကို လက်လွတ်မခံ အားထုတ်နိုင်ခဲ့မှုကြောင့် ရရန်ခဲယဉ်းလှသော ရှားပါးလှသည့် ဆင်တို့နှင့်ဆက်နွယ်သည့် ဖြစ်ရပ်မှန်မှုခင်း၊ မှုရပ်၊ ဖြစ်စဉ်များကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ထို့ပြင် သစ်တောဝန်ထမ်းများ၊ သစ်ထုတ်ရေးဝန်ထမ်း လုပ်သားများ၊ ဆင်လောကနှင့် ပတ်သက်ကြသူများ၊ စစ်ဘက်၊ နယ်ဘက်၊ တောတောင်နှင့် မကင်းနိုင်ကြသူများအတွက် ဗဟုသုတဖြစ်ဖွယ် သစ်ပင်တောတောင်တို့၏ ပရိယာယ်၊ သားရဲတိရစ္ဆာန်ကြီးများ၏စရိုက် သဘာဝ၊ ဘေးအန္တရာယ်၊ နယ်မြေဒေသပိုင်ရာဆိုင်ရာ၊ ရိုးရာနတ်ဓလေ့၊ တောဓလေ့များ၊ ရှောင်ရန် ဆောင်ရန်များကိုလည်း စုစည်းတင်ပြအပ်ပါသည်။ စာအုပ်ပါ သတင်းအချက်အလက်များဖြင့် အတိုင်းအတာတစ်ခုအထိ ကွက်လပ်ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

သောင်းညွှန့်သစ်

အစန်း (၁)

တိုက်ကြီးမြို့နယ်အတွင်း စတာဆင်ရိုင်းများ ဝင်ရောက်တိုက်ခိုက်ခြင်း

တိုက်ကြီးမြို့နယ်တွင် ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလစ၍ တောဆင်ရိုင်းအုပ်ကြီးများသည် မြို့၏အရှေ့ဘက် ကျေးရွာအုပ်စု အချို့သို့ ဆင်းသက်လာပြီး လယ်ယာဥယျာဉ်ခြံများကို ဝင်ရောက်စားသောက်ဖျက်ဆီးရုံမက လူကိုပါ တိုက်ခိုက်သတ်ဖြတ်လာသည်အထိ သောင်းကျန်းဆိုးသွမ်းလာခဲ့ကြသည်။ ဆင်အုပ်ကြီးများရန်ကြောင့် ကျေးရွာလူထုတို့သည် ကျီးလန့်စာစား ဖြစ်နေကြရသည်။ အချို့သည် မိမိတို့၏ ဥယျာဉ်ခြံ၊ ယာ၊ မြေများကိုစွန့်ခွာ၍ လွတ်ရာကျွတ်ရာသို့ ရွှေ့ပြောင်းပြေးကြရသည်ထိ အခြေအနေဆိုးရွားလာခဲ့ကြပေသည်။

တောဆင်ရိုင်းအုပ်ကြီးများ

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် တောဆင်ရိုင်း ၈ ကောင် အုပ်တစ်အုပ်သည် တိုက်ကြီးမြို့ အရှေ့ဘက်၊ လိမ္မော်ခြံကျေးရွာအုပ်စု အလယ်ရွာ၊ ကိုင်းကွင်းကြီး၊ မြန်မာစုရွာများရှိ ဦးသန်းမောင်၊ ဦးချစ်ထွေး၊ ဦးစိုးသိန်း၊ ဦးလှအောင်၊ ဦးအောင်စာနှင့် ဦးခင်ဝင်းတို့၏ ရင့်မှည့်စပြုနေပြီဖြစ်သော စပါးခင်းများကို ဝင်ရောက် စားသောက်ကြရာ လယ် ၈ ဧကကျော် လုံးဝပျက်စီးဆုံးရှုံးသွားခဲ့သည်။ ကျေးရွာများ ဝန်းကျင်ရှိ ငှက်ပျော၊ ရှောက်၊ သံပရာ၊ ကွဲကော ဥယျာဉ်ခြံပေါင်း ၂၀ ကိုလည်း မွှေနှောက် စားသောက်သွားကြသည်။

ဆင်အုပ်ကြီးသည် ညအခါများတွင် ကိုင်းကွင်းကြီး၊ အလယ်ရွာ၊ မြန်မာစု၊ ကျောင်းစုကျေးရွာချင်းဆက် ရွာလယ်လမ်းမကြီးတစ်လျှောက် လူးလာခေါက်တုံ့ သွားလာနေကြပြီး နေ့အခါများ၌ ရွာဝန်းကျင်မနီးမဝေး အရိပ်ကောင်းသော ဝါးရုံတော၊ လျှိုမြောင်များတွင် ခိုအောင်းနေကြသည်။ သို့ကြောင့် ခြံ၊ ယာ၊ လယ်လုပ်ခွင်များသို့ မဆင်းဝံ့ကြတော့။ ကျေးရွာရှိ မူလတန်းစာသင်ကျောင်းများ၊ ဗီဒီယိုရုံများကိုလည်း ပိတ်ထားကြရတော့သည်။ စည်ကား အေးချမ်းသာယာလှသော ရွာကလေးများသည် နေ့ရောညပါ ထိတ်ထိတ်လန့်လန့်ဖြင့် ချောက်ချားဖွယ် ဖြစ်နေတော့သည်။ တစ်နေ့တခြား ဆင်ရိုင်းအုပ်ကြီးများ၏ တိုက်ခိုက်မှု အန္တရာယ်သည် အရှိန်မြင့်လာခဲ့သည်။

ဒေသခံ ခြေမြန်တပ်ရင်း (၇၀၈) မှ တပ်ရင်းမှူးက ၂၀-၁၀-၁၉၉၅ ရက်နေ့တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် သစ်တောဌာနတို့သို့ ဆက်သွယ်ပြီး နည်းလမ်းရှာကြသည်။ နိုင်ငံ့ရတနာဖြစ်သော ဆင်ကို လက်လွတ်စပယ် အရမ်းကာရော သတ်ဖြတ်၍လည်းမဖြစ်ပေ။ ရန်ကုန်မြို့ရှိ သဘာဝဝန်းကျင်နှင့် သားဌက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနသို့လည်း ဆက်သွယ်သတင်းပို့ရသည်။

အောက်တိုဘာလ ၂၁ ရက် ည ၇ နာရီ အချိန်တွင် တောဆင်ရိုင်းအုပ်ကြီးသည် အလယ်ရွာမူလတန်းကျောင်းဝင်းထဲတွင် ခေတ္တဝင်ရောက်နားခိုပြီး ကျောင်းကို ဖျက်ဆီးခြင်း မပြုဘဲ ထွက်ခွာသွားသည်။ ၂၂ ရက် ညနေ ၆း၃၀ နာရီ အချိန်တွင် တိုက်ကြီး-ဂျီးဖြူ (ရေစစ်ကန်) ကားလမ်းအတိုင်းဆင်းလာပြီး တိုင်းသမ စိုက်ပျိုးမွေးမြူရေးခြံထဲသို့ ဝင်ရောက်သည်။ ဦးအောင်ဆန်း စပါးခင်းထဲသို့ ဝင်စားရာ ၄ ဧကကျော် လုံးဝကုန်သွားလေသည်။ ထိုအချိန်၌ ၈ ကောင် အုပ်မှ ၁၂ ကောင်အုပ်အထိ ဖြစ်လာခဲ့သည်။ တိုင်းသမ စိုက်ပျိုးမွေးမြူရေး ခြံနေရာသည် တိုက်ကြီးမြို့လယ်မှ ကားလမ်းအတိုင်းဆိုလျှင် နှစ်မိုင်ခွဲခန့်သာ ဝေးပါတော့သည်။ ဆင်အုပ်ကြီးသည် ခြံ၊ ယာ၊ စပါးခင်း တောများ၌ စားကျက်ကျနေပြီး ပဲခူးရိုးမသစ်တောကြီးထဲသို့ မပြန်ကြတော့ပေ။

ရိုးမပေါ်သို့မောင်းနှင်ထုတ်ခြင်း

လူသားတို့က စာနာထောက်ထားမှုများဖြင့် အကြမ်းမဖက်ခဲ့ပေ။ သဘာဝဝန်းကျင်နှင့် သားဌက်တိရစ္ဆာန် ထိန်းသိမ်းရေးမူအရ ပစ်ခတ်ဖမ်းဆီးခြင်းမပြုဘဲ စားကျက်ပြောင်းရွှေ့မောင်းနှင်ခြင်းစနစ် (Translocation) ကို ကျင့်သုံးခဲ့ကြသည်။ သစ်တောရေးရာဝန်ကြီးဌာန၊ သဘာဝဝန်းကျင်နှင့် သားဌက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းနွယ် ဦးဆောင်၍ ဝန်းကျင်သားဌက်ဌာန ဝန်ထမ်း ၂၂ ဦး၊ တိုက်ကြီးသစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ အပါအဝင် အဖွဲ့အစည်းအား ၅၀ နှင့် မြန်မာ့ သစ်လုပ်ငန်းမှ ရှေ့တိုးဆင် ၆ ကောင်တို့နှင့်အတူ နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်ထိ သုံးရက်တိုင်တိုင် မူရင်းနေထိုင်ရာ ပဲခူးရိုးမတောနက်ရာသို့ မောင်းနှင်ထုတ်လိုက်ရသဖြင့် ဆင်အုပ်ကြီးသည် ပဲခူးရိုးမပေါ်သို့ ပြန်တက်သွားကြလေသည်။

နောက်တစ်ဖန် ပြန်လည်ဝင်ရောက်လာခြင်း

မောင်းနှင်ထုတ်လိုက်ပြီး ၅ ရက်သာ ကြာပါသည်။ ပြန်ရောက်လာကြပြန်လေသည်။ သဘာဝအားဖြင့် ဆင်ရိုင်း တို့သည် တောမှာသာ ပျော်ကြပါသည်။ လူတို့နှင့် မနီးစပ်လို

ကြပေ။ ဗီဇစိတ်က အလွန်ကြောက်တတ်ပါသည်။ ကျားနဲ့ရလျှင် သစ်ကိုင်းများချိုးယူပြီး အဝေးမှနေ၍ လွှဲပစ်တတ်သည်။ အချို့ အိမ်မွေးဆင်ယဉ်များသည် စပါးခင်းများ၌ ဝင်ရောက်စားလျှင် လည်ပင်းတွင် ဆွဲထားသော ခလောက်ထဲသို့ အသံမမြည်စေရန် ရွံ့ဖြင့် ပိတ်ဆို့၍ပင် စားတတ်ကြပါသည်။ နောက်ကျောမှ ခွေးဟောင်သံကြားလျှင် လန့်၍ ပြေးတတ်ကြပါသည်။ သို့ပါလျက် လူတို့နေထိုင်ရာသို့ ချဉ်းကပ် နယ်ကျော်လာခြင်းသည် သူတို့၏ စွန့်စားမှုဟု ဆိုရပါမည်။

ယခုအခါ ပဲခူးရိုးမနေရာ အနှံ့တွင် ရေလှောင်တမံစီမံကိန်းကြီးများ တည်ဆောက် နေကြရာ ယာဉ်ယန္တရား၊ စက်အင်အား၊ လူအင်အားများစွာ စည်ကားနေရာယူထားပြီး ဖြစ်သည်။ ပဲခူးတွင် ဇောင်းတူရေလှောင်တမံ၊ လှည်းကူးတွင် ငမိုးရိပ်ရေလှောင်တမံ၊ မှော်ဘီတွင် ကလီထော်နှင့် ဖူးကြီးရေလှောင်တမံ၊ တိုက်ကြီးတွင် ဂျိုးဖြူရေကန်နှင့် တဘူးလှ ရေလှောင်တမံ၊ မြောက်ဘက် သာယာဝတီနယ်မှသည် တောင်ဘက် ပဲခူးနယ်တိုင်အောင် ရိုးမတစ်ခွင် စီမံကိန်းကြီးများ ကျယ်ပြန့်စွာ နေရာယူထားကြပြီးဖြစ်ရာ တောဆင်ရိုင်းအုပ်များ သည် ညှပ်ပူးညှပ်ပိတ်ဖြစ်ကာ စားကျက်များ ကျဉ်းမြောင်း လာရလေသည်။ နောက်ဆုံးတွင် ငါ့ဝမ်းပူစာမနေသာတော့၍ မိုက်ရူးရဲစိတ်ဖြင့်ဆင်းလာကြဟန် ရှိပေသည်။ သူတို့ကို မောင်းနှင်ထုတ်ခြင်းဖြင့် အဆုံးမသတ်နိုင်တော့ပေ။ အရှင်လက်ရဖမ်းဆီးပြီး လူတို့ရွာတွင် အသုံးချရပေတော့မည်။

ဆင်ဖမ်းလိုင်စင်နှင့် ဆင်ဖမ်းစနစ်

သစ်တောဦးစီးဌာနရုံးချုပ်က ပဲခူးတိုင်း၊ တောင်ငူမြို့ရှိ ဆင်ပိုင်ရှင်များ စုပေါင်း သစ်ထုတ်ရေးအဖွဲ့မှ ဦးစောမြင့်ထူး အဖွဲ့၊ ရှမ်းပြည်နယ် ရပ်စောက်မြို့မှ ဦးစောရဲဗို အဖွဲ့တို့ကို ဆင်ဖမ်းလိုင်စင်ထုတ်ပေးပြီး ဖမ်းဆီးရမိရေး စီစဉ်ရတော့သည်။ ဆင်ဖမ်းအဖွဲ့ နှစ်ဖွဲ့သည် တိုက်ကြီးမြို့သို့ ၁၃-၁-၁၉၉၆ ရက်နေ့၌ ရောက်လာခဲ့ကြသည်။ တစ်ဖွဲ့လျှင် လူအင်အား ၃၀ ဦး ပါဝင်ပေသည်။ အချိန်မဆိုင်းကြဘဲ ဆင်ရိုင်းတို့၏စားကျက်ကို လေ့လာပြီးနောက် ညောင်လေးပင်ချောင်းနှင့် ဝါးချောင်းဆုံရာ၌လည်းကောင်း၊ ကပစ (၁၁) စစ်တပ်၏အထက် နှစ်မိုင်အကွာ တောင်ကုန်းတစ်ခုပေါ်တွင် လည်းကောင်း စခန်းနှစ်နေရာခွဲပြီး ဆင်ဖမ်းကျုံးကြီးများ တည်ဆောက်ကြသည်။

တောဆင်ရိုင်းများကို ဖမ်းဆီးရာတွင် ကျုံးသွင်းဖမ်းဆီးစနစ်၊ မေ့ဆေးသေနတ်ပစ် ဖမ်းဆီးခြင်းနှင့် မီလာရှိကာ ခေါ် ကြိုးဝိုင်းစွပ်ဖမ်းဆီးခြင်း သုံးမျိုးရှိရာ ကျုံးစနစ်ဖြင့် ဖမ်းဆီးခြင်းကို အသုံးပြုကြသည်။

လူကို တိုက်ခိုက်သတ်ဖြတ်လာခြင်း

၁၉၉၆ နှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက် ၇ နာရီခန့် အချိန်တွင် သနပ်ချောင်းရွာ၏ အရှေ့မြောက်ဘက် မြောက်လှိုင်း ရိုးမသစ်တောကြိုးဝိုင်း သပြုချောင်းဘေးရှိ မြေပဲယာခင်းတဲရှင် ဒေါ်တင်ရွှေသည် တဲထဲ၌ ရေနွေးအိုးတည်နေချိန် ဖြစ်သည်။ ယာတဲသည် ရုတ်တရက် တုန်ခါသွားသဖြင့် တဲရှေ့သို့ထွက်ကြည့်လိုက်ရာ ဆင်ရိုင်းကြီးတစ်ကောင်နှင့် မျက်နှာချင်းဆိုင် ပက်ပင်းတိုးတော့သည်။ လျှပ်တစ်ပြက်အတွင်း ဆင်ကြီးက နှာမောင်းနှင့် ပွေ့ယူပြီး မြေကြီးသို့ လွဲပစ်ချလိုက်ပြီးနောက် ရှေ့လက်ခွာကြီးနှင့် ထိုးရှုပ်လိုက်ရာ ဒေါ်တင်ရွှေခါးတစ်ပိုင်း လုံးဝပြတ်သွားပြီး ပွဲချင်းပြီး သေဆုံးရလေသည်။ ဒေါ်တင်ရွှေ အသက် ၇၀ နှစ်၊ အဘအမည် ဦးသာရင်သည် သပြေကုန်းရွာ ဦးငွေဘော်၏ဇနီး ဖြစ်ပါသည်။

ဆင်ရိုင်းအုပ်ကြီးတစ်အုပ်သည် ၁၅-၂-၁၉၉၆ ရက်နေ့တွင် ဖလုံရွာ၏အရှေ့ဘက် ၄ မိုင်ကွာ၊ ကွမ်းသီး မြောင်စခန်းနှင့် သစ်ချဆိပ်ကြိုးတွင်းရွာလေးနှစ်ရွာသို့ ဝင်ရောက် မွှေနှောက်ခဲ့ကြသည်။ ကွမ်းသီးမြောင်မှ လူနေအိမ် လေးလုံး၊ ကိုယ်ထူကိုယ်ထစာသင်ကျောင်းတစ်ကျောင်းကို ဝင်ရောက်ဖြိုဖျက်သည်။ အနီးဝန်းကျင်အိမ်မှ လူများ ထွက်ပြေးကြလျှင် မီးဖိုချောင်မှ ဆန်၊ ငါးပိ၊ အစားအသောက်များကို အကုန်အစင် စားသောက်သွားကြသည်။

သင်းကွဲဆင်ဆိုးကြီးတစ်ကောင်သည် လူသတ်လာပြီဖြစ်၍ ဆင်ဖမ်းအဖွဲ့များက ကျုံးများကို အမြန်ဆုံး နေ့မနား ညမအား ဆောက်ကြပြီး ဖမ်းဆီးခဲ့ကြရာ ၈-၂-၁၉၉၆ မှ ၂၄-၂-၁၉၉၆ ရက်နေ့ထိ ၁၆ ရက်အတွင်း တောဆင်ရိုင်း အထီး၊ အမ စုစုပေါင်း ခြောက်ကောင် ဖမ်းဆီးရမိကြလေသည်။

ကျုံးစခန်းကို ဝိုင်းဝန်းတိုက်ခိုက်ခြင်း

ဖမ်းဆီးရမိသော ဆင်ရိုင်းများကို ကျုံးထဲတွင် ချုပ်နှောင်ထိန်းချုပ်ထားစဉ်တွင် အပြင်ဘက်၌ ကျန်ရစ်နေသော ဆင်ရိုင်းများက ဒေါသူပုန်ထကြွကာ ဆင်ဖမ်းကျုံးများကို လာရောက်တိုက်ခိုက်ကြတော့သည်။ ကျုံးတိုင်များကို ဦးကင်းဖြင့် တိုးဝှေ့ဖြိုဖျက်ကြသည်။ နှာမောင်းကြီးများဖြင့် ဆွဲယူနုတ်ပစ်ကြသည်။ ဆင်ဖမ်းအဖွဲ့များက ဗြောက်အိုးများ တဒိုင်းဒိုင်း တောလုံးဟိန်းနေအောင် ပစ်ဖောက်ကြပြီး ခြောက်လှန့်လိုက်မှ ထွက်ပြေးကုန်ကြသည်။ သို့သော် ဝေးဝေးကို ထွက်မသွားကြဘဲ ကျုံးအနီးဝန်းကျင်များ၌သာ တဝဲလည်လည်ဖြင့် ရှိနေကြပေသည်။ ထိုဆင်အုပ်ထဲမှ ဒေါ်တင်ရွှေကို သတ်ခဲ့သော

ဟိုင်းဆင်ကြီးတစ်ကောင်တည်း ထွက်လာပြီး ကျုံးကိုပြင်းပြင်းထန်ထန် တရစပ် တိုက်ခိုက်လာပြန်သည်။ ဟိုင်းကြီး ဒေါသယမ်းပုံမီးကျဖြစ်နေချိန် ကျုံးတံခါးကြီးကို ဖွင့်ပေးလိုက်ပြီး ဖမ်းလိုက်လျှင် ရနိုင်ပေသည်။ သို့သော် မုန်ယိုနေသည့်ဒေါသ အမူအကျင့်လက္ခဏာမျိုးဖြစ်နေသဖြင့် ကျုံးသွင်းမိပါက ချက်ချင်းသေဆုံးသွားတတ်လေ့ရှိသဖြင့် မဖမ်းဆီးသေးဘဲ စောင့်ကြည့်နေရသည်။

ဆင်ကျုံးများ နေရာရွှေ့ပြောင်းရခြင်း

ကျုံးသွင်းဖမ်းဆီးခြင်းကို ကျန်နေသော ဆင်များက ရိပ်စားမိပြီဖြစ်၍ ကျုံးထဲသို့ လုံးဝ ဝင်မလာတော့ပေ။ နေရာသစ်ကို ပြောင်းရွှေ့ဖမ်းဆီးရသည်။ ကျုံးဟောင်းနှင့် တစ်မိုင်ကွာခန့်တွင် ကျုံးသစ်ကို ဆောက်လုပ်ဖမ်းဆီးခဲ့ရာ၊ ၆-၅-၁၉၉၆ ရက်နှင့် ၈-၅-၁၉၉၆ ရက်နေ့များတွင် ဆင်မကြီး နှစ်ကောင်ကို ဖမ်းမိခဲ့သဖြင့် စုစုပေါင်း ဆင်ရိုင်း ၁၀ ကောင် မိခဲ့ပြီးဖြစ်သည်။

နောက်ရက်များတွင် လုံးဝ ကျုံးသွင်းမရတော့ပေ။ ဒုတိယအဆင့် မေ့ဆေးသေနတ်ဖြင့် ပစ်၍ ဖမ်းဆီးခဲ့ရာ ဆင်အထီး၊ အမ ငါးကောင် ထပ်မံရမိသည်။ သို့ကြောင့် အဖွဲ့နှစ်ဖွဲ့ပေါင်း ဆင်ထီး၊ ဆင်မ စုစုပေါင်း ၁၃ ကောင် ဖမ်းဆီးရမိခဲ့သည်။ မြို့နယ်အတွင်း ဆိုးသွမ်းနေသော သတင်းအရ ဆင်ရိုင်း ၂၁ ကောင်အုပ်မှ ၈ ကောင် ကျန်နေသေးသည်။

ကံကောင်းခြင်းလက်ဆောင် ဆင်ထီးကလေးတစ်ကောင်

ဦးစောမြင့်ထူးအဖွဲ့မှ ဖမ်းဆီးရမိခဲ့သော ဆင်များအနက်မှ ဆင်မကြီးတစ်ကောင်သည် ကိုယ်ဝန်ပါလာခဲ့ရာ ကျုံးသွင်းထားစဉ် ၁၅-၈-၁၉၉၆ ရက်နေ့တွင် ဆင်ထီးကလေးတစ်ကောင် မွေးဖွားလာခဲ့သဖြင့် ဦးစောမြင့်ထူးအဖွဲ့သည် ကံစမ်းမဲပေါက်သွားကြလေသည်။

တောဆင်ရိုင်းအုပ်မှ ၁၃ ကောင် ဖမ်းဆီးမိပြီးနောက်ပိုင်းတွင် ကျန်သောဆင်ရိုင်းများသည် တဖြည်းဖြည်း ပျောက်ကုန်ကြတော့သည်။ သို့ကြောင့် ဖမ်းဆီးရမိသောဆင်များကို သစ်တောဌာနတွင် ဆင်အမည်နာမည်နှင့်တကွ သက်တမ်းတို့ကို တွက်ချက်ပြီး ဆင်မှတ်ပုံတင် ပြုလုပ်ကြရသည်။ သက်ဆိုင်ရာဌာနက ဆင်၏ကိုယ်အတိုင်းအတာမှတ်တမ်းများရယူပြီးနောက် ဆင်ဖမ်းအဖွဲ့များ သယ်ယူသွားမည့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့သို့ သယ်ယူရွှေ့ပြောင်း ခွင့် “ဆင်မျှော်စာ” ထုတ်ပေးကြရပေသည်။ တိုက်ကြီးမြို့နယ်မှ ဆင် ၁၃ ကောင်တို့သည် ရှမ်းပြည်နယ်နှင့် ပဲခူးဒေသတို့သို့ ကောင်းမွန်ချောမွေ့စွာ ရောက်ရှိသွားကြလေသည်။

သို့သော် ဆင်သောင်းကျန်းမှုကြီးက ထိုမျှနှင့်ရပ်မသွားပေ။ ပို၍ပင် ဆိုးသွမ်းလာပါတော့သည်။ ကျန်နေရစ်သော သင်းကွဲဟိုင်းဆင်ကြီးသည် သူ၏ ဆင်အဖော်မိသားစုများ ဆင်အုပ်များ၏ အနှံ့လည်း မရှ။ အသံလည်းမကြားရတော့၍ မီးပုံယမ်းကျ ဒေါသူပုန်ထကာ လူများကို ဆက်တိုက် တိုက်ခိုက်သတ်ဖြတ်လာတော့သည်။

ဟိုင်းဆင်ကြီး၏ လူသတ်မှုများ

ဦးစောမြင့်ထူးတို့ ထားခဲ့သော ကျုံးစခန်းအထက် ညောင်လေးပင်ချောင်းနှင့် ကျောက်အိုးချောင်းဆုံရာ ရေဝေ ကျောကုန်းတစ်ခုတွင် ဦးဥာဏ်စိန်က ထင်းသွားခုတ်ရင်း ဟိုင်းကြီးဆင်နှင့် ပက်ပင်းတိုးမိရာ ပြေးမလွတ်သာဘဲ ဟိုင်းကြီးက နောက်မှလိုက်ပြီး နင်းသတ်ခဲ့သည်။ ထင်းခုတ်ဖော် ဦးအောင်ညွန့်၏ ပြောပြချက်အရ ညနေ ၆ နာရီခွဲခန့်တွင် ချောင်းထဲက လူအော်သံ ဆင်အော်သံများကြားလိုက်ရ၍ ခဏအကြာတွင် ပြေးဆင်းသွားပြီး ကြည့်လိုက်ရာ ချောင်းဘေး၌ ဦးဥာဏ်စိန် သေဆုံးနေသည်ကိုသာ တွေ့လိုက်ရပြီး ဆင်ကိုမူ လုံးဝ မတွေ့လိုက်ရတော့ဟု သိရသည်။

၉-၉-၁၉၉၆ ရက်နေ့ နံနက် ၂ နာရီအချိန်တွင် မြန်မာစုရွာထဲ ဟိုင်းကြီးဆင် ဝင်လာခဲ့သည်။ ဦးစန်းမြိုင် နေအိမ် မီးဖိုချောင်ထဲမှ ထမင်းအိုးနှင့် ပဲပြုတ်အိုးကို နှာမောင်းဖြင့် နှိုက်ယူစားသောက်ပြီးနောက် အိမ်ကိုတိုက်ဖြိုလိုက်သဖြင့် တစ်မိသားစုလုံး အိမ်ပေါ်မှ ဆင်းပြေးကြရသည်။ ဦးစန်းမြိုင်မှာ ဟိုင်းကြီးကိုမြင်လိုက်ရချိန်တွင် နှာမောင်းတစ်လှမ်း ခန့်သာ ဝေးတော့သဖြင့် ပြေး၍မလွတ်နိုင်တော့ပေ။ ဟိုင်းကြီးက ရှေ့လက်ကြီးဖြင့် တွန်းလှဲလိုက်ပြီး အပေါ်စီးမှခွာဖြင့် ဖိထိုးသတ်ရာ ကိုယ်တစ်ခြမ်း လုံးဝ ပြားချပ်သွားပြီး သွေးအိုင်ထဲတွင် ပွဲချင်းပြီးသေဆုံးခဲ့ရသည်။ တစ်ဆက်တည်းမှာပင် ဟိုင်းဆင်ကြီးသည် ကျောင်းစုရွာဘက် ရောက်သွားပြီး ဒေါ်ခင်သန်း၏အိမ်ကို ဆက်လက်တိုက်ခိုက် ဖြိုဖျက်လိုက်ရာ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ကြရသည်။ (သေဆုံးသူသည် ဦးစန်းမြိုင်၊ အသက် (၄၀) နှစ် အဘအမည် ဦးခင်မောင် ဖြစ်ပါသည်။)

ဦးဥာဏ်စိန်နှင့် ဦးစန်းမြိုင်ကို သတ်ခဲ့ပြီးသော ဟိုင်းကြီးသည် ကျိုးဖြူရေလှောင်ကန် အပေါ်ပိုင်း လျှိုကြီးတစ်ခုအတွင်း ခိုအောင်းနေလေသည်။ ၂၄-၉-၉၆ ရက်နေ့တွင် ကျိုးဖြူကန်အပေါ်ပိုင်းမှ ဆင်းလာပြီး ချင်းကုန်းအုပ်စု သဲဝါရွာအနီး ကနစိုးမြောင် ရွာငယ်ကလေးမှ လူနေအိမ် ရှစ်လုံးကို ဆက်တိုက်တိုးဝှေ့ဖျက်ဆီးပြန်သည်။ မဝေဝေခင်၏အိမ်ကို တိုးဝှေ့စဉ် မိသားစုအားလုံး ဆင်းပြေးကြရာ မဝေဝေခင်က သူ၏ကလေးနှစ်ယောက် အိမ်ထဲ၌ကျန်ခဲ့သည်ထင်ပြီး ပြန်လှည့်ဝင်ပြေးလာစဉ် ဟိုင်းကြီးနှင့် မျက်နှာချင်းဆိုင်တိုးပြီး

ဟိုင်းကြီး၏နင်းသတ်ခြင်းကိုခံရသည်။ ကိုယ်ခန္ဓာ ဘယ် ဘက်တစ်ခြမ်းလုံး လုံးဝကြေမွသွားပြီး သေဆုံးသွားရသည်။ မဝေဝေခင်၏ခင်ပွန်း ဦးကျော်သောင်း ဒဏ်ရာပြင်းထန်စွာရ၍ ဆေးရုံတက်ရောက် ကုသခဲ့ရသည်။ ကလေးနှစ်ယောက်သာ လုံးဝလွတ်မြောက်သွားခဲ့လေသည်။

ဟိုင်းကြီး၏လူသတ်မှုသတင်းသည် လူထုအတွင်းပျံ့နှံ့၍ အထိတ်တလန့် ဖြစ်နေကြရပေသည်။ အချို့က ဟိုင်းကြီးသည် မင်းတုန်းမင်းလက်ထက်က ကျန်ရစ်ခဲ့သော ဘုရင့်ဆင်တော်ကြီးဖြစ်နိုင်ကြောင်း၊ အသက် ၇၀၀ ခန့် ရှိပြီး တံဆိပ်များပင်ပါရှိကြောင်း ပစ်သတ်ခွင့်လည်းမရှိ စသည်ဖြင့် ကောလာဟလများ ဖြစ်ပေါ်နေပေသည်။

ဟိုင်းကြီးကို နှိမ်နင်းခြင်း

မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နယ်မြေခံစစ်တပ်နှင့် သစ်တောဦးစီးဌာနတို့သည် ၂၅-၉-၉၆ ရက်နေ့၌ အရေးပေါ်အစည်းအဝေးခေါ်ယူရပြီး ဟိုင်းကြီးကို နှိမ်နင်းရန် စီစဉ်ဆောင်ရွက်ကြရတော့သည်။

ပစ်သတ်နှိမ်နင်းရေးအဖွဲ့

ဗိုလ်မှူးအောင်သူဦး ဦးစီးသော ရဲဘော်အင်အား	- ၂၀	ဦး
သစ်တောဦးစီးအရာရှိ ဦးမြနှင့် သစ်တောဝန်ထမ်းအင်အား	- ၁၀	ဦး
ရဲတပ်ဖွဲ့ဝင်အင်အား	- ၃	ဦး
နယ်မြေတောကျွမ်း အရပ်သားမုဆိုး	- ၅	ဦး
မြန်မာ့သစ်လုပ်ငန်းမှ ရှေ့တိုးဆင်နှင့် ဝန်ထမ်းဆင်	- ၇	ကောင်
(ဆင်ဦးစီးများ အပါအဝင်) နယ်တာဝန်ခံများအဖွဲ့	- ၁၀	ဦး

စုစုပေါင်း လူအင်အား ၄၈ ယောက် ဆင်ယဉ် ၇ ကောင်ဖြင့် ဖွဲ့စည်းခဲ့သည်။

ဟိုင်းကြီး၏ ဘဝနိုဂုံး

နှိမ်နင်းရေး အဖွဲ့သည်၊ ၂၇-၉-၁၉၉၆ ရက်နေ့မှစပြီး ဟိုင်းကြီး၏ ခြေရာခြေကြောင်းကို အပူတပြင်း လိုက်ရှာကြသည်။ ငါးရက်ခန့် တောအနှံ့ ခြေရာခံလိုက်သည့်အခါ ၂-၁၀-၁၉၉၆ ရက်နေ့ နေ့လယ် ၁၂း၅၀ နာရီ အချိန်တွင် ဂျိုးဖြူကန် ရေဝေကန်ဘောင်ပေါ်ရှိ တောင်ပိန်းမြောင်လျှိုတစ်ခုတွင် ခိုအောင်းနေသည်ကို တွေ့ကြရသည်။ ဟိုင်းကြီးသည် ရန်သူအလာကို သိနေသည့်အလား လူအုပ်ကြီးကို တွေတွေကြီး ရပ်ကြည့်နေလေသည်။ တပ်ဖွဲ့မှ ရဲဘော်များသည် အခွင့်ကောင်းကို လက်လွတ်မခံဘဲ ဘီအေ ၆၃

မောင်းပြန်သေနတ်ဖြင့် ဟိုင်းကြီး၏ နားထင်ချိုင့်ထဲသို့ ဆက်တိုက် ပစ်သွင်းလိုက်ရာ ထိုနေ့ နေ့လယ် ၁၂း၅၅ နာရီ အချိန်တွင် ဟိုင်းကြီး ဘုန်းဘုန်းလဲကျကာ ဇီဝိန်ချုပ်ခဲ့ရတော့သည်။ မြို့ပေါ်သို့ မသယ်ယူနိုင်ကြ၍ ဟိုင်းကြီး၏ နောက်ဆုံးဘဝကို တောင်ပိန်းမြောင်လျှိုမှာပင် အဆုံးသတ်ခဲ့ရပါတော့သည်။

ဟိုင်းကြီး၏ အရွယ်ပမာဏမှာ သစ်တောဌာန၏ စစ်ဆေးတိုင်းတာချက်အရ-

ခန့်မှန်းအသက် = ၄၀ နှစ်
လိင် = အထီး
ကျော = ငါးဖယ်ခုံး
နားရွက် = ၂ ပေ ၉ လက်မ
မျက်စိ = ကြက်တူရွေး
သားရေ = သြဇာခွံ
ခြေသည်း = ရှေ့ ၅ နောက် ၄
အမြင့် = ၁၀ ပေ
လုံးပတ် = ၁၆ ပေ
အရွယ် = (သစ်ခွံထိုး) စွယ်ငယ်နှစ်ခုပါ
အလျား = ညာစွယ် ၁၁ လက်မ၊ လုံးပတ် ၆ လက်မ = ၄၅ ကျပ်သား
ဘယ်စွယ် ၁၁ လက်မ၊ လုံးပတ် ၆ လက်မ = ၅၅ ကျပ်သား

စစ်ဆေးချက်။ ခြေ၌ထူးရာဒဏ်ချက် လုံးဝမတွေ့။ တောဆင်ရိုင်းစစ်စစ် ဖြစ်သည်။ သောင်းကျန်းနေစဉ်က အစွယ်တိုနေ၍ မမြင်ကြရသဖြင့် ဟိုင်းကြီးဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ အမှန်မှာ "ဟံကြီး" သာ ဖြစ်သည်။ သို့ဖြစ်ပါ၍ လူထုအတွင်း ကောလာဟလများ ပြေပျောက်သွားလောက်ပြီ ဖြစ်ပါသည်။

၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် တောဆင်ရိုင်းတို့၏အန္တရာယ်၊ လူသားနှင့် ဆင်ပဋိပက္ခများ တစ်စခန်းရပ်သွားပြီ ဖြစ်ပေသည်။ ဌာနေဆင် ၂၁ ကောင်အုပ်မှ ၁၃ ကောင် အရှင်ဖမ်းဆီးရမိပြီး တစ်ကောင်ပစ်သတ်ခဲ့ရ၍ ကျန်သော ခုနစ်ကောင်အုပ်သည် လူတို့နှင့် ဝေးရာသို့ ရှောင်တိမ်းထွက်ခွာသွားကြလေသည်။

တောဆင်ရိုင်းတို့၏ ကျက်စားရာ အနေအထားအရ ဧည့်ဆင် အကောင် ၂၀ ခန့် ကျန်ရှိနေသေးပေသည်။ လူသားတို့၏ အောင်မြင်မှုကြောင့် ပဲခူးတိုင်း၊ ကြို့ပင်ကောက်

မြို့နယ်၊ နတ်တလင်းမြို့နယ်များ၏ အရှေ့ခြမ်း ပဲခူးရိုးမတောင်ကြောပေါ် သို့ ထွက်ခွာသွားနိုင်ကြကြောင်း ဆင်ရိုင်းအုပ်ကြီးများ၏ ခြေရာကြီးများအပေါ် ကျွမ်းကျင်မှုဆိုးများက ကောက်ချက်ချထားကြသည်။

တိုက်ကြီးမြို့နယ်တွင် လူနှင့်ဆင်ရိုင်းတို့၏ပဋိပက္ခ တိုက်ခိုက်ဖြစ်ပွားမှု သတင်းများသည် နိုင်ငံတကာသို့ ပျံ့နှံ့သွားပုံရပါသည်။ ဆင်ချစ်သူ နိုင်ငံအချို့က မြန်မာများသည် တောဆင်များအပေါ် ရက်စက်လွန်းသည်ဟု စွပ်စွဲကြပါသည်။ အမှန်မှာ ဆင်ရိုင်းများနှင့် လူသားတို့ ဝမ်းစာရေး စားကျက်လုကြသည့်ပွဲပင်ဖြစ်သည်။ သို့ဆိုလျှင် လူသားကိုပင် ဦးစားပေးရမည်သာ ဖြစ်ပေသည်။

တောဆင်ရိုင်းများကို နှိမ်နင်းခြင်း နောက်ခံသမိုင်း

တောဆင်ရိုင်းများကို နှိမ်နင်းခြင်းနှင့် ပတ်သက်၍ လေ့လာရာတွင် ၁၉၃၆ ခုနှစ်က တောဆင်ရိုင်းများ ထိန်းသိမ်းရေးစီမံကိန်း (Wild Elephants Control Scheme) အရ လူနေကျေးရွာများနှင့် ဝေးလံသော သစ်တောများအတွင်း၌ ဆင်စားကျက်ကွက်နေရာများကို ရွေးချယ်ပြီး အကွက်သတ်မှတ်ပေးခဲ့ကြသည်။

သတ်မှတ် ဆင်ကွက် နယ်နိမိတ်ပြင်ပ၌ တွေ့ရသော တောဆင်ရိုင်းများနှင့် သီးနှံစိုက်ခင်းများကို ကျူးကျော် ဝင်ရောက် ဖျက်ဆီးကြသော ဆင်ရိုင်းများကို သုတ်သင်ရှင်းလင်းခဲ့ရသည်။ စီမံကိန်းအရ ၁၉၃၆ ခုနှစ်မှစ၍ ၁၉၄၀ ပြည့်နှစ်အထိ လေးနှစ်ကာလအတွင်း တောရိုင်းကောင်ရေ ၂၄၀၈ ကောင် သုတ်သင်ခဲ့ရပြီး ၉၁၁ ကောင်ကို ကျိုးသွင်း အရှင်ဖမ်းဆီးခဲ့ရသည်။ စီမံကိန်း၏ရည်ရွယ်ချက်မှာ လူနေဒေသနှင့် ဆင်နေဒေသကို ခွဲခြားထားရန်နှင့် ကျန်းမာသန်စွမ်းသော ဆင်များကိုသာ သဘာဝသစ်တောများအတွင်း ထားရှိလိုခြင်းပင် ဖြစ်သည်။

ထိုအချိန်က မြန်မာ့သစ်တော ဧရိယာသည် နိုင်ငံဧရိယာ၏ ၇၅ ရာခိုင်နှုန်း ဖုံးလွှမ်းလျက်ရှိရာ "ဆင်နေရာ ဆင်နေ၊ လူနေရာ လူနေ ဂေဟစနစ် ချိန်ခွင်လျှာ" မျှတသည်ဟု ဆိုရပါမည်။ ထိုစဉ်က လူဦးရေသည် ၁၆ သန်းမျှသာ ရှိခဲ့သည်။ ယခုအခါ လူဦးရေသည် ၅၅ ဒသမ ၄ သန်းကျော် ရှိနေပြီဖြစ်ရာ လူသားတို့စားဝတ်နေရေးအတွက် မြေယာအသုံးချမှုစားကျက်တိုးချဲ့မှုများသည် ဆင်တို့၏ဒေသရင်းနှီးမြေ သဘာဝစားကျက်ဧရိယာထဲသို့ ကျူးကျော် ရောက်နေကြပေပြီ။ ဆင်တို့၏ အားထားရာစားကျက်သည် ရိုးမပေါ်မှ သစ်တောဝါးတောကြီးများသာ ဖြစ်ကြသည်။

ယနေ့ ကျန်ရှိနေသေးသော ရိုးမသဘာဝသစ်တောကြီးများ ထာဝစဉ် စိမ်းလန်းစိုပြည်စွာ တည်တံ့နေစေရန် လိုအပ်လှပေသည်။ လက်ကျန်သဘာဝသစ်တောကြီးများပါ

လုံးဝပြုန်းတီးသွားကြမည်ဆိုလျှင် လူသားနှင့်ဆင် ပဋိပက္ခ တိုက်ပွဲများသာမက အခြားသော သားရဲတိရစ္ဆာန်ကြီးများကလည်း တိုက်ခိုက်လာနိုင်ဖွယ် ရှိပေသည်။ ယခုနှစ် လူသားနှင့်ဆင် ပဋိပက္ခ တိုက်ပွဲဖြစ်စဉ်များတွင် လူသား လေးဦးသေဆုံးပြီး တစ်ဦး ပြင်းထန်စွာ ဒဏ်ရာ ရသည်။ စပါးခင်း လယ်ယာ ၁၅ ဧက၊ ဥယျာဉ်ခြံ ၂၀ ပျက်စီးစွန့်ခွာခဲ့ရသည်။ လူနေအိမ် ၁၈ လုံး၊ ကိုယ်ထူကိုယ်ထ စာသင်ကျောင်း တစ်ကျောင်း ပျက်စီးရသည်။ ဆင်ရိုင်း ၁၃ ကောင် အရှင်လက်ရဖမ်းဆီးရမိ၍ တစ်ကောင် အသေပစ်သတ်ခံရပေသည်။

ᑕ ᑕ ᑕ ᑕ ᑕ

အစန်း (၂)

ရန်ငြိုးများဖြင့် တစ်ကျော့ပြန် ကလဲ့စား

ငါးနှစ်ခန့်ကြာသော်

၂၀၀၁-၂၀၀၂ ခုနှစ်မှစ၍ တောဆင်ရိုင်းကြီးများသည် လူသားတို့အပေါ် အခဲမကျေ၊ ကမ္ဘာမကျေ အပြင်း အထန်ဆုံး ထိတ်လန့်ချောက်ချားလောက်အောင် ကလဲ့စားချေပွဲကြီး ဆင်နွဲ့လာပါတော့သည်။

ဆင်တို့သည် ဗီဇသဘာဝအရ အသိစိတ်၊ အမှတ်စိတ်ရှိသော တိရစ္ဆာန်ဖြစ်သည်။ သခင်ကိုသတ်ရန် တစ်နေ့ သုံးခါ ကြံသည်ဟု ပြောစမှတ်ရှိပါသည်။ မန်လည်ဆရာတော် ဘုရားကြီးကလည်း မိန်းမနှင့် ဆင်ကိုနှိုင်း၍ "စစ်တက် ယောက်ျား၊ မြွေသမားနှင့် ရေသွား ခရီး၊ ဆင်စီးတမျှ၊ စိတ်က ဘယ်ခါမချရာ" ဟု ဆုံးမတော်မူခဲ့သည်။

၁၉၉၆ ခုနှစ်က တိုက်ကြီးမြို့နယ်၌ လူသားနှင့်ဆင် ပဋိပက္ခတိုက်ပွဲ ဖြစ်စဉ်များတွင် လူလေးဦး သေဆုံးကာ ဆင်ရိုင်းတို့ဘက်မှ အရှင် ၁၃ ကောင်မိပြီး ဆိုးသွမ်းဆင်ဟံကြီးကို အသေပစ်သတ်ခဲ့ကြပြီးနောက် ထိုနှစ် အောက်တိုဘာလမှစ၍ လူနှင့်ဆင်တို့၏ပြဿနာ တစ်စခန်းငြိမ်းခဲ့ဖူးပေသည်။ ထိုစဉ်က ဧည့်ဆင်ဆိုသည့် ဆင်ရိုင်းအကောင် ၂၀ ကျော်အုပ်က လူတို့ကို အရှုံးပေးပြီး တိမ်းရှောင်သွားခဲ့ခြင်းရှိသည်။

လူသားတို့ကသာ မေ့မေ့ပျောက်ပျောက် နေခဲ့ကြသည်။ အငြိုးအတေး အစွဲအမှတ်ကြီးသော ဆင်ရိုင်းတို့သည်ကား ငါးနှစ်ခန့်သာ ကြာပါသည်။ ၂၀၀၁ ခုနှစ် နှစ်ဦးပိုင်းမှစပြီး တရစပ် ပြင်းပြင်းထန်ထန် တိုက်ခိုက်လာခဲ့ကြတော့သည်။

၂၀၀၁ ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် တိုက်ကြီးမြို့ အရှေ့ဘက် ချင်းကုန်းကျေးရွာ အုပ်စု ကျားချောင်းရွာမှ လေးမိုင်အကွာ လှိုင်ရိုးမ ကြိုးဝိုင်းတောတွင်းစခန်းများဖြစ်သည့် ကညင်ပင်စခန်း၊ ဗောဓိစမ်း၊ သဗြု၊ ရေတာရှည်၊ သံပရာမြောင်စခန်းများသို့ တောဆင်ရိုင်း ခုနစ်ကောင်အုပ် စတင်ဝင်ရောက်လာကြသည်။

ကြံခင်းများ၊ မတ်ပဲခင်းများ၊ ဥယျာဉ်ခြံများသို့ ဝင်ရောက်စားသောက်ကြပြီး ဗောဓိစမ်း တောရ ဘုန်းကြီးကျောင်းနှင့် လူနေတဲအိမ်များကို ညပိုင်း၌ တရကြမ်း ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးကြသည်။ ဆင်ရိုင်းများသည် သုံးကောင်တစ်အုပ်၊ လေးကောင်တစ်အုပ် တစ်ခါ

တစ်ရံ သင်းကွဲဆင်ကြီးတစ်ကောင်တည်းလည်း ရောက်ရှိလာသည်။ နေ့အခါများတွင် လျှိုမြောင်၊ ချောင်းများ၊ ဝါးရုံတောများတွင် အုပ်ဖျောက်ပုန်းလျှို ခိုအောင်းနေတတ်ကြပေသည်။

ဆင်ရိုင်းအုပ်ကြီးသည် မေလ ၅ ရက်နေ့ နံနက်ပိုင်း၌ တိုက်ကြီးမြို့၏ အရှေ့မြောက်ဘက် ချောင်းစောက်ကျေးရွာသို့ ရောက်သွားကြပြီး ကြံတောင်သူ ၃၁ ဦးတို့၏ ကြံခင်း ၄၈ ဧကကို ဝင်ရောက်စားသောက် ဖျက်ဆီးကြသည်။

စားကျက်ပြောင်း မောင်းနှင်ထုတ်ရခြင်း

၁၉၉၆ ခုနှစ်ကကဲ့သို့ပင် ရှေးဦးအခွင့်အရေးပေးပြီး ပစ်သတ်ခြင်းမပြုဘဲ ဝေးရာသို့ စားကျက်ပြောင်းရွှေ့ခြင်း (Translocation) စနစ်ဖြင့် မောင်းနှင်ရန် စီစဉ်ကြသည်။ မြန်မာ့သစ်လုပ်ငန်းအဖွဲ့မှ ဆင်ခေါင်းကြီး စောစေးစေး ဦးဆောင်သော ရှေ့တိုးဆင်လေးကောင်နှင့် အဖွဲ့ဝင်ခြောက်ဦးပါသော အဖွဲ့က မောင်းနှင်ကြရသည်။ ရွှေတိုးဝင်း၊ နိုင်ဇော်ထွန်း၊ နိုင်မိုးကျော်၊ နိုင်မောင်ထွန်း တို့ဖြစ်သည်။

ခွန်ချီဆင်ဆိုသည်မှာ

ခွန်ချီ (Khoonkires) သည် ဟင်ဒီစကားဖြစ်သည်။ ဆင်ဖမ်းဆီးရာတွင်လည်းကောင်း၊ ဆင်များကို လေ့ကျင့်ရာတွင်လည်းကောင်း အသုံးပြုရန်အတွက် အထူးလေ့ကျင့်ပေးထားသော ဆင်ကြီးများဖြစ်သည်။ ခွန်ချီတို့သည် ခွန်အား ဗလကောင်းရသည်။ သွက်လက်ကြံ့ခိုင်ရသည်။ အထူးလိမ္မာရေးခြားရှိပြီး အလွန်ယဉ်ပါးနေသော ဆင်များဖြစ်ပေသည်။ လူတို့ဘက်မှကြည့်လျှင် အားအကိုးရဆုံး ညာလက်ရုံးစစ်သူကြီးပမာဖြစ်ကြပြီး ဆင်တို့ဘက်မှကြည့်လျှင် သူတို့ စကားပြောတတ်ကြမည်ဆိုပါက သခင်အားကိုးပုဆိန်ရိုး ဆင်မျိုးသစ္စာဖောက်ဟု ဆိုကြပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ခွန်ချီဆင်တို့သည် လူတို့ဖမ်းဆီးရမိလာသော ဆင်ရိုင်းများကို ကြိုးတုပ်ပြီး စခန်းသို့ ခေါ်ဆောင်လာစဉ်မှာ ဘေးတစ်ဖက်စီမှလိုက်ပါ၍ ဦးကင်းဖြင့် တွန်းပေး၍လည်းကောင်း၊ အစွယ်ဖြင့် တင်ပါးကို ထိုးပေး၍လည်းကောင်း ကူညီပြီး ခေါ်ဆောင်ပေးကြ၍ ဖြစ်သည်။ ကျိုးသွင်းလေ့ကျင့်ရာတွင်လည်း သခင်ဘက်မှ ပါဝင်ကူညီပေးရသည်။

ဆင်ခေါင်းကြီး စောစေးစေးတို့အဖွဲ့က လေးရက်ဆက်တိုက် ခွန်ချီဆင်များ လူအုပ်များဖြင့် ဝိုင်းမောင်းကြရာ ဆင်ရိုင်းများသည် မိုင် ၂၀ ခန့်ထိ စားကျက်ပြောင်းသွားကြသည်။

သင်းကွဲဆင်ကြီးတစ်ကောင်

မေလ ၁၂ ရက်တွင် သင်းကွဲဆင်ကြီးတစ်ကောင်တည်း ပြန်ရောက်လာပြန်သည်။ ချောင်းစောက်အုပ်စု မအူခုံကျေးရွာ ဦးတင်ရ၏ နေအိမ်နှင့် ကျောက်ပြင်သာရွာ ဒေါ်ခင်ညွန့်၏အိမ်တို့ကို ညပိုင်း၌ ဝင်ရောက်တိုက်ခိုက်သဖြင့် လူလွတ်ရုန်းပြေးကြရသည်။ သင်းကွဲကြီးသည် လူကိုမမိလိုက်ရ၍ အိမ်များကိုမဲပြီး ရစရာမရှိအောင် နင်းချေ ဖျက်ဆီး ပစ်ခဲ့သည်။

သာယာဝတီ အရှေ့ဘက် ပဲခူးရိုးမသစ်တောထဲတွင် သုံးကောင်အုပ်၊ ငါးကောင်အုပ် တစ်ခါတစ်ရံ စားကျက် ပေါင်းဆုံမိကာ ၁၅ ကောင်မှ အကောင် ၂၀ အုပ်ထိ စုစည်းမိနေကြကြောင်း သတင်းရသည်။ ယင်းဆင်အုပ်ကြီးသည် ဩဂုတ်လအတွင်းခန့်တွင် တိုက်ကြီးမြို့နယ်အတွင်း ရောက်ရှိလာပြီး ချောင်းစောက်ရွာ၊ ကျားချောင်းရွာများမှ စီမံကိန်း ကြံခင်းများကို ဝင်ရောက်ခဲ့၍ ကြံခင်း ၅၈ ဧကကျော်နှင့် စပါးခင်း ၁၀ ဧကခွဲ ပျက်စီးဆုံးရှုံးသွားခဲ့သည်။ ဖလုံကျေးရွာ သပြုချောင်းဘေးရှိ စူပါဝမ်းကုမ္ပဏီ၏ စိုက်ခင်းထဲသို့ ရောက်ရှိလာသည့်အခါ ဆင်အုပ်ထဲတွင် နို့စို့အရွယ် ဆင်သား ပေါက်ကလေးများလည်း ပါဝင်နေကြောင်း သိရသည်။ အန္တရာယ်အလွန်ကြီးသော အခြေအနေပင်ဖြစ်ပါသည်။ စိုက်ခင်း ဝန်ထမ်းများ အလုပ်ခွင်စွန့်ခွာပြီး ထွက်ပြေးလာခဲ့ရသည်။

သားအဖနှစ်ယောက်ကို သတ်ဖြို

ချင်းကုန်းကျေးရွာအုပ်စု ကျားချောင်းရွာ (ဦးကျောက်ကုန်းစခန်း) လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ်(၂၅) မြို့ခံဒေသခံတို့အခေါ် ဘုရားတောင်ဒေသတစ်ဝိုက်တွင်ဖြစ်သည်။

ဦးကျောက်ကုန်းစခန်းတွင် တောင်ယာလုပ်ကိုင်စားသောက်သူ အသက် ၅၆ နှစ်ရှိ ကရင်လူမျိုး ဦးအားမောင်၏ မိသားစုဝင် လေးဦးတို့သည် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့က မိုးသဲသဲမဲမဲ ရွာထားသဖြင့် ညပိုင်းစောစော အိပ်ရာဝင်ခဲ့ကြသည်။ အချိန်အားဖြင့် ည ၁၀ နာရီခန့်ဖြစ်သော်လည်း အိပ်မောကျနေကြပေပြီ။ တိတ်ဆိတ်နေသည့်ညတွင် ဆင်ကြီးတစ်ကောင်ရောက်လာပြီး တဲကိုဦးခေါင်းဖြင့် တိုးဝှေ့တိုက်ဖြိုလိုက်ရာ မျောတိုင်ထူထရံကာ ဓနိမိုး မခိုင်တခိုင် တဲကလေးသည် ဝုန်းခနဲ ပြိုကျတော့သည်။ တဲထဲမှ မိသားစုများသည် အိပ်ချင်မူးတူးဖြင့် ဘာဖြစ်မှန်းမသိ၊ ညအမှောင်ထုထဲမှာ ဆင်ကိုလည်း မမြင်နိုင်ကြပေ။ ဆင်သည် ညအမှောင်ထဲ၌ ကောင်းစွာမြင်နိုင်သည်ဖြစ်၍ ကယောင်ကတမ်းဖြစ်နေသော ဦးအားမောင်ကို နင်းသတ်လိုက်သည်။ ဦးအားမောင်နံဘေးမှ ယောင်ယမ်းအော်ဟစ်နေသော သားဖြစ်သူ ၆ နှစ်သားလေး မောင်အေးစိုးကို နှာမောင်းဖြင့် ရမ်းဖယ်လိုက်ပြီး လဲကျစဉ်မှာ ရှေ့ခွာကြီးဖြင့် ထိုးလိုက်သဖြင့် မောင်အေးစိုးအသံ လုံးဝ

ပျောက်သွားသည်။ ဦးအားမောင်၏ ဇနီးဖြစ်သူ ဒေါ်သန်းမြ ၄၅ နှစ်နှင့် သမီးအကြီး မတင်တင်ချို ၂၁ နှစ်တို့သည် ရုန်းရင်းဆန်ခတ် သတ်ဖြတ်နေသည့်ကြားမှ ကိုယ်လွတ်ရုန်း ထွက်ပြေးကြရသည်။ မိုးလင်းမှတဲ့သို့ ပြန်လာကြည့်ရာ ဦးအားမောင်တို့ သားအဖ နှစ်ယောက်စလုံး မရှုမလှ သေဆုံးခဲ့သည်ကို တွေ့ရ၏။ တဲမှာလည်း ရစရာမရှိအောင် ပျက်စီးနေသည်။ ဆင်ကြီးသည် စွယ်စုံကြီးလား၊ ဟိုင်းလား၊ ဟံလား မသိရ။ သူ၏ခွာရာကို တိုင်းတာကြည့်ကြရာမှ ၁၈ လက်မ (တစ်တောင်ခန့်) ရှိသဖြင့် အနည်းဆုံး အမြင့်ပေ ကိုးပေကျော် ဆင်ကြီးတစ်ကောင် ဖြစ်နိုင်ကြောင်း ခန့်မှန်းကြရသည်။

လွန်ခဲ့သော ငါးနှစ် ၁၉၉၆ ခုနှစ်က စတင်တိုက်ပွဲဆင်လာသော အချိန်ကာလ မျိုးပင်ဖြစ်သည်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဆင်သားငယ်လေး တစ်ကောင်ပါသော ဆင်ရိုင်းမိသားစု အုပ်တစ်အုပ်သည် ဖလုံဒေသ၊ ဒုံးခိုက်ချောင်း (ဥတိုအင်းအနီး) မော့လော့လျှိုထဲတွင် ရောက်ရှိခိုအောင်းနေပေသည်။ ဝန်းကျင်၌ ကုမ္ပဏီ စိုက်ခင်းနှင့် သစ်တောစိုက်ခင်း ဝန်ထမ်း၊ အလုပ်သမားများသည် အလုပ်မဆင်းနိုင်ကြ တော့ဘဲ လုပ်ခွင်စွန့်ခွာနေကြရသည်။ ဆင်သားငယ်များပါလာသည့် အုပ်ဆိုလျှင် ပို၍ ကြောက်စရာကောင်းသည်။ ဆင်သည် သားသမီးဇော ပို၍ကြီးမားသော တိရစ္ဆာန် ဖြစ်ပေသည်။

၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်တွင် ဥက္ကံကြီးဝိုင်းအနီး တောင်ပြင်ကုန်းရွာနှင့် လျှော်ပုံရွာအကြား လယ်ကွင်းတွင် ကျောက်ပြင်သာရွာမှ ဦးမြင့်အောင်၊ ဦးစိုးလွင်နှင့် ဦးစန်းလွင်တို့သုံးဦး စပါးတလင်းစောင့်စဉ် ညရှစ်နာရီခန့်တွင် သင်းကွဲဆင်ကြီးရောက်လာပြီး တိုက်ခိုက်သဖြင့် ဦးစန်းလွင်သေဆုံးပြီး ကျန်နှစ်ဦး ထွက်ပြေးလွတ်မြောက်သည်။

ဒီဇင်ဘာလ ၂၀ ရက်တွင် ချင်းကုန်းအုပ်စု သံပရာမြောင်စခန်းဘက်သို့ ရောက်လာပြီး ငှက်ဆိုးကွင်းရွာနေ အသက် ၆၃ နှစ်ရှိ တောင်သူ ဦးချစ်စိန် (အဘ ဦးကုလား) ကို သတ်ခဲ့ပြန်သည်။ ဝန်းကျင်တောင်သူယာတဲများမှ လူများသည် ညအခါ၌ သစ်စိမ်းတောင် ဘုန်းကြီးကျောင်းသို့သွားပြီး စု၍ အိပ်ကြရသည်။

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် လူလေးယောက်ကို တစ်ညတည်းတွင် တစ်ပြိုင်တည်း သတ်လိုက်ပြန်သည်။ ကျွန်းချောင်းရွာမှ မဝင်းကြင်၊ မမြင့်မြင့်၊ မဝေဝေ၊ မတင်မြင့်၊ မမြင့်မြင့်စိုးနှင့် မစန္ဒာလှိုင်တို့ ခြောက်ယောက်သည် ဗောဓိစမ်းစခန်း ဦးတိုက်ငွေ၏ ယာတဲ၌ စတည်းချပြီး သက်ကယ်ရိတ်ကြသည်။ တဲရှင် ဦးတိုက်ငွေ တိုက်ကြီးဆေးရုံ၌ တက်ရောက် နေစဉ် အဖော်အဖြစ် ဦးဆာဒူးကေကို ခေါ်ထားကြသည်။ ထိုနေ့ နံနက်သုံးနာရီအချိန် ကြီးတွင် သင်းကွဲ ဆင်ကြီးက တဲကိုလာပြီး တိုက်ခိုက်သဖြင့် ဦးဆာဒူးကေ ၅၃ နှစ်

(အဘ ဦးအေးဝင်း)၊ မဝင်းကြင် ၄၂ နှစ် (အဘ ဦးထွန်းရွှေ)၊ မမြင့်မြင့် ၃၂ နှစ် (အဘ ဦးကျော်အုန်း)၊ မဝေဝေ ၁၄ နှစ် (အဘ ဦးသောင်းစိန်) တို့ လေးဦး သေဆုံးကြပြီး ကျန်သုံးဦးသာ အသက်ဘေးက လွတ်မြောက်ထွက်ပြေးနိုင်ခဲ့ကြသည်။

တောဆင်ရိုင်း ဖမ်းဆီးရေးအဖွဲ့

တိုက်ကြီးမြို့နယ်တွင် တောဆင်ရိုင်းများ ဆိုးသွမ်းသောင်းကျန်းနေသည့် သတင်းများအရ သစ်တောရေးရာ ဝန်ကြီးဌာနမှ တောဆင်ရိုင်းဖမ်းဆီးရေးအဖွဲ့တစ်ဖွဲ့ မြိုင်ဟေဝန်ဆင်စခန်းသို့ ရောက်လာကြသည်။ သစ်တောရေးရာ ဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ် ဦးရဲမြင့် (ညွှန်ကြားရေးမှူးချုပ် သစ်တော-ငြိမ်း)၊ ဦးလက်ျာအောင် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) နှင့် လက်ထောက်မန်နေဂျာ ဆင်ဆေးကု ဦးစိုးဝင်းတို့ ပါဝင်ကြပေသည်။

တောဆင်ရိုင်း ဖမ်းမိခြင်း

ဆင်ဖမ်းအဖွဲ့သည် ၂၇-၁၂-၂၀၀၁ ရက်မှ ၁၂-၁-၂၀၀၂ ရက်နေ့ထိ ဥက္ကံသစ်တောကြိုးဝိုင်းရိုးမပေါ်တွင် ဆင်ရိုင်းများကို ခြေရာခံရှာဖွေကြပြီး မှေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြသည်။ ၃၁-၁၂-၂၀၀၁ ရက်နေ့တွင် ချောင်းစောက်အုပ်စုဆင်ဖမ်းကွက် အမှတ် (၃၉) ဥက္ကံကြိုးဝိုင်းအကွက် (၁၆) တွင် အသက် ၈ နှစ်ရှိ ဆင်မလေးတစ်ကောင် ဖမ်းဆီးရမိသည်။ အမြင့် ၅ ပေ ၉ လက်မ၊ လုံးပတ် ၈ ပေ ၆ လက်မရှိသည်။ ကနဦး အမည်ပေးရာတွင် အဦးဆုံး ဖမ်းမိဆင်လေးဖြစ်၍ "မစန္ဒာဦး" ဟု အမည်ပေးခဲ့လေသည်။

၉-၁-၂၀၀၂ ရက်နေ့ ဖားမျောစခန်းအနီး ဥက္ကံကြိုးဝိုင်းအကွက် အမှတ် (၃၉) တွင် အသက် ၅ နှစ်ခန့် ဆင်မလေးတစ်ကောင် ထပ်မံပြန်သည်။ အရပ် ၅ ပေ၊ လုံးပတ် ၈ ပေ ၈ လက်မ ရှိသည်။ ကနဦးအမည် "မစန္ဒာအောင်" ဟု မှည့်ခေါ်လိုက်ကြသည်။

ချစ်ကြိုးဖွဲ့နှောင် စုံတွဲနှစ်ကောင်

၂၈-၁-၂၀၀၂ ရက်နေ့တွင် ဥက္ကံကြိုးဝိုင်း ကျောက်ပြင်သာစခန်းနေရာ ဆင်ဖမ်းကွက် (၃၉) ၌ အသက်ခုနစ်နှစ်ရှိ ဆင်ထီးတစ်ကောင် ဖမ်းမိပြန်သည်။ အရပ်အမြင့် ၅ ပေ ၂ လက်မ၊ လုံးပတ် ၇ ပေ ၆ လက်မရှိသည်။ ကနဦးအမည် "ရဲအောင်" ဟု ပေးကြသည်။

ရဲအောင်သည် ဆင်စွမ်းကောင်းလေးတစ်ကောင်အဖြစ် ဆင်ဖမ်းအဖွဲ့သားများက တစ်သက်မမေ့နိုင်ကြပေ။ အကြောင်းမှာ လွန်ခဲ့သော ခြောက်လခန့်လောက်က မြိုင်ဟေဝန်

ဆင်စခန်း (ဆင်တဲစခန်း) အလုပ်ဝိုင်းထဲမှ စားကျက်လွန်ပြီး ပျောက်ဆုံးသွားခဲ့သော "အေးမြ" ခေါ် ဆင်မလေးကို တောထဲမှ ရဲအောင်နှင့်အတူ ဖူးစာဆုံဖက် အတူတကွ ပြန်လည်တွေ့ကြရ၍ ဖမ်းဆီးခေါ်ဆောင်လာနိုင်ကြခြင်းကြောင့် "ရဲအောင်" ကျေးဇူး မမေ့နိုင်ကြပေ။ ရဲအောင်နှင့်အေးမြ တို့နှစ်ဦး သူတို့သဘာဝ ချစ်ကြိုးဖွဲ့နှောင်လျက် ဆင်စခန်းတွင် ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

ဖမ်းဆီးရမိသည့် ဆင်တို့မှာ အလွန်တန်ဖိုးရှိသော အရွယ်ကောင်းဆင်ပေါက် ကလေးများဖြစ်ပေသည်။ တောဆင်ရိုင်းများကို ယေဘုယျအားဖြင့် အသက် (၁၀) နှစ်ခန့် အရွယ်ထိသာ ဖမ်းဆီးကြသည်။ အသက်ကြီးဆင်များသည် ကျိုးသွင်း မှိန်းသင်ရန် အလွန် ခက်ခဲသည်။ အချို့ လုံးဝ သင်မရခြင်းကြောင့် သက်ကြီးဆင်များကို မဖမ်းဆီးကြပေ။

ဖမ်းဆီးရမိ ဆင်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသို့ အကြောင်းကြားရပြီး ဆင်မှတ်ပုံတင်ခြင်း ဆောင်ရွက်ရသည်။ ဂရန်ယူရသည်။ နှစ်စဉ် ဂရန်သက်တမ်း လဲရသည်။ သားမွေးလျှင်လည်း သုံးလအတွင်း အကြောင်းကြားပြီး ၅ နှစ်သားပြည့်လျှင် မှတ်ပုံတင်ရ ပေသည်။

ဥက္ကံဒေသတွင် ဆင်ရိုင်းများကို ဖမ်းဆီးနေခိုန် ဖေဖော်ဝါရီ ၅၊ ၆၊ ၉ ရက်နေ့များ၌ ကျားချောင်းရွာ ဦးကျောက်ကုန်းစခန်း၊ ဦးလှရွှေ၊ ဦးအေးဟန်၊ ဦးပန်းမြိုင်၊ ဒေါ်စန်းတို့၏ ယာတဲများကို ဆင်ရိုင်းအုပ်တစ်အုပ်က ဝင်လာပြီး တဲများကိုဖြိုဖျက်သည်။ လူများ ထွက်ပြေး သွားသည့်အခါ ယာတဲများမှ ရိက္ခာ၊ ဆန်၊ ငပိ၊ ငါးခြောက်၊ ပဲစသည်များကို အကုန်စားသောက် ပစ်ကြသည်။ လူများစခန်းတွင် မနေဝံ့ကြတော့ဘဲ စွန့်ခွာထွက်ပြေးနေကြရပေသည်။

သေသူဝိညာဉ် စီးနေသလား

ဆင်ရိုင်းများ၏ ရက်စက်မှုများသည် ညအခါများ၌သာတိတ်တဆိတ် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သည်။ လူကိုပွေ့ယူဆွဲသွားပြီးမှ ကိုင်ပေါက်သည်။ နင်းချေသည်။ လူသုံး ပစ္စည်းများကို လွှင့်ပစ်သည်။ ဖျက်ဆီးသည်။ သဘာဝအတိုင်း မတော်တဆ ရင်ဆိုင် တွေ့လိုက်ရ၍ မရှောင်သာ သတ်ဖြတ်ရခြင်းမျိုး မဟုတ်တော့ပေ။ အချို့က ပြောကြသည်။ ဆင်သတ်၍ သေသွားသော လူများ၏ဝိညာဉ်က စီးနေပြီး အငြိုးဖြင့် လိုက်သတ်နေသည်ဟု စွပ်စွဲပြောဆိုကြသည်။ လူတစ်စုက သစ်ပင်ပေါ်ကစောင့်ပြီး ဆင်ကြီး၏ ကျောကုန်းပေါ်သို့ အက်စစ်များလောင်းချလိုက်ရာ ပူလောင်အော်ဟစ်ပြီး ထွက်ပြေးရင်း သစ်ပင်ပေါ်ကို တစ်ချက်မှေ့ကြည့်သွားပြီးနောက် အငြိုးကြီး၍ လိုက်သတ်နေသည်ဟုလည်း သတင်း ပြန့်လာပေသည်။

ဆိုးသွမ်းဆင် (Rough Elephant)

ရခဲလှသော တန်ဖိုးမဖြတ်နိုင်သည့် လူတို့အသက်အတွက် တန်ဖိုးရှိသော ဆင်တစ်ကောင်ကိုတော့ သတ်ရပေတော့မည်။ လူသတ်ဆိုးသွမ်းဆင် (Rough Elephant) ကိုသာ သတ်ရမည်ဖြစ်သည်။ အခြားဆင်ကို မှားယွင်းမသတ်မိကြစေရန် သတိပြုရှောင်ကြဉ်ရသည်။ သို့ကြောင့် လူသတ်သည့် ဆိုးသွမ်းသင်းကွဲဆင်ကြီး၏ ခြေရာခြေကြောင်းကို ထက်ကြပ်မကွာ လေ့လာစုံစမ်းရှာဖွေကြရတော့သည်။

လှည့်လည်ကျက်စား ခိုအောင်းတတ်သော စမ်းကြီး၊ စမ်းကလေး၊ သံပရာမြောင်စခန်းကြီးဘက်တွင် တွေ့ရသော ဆင်သုံးကောင်အနက် အကြီးဆုံးဆင်၏ ရှေ့ခြေရာသည် နှစ်ပေခန့်ရှိပြီး အမြီးတိုသည်၊ ဟန်ကုတ်အမျိုးအစား ဖြစ်သည်။ အရပ်အမြင့် ၁၀ ပေနီးပါး ရှိနိုင်သည်။ အလတ်ကောင်၏ ဆင်ခြေရာသည် ၁၈ လက်မ (တစ်တောင်ခန့်) ရှိပြီး အမြီးရှည်၊ ခြေတိုပြီး ကိုယ်ထည်ကြီးမားသည်။ နောက်ခြေတစ်ဖက်သည် ခြေကျင်းခွာသိမ်နေကြောင်း သိရသည်။ သူ့ကို ခွာလိမ်ကြီးဟုခေါ်သည်။ ကျောရိုးသဏ္ဌာန်မှာ ခြသေ့ထိုင်ကျောရိုးဖြစ်သည်။ အရပ်အမြင့် ၁၀ ပေခန့် ရှိပေသည်။ စူးစမ်းလေ့လာကြည့်ရှုခဲ့သူ ဒေသခံမုဆိုးတို့က ကောက်ချက်ချကြသည်မှာ လူသတ်နေသောဆင်သည် အလတ်ကောင် ခြသေ့ထိုင် ခွာလိမ်ကြီးဖြစ်မည်ဟု မှတ်ချက်ပေးကြသည်။ အငယ်ဆုံးကောင်၏ခြေရာသည် ၁၄ လက်မရှိပြီး အရပ်အမြင့် ၈ ပေခန့်သာ ရှိနိုင်သည်။ သုံးကောင်စလုံး ဆင်ထီးများသာ ဖြစ်ပေသည်။ သို့ကြောင့် နှိမ်နင်းသတ်ဖြတ်ရတော့မည့် ဆိုးသွမ်းဆင် (Rough Elephant) သည် ခွာလိမ်ကြီးဖြစ်ပေသည်။

ခွာလိမ်ကြီး၏ ပွဲဆက် ရက်စက်မှုများ

ခွာလိမ်ကြီးကို နှိမ်နင်းရန်စီစဉ်ကြဆဲမှာပင် ၂၀၀၂ ခုနှစ်၊ မေလ ၅ ရက်နေ့၌ လှိုင်ရိုးမကြိုးဝိုင်းအကွက်အမှတ် (၂၆) ဦးစစ်ရဲကုန်းတွင် တောင်သူဦးမောင်ရွှေ (အသက် ၄၁) နှစ်ကို သတ်သွားသည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ ည ၁၁ နာရီတွင် တဘူးလှဆည်အတွင်း စကောကွေစခန်း၌ တံငါလုပ်ကိုင်သူ ဦးမောင်မောင်၏ဇနီး ဒေါ်တင်ရွှေကို သတ်ပြန်သည်။ ဦးစောမောင်၏ ပြောပြချက်အရ မိသားစုအိပ်ပျော်နေချိန်၌ ဆင်ကြီးအတင်းတိုးဝင်လာပြီး ဒေါ်တင်ရွှေ၏ခေါင်းကို နင်းခဲ့ကြောင်း၊ သူနှင့် လေးနှစ်သားကလေးငယ်တို့သာ လွတ်သွားကြောင်း၊ ညတွင်းချင်း ထွက်ပြေးကြရပြီး နံနက်မိုးလင်း၍ ဒေါ်တင်ရွှေ၏အလောင်းကို သယ်ယူသည့်အခါ ဦးခေါင်းမပွင့်ထွက်နေသည့် ဦးနှောက်

များကို ဆင်ကြိုး စားသွားသည်ဟု ယူဆရသည့် နှာမောင်းအရာများကိုတွေ့ရကြောင်း၊ ဦးမောင်မောင်က စခန်းနှင့်ရွာ ဝေးကွာသဖြင့် စခန်းအနီး တဲ၏ခေါင်းရင်းဘက်တွင် ဒေါ်တင်ရွှေကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့ထံ သတင်းပေးပို့ခဲ့သည်။

ထူးခြားချက်မှာတစ်ခုမှာ လေးရက်ခန့်အကွာတွင် ခွာလိမ်ကြီးသည် ဆင်အဖော်သုံးကောင်နှင့်အတူ ပြန်ရောက်လာပြီး ဒေါ်တင်ရွှေ၏ အလောင်းမြှုပ်နှံထားရာမြေပုံကို ခွာများဖြင့် နင်းချေဖွထားသည်မှာ စိစိညက်ညက်ကျေနေသည်ကို တွေ့ကြရပေသည်။ ထိုအချိန်က အနီးဝန်းကျင်တဲမှ လူများက ဝိုင်းဝန်းအော်ဟစ် မောင်းထုတ်လိုက်ကြရာ ခွာလိမ်ကြီးက ဦးဆောင်ပြီး ဥက္ကဲကြိုးဝိုင်းအတွင်း ဖားကြောစခန်းမှတစ်ဆင့် ခွေးတောကြီးအတိုင်း ရိုးမတောင်ပေါ်သို့ တက်သွားကြလေသည်။

ခွာလိမ်ကြီးသည် ပဲခူးရိုးမပေါ်တွင် ရှောင်တိမ်းခိုအောင်းနေသည်မှာ လေးလခန့်သာကြာပါသည်။ တစ်ကျော့ပြန် တိုက်ခိုက်လာပြန်ပါသည်။ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နံနက်နှစ်နာရီခွဲအချိန် စလူဝိုင်းရွာ အရှေ့ဘက်ရှိ ကျွဲတလင်းလျှိုဠ် သုံးဆယ်မြို့၊ တောင်ဖလန်းကုန်းနေ ဦးစံလှိုင်၏သား မောင်သိန်းနိုင်ဝင်း (အသက် ၁၅ နှစ်) သက်ကယ်ရိတ်နေစဉ် ဆင်နင်းသတ်သွားသည်။ နိုဝင်ဘာလ ၉ ရက်နေ့တွင် ပန်းပင်တန်းအုပ်စု၊ ဘုရားပြိုရွာနေ ဦးဗိကိုက်၏သား ဦးသန်းငွေ (အသက် ၆၂ နှစ်) မှာ ကျွဲလိုက်သွားရင်း လမ်းတွင် ဆင်နှင့်ပက်ပင်းတိုး၍ အသတ်ခံလိုက်ရသည်။ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မအူခုံနှင့် လျှော်ပုံရွာအကြား ဦးမောင်အေး၏ ရော်ဘာစိုက်ခင်းအကွက် (၁၆) ပိန်းနော်ရိုးအနီး၌ အဘဦးစံမြတ်၏သား ဦးကြည် (အသက် ၇၃) နှစ်ကို သတ်ပြန်သည်။ ထူးခြားသည်မှာ ဦးကြည်၏အလောင်း၌ အဝတ်အစား လုံးဝမရှိတော့ဘဲ ဗလာကျင်းဖြစ်နေသည်။

ခွာလိမ်ကြီးနှင့် အပြေးအလိုက်

ပန်းပင်တန်းရွာ စပါးတလင်းများတွင် ညအခါများ၌ ရွာသားများစု၍ လုံခြုံရေးစောင့်ကြရသည်။ ဇန်နဝါရီလ ၁၅ ရက်နေ့ ည ၁၀ နာရီခန့်မှ ခွာလိမ်ကြီးတစ်ကောင်တည်း ရောက်လာပြီး တလင်းထဲမှ စပါးများကို အတင်းဝင်စားသည်။ ရွာသားတို့က ဝိုင်းအော်ပစ်ပေါက်ခြောက်လှန့်လိုက်ကြရာ ထွက်ပြေးသည်။ သို့သော် ဝေးဝေးမပြေးဘဲ နောက်သို့တစ်ချက်ပြန်လှည့်ကြည့်ပြီး လူအုပ်ကြီးကို ပြန်လိုက်သဖြင့် ရွာသားများ သုတ်ခြေတင်ပြန်ပြေးကြရသည်။ ဦးလူပူး၏သား မောင်ကိုဦး ၂၀ နှစ်သည် ပြေး၍မလွတ်နိုင်တော့၍ သစ်ပင်တစ်ပင်ဘေးတွင်ကပ်ပြီး ပုန်းနေလိုက်ရာ ညအမှောင်ကို ကောင်းစွာမြင်နိုင်သော

ခွာလိမ်ကြီးက မောင်ကိုဦးကို နှာမောင်းဖြင့်တွန်းလဲပြီး သတ်မည်အလုပ်တွင် ရွာသားများက မီးတုတ်များဖြင့်ပစ်ပေါက်ပြီး ဝိုင်းအော်လိုက်၍ နောက်လှည့်ပြန်ထွက်ပြေးသွားတော့သည်။ မောင်ကိုဦး သေကံမရောက်ခဲ့ပေ။ သို့သော် နှာမောင်းဖြင့် တွန်းလဲခံလိုက်ရ၍ ဥက္ကံဆေးရုံသို့ ပို့ခဲ့ကြရပေသည်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ပန်းပင်တန်းပိန်းလျှိမှ အဘဦးတင်ရွှေ၏သမီး မတင်ဝင်း (အသက် ၄၀ နှစ်) ကို သတ်သည်။

မတ်လ ၄ ရက်နေ့တွင် ဥက္ကံ-လဟာမငယ်နေ အဘဦးဖားခွ၏သား ဦးဘေဘေး (အသက် ၄၈ နှစ်) ကိုသတ်သည်။ ဥက္ကံကြိုးဝိုင်း နွယ်နီမြောင်အနီး၌သတ်သော်လည်း အလောင်း ရှာမတွေ့ကြရ၍ အပူတပြင်းရှာဖွေရာ ဥက္ကံကြိုးဝိုင်းအကွက် အမှတ် (၃၄) သစ်စေ့ထုတ် ဧရိယာ၏ အနောက်ဘက် နွယ်နီမြောင်၏အဖျားတွင် အလောင်းကိုယူသွားပြီး ဝှက်ထားဟန်ရှိသည်။ ဘေးဝန်းကျင်တွင် ခွာလိမ်ကြီး၏ခြေရာများ ပွစာကြေနေသည်ကို တွေ့ခဲ့ကြရ ပေသည်။ သေသူ၏မိသားစုများက ရှာဖွေပြန်ဆယ်ယူလာပြီး သင်္ဂြိဟ်ကြရ ကြောင်း ပြောပြကြပါသည်။

ဇူလိုင်လ ၁၃ ရက်နေ့တွင် ပန်းပင်တန်းအုပ်စု ဘုရားပြုရွာအနောက်ဘက်ရှိ အောင်စကြာကုမ္ပဏီပိုင် ရော်ဘာခြံထဲမှ ခြံစောင့်ဦးဇော်ဦး၏ သမီးမသင်းသင်းဝေ (အသက် ၆ နှစ်) ကိုသတ်သည်။ ဆင်ဝင်တိုက်ခိုက်စဉ် အားလုံး ထွက်ပြေးကြရပြီးနောက် ခွာလိမ်ကြီးထွက်သွားမှ မသင်းသင်းဝေ၏အလောင်းကို ကောက်ကြရသည်။ သို့သော် အလောင်းတွင် အူ၊ အရိုး၊ အသားအစအန၊ အကြေအမွတို့ကို အပိုင်းပိုင်းပြတ်ပြီး တွေ့ရသဖြင့် ခွာလိမ်ကြီး လူသားကိုပါ စားသွားသည်ဟု ကာယကံရှင်များက ပန်းပင်တန်းရဃကမှ တစ်ဆင့် ဥက္ကံရဲစခန်းသို့သတင်းပို့ခဲ့ကြသည်။ သို့ကြောင့် ခွာလိမ်ကြီး အမှန်တကယ် လူသားစား၊ မစား ပြဿနာတစ်ခု ရှုပ်ထွေးခဲ့ရပြန်လေသည်။

ဆင် လူသားစား မစား ပြဿနာ

ဆင်ရိုင်းကြီးသည် ဒေါ်တင်ရွှေကို ဦးခေါင်းနင်းသတ်ပြီး ဦးနှောက်များကို စားသွားဟန်ရှိကြောင်း ခင်ပွန်းဖြစ်သူ ဦးမောင်မောင်က သတင်းပို့တိုင်ကြားခဲ့ဖူးသည်။ ယခု မသင်းသင်းဝေကိုသတ်ပြီး အသားများ စားသွားသည်ဟု ရဲစခန်း၌ တိုင်ချက်ရှိလာပြန်သည်။

တာဝန်ရှိ သစ်တောဝန်ထမ်းများ၏ စုံစမ်းစစ်ဆေးချက်အရ ခွာလိမ်ကြီး တိုက်ခိုက်သတ်ဖြတ်စဉ်များတွင် သေဆုံးသူများမှ အားလုံး ကိုယ်လွတ်ရုန်းထွက်ပြေးကြရပြီးနောက်

လူသတ်ဆင်ဆိုးကြီး မရှိတော့မှသာ ပြန်လာကြရခြင်းဖြစ်၍ မည်သူမျှ ဆင် လူသားစားနေသည်ကို မျက်မြင်ကိုယ်တွေ့ မရှိနိုင်ကြောင်းသိရပေသည်။ ဆင်လုပ်သားများကလည်း ဆင်သည် အသားစားသည်ကို မယုံကြည်ကြပေ။

ခွာလိမ်ကြီးကို နှိမ်နင်းရပြီ

ဆိုးသွမ်းဆင်ခွာလိမ်ကြီး လူသတ်ခဲ့သည်မှာ ၁၆ ယောက်ပင် ရှိနေပေပြီ။ ဆိုးသွမ်းဆင် (Rough Elephants) များ၏ အစဉ်အလာအတိုင်း ရှင်းလင်းပစ်ရပေတော့မည်။

ဂျိုးဖြူ အမှတ်(၁) တပ်မတော် လေ့ကျင့်ရေးကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးတင့်ဝေက စီစဉ်ဖွဲ့စည်းပေးသည့် ဆိုးသွမ်းဆင်နှိမ်နင်းရေးအဖွဲ့ဝင် ဗိုလ်ကြီးကျော်မင်း၊ အရာခံဗိုလ်အောင်ထိုက်၊ တပ်ကြပ်ကြီး ရဲအောင်၊ ဒေသခံမုဆိုး ဦးအောင်လှတို့အဖွဲ့က ၂၈-၇-၂၀၀၃ ရက်နေ့မှစ၍ ခွာလိမ်ကြီးနောက်သို့ အပူတပြင်းခြေရာခံလိုက်ကြရာ ကျားချောင်းရွာမြောက်ဘက် မဲကြီးလျှိုတွင် ခွာလိမ်ကြီးကို တွေ့လိုက်ကြသည်။ ခွာလိမ်ကြီးသည် ထွက်မပြေးဘဲ တွေတွေကြီးရပ်ပြီး ကြည့်နေစဉ် ဘီအေ ၆၃ မောင်းပြန်သေနတ်ဖြင့် နားထင်တွင်း တည့်တည့်သို့ လေးချက်ဆင့်၍ ပစ်လိုက်ရာ နှစ်ချက်ထိမှန်သဖြင့် လျှိုချောက်ကြီးထဲသို့ တစ်ခါတည်း ဆင်းပြေးသွားတော့သည်။ အဖွဲ့က ထက်ကြပ်မကွာ လိုက်ကြသော်လည်း လျှိုချောက်ကြီးနက်သည့်အပြင် တောချုံထူထပ်သဖြင့် မမီလိုက်တော့ဘဲ ထွက်ပြေးသွားလေသည်။ ဒဏ်ရာရသွားပြီဖြစ်၍ ပို၍စိုးရိမ်ကြရတော့သည်။

ခွာလိမ်ကြီး၏ ၁၇ ယောက်မြောက် လူသတ်မှု

ခွာလိမ်ကြီးသည် ဒဏ်ရာရပြီးနောက် ငါးရက်သာကြာသည်။ ဆင်နာခဲ ခဲလေသည်။ အငြိုးကြီးကြီးဖြင့် လက်တုံ့ပြန် ကလဲ့စားချေသည်မှာ ထင်ရှားလာတော့သည်။

တိုက်ကြီးမြို့၊ ဆင်ကူးရွာနေ အဘဦးနီ၏သား တင်အောင်စိုး၊ အဘဦးစိန်ကြိုင်၏သား အောင်မြင့်သိန်းနှင့် မျိုးသိန်းတို့သုံးဦးသည် လှိုင်ရိုးမ ကြိုးဝိုင်းအကွက်အမှတ် (၂၆) ရေတာရှည်စခန်း၌ စတည်းချပြီး ဝါးခုတ်ကြသည်။ ဆင်အန္တရာယ်ကြောင့် ညအခါများတွင် သစ်ပင်အမြင့်၌ လင့်စင်ထိုးထားပြီး တက်အိပ်ကြသည်။ သို့ရာတွင် ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့ညတွင် တင်အောင်စိုးနှင့် အောင်မြင့်သိန်းတို့နှစ်ဦးမှာ ဆင်အုပ်များ ဥက္ကံဘက်မှာ ရောက်နေ၍ မိမိတို့နှင့် အဝေးကြီးဆိုကာ မြေပြင်သို့ဆင်းအိပ်ကြသည်။ ည ၉ နာရီခန့်၌ ခွာလိမ်ကြီး ရောက်လာပေသည်။ အိပ်ပျော်နေကြသော သူတို့နှစ်ယောက်အနက် ပထမ

အောင်မြင့်သိန်းကို နှာမောင်းကြီးဖြင့် ဆွဲယူလွှင့်ပစ်လိုက်သည်။ ပြီးမှ တင်အောင်စိုး၏ ဦးခေါင်းကို တက်နင်းပစ်လိုက်သဖြင့် တင်အောင်စိုး အသံပင်မထွက်နိုင်ဘဲ ပွဲချင်းပြီးသေဆုံးသွားလေသည်။ အောင်မြင့်သိန်းမှာ ဒူးတစ်ဖက်ကျိုးသွားသဖြင့် တရွတ်တိုက်ဆွဲပြီးပြေးရာ မှောက်လျက်လဲကျတော့သည်။ ခွာလိမ်ကြီးသည် နောက်မှလိုက်လာပြီး နင်းမည်ပြုရာ အောင်မြင့်သိန်းက ကြောက်အား၊ လန့်အားဖြင့် အော်ဟစ်ပြီး လက်ဖြင့်ကာရင်း တွန်းရင်းဖြင့် ခွာလိမ်ကြီး၏နှာမောင်း နှာခေါင်းအပေါက်ထဲသို့ လက်နှိုက်လိုက်မိရာ ခွာလိမ်ကြီးသည် ပူးခနဲအော်လိုက်ကာ ချက်ချင်းနောက်ပြန်ဆုတ်ပြီး ထွက်ပြေးသွားပေသည်။ ဆင်တို့၏ ငယ်နိုင်မှာ နှာမောင်းအဖျားမှ နှာနုအပေါက်နေရာဖြစ်ပေသည်။ နှာနုဖျားကိုထိမှာ အလွန်ကြောက်ကြသည်။ အောင်မြင့်သိန်း အသက်ဘေးမှ သီသီလေးလွတ်မြောက်ပြီး ဒူးတစ်ဖက်ကျိုးဒဏ်ရာဖြင့် ဆေးရုံတက်လိုက်ရလေသည်။ မိုးလင်း၍ စစ်ဆေးကြည့်ရှုရာ ခွာရာသည် ၁၈ လက်မ ခွာဝိုင်းပုံဖြစ်၍ ခြင်္သေ့ထိုင် ခွာလိမ်ကြီးဆိုသည်မှာ သေချာသွားလေသည်။ ထိုသတင်းကိုကြားလိုက်သည်နှင့် နို့မ်နင်းရေးအဖွဲ့သည် ခွာလိမ်ကြီးနောက်သို့ ထက်ကြပ်မကွာ လိုက်ကြရတော့သည်။

ခွာလိမ်ကြီးကို စုံတွဲပြန်တွေ့

ဩဂုတ်လ (၇) ရက်နေ့ နံနက် ၁၀း၃၀ နာရီအချိန် ရေတာရှည်စခန်းအထက် ဝါးတောထဲတွင် ဆင်မလေးတစ်ကောင်နှင့်အတူ အစာစားနေသည်ကို တွေ့ရပေသည်။ ခွာလိမ်ကြီးဟုတ်မဟုတ်သေချာရန် အနီးကပ် ချောင်းမြောင်းကြည့်ရှုရသေးသည်။ နို့မ်နင်းရေးအဖွဲ့သည် ခွာလိမ်ကြီးမှန်းသိသည်နှင့် ဘီအေ ၆၃ မောင်းပြန်သေနတ် နှစ်လက်ဆိုင်၍ အချက်ပေါင်း ၂၆ ချက်ထိ ဆက်တိုက်ပစ်သွင်းလိုက်ရာ ခွာလိမ်ကြီးသည် ငယ်သံပါအောင် စူးစူးဝါးဝါးအော်ပြီး ဝါးတောထဲ ပြေးဝင်သွားတော့သည်။ ဆင်မကလေးလည်း တစ်ချိုးတည်း လိုက်ပြေးတော့သည်။

အဖွဲ့က မျက်ခြည်ပြတ်မခံဘဲ ဆက်လိုက်ကြရာ နှစ်ရက်ခန့်အကြာ ဩဂုတ်လ ၉ ရက်၊ ညနေ ၆ နာရီခွဲတွင် ညောင်ကားယားစခန်း ဝါးတောထဲတွင် တွေ့ကြရပြန်သည်။ ခွာလိမ်ကြီးသည် အနာရနေပြီဖြစ်ရာ မလှုပ်မယှက် တွေတွေကြီးစိုက်ကြည့်နေသည်။ သူပြေးပြီးထိုးမလာခင် လက်ဦးမှုယူပြီး ဦးကင်းတည့်တည့်သို့ နှစ်ချက်၊ နားထင်သို့ ခုနစ်ချက် ဆင့်၍ပစ်လိုက်ကြသည်။ သို့သော် အသက်ပြင်းလှသည့် ခွာလိမ်ကြီး ဗုန်းဗုန်းလဲမကျသေးဘဲ ဆက်ပြီး ထွက်ပြေးသွားပြန်သည်။ အဖော်ဆင်မကလေးသည် ဘယ်ရောက်သွားသည်မသိပါ။ အတူစုံတွဲ မတွေ့ရတော့ပေ။

ခွာလိမ်ကြီး၏ ဘဝဇာတ်သိမ်း

ခွာလိမ်ကြီးက ရှေ့ကပြေး၊ အဖွဲ့က နောက်ကလိုက်ဖြင့် ဩဂုတ်လ ၁၀ ရက် နံနက် ၁၁ နာရီအချိန် ဆတ်လူးကျင်း မြောင်တစ်ခုထဲတွင် ထပ်မံတွေ့ကြပြန်သည်။ ခွာလိမ်ကြီးသည် နားရွက်မခတ်၊ မလှုပ်မယှက်ငြိမ်သက်နေသည်။ ဆင်နာဖြစ်၍ အဝေးမှာသာနေပြီး အကဲခတ်နေကြရသည်။ ဆင်ဦးကင်းနေရာ၌ ယင်မည်းကြီးများ တဝီဝီနှင့် ပျံဝဲနေသည်။ သည်တော့မှ အခြေအနေကို သိလိုက်ကြသည်။ သေနတ်ဒဏ်ရာ အချက် ၃၀ ကျော်ဖြင့် မြေတွင် ဗုံးဗုံးလဲမကျ။ ပုဆစ်တုပ်အနေအထားဖြင့် ဝိညာဉ်ချုပ်နေပေပြီ။

၁၁-စ-၂၀၀၃ ရက်နေ့တွင် ဗိုလ်ကြီးကျော်မင်း၊ ရဃကဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဆင်ဆေးကုဆရာဝန် ဦးစိုးဝင်းတို့ ခွာလိမ်ကြီးရှိရာသို့ ကွင်းဆင်းစစ်ဆေးကြပြီး လူသတ်ဆိုးသွမ်းနေသော ခြင်္သေ့ထိုင် ခွာလိမ်ကြီးဖြစ်ကြောင်း အတည်ပြုပြီး ဆတ်လူးကျင်းမြောင်တွင် ခွာလိမ်ကြီး၏ဘဝ ဇာတ်သိမ်းသွားခဲ့လေသည်။

ခွာလိမ်ကြီးသည် ခန့်မှန်းအသက် ၄၀ ခန့်ရှိပြီး အစွယ်ခပ်တိုတို (သစ်ခွထိုး) ပါရှိ၍ ဟံကုပ်မျိုးဖြစ်သည်။ အရပ်အမြင့် ၉ ပေခွဲ၊ အလျား ၁၁ ပေရှိရာ မြို့ငယ်ဟောန်စခန်းရှိ အကြီးဆုံးဆိုသော စွယ်စုံဆင် ရွှေတိုးဝင်းကြီးထက်ပင် ကြီးမားသော ဆင်ကြီးမျိုးဖြစ်ပေသည်။ ထူးခြားသည်မှာ အမြီးသည် ၃ ပေ၊ ၁၀ လက်မရှည်ပြီး ဆင်ဖြူတော်များတွင်သာ ပါဝင်လေ့ရှိသော ရှားပါးလက္ခဏာဖြစ်သည့် အမြီးဆံတံခါးပိတ်ဖြစ်နေသည်။

ယခု ဆင်ရိုင်းတို့၏ တစ်ကျော့ပြန် ကလဲ့စားချေပွဲကြီးတွင် လူပေါင်း ၁၇ ယောက် သေဆုံးခဲ့ကြရပေသည်။ ဆင်ရိုင်းတို့ဘက်က ခွာလိမ်ကြီးတစ်ကောင်သာ အသေပစ်သတ်ခံလိုက်ရပေသည်။

ဆင်ဖမ်းနှစ်အတွင်း ဆင်ဖမ်းအဖွဲ့များ၏ အရှင်လက်ရ ဖမ်းဆီးရမိဆင်များမှာ -

စန္ဒာဦး	(အမ)	(၈)	နှစ်	အမြင့်	၅ ပေ၊	၀ လက်မ	လုံးပတ်	၈ ပေ၊ ၆ လက်မ
စန္ဒာအောင်	(အမ)	(၅)	နှစ်	အမြင့်	၅ ပေ၊	၈ လက်မ	လုံးပတ်	၈ ပေ၊ ၈ လက်မ
ရဲအောင်	(အထီး)	(၇)	နှစ်	အမြင့်	၅ ပေ၊	၂ လက်မ	လုံးပတ်	၇ ပေ၊ ၆ လက်မ
မိုးမိုးဇော်	(အမ)	(၁၁)	နှစ်	အမြင့်	၆ ပေ၊	၇ လက်မ	လုံးပတ်	၉ ပေ၊ ၂ လက်မ
ယူနီယံ	(အထီး	(၈)	နှစ်	အမြင့်	၆ ပေ၊	၄ လက်မ	လုံးပတ်	၉ ပေ၊ ၈ လက်မ
ဝင်းဝင်းလှိုင်	(အမ)	(၈)	နှစ်	အမြင့်	၆ ပေ၊	၈ လက်မ	လုံးပတ်	၈ ပေ၊ ၁၀ လက်မ

အရှင်ဖမ်းမိဆင်တို့ကို မြို့ငယ်ဟောန် ဆင်စခန်းတွင် ကျုံးသွင်းမှိန်းသင်နေကြပေပြီ။ မကြာမီသောကာလတွင် လူသားနှင့်ဆင် အတူယှဉ်တွဲ၍ အလုပ်ဝင်ကြဖို့အတွက် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားကြပြီဖြစ်ပေသည်။

ဆင်များအကြောင်း သတိမူလာရခြင်း

တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းများ ဝင်ရောက်တိုက်ခိုက်သောင်းကျန်းမှု ဖြစ်စဉ်များကို လေ့လာရေးသားရာမှ ဤစာအုပ်ကို ဆက်လက်ပြုစု ရေးသားဖြစ်ခြင်း ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ တောဆင်ရိုင်းများသည် ဇာတိချက်ကြွေ ရိုးမသစ်တောကြီးများ၌မနေ။ စားကျက်လွန် ကျူးကျော်၍ လူများနေထိုင်ရာသို့ အတင်းတိုးဝှေ့ နေရာယူလာကြရာမှ လူနှင့် ပဋိပက္ခတိုက်ခိုက်မှုဖြစ်စဉ်များသည် တိုက်ကြီးမြို့နယ်မှာသာမကတော့ပေ။ မြန်မာနိုင်ငံ အခြားတိုင်းနှင့် ပြည်နယ်ဒေသများတွင်လည်း အနည်းနှင့်အများ ဖြစ်ပွားလျက်ရှိကြကြောင်း သိရသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ နီပေါ၊ ထိုင်း၊ မလေးရှား စသည့် တောဆင်ရိုင်းများ ကျက်စားပေါက်ပွားနေထိုင်ရာ နိုင်ငံများတွင်လည်း အလားတူဖြစ်ရပ်များ ဖြစ်ပွားလျက်ရှိနေကြောင်း လေ့လာသိရှိရပေသည်။

စာရေးသူအနေဖြင့် သစ်တောဦးစီးဌာနတွင် ၁၉၆၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိ သစ်တောဝန်ထမ်းဘဝဖြင့် မြန်မာပြည် ရိုးမသစ်တောကြီးများ အနှံ့အပြား နှစ်ပေါင်း (၃၀) တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်၍ ဆင်လောကနှင့် မဖြစ်မနေ အနီးစပ်ဆုံး နေထိုင်ခဲ့ရသူဖြစ်သည်။ ဆင်လောကဟုဆိုရာ၌ အိမ်မွေးဆင်ယဉ် သစ်ထုတ်ရေးဝိုင်းများမှ ဆင်လောကသာမက တောတွင်းသစ်တောလုပ်ငန်းများ လုပ်ကိုင်ရင်း ဆိုးသွမ်းသော တောဆင်ရိုင်းများ၏ စားကျက်ကွင်းများ၌လည်း နှစ်ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ ကျင်လည်ခဲ့ရဖူးပေသည်။

သစ်တောဦးစီးဌာန၏ လုပ်ရိုးလုပ်စဉ် သစ်တောလုပ်ငန်းများဖြစ်သည့် ကျွန်းသင်းသတ်ခြင်း၊ သစ်မာပင် ထောင်ရိုက်မှတ်ခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ သစ်တောနယ်နိမိတ်ပြင်ဆင်ခြင်း၊ သတ်မှတ်ခြင်း စသည်ဖြင့် တောတွင်းလုပ်ငန်း အတော်များများသည် နှစ်စဉ် အောက်တိုဘာ၊ နိုဝင်ဘာလမှစပြီး တောတွင်းကာလများ၌သာ လုပ်ကိုင်ရလေ့ရှိပေသည်။ တစ်ခါတစ်ရံသာ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းကို မိုးရာသီမိုးထဲလေထဲ ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရခြင်းလည်းရှိသည်။

ရိုးမသစ်တောကြီးများအတွင်း ကျက်စားနေထိုင်ကြသော ဆင်အပါအဝင် သားရဲတိရစ္ဆာန်ကြီးများ၏ အပျော်မြူးဆုံး၊ အထကြွဆုံး ရာသီချိန်ကာလသည် ဆောင်းရာသီဖြစ်သည်။ အထူးသဖြင့် ပြာသို၊ တပို့တွဲ နှာရည်ယိုရွဲချိန်ဆိုလျှင် တောဘုရင် ကျား၊ ကျားသစ်တို့ မိတ်လိုက်ချိန်ဖြစ်သည်။ တောဆင်ရိုင်းတို့ အစာရေစာပေါများချိန် ဖြစ်နေပေသည်။ ထိုအချိန်ကာလမှာ သစ်တောထဲ အလုပ်များကြရသည့် သစ်တောဝန်ထမ်းများအဖို့

ကျားလိုက်၊ ဆင်လိုက်၊ ဝက်ဝံလိုက်ခံရသည်များမှာ မဆန်းကြတော့ပေ။ ထူးခြားသည်က သစ်တောဝန်ထမ်းများအနက် ကျားလိုက်၊ ဆင်နင်း၍ သေသူ အလွန်ရှားသည်ဟု ဆိုနိုင်ပါသည်။

သို့ပါ၍ မိမိအနေဖြင့် လုပ်သက်တစ်လျှောက် တောတွင်းနေထိုင်စားသောက်ခြင်းအတွေ့အကြုံများနှင့်တကွ တောဆင်ရိုင်းများ၊ အိမ်မွေးဆင်ယဉ်များ၏ ဘဝဟန်များကို အစဉ်တစိုက် သတိပြုလေ့လာခဲ့မိသည်။ အတွေ့အကြုံ ဖြစ်ရပ်ဖြစ်စဉ်များကိုလည်း လုပ်သက်ရလာသည်နှင့်အမျှ အခွင့်အခါသင့်တိုင်း စုဆောင်းမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

သို့ကြောင့် သိရခဲ့လှသော လျှို့ဝှက်သောဆင်တို့၏ ဘဝအစိတ်အပိုင်းအချို့ကို အလွန်စိတ်ဝင်စားဖွယ် တွေ့ရှိလာရပါသည်။ တစ်ခါတစ်ရံ ဆင်လုပ်သားတို့က သူတို့၏စီးဆင်များကို မြို့ထဲ၊ ရပ်ထဲသို့ ခေါ်ဆောင်လာသည့်အခါများတွင် လူအများ ဝိုင်းအုံ၍ကြည့်နေတတ်ကြသည်။ ဆင်ကို မကြည့်ဘဲမနေနိုင်ကြပေ။ ငှက်ပျောသီး၊ ကြံ၊ ကန်စွန်းရွက် စသည်ဖြင့် အိတ်ထဲကပိုက်ဆံ မနှမြောတတ်ကြ၊ ဝယ်ကျွေးကြ၏။ ကြောက်ရွံ့ကြ၏။ ချစ်ခင်ခြင်း၊ ကြောက်ရွံ့ခြင်း ခံစားမှု စိတ်နှစ်မျိုးကို တစ်ပြိုင်တည်းပေးစွမ်းနိုင်သောဆင် ဖြစ်ပါသည်။

မည်သို့ဆိုပါစေ-

* ဆင်သည် အလွန်ကြောက်စရာကောင်းပါသည်။
* စိတ်က မည်သည့်အခါမျှ မယုံရသော သတ္တဝါ ဖြစ်သည်။
* ချစ်စရာကောင်းသည်များရှိသလို မုန်းစရာကောင်းသည်များလည်း ရှိသည်။
* ဆင်သမားတို့၏ ဘဝအဖော်မိတ်ဆွေဖြစ်သလို၊ ရန်သူလည်း ဖြစ်နေ၏။
* အရှင်သခင်သာမက မည်သူ့ကိုမဆို ရက်စက်မှုများလည်း ရှိသည်။
* စမ်းရေပမာ မေတ္တာတရားကြီးမားသည်များလည်း ရှိနေပြန်သည်။
* ဘဝတူ ဆင်အချင်းချင်း အပေါ်တွင်ပင် ရက်စက်မှုများဖြင့် စီရင်တတ်ကြသည်။
* ဆင်ယဉ်မတို့က သခင်ကို ပစ်၊ တောဆင်ပျိုနောက် ခိုးရာလိုက်သည်လည်းရှိ၏။
* တောဆင်ပျိုမတို့ကို ဆင်ယဉ်ထီးကြီးများက သွေးဆောင် ခိုးယူသည်လည်းရှိ၏။
* ဆင်တို့သဘာဝ ပေါင်းကြ၊ သင်းကြ၊ သားသမီးများ မွေးကြ၊ မေတ္တာလွန်ပွဲဆင်နွှဲကြဖြင့် ဆင်တို့သဘာဝ၊ ဘဝအဖုံဖုံကို တွေ့ကြုံခဲ့ရပေသည်။
* ဆင်သည် အခြားသော တိရစ္ဆာန်များနှင့် အသွင်မတူ တစ်မူထူးခြားမှုရှိသည်။
* လူသားနှင့် ဆင်တို့အကြား နှီးနှွယ်ဆက်ဆံမှုနယ်ပယ်မှ ဘဝသရုပ်များသည် အလွန်နက်နဲမှုများ ရှိနေပေသည်။ ဆက်လက်လေ့လာစရာများလည်း မဆုံးနိုင်ရှိချေသည်။

သို့ပါ၍ သစ်တောဝန်ထမ်း ဘဝလုပ်သက်တစ်လျှောက် တွေ့ကြုံခဲ့ရသမျှ စုဆောင်းမိသမျှတို့ကို မျှဝေခံစား နိုင်ကြပါစေရန် စုစည်းတင်ပြပါသည်။ ပြည့်စုံလုံလောက်နိုင်မည်ဟု မဆိုနိုင်ပါ။ သုတေသီ၊ ပညာရှင်၊ ဝါသနာရှင်တို့က ဆက်လက်ရှာဖွေ ဖော်ထုတ်နိုင်ကြပါစေရန် မေတ္တာဖြင့် ပန်ကြားလိုက်ရပေသည်။

ꕥ ꕥ ꕥ ꕥ ꕥ

အခန်း (၃)

မြို့ဟောင်း ဆင်စခန်းဆီသို့

တိုက်ကြီးမြို့နယ်အတွင်း ပြင်းပြင်းထန်ထန် ဖြစ်ပွားနေသော တောဆင်ရိုင်း သောင်းကျန်းမှုဖြစ်စဉ်များနှင့် ဆက်စပ်လျက် ဆင်တို့အကြောင်း သိကောင်းစရာများကို ဆက်လက်လေ့လာရပေသည်။ သို့ဆိုလျှင် မိမိမြို့နယ်အတွင်း၌ရှိနေသော မြို့ဟောင်း ဆင်စခန်းဆီသို့ မရောက်မဖြစ် ရောက်အောင်သွားမှ လေ့လာစရာရှိသည်များကို လေ့လာ ရေးသားပါဝင်မှသာ သဘာဝကျမည် ဖြစ်ပါသည်။ သို့ပါ၍ သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းရုံးချုပ်သို့ ခွင့်ပြုချက်တောင်းခံပြီး ၂၀၀၄ ခုနှစ်၊ မတ်လ ၂၁ ရက်တွင် မြို့ဟောင်း ဆင်စခန်းဆီသို့ လေ့လာရေးခရီးတစ်ခေါက် ထွက်ဖြစ်ခဲ့သည်။

လေ့လာရေးခရီးစဉ်တွင် ရုံးချုပ်မှ မန်နေဂျာ (အင်အား) ဦးညီညီ၊ မန်နေဂျာ (လုပ်ငန်း) ဦးရှိန်ဟန်၊ လက်ထောက် မန်နေဂျာ (ဆင်ဆေးကု) ဦးသောင်းညွှန့်နှင့် မြို့ဟောင်းစခန်း လက်ထောက်မန်နေဂျာ (ဆင်ဆေးကု) ဦးစိုးဝင်း၊ သစ်အုပ် ဦးမောင်ရှိန်၊ ဆင်ခေါင်းကြီး စောစေးစေးနှင့် ဆင်ဝိုင်းအဖွဲ့သားများအားလုံးက အဘက်ဘက်မှ ကူညီပေးခဲ့ကြပါသည်။

မြို့ဟောင်းစခန်းသည် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများအားလုံးက စိတ်ဝင်စား ကြသည့် မြန်မာနိုင်ငံ သဘာဝခရီးသွားစခန်း (Ecotourism Site in Myanmar) ၁၅ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ စာရေးသူတို့ လေ့လာရေးအဖွဲ့အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အငယ်တန်းမာတ်ပုံကျွမ်းကျင် ဦးသာညွှန့်နှင့် ဦးဖုန်းမြင့်တို့က နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင် ဖွင့်လှစ်ပြသပေးရန် ပါဝင်ခဲ့သည်။ ဆင်ကို မြင်ဖူးရုံသာရှိကြသည့် စာရေးဆရာ မောင်လှိုင်းသစ်၊ ဦးမျိုးညွှန့် (ပညာရေး)၊ ဦးမြဝင်း (သားထက်) တို့ကလည်း အနီးကပ် ရှုမြင်လေ့လာနိုင်ရန် လိုက်ပါခဲ့ကြသည်။

မြို့ဟောင်းခရီးစဉ်

ရန်ကုန်-ပြည် ကားလမ်းမကြီးအတိုင်း ရန်ကုန်မြို့မှ မိုင် ၆၀ ဖလုံကံကုန်းရွာသို့ ရောက်လျှင် မြို့ဟောင်းစခန်း သို့ ၁၀ ½ မိုင် လမ်းခွဲဆိုင်းဘုတ်ကြီးကို တွေ့ရပေသည်။ ရန်ကုန်-ပြည် ပြည်ထောင်စုကားလမ်းမကြီးကို ကျောခိုင်းလမ်းခွဲ လာသည်မှစ၍

ကွမ်းသီးမြောင်စခန်းအထိ ၇ မိုင်သည် ကျောက်ခင်းလမ်းဖြစ်သည်။ ကျန်သည့် ၅ ½ မိုင်သည် မြေသားလမ်းသာဖြစ်ပေရာ နွေရာသီသာ မြိုင်ဟေဝန်စခန်းအရောက် ကားလမ်းတိုက်ရိုက် ပေါက်ပေသည်။ မိုးရာသီတွင် မြေသားလမ်း ၅ ½ မိုင် အပိုင်းကို ခြေကျင်ခရီးနှင်ရမည် ဖြစ်သည်။ သို့ကြောင့် မိမိတို့အဖွဲ့သည် တပေါင်းနွေ၏ အပူလှိုင်းကို အန်တု၍ အမိအရ အရောက်သွားကြခြင်းဖြစ်သည်။

ဖလုံဘူတာရွာမှ စထွက်လိုက်သည်နှင့် ရန်ကုန်-ပြည် မီးရထားလမ်း၊ တဘူးလှဆည်တူးမြောင်းကြီးနှင့် ခရိုင်ချင်းဆက်လမ်းမကြီးကို ဖြတ်ကျော်ရသည်။ ကားလမ်းသည် မာဂရီသစ်တောကြိုးဝိုင်း ဧရိယာထဲမှ ဖြတ်သန်းသွားသည်။ တစ်ချိန်က ဆင်နေကျားအောင်းနေပြောက်မထိုးအောင် စိမ်းစိုညို့မှိုင်းခဲ့သော ဒေသန္တရထောက်ပံ့ရေး ကြိုးဝိုင်းကြီးဖြစ်သည်။ သုံးမိုင်သာသာခန့် သွားလိုက်ရသည်နှင့် နတ်သရက်ပင်သို့ရောက်သည်။ နတ်ကွန်းကျောင်းဆောင်များနှင့် အထင်ကရ စခန်းထောက်တစ်ခုဖြစ်ပေသည်။ ရှေးအခါက သောင်းကျန်းသူတို့၏ ရှေ့တန်းခြေကုပ်စခန်း ဖြစ်ခဲ့သည်။ သစ်တောခွန်ကောက်ခံသည်။ အခွန်မဆောင်မသမာခိုးယူလျှင် ခေါင်းဖြတ်သတ်၊ အပြစ်ဒဏ်ခတ်ခဲ့ကြသည်။

သို့သော် ယခုအခါ၌ဆိုခဲ့သော သောင်းကျန်းသူများလည်း မရှိတော့ပြီ။ စိမ်းစိုညို့မှိုင်းနေသော သစ်တောကြီးများလည်း ပြုန်းတီးခဲ့ပေပြီ။ ဆင်လည်းမနေ ကျားလည်းမအောင်းတော့။ ၁၉၄၂-၄၅ ခုနှစ်ခန့်က ဂျပန်ခေတ်နှင့် လွတ်လပ်ရေးရပြီး ရောင်စုံသူပုန်တို့ သောင်းကျန်းစဉ်ကာလများ၌ သစ်တောအုပ်ချုပ်မှု ကင်းမဲ့ခဲ့၍လည်းကောင်း၊ နောက်ပိုင်းတိုးတက်များပြား လာသော လူဦးရေတို့အတွက် အိမ်ခြေ၊ သစ်၊ ထင်း၊ ဝါး၊ မီးသွေးစသည့် ထုတ်ယူသုံးစွဲမှု များပြားလာမှုတို့ကြောင့်လည်းကောင်း မာဂရီသစ်တောကြီးသည် လုံးဝပြုန်းတီး ပျောက်ကွယ်သွားခဲ့ရပေသည်။

အိမ်လာ လယ်ပြေး၊ လယ်လာ သစ်တောပြေး ဆိုသကဲ့သို့ပင် ဖြစ်ပေမည်။ ရွှေမြိုင်သာယာရွာ၊ သာယာအေးရွာ၊ ကွမ်းသီးမြောင် စသည်ဖြင့် လူနေအိမ်ခြေ ၈၀ ကျော်နှင့် လူဦးရေ ၂၀၀ ကျော်ရှိသော ကြိုးတွင်းရွာသုံးရွာသည် ကားလမ်း ဘေးဝဲယာ၌ရှိနေပေသည်။ ကားလမ်းဘေး ဝဲယာတစ်လျှောက် အရိပ်ကောင်းသစ်ပင်ကြီးများမရှိ။ ကွင်းထီးထီးကြီးကို ဖြတ်သန်းနေရသည်။ စိုက်ပျိုးရေးအတွက် ခုတ်ထွင်ရှင်းလင်းပြီး မြေယာပြင်ဆင်ထားသည်များကို တွေ့ရပေသည်။ ဖလုံရွာအထွက် ကားလမ်း၏တောင်ဘက်တွင် ရော်ဘာစိုက်ခင်းစိမ်းစိမ်းကလေး တစ်နေရာကို လှမ်းမြင်နေရသည်။ လမ်းဘေးဝဲယာ တစ်လျှောက်လုံးသာရှိနေလျှင် အတော်ပင် မျက်စိအေးပေမည်။ လေနုအေးတို့လည်း သုတ်ဖြူးနိုင်ပေလိမ့်မည်။ ယခုအခါ (Land Use Policy) “မြေယာအသုံးချရေးမူဝါဒ” အရ တိုင်းရင်းသား ပဂ္ဂလိက

လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား မြေယာလုပ်ပိုင်ခွင့်များ ချထားပေးလျက်ရှိရာ မာဂရီသစ်တောကြိုးဝိုင်းဧရိယာ ၆၈၁၅ ဧကသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသုံး မြေယာများအဖြစ်သို့ ပြောင်းလဲသွားခဲ့ပေပြီ။

လုပ်ပိုင်ခွင့်ရ လုပ်ငန်းရှင်များအနေဖြင့် နှစ်တိုရာသီသီးနှံများနှင့်အတူ သရက်၊ ပိန္နဲ၊ သီဟို၊ ရော်ဘာ၊ သစ်ဆိမ့်၊ ဆီးသပြေ စသည့် စက်မှုကုန်ကြမ်း နှစ်ရှည်ပင်ကြီးများကိုပါ စိုက်ပျိုးတည်ထောင်ကြလျှင် ရေရှည်အကျိုးစီးပွားလည်းဖြစ်၊ မာဂရီသည်လည်း နေပြောက်မထိုး၊ စိမ်းစိမ်းညို့သော သစ်တောအုပ်ကြီးများဖြင့် မူလရုပ်ပုံလွှာ ပြန်လည်ဆန်းသစ်လာမည်ဖြစ်ပေသည်။ ယခုအခါ နိုင်ငံတော်က စက်မှုကုန်ကြမ်းသစ်မျိုးများ အပါအဝင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး သစ်မျိုးသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ကိုလည်း အားပေးနေပြီဖြစ်ပါသည်။ သို့ဆိုလျှင် မြိုင်ဟောဝန်ခရီးသမားတို့သည်လည်း ဆွတ်ပျံ့ဖွယ်တောပန်းရနံ့တို့ဖြင့် အေးမြသောတောတန်းအလယ်မှ ဖြတ်သန်းသွားကြမည်သာ ဖြစ်ပါသည်။

တိုက်ကြီးမြို့နယ်မှ ၂၂ မိုင်သာ ကွာဝေးသည့် မြိုင်ဟောဝန်သို့ နံနက် ၇း၀၀ နာရီမှ ထွက်လာခဲ့သော်လည်း ဖလုံမှအထွက် ကားဘီးကိုကျောက်ခဲထိုး၍ ဘီးကပေါက်သေးသည်။ ၁၀ နာရီခွဲမှ စခန်းသို့ရောက်ကြရသည်။ စခန်း ရှင်းလင်းဆောင်၌ အသင့်စောင့်ကြိုနေကြသော လက်ထောက်မန်နေဂျာ (ဆင်ဆေးကု) ဦးစိုးဝင်းနှင့်တကွ ဆင်ဝိုင်း မိသားစုများကို တွေ့ရသည်။ ဘယ်အချိန်ကတည်းက စောင့်နေကြသည်မသိ၊ အားနာစရာတော့ဖြစ်သွားပြီ။

“Good morning Sir! You are too late. Something wrong?” ထုံးစံအတိုင်း ပျော်ပျော်နေ ပြုံးပြုံးပြောတတ် လေ့ရှိသော ဆရာဦးစိုးဝင်းက နှုတ်ခွန်းဆက်သည်။

“ဟုတ်တယ် ဦးစိုးဝင်းရေ၊ လမ်းမှာ ကားဘီးကျောက်ခဲထိုးလို့ ဘီးပေါက်သွားတာနဲ့ နောက်ကျသွားတယ်ဗျာ။ ဆင်ဝိုင်းမိသားစုတွေ ထမင်းစားပြီးမှပဲ ဆုံကြဆွေးနွေးကြတာပေါ့။ လက်စနဲ့ အချိန်ရှိတုန်းလေး ဆင်ဖမ်းစခန်းအရောက် ဆက်သွားလိုက်ချင်တယ်။ ပြန်လာမှပဲ ထမင်းစားကြတာပေါ့ဗျာ”

စာရေးသူက ရှေ့ဆက်မည့်ခရီးကို မေတ္တာရပ်ခံလိုက်ရသည်။ ဆရာဦးစိုးဝင်းလည်း အသင့်ဖြစ်နေပြီဖြစ်၍ ဆင်ခေါင်းကြီး စောစေးစေးကိုပါခေါ်ပြီး ခရီးဆက်ခဲ့ကြသည်။

ဆင်တဲစခန်း

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော် အင်္ဂလိပ်အစိုးရ လက်ထက်ကတည်းက ဂေဇက်ဝင်တောတွင်းစခန်းကြီး တစ်ခုဖြစ်သည်။ ၁၉၄၄ ခုနှစ် တတိယအကြိမ် ပုံနှိပ်သည့်

တစ်လက်မ တစ်မိုင်စကေး ကွန်တိုမြေပုံတွင် (SINTE) "ဆင်တဲ" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

မြိုင်ဟေဝန် ပင်မစခန်းမှစ၍ တောတွင်းသစ်ထုတ်လုပ်ရေး လမ်းကြမ်းဖြစ်ရာ တီအီး (TE) ကားကြီးဖြင့်ပင် မိနစ် ၅၀ ခန့် မောင်းမှရောက်သည်။ ဆင်တဲစခန်းသည် ဥက္ကံကြိုးဝိုင်း အကွက်အမှတ် ၃၃ မာဂရီချောင်းဘေးတွင် တည်ရှိသည်။ ပဲခူးရိုးမကြီးပေါ် ရောက်နေပေပြီ။ စခန်းအနီးဝန်းကျင်တွင် သက်တမ်းအနှစ် ၇၀ ကျော်သော ပျဉ်းကတိုးပင် သက်ကြီးစိုက်ခင်းဟောင်းကြီးများကို တွေ့ရသည်။ ရင်စို့လုံးပတ် ၄ ပေဝန်းကျင် အမြင့်ပေ ၁၀၀ ခန့် ရှိပေသည်။

၁၉၂၁-၂၂ ခုနှစ်က သစ်ထုတ်လိုင်စင်ရသူ အင်္ဂလိပ်လူမျိုး (Mr. Chanelliam) ဆိုသူက အပြောင်ခုတ်လှဲ သစ်ထုတ်ယူခဲ့ပြီးနောက် အင်းစိန်သစ်တောခရိုင်ဝန် (Mr. Rrohar) လက်ထက်၌ သစ်တောဝန်ထောက် ဦးရွှေဘော်က ဦးဆောင်ပြီး စိုက်ပျိုး ထားခဲ့ခြင်း ဖြစ်သည်။ အကွက်နှင့်အနီးဆုံး၌ရှိသော ကင်မတီးအလယ်ရွာမှ ကျေးရွာသား ၁၄ ဦးကို စုစည်းခေါ်ယူပြီး ယခု ဆင်တဲစခန်းတည်ရှိရာနေရာတွင် ဆင်တဲသစ်တောရွာ (Sinte Forest Village) ကို တည်ထောင်ပေးခဲ့သည်။ ရွာသားများကို တောင်ယာ စိုက်ပျိုးလုပ်ကိုင်စေလျက် ကျွန်း၊ ပျဉ်းကတိုးမျိုးစေ့များ ပေးဝေပြီး စိုက်ပျိုးရှင်သန်သည့် အပင်အရေအတွက် အပေါ်မူတည်၍ ဆုငွေပေးခြင်းစနစ် "ယာစနစ်" (ပဝတ္တိမျိုးဆက်ခြင်း) နည်းစနစ်ဖြင့် စိုက်ပျိုးတည်ထောင်ခဲ့ကြောင်း လေ့လာရသည်။

မှတ်တမ်းများအရ ၁၉၂၂ ခုနှစ်တွင် ကျွန်း၊ ပျဉ်းကတိုး ၅၀ ဧက၊ ၁၉၂၃ ခုနှစ်တွင် ၆၀ ဧက၊ ၁၉၂၄ ခုနှစ်တွင် ၁၁၆ ဧက၊ ၁၉၂၅ ခုနှစ်တွင် ၁၂၈ ဧက၊ ၁၉၃၃ ခုနှစ်တွင် ၆၇ ဧက စုစုပေါင်း ၄၂၁ ဧက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ၁၉၄၁-၄၂ ခုနှစ်တွင် ဆင်တဲသစ်တောရွာ ပျက်ခဲ့ပြီး ယခုအခါ သစ်တောဦးစီးဌာနက သစ်စေ့စုဆောင်းရန် ဧရိယာအဖြစ် ထိန်းသိမ်းထားရှိကြောင်း လေ့လာသိရှိရပေသည်။

ဆင်တဲစခန်း၏ တည်ဟန်သည် အလွန်သာယာလှပေသည်။ မြင့်မားသော စခန်းတောင်ကုန်းအောက်တွင် ရစ်ခွေစီးဆင်းနေသော မာဂရီချောင်းကို အပေါ်စီးမှ မြင်တွေ့နေရသည်မှာ ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းလှသည်။ ဆင်ပေါက်ကလေးတစ်ကောင် ရေဆော့ကစားနေသည်ကို မြင်နေရသည်။ ချောင်းရေကို သူ၏နှာမောင်းကလေးဖြင့် စုပ်ယူပြီး သူ့ကျောကုန်းပေါ်သို့ မှုတ်ထုတ်ပက်ဖျန်းနေသည်မှာ ကြည့်၍ကောင်းလှသည်။ တပေါင်းနွေအပူဒဏ် ဆင်ပင် မခံနိုင်ရှာတော့ပေ။ မကြာမီ ဆင်ဦးစီးတစ်ယောက် ရောက်လာပြီး ဆင်ကိုဝပ်ခိုင်းပြီး ကုပ်ပေါ်ခွစီးကာ စခန်းကုန်းပေါ်သို့ တက်လာသည်။

တောတောင်ရှုခင်း နောက်ခံအလှနှင့်မြင်ကွင်းကို ဓာတ်ပုံဆရာကိုသာညွှန်နှင့် မျိုးညွှန့် (ပညာရေး) က လက်လွတ်မခံကြ။ တဖျပ်ဖျပ်နှင့် ဓာတ်ပုံရိုက်ယူကြသည်။

"ကဲ . . . ဆရာတို့ သုံးဆောင်ကြပါဦး . . . ဖြည်းဖြည်းမှ ခရီးဆက်ကြတာပေါ့"

စခန်းဌာနေ ဆင်ဦးစီးက သူ၏တဲတွင်ဧည့်ခံသည်။ တိုက်ကြီးမြို့၏ နာမည်ကျော် ဒိုးကြီးပဲလှော်၊ ပဲကြော်၊ အအေးပုလင်းနှင့် မန်းဘီယာပင် ပါသေးသည်။ ရေခဲတော့ မရ။ သို့သော် ပုလင်းတွေက အေးနေသည်။ ချောင်းဘေးက သဲထဲတွင် တူးမြှုပ်ထားသည်ဟု ဆိုသည်။

ဦးစိုးဝင်းက ဆက်လက်ရှင်းပြသည်။ "ဒီဆင်တဲစခန်းကို ကျွန်တော်တို့က ပေါင်းလင်းစခန်းလို့ပဲ ခေါ်ကြတယ်။ မြိုင်ဟေဝန်ဆင်စခန်းနဲ့ မရောထွေးရအောင်လို့ပါ။ ဟိုတစ်ချိန်တုန်းကတော့ အလုပ်ဆင်ဝိုင်းကြီးတွေပေါ့။ ငုတ်ထုတ်၊ သစ်ဆွဲ၊ ရေလိုက်၊ ဝန်တင်စတဲ့ သစ်ထုတ်လုပ်ငန်းတွေလုပ်ရတဲ့ ဆင်ဝိုင်းကြီးတွေပါပဲ။ အခုအခါမှာတော့ ဆင်ထိန်းသိမ်းရေးစခန်းအနေနဲ့ ဆင်သုတေသနတွေလုပ်တယ်။ ဆင်ဖမ်းရာသီမှာ တောဆင်ရိုင်းတွေကို မေ့ဆေးစနစ်နဲ့ ဖမ်းတယ်။ ပြီးတော့ ကျုံးသွင်းတယ်။ ယဉ်ပါးအောင်လေ့ကျင့်ပေးတဲ့ လုပ်ငန်းတွေလုပ်ပါတယ်။ ဒီမှာ ၂၀၀၂-၂၀၀၃ ခုနှစ်က ဖမ်းမိခဲ့တဲ့ ဆင်ကလေးသုံးကောင်တောင် အခုစီးလို့ရနေပြီ။ အခုတက်လာတဲ့ဆင်က 'မိုးမိုးဇော်' လေးပါပဲ"

"ဒါဆို အတော်ပဲဦးစိုးဝင်းရေ . . . ၂၀၀၃ ခုနှစ်က အရှင်ဖမ်းမိခဲ့တဲ့ ဝင်းဝင်းလှိုင်၊ ယူနီယံ၊ ရဲအောင်နဲ့ အေးမြတို့ကိုပါ ခေါ်ပေးပါဦးဗျာ။ ကျွန်တော် ဓာတ်ပုံရိုက်ယူသွားချင်တယ်"

ဦးစိုးဝင်းက ဆင်ဦးစီးများကို ချက်ချင်းသွားခေါ်ခိုင်းလိုက်ရာ နှစ်ကောင်ရောက်လာသည်။ ဝင်းဝင်းလှိုင်နှင့် ယူနီယံ ဖြစ်သည်။ ရဲအောင်နှင့်အေးမြတော့ ပါမလာ။ သည်တော့မှ ဦးစိုးဝင်းက ပြောပြသည်။

"ရဲအောင်နဲ့အေးမြကတော့ မနှစ်က ဆုံးသွားကြပြီဗျာ။ သူတို့ သုံးကောင်ပဲကျန်တော့တယ်"

"ဗျာ" . . . စာရေးသူ အံ့အားသင့်ရပါသည်။ "ရဲအောင်လေး" သည် ဆင်ဇာတ်လိုက်လေးဖြစ်သည်။ ဆင်ဝိုင်းထဲ က ဆင်မကလေး "အေးမြ" မတော်တဆပျောက်ဆုံးသွားပြီး နောက်ခြောက်လခန့်ကြာမှ တောဆင်ရိုင်းလေးရဲအောင်နှင့်အတူ ချစ်ကြိုးဖွဲ့နှောင်တူစုံတွဲစဉ်မှာ ပြန်လည်ဖမ်းဆီးနိုင်ခဲ့၍ ဆင်ဝိုင်းအဖွဲ့သားများ၏ ကျေးဇူးရှင်လေးဖြစ်ပေသည်။ အခုတော့ အဖြစ်က ထူးခြားလှသည်။ သူတို့စုံတွဲနှစ်ကောင်မှ ဆုံးပါးကြရှာလေသည်တဲ့။

"အေးဗျာ . . . စိတ်တောင်မကောင်းဖြစ်မိတယ်၊ ကျန်တဲ့အကောင်တွေပဲ ဓာတ်ပုံရိုက်ကြတာပေါ့။ ဒါနဲ့ နေပါဦး၊ ဆင်ထီးလေးက ဘာဖြစ်လို့ ယူနီယံလို့ နာမည်ပေးရတာလဲဗျာ"

"သူ့ကို ဖေဖော်ဝါရီလ ၁၂ ရက်၊ ၂၀၀၃ ခုနှစ် ပြည်ထောင်စုနေ့မှာမိလို့ UNION လို့ မှည့်ထားကြတာပါ။ ကဲ . . . ခရီးဆက်ကြရအောင်"။

တောဆင်ရိုင်း ဖမ်းဆီးလေ့ကျင့်ရေးစခန်းဆီသို့

ဆင်တဲစခန်းမှတစ်ဆင့် လေးမိုင်ခန့်ခရီး ပဲခူးရိုးမသစ်တောထဲသို့ ထပ်ဝင်လိုက်ကြသည်။ ဆင်ဖမ်းကွက်အမှတ် (၃၉) တွင် တောဆင်ရိုင်းဖမ်းအဖွဲ့များ၏ ယာယီစခန်းထောက်တစ်ခုကို ရောက်ကြသည်။ ပြီးခဲ့သော သုံးရက်ခန့်ကမှ ဖမ်းမိခဲ့သော တောဆင်ရိုင်းအမလေးတစ်ကောင်ကို လောလောဆယ် ကျုံးသွင်းလေ့ကျင့်ပေးနေသည်ကို တွေ့လိုက်ကြ၍ အဖွဲ့သားအားလုံး အမောပြေသွားကြသည်။ တောဆင်ရိုင်းဖမ်းဆီးရာတွင်တော့ လိုက်ပါဖို့ အခွင့်အလမ်း မရတော့ပေ။

ဖမ်းမိဆင်မကလေးကို ကနဦးအမည် "မသဇင်" ဟု အမည်ပေးထားကြသည်။ သုံးချောင်းတိုင် ကျုံးပုခက် (Craddle) တွင် ကြိုးများတုပ်နှောင်လျက် တန်းလန်းကြီး တွေ့ရပေသည်။

"ဦးစိုးဝင်းရေ . . . ကျွန်တော်တို့အဖွဲ့ရောက်တုန်း လေ့ကျင့်ရေးဆင်ကျုံးအကြောင်း ရှင်းပြပါဦး"

"ရပါတယ် အသင့်ပါပဲ၊ ကျွန်တော့်အဖွဲ့တွေ လူစုထားပါတယ်။ နားရင်း အအေးသောက်လိုက်ပါဦး"

ဦးစိုးဝင်းက ပြောပြောဆိုဆို ပုလင်းများကို စားပွဲပေါ်တင်လိုက်သည်။ အချိုရည်၊ ဘီယာ၊ ဂရင်းရွိုင်ရယ် ဝီစကီတစ်ပုလင်းပင် ပါလိုက်သေးသည်။

"ဒါတွေက ခုလိုတောထဲတောင်ထဲမှာ ဘယ်က ရလာတာလဲဗျ" . . . ကျွန်တော် မေးမြန်းစူးစမ်းမိပါသည်။

"ရိုးမတောထဲဆိုပေမယ့် ခုလိုနွေရာသီမှာ ထင်းခုတ်၊ ဝါးခုတ်၊ သစ်ခုတ်စခန်းတွေမှာ စျေးဆိုင်ကြီးတွေ လာဖွင့်ကြတာ ရှိတယ်လေ။ နှစ်စဉ် "နွေတစ်နွေ" ပေါ့။ မိုးကျရင်တော့ ဘာမှမရှိတော့ဘူး။ ကောင်းတော့ ကောင်းတယ်။ မကောင်းတာကလည်း ရှိတယ်ဗျာ၊ ဆင်ဖမ်းအဖွဲ့တွေက ကျုံးစနစ်ဖမ်းတာလည်းရှိတယ်။ မွေ့ဆေးနဲ့လည်း ဖမ်းတယ်၊ ဘယ်လိုပဲဖမ်းဖမ်း ကျုံးဘက်ကို မောင်းသွင်းပြီးမှ ဖမ်းရတာချည်းပါပဲ။ ဆင်စခန်းတွေက ထင်းခုတ်သံ၊

သစ်လှဲသံ၊ ကားစက်သံတွေက ဆူညံနေတော့ ဆင်တွေကို မောင်းထုတ်ပစ်သလို ဖြစ်နေတယ်။ လိုင်စင်ရ ပုဂ္ဂလိကဆင်ကျူးအဖွဲ့တွေတောင် နေရာပြောင်းသွားကြပြီ။ အခုဒီဆင်မလေးကိုတောင် ကံကောင်းလို့ရတာ၊ မမျှော်လင့်ဘဲ အုပ်ကွဲနယ်ကျွံ လာရာကနေ မိလိုက်ကြတာပါ။ ကဲ . . . ကျွန်တော်တို့အဖွဲ့ လူစုံပြီ။ ဆင်လေ့ကျင့်ရေး သရုပ်ပြပဲ့မယ်။"

ကျူးပုခက် (Craddle) ဖြင့် လေ့ကျင့်ခြင်း

"ပထမအဆင့် ဆော့ပိုင်လုပ်ပြမယ်။ ဆော့ပိုင်ဆိုတာက ခန္ဓီးရှမ်းတွေဘက်က လာတဲ့ စကားပါ။ ဖမ်းမိတဲ့ တောဆင်ရိုင်းတွေကို ကလေးချော့သီချင်းလိုဆိုပြီး ချော့တဲ့သဘောပါပဲ။ ကဲ . . . စောစေးစေးတို့ စလိုက်ကြတော့"

စာရေးသူတို့အဖွဲ့ အနီးကပ်လေ့လာ ကြည့်ရှုကြရသည်။ သုံးချောင်းတိုင်စင်တွင် ဆင်ရိုင်းလေးကို လည်ပင်း၊ ရှေ့လက်၊ နောက်ခြေ၊ ခါးတို့တွင် အခိုင်အမာကြိုးများဖြင့် ချည်နှောင်ထားပြီး အပေါ်တန်းတွင် တွဲလွဲဆွဲထားသည်။ ခြေလက်များက မြေကြီးပေါ်တွင် မတ်ရပ်ထောက်ပြီး ထိရုံလောက်သာ ဆွဲထားသည်။ တုံးလုံးလှဲထားလျှင် ရုန်းကန်အား ပို၍သန်သည်ဟု ဆိုပါသည်။ ဖမ်းမိစကျူးမှာ ချည်ထားစဉ်ရက်များတွင် ခွန်အားရှိသမျှ အားကုန်ရုန်းကန်သည်။ ကျူးသွင်းစ နှစ်ရက်၊ သုံးရက်ထိ အစာလည်း လုံးဝ မစားတော့ပေ။ ရုန်းကန်အားကြောင့် ကြိုးပွန်းပဲ့ဒဏ်ရာများကြောင့် သွေးသံရဲရဲ ဖြင့် ခံစားကြရသည်။ နောက်ဆုံး ရုန်းကန်မရမှန်းသိလာသည့်အခါ စိတ်ဓာတ်ကျလာသည်။ သုံးရက်ခန့် အိပ်ရေးပျက်၊ အစာငတ်လာပြီးမှ လူကျွေးသည့်အစာကို စ,ပြီး ယူစားလာသည်။ အစာစ၍ စားပြီဆိုလျှင် ယဉ်စပြုလာပြီဖြစ်သည်။

အချို့ဆင်များသည် ကျူးအတွင်း မည်သို့မျှ ရုန်းကန်မရသည့်အခါမျိုး၌ သူတို့ကိုယ် သူတို့ သတ်သေတတ်ကြခြင်းရှိသည်။ သတ်သေကြပုံမှာ အသက်ရှူပေါက်ပါရှိသော နှာမောင်းဖျားကိုမြေမှာချပြီး ရှေ့လက်ဖြင့် ဖိနင်းသည်။ ပါးစပ်ကိုလည်း ပိတ်ထားလိုက်သည့် အတွက် အသက်ရှူပေါက်ရပ်ပြီး ချက်ချင်းသေဆုံးသွားတတ်ကြသည်။ လေ့ကျင့်ရေး ဆင်ကျူးများတွင် ထိုအဖြစ်မျိုးများ မကြုံရလေအောင် အပေါ်တန်းချည်ရာ၌ သတိကြီးစွာ ဂရုစိုက်ချည်နှောင်ကြရသည်။ နှစ်ရက်လောက်ထိ အချိန်ပြည့် စောင့်ကြည့်ကြရပေသည်။

"ဆော့ပိုင်ရေ . . . ဆော့ပိုင် . . . မအေးလေးရယ် . . . မအေးလေးရယ် . . . ဆော့ပိုင်ရေ . . . ဆော့ပိုင် . . . မအေးလေးရယ်ကွယ် . . ."

အဖွဲ့သားများက ဆင်မလေးကိုပိုင်းအုံပြီး ဆော့ပိုင်သီချင်းသံကို ဆွဲဆွဲငင်ငင်ဖြင့် ကလေးချော့သကဲ့သို့ ချော့ဆိုပြီး တစ်ကိုယ်လုံး နေရာလပ်မကျန်ရအောင် လက်ဝါး

များဖြင့် ပွတ်သပ်ပေးကြသည်။ ဆင်ထီးကလေးများဆိုလျှင် "ဘာဘူလေးရယ် . . ." "ဘာဘူလေးရေ . . ." ဟု ဆိုကြကြောင်း သိရပေသည်။

ဦးစိုးဝင်းပြောပြချက်အရ ဆော့ပိုင်ကို မကြာခဏလုပ်ပေးခြင်းသည် ဆင်ကို စိတ်ကသိကအောက်ဖြင့် စိတ်ညစ်ညူးစေပြီး အမြန်ဆုံး ယဉ်ပါးလာသည်ဟု သိရသည်။

ဆင်လေ့ကျင့်ရေးအဖွဲ့သားများသည် ဆော့ပိုင်ကို ၁၅ မိနစ်ခန့် လုပ်ပြကြသည်။ မကြာမီ ရွှေတိုးဝင်းကြီး ရောက်လာသည်။ တောဆင်ရိုင်းဖမ်းထွက်ရာတွင် လိုက်ပါရသည့် ရွှေတိုးဝင်းကြီးသည် အကောင်းဆုံးခွန်ခိုဆင် စွယ်စုံကြီးဖြစ်ပေသည်။ အမြင့်ပေ ၁၀ ပေကျော်ရှိသော ထွားကျိုင်းသည့် ဆင်ကြီးမျိုးဖြစ်သည်။

ကျုံးတွင်းရှိ မှိန်းသင်နေဆဲဆင်များသည် ရွှေတိုးဝင်းကြီးလာလျှင် အလွန်ကြောက်ကြသည်။ မရုန်းကြတော့ဘဲ ငြိမ်၍သာနေကြတော့သည်။ ဖမ်းမိစဉ်က ရွှေတိုးဝင်းကြီးကိုယ်တိုင် တွဲခေါ်ခြင်း၊ နောက်မှ အစွယ်ဖြင့်တင်ပါးကိုထိုးခြင်း ကြောင့်ဖြစ်သည်။ ရွှေတိုးဝင်းကြီးသည် အလွန်စိတ်သဘောကောင်းသည်။ သူ၏စွယ်စုံကြီးပေါ် ကလေးများတက်အိပ်သည်။ တွဲလွဲခိုစီးသည်။ ရွှေတိုးဝင်းကြီးက ပုခက်လိုပင် လွှဲပေးနေတတ်ပေသည်။ ရွှေတိုးဝင်းကြီးနှင့် အမှတ်တရတွဲ၍ ဓာတ်ပုံရိုက်ကြသည်။ နေ့လယ်ပိုင်းတွင် ရွှေတိုးဝင်းနှင့် ဆင်ဖမ်းအဖွဲ့သားများအား နှုတ်ဆက်ပြီး မြိုင်ဟေဝန်စခန်းသို့ ပြန်လာခဲ့ကြသည်။

မြိုင်ဟေဝန်

"ပေါရာဏကထာ" လက်ာအဆိုအရ "ဖျားနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ၊ စုံနှင့်ဟေဝန်၊ ဟေမံဟေမာ၊ ရိပ်သာဆိုင်းဆိုင်း အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်၏" ဟူသော တောကြီး ၁၀ မျိုးတွင် "မြိုင်" သည် စိမ့်စမ်းတို့ဖြင့် စွတ်စိုနေသော တောကြီးဟူ၍လည်းကောင်း၊ ဟေဝန်သည် ဟိမဝန္တာဆီးနှင်းဖုံးလွှမ်းနေသော တောဟူ၍လည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ "မြိုင်ဟေဝန်" ဟုဆိုလျှင် ဆီးနှင်းဖုံးလွှမ်းပြီး စိမ့်စမ်းတို့ဖြင့် စွတ်စိုနေသော တောဟူ၍ဖြစ်ပေသည်။ သို့သော် စာရေးသူတို့အဖွဲ့ရောက်ရှိချိန် လတပေါင်း နွေခေါင်ခေါင်တွင်မူ ဆီးနှင်းဖုံးလွှမ်းသည် မဟုတ်ပါ။ စိမ့်စိမ်းတို့လည်း မစွတ်စိုသေးပေ။ ဆောင်းရာသီရောက်လျှင် ဆီးနှင်းဖွဲ့တို့ အုပ်ဆိုင်းသည်။ မိုးရာသီ၌ စိမ့်စမ်းတို့ စွတ်စိုသည်။ နှစ်စဉ် အောက်တိုဘာ (လတန်ဆောင်) သည် ဆီးနှင်းတစ်လိုက် မိုးတစ်ပြိုက်၌ မြိုင်ဟေဝန်သည် အသာယာဆုံး၊ အလှပဆုံးအချိန်ဖြစ်ကြောင်း သိရသည်။

မြိုင်ယံလယ်က ဟတ္ထိဝက်

မြိုင်ဟေဝန် တောဆင်ရိုင်းဖမ်းဆီးခြင်း အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ



ခွန်ချီဆင်ကြီးများနှင့် လိုက်သည်ကို ကြောက်လန့်ထွက်ပြေးနေသော တောဆင်ရိုင်းမိသားစု။

မေ့ဆေးပစ်ဖမ်းမိပြီး ကြိုးတုပ်နှောင်၍ ဖြေဆေးထိုးပြီးနောက်တွင် ခွန်ချီဆင်ကြီးများက ဝိုင်းရံတွဲလျက်ခေါ်ဆောင်ရသည်။

ဆင်လေ့ကျင့်ရေးစခန်းရောက်စ ဒေါသကြီးစွာ ရုန်းကန်ရန်မူနေစဉ်။

လေ့ကျင့်ရေးပုခက် (Craddle) တွင် ခွန်ခိုင်ဆင်ကြီးများက
စောင့်ကြပ်ကူညီ သင်ကြားပေးရသည်။

လေ့ကျင့်ရေးပုခက်တွင် သုံးရက်အကြာ မာန်လျော့ငြိမ်သက်လာလေပြီ

တောဆင်ရိုင်းဖမ်းဆီးရန် အသင့်ပြင်ဆင်ထားသော ခွန်ချီဆင်ကြီး

ဆင်ဖမ်းကွက် ယာယီစခန်းထောက်မှ မြိုင်ဟေဝန်အပြန်ခရီး ၇ မိုင်သည် တောင်အဆင်းလမ်းသာဖြစ်၍ မိနစ် ၄၀ ဖြင့် ရောက်ကြသည်။ နံနက်စာထမင်းကို နေ့လယ်နှစ်နာရီတွင် စားကြရသည်။ မကြာလှပါ။ ရိပ်သာဆောင်သို့ ဆင်ဝိုင်းမိသားစုများ စုရုံးရောက်ရှိလာကြပါသည်။

ဦးသာညွန့်တို့အဖွဲ့ အသင့်သယ်ယူလာခဲ့ကြသည့် စာအုပ်စာတမ်းများဖြင့် စာကြည့်တိုက်ဖွင့်ပေးကြသည်။ နံရံကပ်စာစောင်များလည်း စုံလင်လှသည်။ ဆင်ဝိုင်းမိသားစုများသည် အတော်ပျော်နေကြသည်။ လူနေဒေသနှင့် အလှမ်း ဝေးသော တောတောင်ထဲတွင် သီးခြားကမ္ဘာလေးတစ်ခု ဖြစ်နေပေရာ ရံဖန်ရံခါ ဧည့်သည်တို့ရောက်ရှိချိန်၌ ဆင်စခန်းလေးသည် သက်ဝင်လှုပ်ရှား စည်ကားလေ့ရှိသည်။ ကလေးများက ပို၍ပျော်နေပုံရသည်။ ဦးစိုးဝင်း၏ စီစဉ်ပေးမှုဖြင့် မိသားစု ဆွေးနွေးပွဲ စကားဝိုင်းလေးတစ်ခု လုပ်ဖြစ်သွားပေသည်။ မြိုင်ဟေဝန် ဆင်စခန်းအကြောင်း လေ့လာသိရှိခွင့်ရခဲ့ကြသည်။

မြိုင်ဟေဝန်သည် ဥက္ကံသစ်တောကြိုးဝိုင်း အကွက်အမှတ် ၂၉ လိပ်လော့ချောင်းဘေးတွင် တည်ရှိသည်။ တစ်ချိန်က နယ်ခံတို့၏ ဒေသအခေါ်မှာ "ဒိုးစတီးယားစခန်း" ဖြစ်သည်။ "ဒိုး" ဆိုတာ "နှစ်"၊ "စတီးယား" ဆိုတာက "ဆရာ"၊ ဒိုးစတီးယားဆိုတော့ "ဆရာနှစ်ယောက်စခန်း" ဟု မြန်မာ့သစ်လုပ်ငန်းရုံးချုပ်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ငွေ (ကွယ်လွန်)က ပြောပြခဲ့ဖူးသည်။

မြိုင်ဟေဝန်ဆင်စခန်းကို ၁၉၉၂-၉၃ ခုနှစ်မှစတင်၍ "ဆင်ထိန်းသိမ်းရေးစခန်း" (Nursing Camp) အဖြစ် တည်ထောင်ခဲ့ပြီးနောက် ၂-၄-၁၉၉၉ ရက်မှစ၍ ဆင်သုတေသနစခန်း (Research Camp) အဖြစ် ပြောင်းလဲပြီး လုပ်ငန်းအဆင့်အတန်း တိုးမြှင့်ခဲ့သည်။ ၂၂-၉-၁၉၇၇ ရက်တွင် မြန်မာနိုင်ငံ သဘာဝခရီးသွားစခန်းနေရာအဖြစ် တစ်နိုင်ငံလုံး၌ ၁၅ နေရာ ရွေးချယ်ရာတွင် တစ်ခုအပါအဝင် သတ်မှတ်ခဲ့ပေသည်။

ဆင်ဆေးရုံ တိုးချဲ့တည်ဆောက်ပြီး ဆင်များအတွက် လိုအပ်သော ကုသမှုပြုစုပေးရန်နှင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆင်မေထုန်မဲ့ သားစပ်သုတေသန အခြေစိုက်စခန်းအဖြစ် ဆောင်ရွက်ရန်၊ အမိမဲ့ဆင်ကလေးများကို ကောင်းစွာစောင့်ရှောက်ထိန်းသိမ်းခြင်း၊ တောဆင်ရိုင်း ဖမ်းဆီးလေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

ထို့ပြင် မြိုင်ဟေဝန်သည် ခွန်ချီဆင်ကြီးများ အထူးမွေးမြူထိန်းသိမ်းထားရှိရာ စခန်းလည်းဖြစ်သည်။ ခွန်ချီ ဆင်ဝိုင်းတစ်ဝိုင်းတွင် လေးကောင်ရှိရာ သုံးကောင်ကို သာယာဝတီသို့ ခေတ္တပို့ထားသဖြင့် တစ်ကောင်သာ ကျန်ရှိသည်ကို တွေ့ရ၏။

ဆင်မျိုးရည် သုတေသနတစ်ဝိုင်း၊ ဆင်နာရုံတစ်ဝိုင်း၊ ဝန်တင်ဆင်ဝိုင်းနှင့် ဖမ်းမိတောဆင်ဝိုင်းတစ်ဝိုင်း၊ စုစုပေါင်း ဆင်ဝိုင်း ၃ ဝိုင်းတွင် ဆင်ကောင်ရေ ၂၀ ရှိသည်။ မြိုင်ဟေဝန်၏ အလိမ္မာဆုံးဆင်စွမ်းကောင်းသည် ဧည့်သည်လာလျှင် နှာမောင်းကလေးဖြင့် ပန်းစည်းကမ်းပေးပြီး နှုတ်ဆက်တတ်သော "အောင်ချမ်းသာ" ခေါ် "ရှိန်အောင်အောင်" နှင့် "ရွှေတိုးဝင်းကြီး" ဖြစ်သည်။

ဆင်ဝိုင်းတွင် အမြဲတမ်းဝန်ထမ်း ၁၀ ဦးနှင့် ယာယီနေ့စား ၁၅ ဦးတို့ စုပေါင်းအခြေစိုက်နေထိုင်ကြသော စခန်းဖြစ်သဖြင့် ဆင်ဦးစီးရွာ (Mahout Village) အဖြစ် တည်မြဲနေပြီဖြစ်သည်။

ယခုအခါ မြိုင်ဟေဝန်စခန်းသည် အေးရှားဂရင်းကုမ္ပဏီသို့ စာချုပ်စနစ်ဖြင့် သဘာဝခရီးသွား စခန်းအဖြစ် သီးခြားအသုံးပြုရန် လွှဲပြောင်းငှားရမ်းထားကြောင်း သိရပါသည်။

ဆင်ကိုနိုင်သော ဥတိန္နနတ်

ဆင်စခန်းများတွင် စိတ်ဝင်စားဖွယ် လေ့လာစရာတစ်ခုမှာ ဆင်ကိုနိုင်သော ဥတိန္နနတ် အကြောင်း ဖြစ်ပါသည်။ ဆင်ဝိုင်းတိုင်း၌ တွေ့ရလေ့ရှိသည်။ မြိုင်ဟေဝန်ဆင်အဖွဲ့သားများသည်လည်း မိဘဘိုးဘွားစဉ်ဆက် နတ်စင်ဆောက်၍ ကိုးကွယ်ခဲ့ကြကြောင်း သိရသည်။

ပုဂ္ဂလိကဆင်ဝိုင်းများ၊ ဆင်ပစ်ခြင်း၊ ဆင်မောင်းခြင်း စသည်ဖြင့် ဆင်လောကတွင် နတ်စင်ဖြင့်လည်းကောင်း၊ အချို့ ကြုံတင်တင်မြှောက်ပသ၍လည်းကောင်း လုပ်ငန်းများမစမီ ပူဇော်ပသကြပါသည်။

ဆင်အကြောင်းရေးလျှင် ဥတိန္နနတ်အကြောင်း ပါမှဖြစ်ပါမည်။ အချို့က "ဥတေန" ဟု ပြောဆိုရေးသားကြသည်။ ဓမ္မပဒဝတ္ထုတော်ကြီး (ပထမတွဲ) တွင် "ဥတိန္နနတ်" ဟု ဖော်ပြသည်ကို တွေ့ရသည်။ ဥတိန္နနတ်သည် ၃၇ မင်း နတ်စာရင်းတွင် မပါဝင်ပေ။ ဆင်နှင့်ပတ်သက်သော သီးခြားနတ်တစ်ပါးသာဖြစ်သည်။ ဥတိန္နနတ်အကြောင်းကို ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ ကောသမ္ဗီပြည် ယောသိတာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၌ သာမာဝတီမိဖုရားကြီးနှင့် မဂဏ္ဍီအမျှူးပြုသော အမျိုးကောင်းသမီးတို့အား "အပ္ပမာဒေါအမတံပဒံ" အစရှိသည့် တရားဒေသနာကို ဟောကြားခဲ့ရာမှ အစပြုခဲ့သည်ကို ဓမ္မပဒဝတ္ထုတော်ကြီး၌ "အပမာဒဝဂ်" သာမာဝတီမိဖုရားကြီး ဝတ္ထု၌ တွေ့ရှိရပေသည်။

"အလ္လကပ္ပ" မင်းနှင့် "ဝေဠဒိပက" နှစ်ပြည်ထောင် မင်းနှစ်ပါးတို့သည် ထီးနန်းစည်းစိမ်ကို စွန့်ခွာ၍ ရသေ့ရဟန်းပြုကြ၏။ တောရိပ်ခို၍ တောင်တစ်တောင်စီတွင်

နေထိုင်ကြပြီး တရားအားထုတ်ကြသည်။ ဥပုသ်တစ်နေ့သာလျှင် တရားဆွေးနွေးတွေ့ဆုံကြ၏။

တစ်နေ့တွင် ဝေဠုဒိပကရသေ့ စုတေပြီးနောက် နတ်သားတစ်ပါးဖြစ်လေရာ တရားအားထုတ်ဖော် မိတ်ဆွေ ရသေ့ထံ လူယောင်ဖန်ဆင်းပြီး ရောက်ရှိလာပြီးနောက်၊ တရားအားထုတ်ရာတွင် တောဆင်တို့ မနှောင့်ယှက်စေရန် ဆင်ကိုနှိုင်နင်းသော၊ ညှို့နှိုင်သော "ဟတ္ထိကန္တ" စောင်းနှင့် မန္တန်ကို ပေးအပ်ခဲ့လေသည်။

ဟတ္ထိကန္တစောင်းနှင့် မန္တန်အစွမ်း

စောင်း၏သုံးခုသော ညှို့တို့တွင် ပထမညှို့ကိုတီးခတ်၍ မန္တန်ကိုရွတ်ဆိုသော် ဆင်တို့သည် တစ်ချက်မျှလှည့် မကြည့်ဝံ့တော့ဘဲပြေး၏။ ဒုတိယညှို့ကို တီးခတ်ရွတ်ဆိုသော် နောက်သို့လှည့်ကြည့် လှည့်ကြည့်ဖြင့် ပြေး၏။ တတိယ ညှို့ကို တီးခတ်ရွတ်ဆိုသော် ဆင်တို့၏အကြီးအကဲသည် ကျောက်ကုန်းကိုဆွတ်၍ ရှေးရှုလာ၏။ အရိုအသေပြု၏။ အလွန်ကပ်ရသေ့သည် ထိုဟတ္ထိကန္တစောင်းနှင့် မန္တန်အစွမ်းကို အသုံးပြုနိုင်သည်မှစ၍ ဆင်တို့၏အနှောင့်အယှက်မှ ကင်းဝေးစေပြီး ကောင်းစွာတရားအားထုတ်ရလေသည်။

ဥတေနမင်းသား ဖွားမြင်ခြင်း

ထိုအချိန်က ကောသမ္ဗီပြည်၌ "ပုရန္တကပ္ပ" မင်းပြု၏။ တစ်နေ့တွင် မင်းကြီးသည် ကိုယ်ဝန်အရင့်အမာရှိသော မိဖုရားကြီးတစ်ပါးနှင့် ဟင်းလင်းဖြစ်သော နန်းကြမ်းပြင်၌ နေပူစာလှဲလျက်နေ၏။ မိဖုရားကြီးသည် ကမ္မလာနီကို လွှမ်းခြုံထားခြင်းရှိရာ ကောင်းကင်ထက်မှ ဌက်ကြီးတစ်ကောင် ပျံဝဲလာသည်တွင် ကမ္မလာနီခြုံထားသော မိဖုရားကြီးကို သားတစ်အမှတ်ဖြင့် တစ်ဟုန်ထိုး ထိုးဆင်းသုတ်ခြီလေသည်။ လူအများကြောက်လန့်ထွက်ပြေးနိုင်ကြသော်လည်း မိဖုရားကြီးသည် ဌက်ဆင်သုတ်ခြီရာသို့ ပါသွားလေသည်။ ဌက်ဆင်သည် ဟိမဝန္တာတောင် တစ်နေရာ၌ရှိသည့် ပညောင်ပင်ကြီး ခွကြားတွင် မိဖုရားကြီးကို ချထားလေသည်။ သားတစ်အမဲတို့ကို ထိုညောင်ပင်ကြီးခွမှာ ချထား၍ စားလေ့ရှိသည်။

မိဖုရားကြီးသည် ပညောင်ပင်ခွကြား၌ နေရာရပြီဖြစ်၍ လက်ခုပ်ပြင်းစွာ တီးခတ်အသံပြုကာ ဌက်ဆင်ကြီးကို ခြောက်လှန့်လေရာ ဌက်ဆင်ကြီးသည် အဝေးသို့ထွက်ပြေးသွားလေသည်။ ထိုနေ့ တစ်ညတာလုံး သစ်ပင်ခွကြား၌နေရ ပြီး မိုးသောက်ယံအချိန်တွင် မိဖုရားကြီးကိုယ်ဝန်မှ သားမွေးဖွားလေသည်။ သားငယ်သည် မိုးကြောင့်ဖြစ်သော ဥတု၊ ဆောင်းကြောင့်ဖြစ်သော ဥတု၊ နေအရုဏ်ကြောင့်ဖြစ်သော ဥတုတို့ကြောင့် ဖွားမြင်သည်ဖြစ်၍ "ဥတေန" ဟူသော အမည်ကို မှည့်ပေသည်။

အဆိုပါညောင်ပင်ကြီး၏ မနီးမဝေးတွင် အလွကပွရသေ့ကြီး၏ ကျောင်းသခ်ိမ်း ရှိလေရာ မိုးစင်စင်လင်း၍ ကလေးငိုသံကြားရသဖြင့် ပညောင်ပင်သို့လာသော် မိဖုရားနှင့် သားငယ်ကို တွေ့ရလေသည်။ ရသေ့ကြီးသည် မိဖုရားကြီးနှင့် သားငယ်တို့၏အကြောင်း ကုန်စင်သိရပြီး ကောင်းစွာကယ်ဆယ် စောင့်ရှောက်ထားလေသည်။

အလွကပွရသေ့ကြီးသည် သီလမပျက်စေသောဌာ မိဖုရားကြီး၏ အနီးအပါး၌မနေ။ တရားအားထုတ်ခြင်းအမှုကိုသာ လုံ့လပြုနေပေသည်။ တစ်နေ့၌ မိဖုရားကြီးက အကြံဖြစ်လေသည်မှာ - ဤအရပ်၌ ငါသည် လာလမ်းလည်းမသိ၊ ပြန်လမ်းလည်းမသိ၊ ဤရသေ့ကြီး ငါတို့ကိုပစ်ခွာသွားလျှင် အတိဒုက္ခရောက်ရချေတော့မည်။ ရသေ့ကြီး၏ သီလကို ပျက်စေပြီး ပေါင်းဖက်မှသာလျှင် စိတ်ချရာ၏" ဟု ကြံစည်ပြီးနောက် ရသေ့ကြီးကို မိန်းမမာယာဖြင့် လှည့်ဖြားကြံစည် ပြီးနောက် သီလကိုပျက်စေကာ အတူတကွ ပေါင်းဖက်နေထိုင်ကြလေသည်။

ဥတေနမင်းသားကောသမ္မီ ရှင်ဘုရင်ဖြစ်ခြင်း

ဥတေနမင်းသားသည် အရွယ်ရောက်လတ်ချိန် အလွကပွရသေ့ကြီးသည် ညတစ်ည နက္ခတ်ယှဉ်ခြင်းကို ကြည့်သောအခါ "ပုရေန္တကပွမင်း" ၏ နက္ခတ်ညှိုးသည်ကိုမြင်၍ ကောသမ္မီပြည့်ရှင်မင်း "ပုရေန္တကပွ" ကွယ်လွန်လေပြီကို သိလေ၏။ သို့ကြောင့် သားတော် ဥတေနမင်းသားအား "ဟတ္ထိကန္တမန္တန်" ကို သင်ကြားပေးပြီး မိဖုရားကြီး၌ပါလာခဲ့သော ပတ္တမြားလက်စွပ်၊ ကမ္မလာနီခြုံလွှာနှင့်တကွ စောင်းတို့ကိုပေးအပ်ပြီး မင်းပြုရန်စေလွှတ်၏။ ဥတေနမင်းသားသည် ဟတ္ထိကန္တမန္တန်နှင့် စောင်း၏အစွမ်းဖြင့် တောတွင်းမှ ဆင်အုပ်ကြီး၏ အကြီးအကဲကိုစီးလျက် ကောသမ္မီပြည်သို့ချီလေရာ ဆင်အုပ်တပ်ကြီးဖြင့် ချီလာသော ဥတေနမင်းသားကို မြင်တွေ့ကြပြီးနောက် နန်းတွင်းမင်းမှုထမ်းတို့သည် ပတ္တမြားလက်စွပ်နှင့် ကမ္မလာနီခြုံလွှာကို သက်သေအရာတည်စေ၍ ဥတေနမင်းသားအား ကောသမ္မီပြည် ရှင်ဘုရင်အဖြစ် တင်မြှောက်ကြလေသည်။

သို့ဖြစ်၍ ဆင်နှင့်ပတ်သက်သော ဥတိန္ဒနတ်သည် ဟတ္ထိကန္တစောင်းနှင့် ဆင်နိုင်မန္တန်ကို ပိုင်စိုးခဲ့သော ဥတေနမင်းကြီး နတ်ရွာစံပြီးနောက်ဝယ် ကာလရွှေ့လျားလာသည့်အခါ ဥတေနမှ ဥတိန္ဒနတ်အဖြစ် အစဉ်အဆက် ယုံကြည် ဆည်းကပ်ကိုးကွယ်လာခြင်း ဖြစ်ပေသည်။ ထူးခြားသည်မှာ ဇာတ်တော်ကိုသာ ရှာဖွေတွေ့ရှိ လေ့လာမှတ်သားရသော်လည်း ဆင်နိုင်ဂါထာကိုမူ မတွေ့ခဲ့ရဖူးပေ။

မြိုင်ဟေဝန်ဆင်စခန်းရှိ ဥတိန္ဒနတ်ကွန်းစင်များကို တွေ့ရသော်လည်း စောင်းမတွေ့ရသဖြင့် တိုက်ကြီးဈေးထဲမှ ဝယ်ယူပြီး ဆက်သရန် အကြံပြုခဲ့သေးသည်။ အောက်ပြည်အောက်အရပ်၌ ဦးရှင်ကြီးနတ်သည်လည်း စောင်းပိုက်သည်ဖြစ်၍ စောင်းဝယ်ဆက်သရန် မခက်ခဲလှပါချေ။

ကျောက်ဆည်နယ် ဥတေနပူဇော်မှု

ဥတိန္ဒနတ်သမိုင်းနှင့် စပ်လျဉ်း၍ မြန်မာ့ရိုးရာ ဆင်အကထွန်းကားရာ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ဒေသတွင်လည်း လေ့လာမှတ်သားစရာ မှတ်တမ်းတစ်ခုရှိပါသည်။ ၁၉၂၅ ခုနှစ်ထုတ် မြန်မာဂေဇက်တီးယား၊ ကျောက်ဆည် ဒီစတြိတ်ခရိုင်၊ (အတွဲ-အေ) စာမျက်နှာ (၄၀) တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့သည်ကို ကျောက်ဆည်နယ်သူနယ်သားများက အစဉ်အလာ မှတ်သားလာခဲ့ကြပေသည်။ ဂေဇက်တီးယားပါအတိုင်း မှတ်သားဖွယ်အဖြစ် ဖော်ပြလိုက်ပါသည်။

"ဆင်တို့ကိုယဉ်ပါးအောင် ပြုလုပ်နိုင်သော 'ဥတေန' သည် ဤဒီစတြိတ်နှင့် ဆက်စပ်နေပါသည်။ ကျောက်ဆည်မြို့မှ မြောက်ဘက် နှစ်မိုင်အကွာရှိ အင်တိုင်းသည် ဥတေနမွေးဖွားရာဖြစ်ကြောင်း သူ၏မယ်တော် 'ကေသဏီမိဖုရား' သည် ကောသမ္ဗီပြည် ရွှေနန်းတော်တွင်းမှ ဌက်ဆင်ကြီးတစ်ကောင် သုတ်ချီခံရပြီး ကြီးမားသောညောင်ပင်ကြီးတွင် ချပစ်ခဲ့ကြောင်း၊ လွန်ခဲ့သော ငါးနှစ်ကျော်က မူလညောင်ပင်ကြီး ပျက်စီးသွားကြောင်း၊ 'ဥတေန' ကား ဇာတ်နိပါတ်တော်လာ ထင်ရှားသောမင်းတစ်ပါးဖြစ်ပါသည်။ သူသည် ဗာရာဏသီပြည်တွင် နန်းမွေခံ မင်းလောင်းတစ်ပါးဖြစ်သည်။ ကောသမ္ဗီရွှေမြို့တော်သည် ယမုံနာမြစ်ကမ်းပေါ်တွင် တည်ရှိသည်။ ရသေ့ကြီးတစ်ပါး၏ အုပ်ထိန်းမှုဖြင့် ကြီးပြင်းလာသော ဥတေနမင်းသားသည် ခမည်းတော်အရိုက်အရာကို ခံယူလိုလှသဖြင့် ရသေ့ကြီးထံ အကူအညီတောင်းသည်။ ရသေ့ကြီးက ဥတေနမင်းသားအား နတ်စောင်းတစ်လက်ပေးပြီး မန္တန်သုံးပုဒ်ကို ရွတ်ဆိုလိုက်သောအခါတွင် ဆင်ရိုင်းအားလုံး ယဉ်ပါးလာပြီး လိုရာကို ခိုင်းစေနိုင်သည်။ ဤနတ်စောင်းကိုတီးပြီး မန္တန်သုံးပုဒ်ကိုရွတ်ဆိုကာ ဆင်ရိုင်းများကို စုစည်း၍ ဆင်တပ်ကြီးဖြင့် ကောသမ္ဗီပြည်သို့ချီပြီး ထီးနန်းသိမ်းယူနိုင်ခဲ့သည်။ ဥတေနနတ်ရွာစံသောအခါ 'ဥတေနနတ်' ဖြစ်လာသည်" ဟု လေ့လာမှတ်သားရပါသည်။

ကျောက်ဆည်ဒေသတွင် ဤအစဉ်အလာကို ယုံကြည်ချက်တို့ဖြင့် နှစ်စဉ်သီတင်းကျွတ်အဖိတ်နေ့နှင့် လပြည့် နေ့များတွင် ကျင်းပသော ဆင်အကပွဲတော်ကြီးသည် "ဥတေနနတ်" ကို ပူဇော်ပသပွဲပေးခြင်းဖြစ်သည်ဟု သိရပေသည်။

လွမ်းလွမ်းဆွတ်ဆွတ် မေတ္တာဘွဲ့

မြိုင်ဟေဝန်စခန်းဆီသို့ ရောက်လာကြသူ ဧည့်သည်များအတွက် အမှတ်တရ ဆင်စီးရခြင်း အစီအစဉ်တစ်ခု ရှိပေသည်။ ဆင်ဝိုင်းအဖွဲ့သားများနှင့် ဆွေးနွေးစကားဝိုင်းပြီးသည်နှင့် စခန်းတစ်ပတ် ဆင်စီးရန် ခိုင်သိန်းသိန်း၊ ကျော်ထားနွယ်၊ အေးဒွေးမောင်၊ အေးခင်ဦး၊ စိန်ရွှေပြည့် ဆိုသည့် စီးဆင်ငါးစီး ရောက်လာကြသည်။ ရှင်းလင်းဆောင်ကြီးရှေ့တွင် တန်းစီရပ်နေကြသည်။

ဆင်မကြီး ခိုင်သိန်းသိန်းတွင် ရှစ်လသား နို့စို့အရွယ် ဆင်သားပေါက်ကလေး ပါလာသည်။ ဆော့လိုက်သည့် ဖြစ်ခြင်း။ တစ်ချက်ကလေးမျှ အငြိမ်မနေ။ လူများကို နှာမောင်းလေးနှင့်ထိုးစလိုက်၊ အမေကြီးထံ ပြေးသွားလိုက်။ ဟိုသစ်ပင်ချိုးစား၊ သည်အပင်ဆွဲစားနှင့် အလွန် ချစ်စရာကောင်းလှသည်။ ဆင်မကလေးဖြစ်၍ “ခိုင်သင်းကြည်” ဟု နာမည် ပေးထားကြသည်။ မိခင်ဆင်မကြီး ခိုင်သိန်းသိန်း၏ ဗိုက်အောက်တွင် နို့စို့နေသည့် ဆင်ပေါက်ကလေးတစ်ကောင်ကိုလည်း တွေ့ရသည်။ “ကံကောင်း” ဟု ခေါ်သည်ဟု ပြောပါသည်။ သိပ်မကြာလှပါ။ ခိုင်သင်းကြည်ကလေးသည် ဆော့ကစားနေရာမှ ပြေးလာပြီး နို့ဆွဲစို့နေသည့် ကံကောင်းကလေးကို ဦးကင်းဖြင့် တိုးဝှေ့တိုက်ဖယ်ပစ်လိုက်သည်။ ကံကောင်းကလေးသည် နို့စို့၍ အားမရသေးသဖြင့် နှာမောင်းလေးကို မိုးပေါ်ထောင်ပြီး “အူး” ခနဲ အော်လိုက်ကာ ဘေးသို့ထွက်ပြေးလေသည်။ ဆင်ထီးကလေးဖြစ်ပါလျက် အနိုင်အထက်လု၍ မစို့ပေ။ သို့သော် ခိုင်သင်းကြည်ကလေးသည် မိခင်ကြီး၏ နို့ကိုမစို့၊ ဆင်မကြီးဘေးမှာသာရပ်ပြီး သူ့အမေနို့ကို ခိုးစို့ရကောင်းလားဆိုပြီး ကံကောင်းကလေးကို ရန်လုပ်နေဟန်ရှိပေသည်။ လွမ်းလွမ်းဆွတ်ဆွတ် ချစ်စရာ၊ သနားစရာ မြင်ကွင်းပါပေ။

ဦးစိုးဝင်း ပြောပြချက်အရ “ကံကောင်းကလေးရဲ့ မိခင်ဆင်မကြီး သေဆုံးသွားလို့ တစ်နှစ်လောက် နို့မှုန့်တိုက် ကျွေးမွေးခဲ့ရတယ်။ နို့မှုန့်ဖိုး တစ်သိန်းကျော် ကုန်ခဲ့ရတယ်။ ခိုင်သင်းကြည်ကလေးကိုမွေးမှ သူ့အမေနို့ကိုကပ်ပြီး စို့ခွင့်ရခဲ့တာ။ ဒါတောင် ခိုင်သင်းကြည်လေးက သူ့အနားမှာရှိနေရင် အစို့မခံဘူး။ ခုလိုပဲ ရန်လုပ်နေတတ်တယ်။ ကံကောင်းက သူ့အလစ်မှာဝင်ပြီး ခိုးစို့ရတာပေါ့ဗျာ။ ဆင်မကြီးကတော့ သဘောကောင်းတယ်။ ကံကောင်းလေးကိုလည်း ချစ်ပုံရတယ်။ နို့အမြဲပေးစို့ပါတယ်” ဟု ဦးစိုးဝင်းက ရှင်းပြသဖြင့် ဆင်သားအမိအပေါ် ကရုဏာသက်မိကြပါသည်။

အားလုံး အသင့်ဖြစ်ကြပြီဖြစ်၍ ခိုင်သိန်းသိန်းတို့သားအမိက ရှေ့ဆုံးမှထွက်သည်။ မည်သူမျှ တက်မစီးကြပေ။ ဦးဆောင်လမ်းပြအတွက်သာ ရှေ့ကသွားခြင်းဖြစ်သည်။ ကျော်ထားနွယ်အပါအဝင် စီးဆင်လေးကောင်ဖြင့် စခန်းတစ်ပတ် လှည့်စီးကြသည်။ “က”

ခေါ် ဆင်စီးပုခက်ကို ထိုင်းနိုင်ငံသုံး "က" အမျိုးအစား သုံးထားသဖြင့် ဆင်းစီးရသူအဖို့ အဆင်ပြေလှသည်။ ဆင်ပေါ်မှ မြိုင်ဟေဝန်၏ အလှသဘာဝ တောတောင်ရှုခင်းကို ကောင်းစွာမြင်တွေ့နိုင်ပေသည်။

သဘာဝသယံဇာတ တစ်စုံတစ်ရာမျှ မထုတ်လုပ်။ မလျော့ပါးစေရဘဲ နိုင်ငံခြားဝင်ငွေ ရေရှည်ရနိုင်သော အလားအလာကောင်းသည့် သဘာဝခရီးသွားစခန်းတစ်ခု ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က သစ်ထုတ်ရေး လုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေ ဒေါ်လာ သန်း ၂၀၀ ရရှိနေခဲ့ချိန်တွင် ထိုင်းနိုင်ငံတွင် သဘာဝခရီးသွားလုပ်ငန်း (Ecotourism) ဖြင့် နှစ်စဉ် ဒေါ်လာ သန်း ၅၀၀ ကျော် ရရှိနေကြောင်း သိရပေသည်။

ယခုအခါ အာရှတိုက်ဆင် (Elephs Maximas) မျိုးမတုံးစေရေးအတွက် ဆင်မျိုးပွားဌာန (Asia Elephant Breeding Centre) တည်ထောင်နိုင်ရန် မြိုင်ဟေဝန်ကို အခြေခံစခန်းအဖြစ် အသုံးပြုလျက် ရှိနေပေပြီ။ သို့ကြောင့် မြိုင်ဟေဝန်တွင် နိုင်ငံတကာခရီးသွားများအဖို့ စိတ်ဝင်စားစေမည့် Elephant Show, Jungle, Trekking, Mahout Village နှင့် Ecotourism အတွက် စိတ်ဝင်စားဖွယ် ပတ်ဝန်းကျင်အခြေခံကောင်းများ ရှိနေပေသည်။

သို့ဖြစ်၍ မြိုင်ဟေဝန်ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တိုင်းပြည်၏ နိုင်ငံခြားဝင်ငွေကောင်းတစ်ခုကို ရေရှည်ရရှိနိုင်မည် ဖြစ်ပေသည်။ မြိုင်ဟေဝန် စခန်းတစ်ပတ်လည် ပြည့်ပြီး ဧည့်ရိပ်သာသို့လည်း ပြန်ရောက်လေသည်။ ဆင်များအပေါ် သံယောဇဉ်ကြီးမားလှသော ဆရာဦးစိုးဝင်းနှင့် ဆင်ဝိုင်းမိသားစုကို လက်ပြန္နတ်ဆက်ရင်းဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာ၍ ဘေးကင်းကြပါစေ . . . ဆင်စီး၍ မြင်းရံနိုင်ကြပါစေဟူ၍ . . . . .။

C C C C C

အခန်း (၄)

"ဆင်" အစကြောင်း ပကာမ သိစကောင်းစရာများ

ဆင်မျိုးနွယ်များ

ယနေ့ကမ္ဘာပေါ်တွင် ဆင်ကို အာဖရိကတိုက်နှင့် အာရှတိုက်တောင်ပိုင်း (အင်ဒိုနီးရှား ကျွန်းဆွယ်) တို့၌သာ တွေ့ရှိကြရသည်။ တွေ့ရှိရသော ဆင်မျိုးဆင်နွယ်များသည် အသွင်ပုံသဏ္ဌာန်စရိုက် အရည်အသွေးတို့ကအစ ဘာမျှမတူကြပါချေ။ ဆင်မျိုးဆင်နွယ်များသည် ကမ္ဘာဦးခေတ်ကာလက ကမ္ဘာ့မြောက်ခြမ်းဒေသများတွင် နေထိုင်ကျက်စားခဲ့ကြရာမှ အဆင့်ဆင့် ပြောင်းလဲဆင်းသက်လာခဲ့ကြသော အာဖရိကဆင်နှင့် အာရှဆင်မျိုး နှစ်မျိုးသာ တွေ့ရှိရပေတော့သည်။ အဓိကအားဖြင့် အယ်လီဖက်စ် အာဖရိကန်နပ်စ်လင်း (Elephas Africanus Lin) နှင့် အယ်လီဖက်စ် မက်စ်ဆီမက်လင်း (Elephas Maximus Linn) မျိုးနွယ်ဖြစ်သည်။ အာဖရိကဆင်တွင် မျိုးစု ၅ စု ကွဲပြားစွာရှိသည်။ အာဖရိက အလယ်ပိုင်းဆင်၊ ဆူဒန်နယ်ဆင်၊ အာဖရိက အရှေ့ပိုင်းဆင်၊ အာဖရိကတောင်ပိုင်းဆင်နှင့် ပစ်ဂမီ ခေါ် ဆင်ပုတစ်မျိုးဖြစ်ပြီး အီကွေတာဒေသနှင့် ကွန်ဂိုမြစ်ဝှမ်းတစ်လျှောက်တို့တွင် တွေ့ရှိရသည်။

အာဖရိကတိုက် ဆင်မျိုး

အာဖရိကတိုက်ဆင်သည် ကိုယ်ခန္ဓာအချိုးအစား ကျနမှုမရှိ။ အရပ်အလွန်မြင့်သည်။ အစွယ်သည် ရှည်လျားစွာ ထွက်သည်။ ရင့်လာလျှင် အတွင်း (သို့မဟုတ်) အပေါ်ဘက် သို့လိမ်ကောက်သွားသည်။ ခြေထောက်၊ လက်ထောက်များသည် ကိုယ်လုံးကိုယ်ထည်နှင့် မလိုက်ဖက်အောင် သေးကွေးသည်။ ဖမ်းဆီးပြီး ယဉ်ပါးအောင် လေ့ကျင့်အသုံးချ၍ မရနိုင်သေးပေ။ အရှေ့အာဖရိက၌ အချို့မပြောပလောက်သော ဆင်အနည်းငယ်လောက်သာ သစ်ဆွဲရန် အသုံးပြုခြင်းရှိသော်လည်း ဝန်လေးကြီးများမဆွဲနိုင်ဘဲ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်သုံး ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်ရာ၌သာ အသုံးပြုနိုင်ကြသည်။ မွေးမြူ

ထိန်းသိမ်းရသောစရိတ်နှင့် မမျှမတဖြစ်နေကြ၍ ဆင်ကိုအသုံးချခြင်း လုပ်ငန်းစနစ်များ တိမ်ကောပျောက်ကွယ်ခဲ့ကြပေပြီ။

ထို့ကြောင့်အာဖရိကတိုက်တွင် ဆင်ကိုအကျိုးရှိစွာ အသုံးချခြင်းထက် ဆင်သား၊ ဆင်ရိုး၊ ဆင်စွယ်၊ ဆင်ထွက် ပစ္စည်း ရောင်းဝယ်ဖောက်ကားခြင်းကိုသာ လုပ်ကိုင်နေကြခြင်းရှိသည်။ အာဖရိက၌ ဆင်စွယ်ကို "ရွှေဖြူ" ဟုပင် တင်စား လျက် ဈေးကွက်တွင် အဖိုးတန်ရတနာတစ်ပါး ဖြစ်နေပေသည်။ သို့ကြောင့် ကမ္ဘာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များက ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြရပေသည်။

အာရှတိုက် ဆင်မျိုး

အိန္ဒိယဆင်မျိုးဟုလည်း ခေါ်သည်။ လူသိများသော ဆင်မျိုးဖြစ်သည်။ မျိုးနွယ်လေးမျိုးရှိပေသည်။ မြန်မာ (သို့မဟုတ်) အိန္ဒိယဆင်၊ သီဟိုဠ်ဆင်၊ မလေးဆင်နှင့် စူမတြားဆင်တို့ဖြစ်ကြသည်။ အာရှတိုက်ဆင်မျိုးသည် ကိုယ်လုံး ကိုယ်ထည် အချိုးအဆစ် ကျနသည်။ နားရွက်သေးသည်။ ခြေထောက် လက်ထောက်များ တုတ်ခိုင်၍ ကိုယ်ခန္ဓာနှင့် လိုက်ဖက်ညီထွေရှိသည်။ ရှေ့ပိုင်းကုပ်ပိုးမြင့်ပြီး နောက်ပိုင်း တင်ပါးနိမ့်၍ ခြေသွေ့ထိုင်ဟု ခေါ်ကြသည်။ အစွယ် အရင်းတုတ်ပြီး အဖျားရှူးသည်။ နှာမောင်းရင်းတုတ်ပြီး အဖျားရှူးသည်။

ဆင်ထီးများ အချို့စွယ်စုံပေါက်၍ ရှည်လျားကော့ညွတ်သဖြင့် လှပပြေပြစ်သည်။ သီဟိုဠ် ဆင်မျိုးများသည် အထီးအမ နှစ်မျိုးစလုံး အစွယ်မပေါက်ကြပေ။ သစ်လုံးဆွဲရာ၌ သံကြိုးကို ပါးစပ်ဖြင့် ကိုက်၍သာ ဆွဲလေ့ရှိသည်။

မလေးနှင့် စူမတြား ဆင်မျိုးတို့သည် ကိုယ်ခန္ဓာကြီးမားသော်လည်း ဝန်လေး သစ်လုံးကြီးများကို ကောင်းစွာ မဆွဲနိုင် မ,မနိုင်ကြပေ။ လူတို့အတွက် ဝန်လေးဝန်ပေါ့များကိုကောင်းစွာ ဆွဲနိုင် မ, နိုင်၍ အလွန်အသုံးဝင်သော ဆင်မျိုးသည် မြန်မာနိုင်ငံ၌ တွေ့ရှိရသော အိန္ဒိယဆင်မျိုး ဖြစ်ပေသည်။ ကမ္ဘာတွင် မြန်မာဆင်သည် တန်ဖိုးအရှိဆုံး မြန်မာရတနာတစ်ပါးသာ ဖြစ်ပေသည်။ သို့ကြောင့် (Elephants, National Treasure in Myanmar) ဟု တင်စားခဲ့ပါသည်။ မြန်မာနိုင်ငံ အအေးပိုင်း မြောက်ပိုင်းဒေသများမှစ၍ ပူအိုက်စွတ်စိုသော မြန်မာနိုင်ငံတောင်ပိုင်းအထိ ဒေသအနှံ့၌ တွေ့ရှိနိုင်ပေသည်။

အာဖရိကတိုက် ဆင်နှင့် အာရှတိုက် ဆင်တို့၏ ပုံသဏ္ဌာန်နှိုင်းယှဉ်ချက်

စဉ်	အကြောင်းအရာ	အာဖရိကတိုက်ဆင်	အာရှတိုက်ဆင်
၁။	ပျမ်းမျှအရပ်အမြင့်	၁၁ ပေ ၆ လက်မခန့်	၇ ပေ ၉ လက်မခန့်
၂။	ပျမ်းမျှအလေးချိန်	၆ တန် မှ ၇ တန်	၃ တန် မှ ၄ တန်
၃။	ဦးခေါင်း	ခေါင်းပြားပြီး မျက်နှာရှည်မျောသည်။	ဦးခေါင်းလုံး၊ မျက်နှာသွယ်
၄။	အစွယ်	ပျမ်းမျှ ၁၁ ပေ ၅ လက်မရှိပြီး၊ ကောက်ကွေး၊	ပျမ်းမျှ ၅ ပေ -၆ လက်မ (လှပသည်)
၅။	နားရွက်	လည်ပင်း၊ပခုံးထိအုပ်၊ ရင်အုပ်ထိရှည်၊	နားရွက်သေးပြီး ညောင်ရွက်သဏ္ဌာန်ရှိ
၆။	အစွယ်ပါဝင်မှု	အထီး အမ နှစ်မျိုးစလုံးပါဝင်	အထီးတွင်သာပါ၊ အမတွင်မထင်ရှား
၇။	နှာမောင်း	နှာမောင်း နှုတ်သီး နှစ်ဆင့်ပါ အရစ်များပါ၊	အရစ်များမပါ၊ နှုတ်သီးတစ်ဆင့်သာပါ
၈။	ခြေသည်း (ခြေချောင်းလေးများ)	ရှေ့လေးချောင်း၊ နောက်သုံးချောင်းပါ၊	ရှေ့ငါးချောင်း၊ နောက်လေးချောင်းပါ

မြန်မာနိုင်ငံ သဘာဝသစ်တောများအတွင်း လှည့်လည်ကျက်စားနေသော ဆင်များသည် အာရှဆင်အမျိုးအစား (Elephant Maximus) ဖြစ်ပါသည်။

နောက်ပိုင်း ဆက်လက်ဖော်ပြမည်မှာ အာရှတိုက် ဆင်အမျိုးအစားများ၏ သိကောင်းစရာ အချက်အလက်များ ဖြစ်ပါသည်။

အရွယ်အစား

(၁) ကမ္ဘာပေါ်တွင် နို့တိုက် သတ္တဝါများအနက် အကြီးဆုံးသတ္တဝါဖြစ်သည်။

(၂) မွေးခါစ ဆင်ငယ်တစ်ကောင်သည် ၁၆၅ ပေါင်မှ ပေါင် ၂၅၀ ထိ အလေးချိန်စီးသည်။

အရပ်အမြင့် ပျမ်းမျှ ၃ ပေခွဲ (လက်မ ၄၀) ခန့်ထိ ရှိသည်။

(၃) အရွယ်ရောက်ပြီးဆင်ကြီးတစ်ကောင်သည် ပျမ်းမျှ (ပေါင် ၆၆၀၀ မှ ၁၁၀၀၀)ထိ လေးသည်။

အရပ်အမြင့် ပျမ်းမျှ ၈ ပေ ခန့်ရှိပြီး အမြင့်ဆုံး ၁၀ ပေ ၆ လက်မခန့်ထိရှိသည်။

(၄) ဆင်တို့၏ နှလုံးသည် ပျမ်းမျှ ၂၆ ပေါင် မှ ၄၆ ပေါင် အလေးချိန်ရှိသည်။
(၅) ဆင်တို့၏ နှလုံးခုန်နှုန်းသည် တစ်မိနစ်လျှင် ၃၅-၃၇ ကြိမ်သာ ခုန်သည်။
(၆) ဆင်၏နှာမောင်းသည် ကြွက်သားမျှင်ပေါင်း ငါးသောင်းခန့်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်ဟု ဆိုသည်။ အာရုံကြောပေါင်းများစွာပါရှိမှုကြောင့် အနုံခံရာတွင် အသုံးဝင်သည်။ နှာမောင်းသည် ဘေး ဘယ် ညာ လှုပ်ရှားနိုင်ပြီး အလွန်သန်မာသည်။ ရေစုပ်ယူရာတွင်လည်း အလွန်သန်စွမ်းသည်။
(၇) ဆင်တစ်ကောင်၏ ဦးနှောက်သည် လူတစ်ယောက် ဦးနှောက်ထက် သုံးဆမျှ ကြီးသည်။

အမြင် အကြား အာရုံ

(၁) အမြင်အာရုံ အလွန်အားနည်းသည်။ ကိုက် ၃၀ ခန့်အတွင်းသာ ကောင်းစွာ မြင်နိုင်စွမ်းရှိသည်။ ကိုက် ၅၀ ကျော်မှ ၁၀၀ အတွင်း မသဲမကွဲ မှုန်ဝါးဝါးမြင်သည်။ ကိုက် ၁၀၀ ကျော်သွားလျှင် ကောင်းစွာ မမြင်ရတော့ချေ။

ခန္ဓာကိုယ် ကြီးမားသလောက် မျက်ပေါက်ကျဉ်းနေ၍လည်းကောင်း၊ မျက်ရစ်များ အထပ်ထပ်ဖြင့် မျက်တောင်ရှည်ကြီးများ ဖုံးအုပ်နေခြင်းကြောင့်လည်းကောင်း၊ ဦးခေါင်းကို ဘယ်ညာ အပေါ်အောက် သွက်လက်စွာ မလှုပ်ရှားနိုင်ခြင်းကြောင့်လည်းကောင်း အမြင်အာရုံ အားနည်းရခြင်းဖြစ်သည်။

ထူးခြားသည်မှာ နေ့အခါ အလင်းရောင်ဖြင့် မြင်နိုင်သလို ညအခါတွင်လည်း မြင်နိုင်သည်။အမြင်မစူးရှခြင်းကြောင့် အရောင်များကိုမြင်ရသော်လည်း ကောင်းစွာမခွဲခြားနိုင်ပေ။

(စိန့်အင်ဒရူးတက္ကသိုလ်မှ သုတေသနပညာရှင်များက အာဖရိကတိုက်တွင် စမ်းသပ်သုတေသန ပြုချက်အရ ဆင်များသည် အာရုံခံအသိဖြင့် အနံ့၊ အရောင် ခွဲခြားတတ်ကြကြောင်း လေ့လာရပါသည်) (နောက်ပိုင်းတွင် ဆက်လက်ဖော်ပြပါမည်။)

(၂) အကြားအာရုံသည် ထူးခြားသည်။ လူတို့၏ နားဖြင့်မကြားနိုင်သော အသံ (Infrasound) အမျိုးအစား ၃၀ ခန့်ဖြင့် ဆင်အချင်းချင်း ဆက်သွယ်နိုင်ကြသည်။

အစားအသောက်

ဆင်တစ်ကောင်၏ အစာစားနှုန်းသည် ပျမ်းမျှအားဖြင့် ပေါင် ၅၅၀ ထိ စားနိုင်သည်။ သစ်ရွက်၊ သစ်ခက်၊ ဝါး စသည်များကို ပိသာ ၂၀၀ မှ ၂၅၀ ထိ စားနိုင်သည်။ အလုပ်ဆင်

တစ်ကောင်သည် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ၆ နာရီခန့် အလုပ်လုပ်ပြီး ၁၄ နာရီခန့်ကို အစာစားရင်း အချိန်ကုန်လွန်စေသည်။ သူ၏ခန္ဓာကိုယ် ဝမ်းဗိုက် ပြည့်ဝအောင် စားနေရခြင်းကြောင့် အိပ်ချိန်သည် အလွန်နည်းပါးရသည်။ ပျမ်းမျှတစ်ရက်လျှင် လေးနာရီခန့်သာ အိပ်သည်။ တစ်ခါတစ်ရံသာ အရုဏ်တက် အစောပိုင်းနှင့် နွေရာသီပူပြင်းချိန် နေ့လယ်၌ တစ်ရေးအိပ်တတ်သည်။ ရေသောက်လျှင် တစ်နေ့ပျမ်းမျှ ဂါလန် ၂၀ ခန့်ထိ သောက်နိုင်သည်။ နှာမောင်း၌ ပါးစပ်သဏ္ဌာန် အပေါက် တစ်ပေါက်မှ စုပ်ယူသည်။

စရိုက် သဘာဝ အလေ့အထများ

၁။ ဆင်တို့သည် ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၁၀၀၀၀ ခန့်ထိ စားကျက် ရှာဖွေစားသောက် နေထိုင်ကြသည်။

၂။ အုပ်စုဖွဲ့ နေထိုင်တတ်ကြသည်။

၃။ ဆင်အုပ်တစ်အုပ်တွင် ဆင်ခေါင်းဆောင် တစ်ကောင်ရှိတတ်ပြီး မိသားစုသဖွယ် နေကြသည်။

၄။ ဆင်မ သင်းကွဲများနှင့် ဆင်ပေါက်များသာ ဆင်အုပ် တစ်အုပ်မှတစ်အုပ် လှည့်လည်နေတတ်သည်။

၅။ ဆင်အချင်းချင်း ချစ်ခင်မှုပြလျှင် နှာမောင်းဖြင့် နှုတ်ဆက်ကြသည်။

၆။ သာမန်အားဖြင့် နှာမောင်းကို အောက်သို့ တန်းလန်းချထားလေ့ရှိသည်။ အပေါ်မြှောက်ထားပြီဆိုလျှင် တစ်စုံတစ်ရာ စူးစမ်းမှုပြုသည် (သို့မဟုတ်) လန့်နေတတ်သည်။ နားရွက်ကြီးများပါ ကားလာပြီဆိုလျှင် တိုက်ခိုက်တော့မည်။ (သို့မဟုတ်) ထွက်ပြေးတတ်ကြသည်။

၇။ ဆင်တို့သည် မတ်တတ်ရပ်၍ နားချိန်များတွင် ခြေထောက်ချိတ်ပြီး နားလေ့ရှိသည်။

၈။ အစွယ်ရှိသော ဆင်သည် တစ်ချိန်လုံး အစွယ်ကို သစ်ပင်များ၌ ပွတ်၍ ချွန်နေတတ်သည်။

၉။ ဆင်ယဉ်များ၏ အစွယ်ကို တုံးတိဖြတ်ထားလျှင် မကြာမီ ပြန်ချွန်လာသည်ကို တွေ့ရသည်။

၁၀။ ဆင်တို့သည် တောင်တက် အလွန်ကျွမ်းကျင်ကြသည်၊ မည်မျှ မတ်စောက်ပါစေ၊ ရအောင် တက်သည်။

၁၁။ ရေကူးကျွမ်းကျင်သည်။

၁၂။ အသိဉာဏ်၊ မှတ်ဉာဏ်ကောင်းသည်။
၁၃။ မူလဗီဇသည် အလွန်ကြောက်တတ်ပါသည်။
၁၄။ ကွဲ၊ နွား၊ မြင်း၊ ခွေးမှအစ အခြားသတ္တဝါများကို ပင်ကိုစိတ်က ကြောက်ရွံ့သည်။
၁၅။ ကျားနံ့ရပြီဆိုလျှင် သစ်ကိုင်းများ ချိုးယူလွှဲပစ်တတ်သည်။
၁၆။ အုန်းပင်ပေါ်မှ အုန်းသီးကို ဦးကင်းနှင့် တိုက်လှုပ်ခါချပြီး ကျလာသော အုန်းသီးကို နင်းခွဲပြီး စားတတ်သည်။
၁၇။ အနံ့ခံ ကောင်းသည်။ နားလည်း လျင်သည်။
၁၈။ ရန်မူလျှင်လည်း အော်၍လာသည်။ ကြောက်ပြေးလျှင်လည်း အော်ပြေးသည်။
၁၉။ နွေရာသီ ရေများခန်းခြောက်သည့်အခါများတွင် ချောင်းဘေးနားခွ သဲတွင်းများ တူးဖော်ပြီး ရေကိုရှာဖွေ သောက်တတ်ကြသည်။
၂၀။ ဆင်တစ်ကောင်သည် တစ်နာရီ မိုင် ၂၀ ခရီး ပြေးနိုင်သည်။
၂၁။ မွေးကင်းစ ဆင်ပေါက်ကလေးများသည် နှစ်နှစ်သားမှစ၍ နှာမောင်းကို အသုံးပြုလာတတ်သည်။

ꕥ ꕥ ꕥ ꕥ ꕥ

အခန်း (၅)

မြန်မာ့ဆင်စလောက ဆင်အမျိုးအစားများ

မြန်မာနိုင်ငံတွင် ဆင်အမျိုးအစား (၄) မျိုး ခေါ်ဝေါ်သတ်မှတ်ခြင်းရှိသည်။
(၁) စွယ်စုံဆင် (တံဆင်)
(၂) ဟိုင်းဆင်
(၃) တည်ဆင် (တယ်ဆင်)
(၄) ဟံဆင် တို့ဖြစ်သည်။

(၁) စွယ်စုံဆင်

အစွယ်သည် ဖြူဖွေးလှပပြီး အစွယ်နှစ်ချောင်း ရှေ့သို့ကောတက်နေသော ဆင်ပြောင်ကြီးမျိုးဖြစ်သည်။ ဆင်အုပ် ဆင်သင်းကို ဦးဆောင်လေ့ရှိသော ဆင်ခေါင်းဆောင်မျိုးဖြစ်ပေသည်။ စိတ်နေစိတ်ထား ခက်ထန်သည်။ ဟိုင်းဆင်များနှင့် ရန်ဘက် ရန်သူအဖြစ် အမြဲရန်မူလေ့ရှိသည်။ လုံးဝ မတည့်ကြပေ။

(၂) ဟိုင်းဆင်

အစွယ်ငုတ်တိုလေးသာ ထွက်လေ့ရှိသည်။ အချို့စွယ်ဖုံးအောက်များတွင် ပြူထွက်ရုံတိုတိုလေးသာပါရှိ၍ 'ဟိုင်းဆင်ဆိုတာ အစွယ်မရှိဘူး' ဟု ဆိုကြခြင်းဖြစ်သည်။ သဘာဝအရ သစ်ခေါက်ခွာစားနိုင်အောင် သစ်ခွံထိုးအစွယ်သာ ပါရှိလေသည်။ အချို့က ဟိုင်းဆင်ဟု မခေါ်ကြ။ သစ်ခွံထိုးဟု ခေါ်ကြသည်။ နှာမောင်းတိုတုတ်သည်။ အလွန်သန်မာသည်။ အထီးနှင့်အမ နှစ်မျိုးစလုံး ဦးကင်းနားရွက်များ ကြီးမားကြသည်။ အသက်ချင်းတူလျှင် ဟိုင်းဆင်တို့က ပိုမိုထွားကျိုင်းကြသည်။ နှာမောင်းအား အလွန်သန်မာသဖြင့် ရန်ဘက်ဖြစ်သော စွယ်စုံများနှင့် အခြားဆင်များ၊ ရန်သူများကို တိုက်ခိုက်ရာတွင် နှာမောင်းအားကိုးဖြင့်သာ တိုက်ခိုက်လေ့ရှိသည်။

(၃) တည်ဆင်

တည်ဆင်ကို အချို့အသံထွက်ရာတွင် တေ၊ တန် စသည်ဖြင့် အသံကွဲပြား ခေါ်ဝေါ်ခြင်းရှိသည်။ ဆင်မျိုးထဲတွင် အလွန်ရှားပါးသောဆင်မျိုး ဖြစ်သည်။ မွေးကတည်းက အစွယ်တစ်ချောင်းသာပါလာသည်။ ဘယ်စွယ်ပါလျှင် "ဘယ်တည်ဆင်"၊ ညာစွယ်ပါလာလျှင် "ညာတည်ဆင်" ဟုခေါ်သည်။ တည်ဆင်များသည် ဆင်အုပ်ထဲတွင် နေလေ့မရှိဘဲ သီးခြားနေတတ်ကြသည်။

(၄) ဟံဆင် (ဟံကုပ်) (ဘယ်ဟံ) (ညာဟံ)

စွယ်စုံဆင်များကဲ့သို့ အစွယ်နှစ်ချောင်းပါသော်လည်း စွယ်စုံဆင်၏ အစွယ်ကဲ့သို့ ဖွံ့ဖြိုးမှုမရှိပေ။ သန်မာမှုမရှိ၍ သစ်ခေါက်ထိုးခွာရင်း အချို့ဟံဆင်များ၏ အစွယ်များ ကျိုးပဲ့ပျက်စီးလေ့ရှိတတ်သည်။ အစွယ်ပျက်စီး၍ ညာတစ်ချောင်းသာကျန်နေလျှင် "ညာဟံ"၊ ဘယ်တစ်ချောင်းသာ ကျန်နေလျှင် "ဘယ်ဟံ"၊ အစွယ်တိုတောင်းလွန်း၍ ကုပ်နေလျှင် "ဟံကုပ်" စသဖြင့် ခေါ်ဝေါ်ကြသည်။

ဆင်ကောင်းဆင်ညံ့ ကြန်အင်လက္ခဏာ နှိုင်းယှဉ်ချက်

စဉ်	ကောင်းသောဆင်၏ကြန်အင်လက္ခဏာ	မကောင်းသောဆင်ညံ့၏ကြန်အင်လက္ခဏာ
၁	ဦးခေါင်းအသားအရေ ပြည့်ဝနေခြင်း	ဦးခေါင်းပိန်ချိုင့်ခွက်လွန်းနေခြင်း
၂	ပါးနှင့်နားထင်အရေ ပြည့်ဝနေခြင်း	ပါးနှင့်နားထင်များ ချိုင့်ခွက်လွန်းခြင်း
၃	မျက်လုံးတွင် မျက်ရည် မျက်ချေး သန့်စင်ခြင်း	မျက်လုံးတွင် မျက်ရည်မျက်ချေးယိုလေ့ရှိခြင်း
၄	နှာမောင်းသား ပြည့်တင်းပြီး ဝပြောခြင်း	နှာမောင်းသား ပိန်ပါးသေးသွယ်ခြင်း
၅	လည်ပင်းတုတ်ခိုင်ခြင်း	လည်ပင်း သေးသိမ်နေခြင်း
၆	ရင်အုပ်ကျယ်ပြန့်ခြင်း	ရင်အုပ်ကျဉ်းခြင်း
၇	ကျောရိုးတန်းတင် ညီညာခြင်း	ကျောရိုးတန်းတင် မညီညာ ဖုထစ်နေခြင်း
၈	ခြေလက်များတုတ်ခိုင်ခြင်း	ခြေလက်များ သေးသွယ်ခြင်း၊ သိမ်နေခြင်း
၉	အသားအရေထူပြီးအရောင်စိုခြင်း	အသားအရေပါးပြီး မွဲခြောက်ရောင်ရှိခြင်း

ဆင်ကောင်း မကောင်း ရွေးချယ်ရာတွင် အထက်ပါ ကြန်အင်လက္ခဏာ သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ကြပါသည်။

ဆင်လက္ခဏာ မြန်မာ့ရိုးရာ အယူအဆ

အောက်ပါအချက်အလက်များသည် မကောင်းသောလက္ခဏာများ ဖြစ်သည်ဟု သတ်မှတ်ထားကြသည်။

ပျားစွဲ ။ ။ ရှေ့လက်နှစ်ဖက်အကြား ဝမ်းဗိုက်၏ သုံးပုံတစ်ပုံခန့် ပျားလပို့များကဲ့သို့ အရေပြားတွဲကျနေခြင်း။

ကန့်လန့်ကာ ။ ။ ပျားစွဲအရေပြားက ဝမ်းဗိုက်တစ်လျှောက် ဆက်၍ အသားတွဲကျနေခြင်း။

မောင်းထောင်း ။ ။ ဆန်ဖွပ်မောင်း အထက်အောက် ထောင်းနေသကဲ့သို့ ဆင်၏ဦးခေါင်းသည် အထက်အောက် အမြဲလှုပ်ရှားနေခြင်း။

ပုခက်လွှဲ ။ ။ နှာမောင်းကို ဘေး ဘယ် ညာ လွှဲနေတတ်ခြင်း။

ဆန်ကောဝိုင်း ။ ။ ဆန်ပြာဆန်ကောဝိုင်းသကဲ့သို့ ဆင်၏တစ်ကိုယ်လုံး လှည့်ပတ်လှုပ်ရှားနေခြင်း။

တိမ်ညွှန့်စား ။ ။ ဆင်သည် နှာမောင်းကို ဦးခေါင်းပေါ်ထောင်ထားပြီး ပြန်ချသည့်အခါ ပါးစပ်ထဲသို့သွတ်သွင်း ထားတတ်ခြင်း။

ကုန်းပြာသာဒ် ။ ။ ဆင်၏ ကျောကုန်းသည် မကြာခဏပေါက်တတ်သည်။ ကျောပေါ်တင်ပုခက်များ၊ ပစ္စည်းများ မကြာခဏ ပြုတ်ကျနေတတ်ခြင်း ဖြစ်သည်။

အသက်အလိုက် ဆင်အတန်းအစားနှင့် စွမ်းအား

ဆင်တို့၏ဘဝသက်တမ်းသည် လူတို့၏ ဘဝသက်တမ်းနှင့် များစွာဆင်တူသည်။ လူသည် အသက် ၅ နှစ်သားမှစ၍ ကျောင်းနေအရွယ်ရောက်ပြီး ၁၈ နှစ်ပြည့်လျှင် အရွယ်ရောက်ပြီဟု သတ်မှတ်ကြသည်။ အလုပ်အကိုင် ဝင်ရသည်။ အသက် ၆၀ ပြည့်ပြီဆိုလျှင် အိုပြီ၊ အနားပေးကြသည်။

ဆင်တို့သည်လည်း ၅ နှစ် ၆ နှစ်သားမှစ၍ လိမ္မာယဉ်ပါး၊ အမိန့်နာခံတတ်အောင် စတင်လေ့ကျင့်သင်ကြားပေးရာမှ ၁၈ နှစ်ပြည့်လျှင် အရွယ်ရောက်ပြီဟု သတ်မှတ်သည်။ အလုပ်ခွင် ဝင်ကြရသည်။ အသက် ၅၀ ကျော် ၆၀ တွင် အိုပြီဟု သတ်မှတ်၍ အနားပေးပြီး ပေါ့ပါးသော အလုပ်များကိုသာ ခိုင်းရတော့သည်။

အသက်အလိုက် အတန်းအစားနှင့် စွမ်းအား

စဉ်	အသက်	အတန်းအစား	စွမ်းအား
၁	မွေးစမှ ၅ နှစ်	ဆင်ကလေး (Baby Elephant) CHA (Calf Heel)	အမိနောက်လိုက် အရွယ်ဖြစ်သည်။ ၁၄ နှစ်သားအထိ အမိနောက်လိုက်နေတတ်သည်။
၂	၅ နှစ်မှ ၁၆ နှစ်	မိုန်းသင်(ညှပ်သင်)သင်ကြားဆဲ	အလုပ်သင်၊ ဝန်တင် (TC) Train Call
၃	၁၆ နှစ်မှ ၁၈နှစ်	ကြိုးသင် (သစ်ဆွဲ အလုပ်သင်)	ဝန်ပေါ်သစ်များ စတင်ဆွဲခြင်း
၄	၁၈ နှစ်ပြည့်မှစ	အရွယ်ရောက် (အလုပ်ဆင်)	သစ်သုံးတန်ထိုနိုင်လျှင် ပထမတန်းစား ဖြစ်သည်။ (FG) Full Grown
၅	၁၈ နှစ်မှ ၂၄ နှစ်	အလုပ်သင်၊ အလုပ်ဆင်	လုပ်ငန်းပမာဏ တဖြည်းဖြည်း တိုးမြှင့်ခိုင်းသွားသည်။
၆	၂၄ နှစ်မှ ၃၀ နှစ်	အရွယ်ကောင်း	တစ်တန်၊ နှစ်တန် သစ်ကို ဆွဲနိုင်သည်။ (အချို့ဆင်များသည် ခန္ဓာကိုယ် အလေးချိန်မျှကိုပင် ဆွဲနိုင်သည်)
၇	၃၀ နှစ်မှ ၃၈ နှစ်	မွန်းတည့်ချိန်အရွယ်	ခွန်အားအပြည့်ဝဆုံးအရွယ်
၈	၃၈ နှစ်မှ ၄၆ နှစ်	ဆင်ကြီးပိုင်းအရွယ်	နှေးကွေးလေးလံလာသည်။ ခွန်အားအသင့်အတင့်သာရှိပြီး မိတ်လိုက်ရန်သာအားထုတ်နေသည့်အရွယ်၊ ကိုယ်ခန္ဓာ ၄၅ နှစ်ထိသာ ကြီးထွားပြီးနောက် ရပ်ဆိုင်းသွားသည်။
၉	၄၆ နှစ်မှ ၅၃ နှစ်	မွန်းတိမ်းအရွယ်	ခွန်အားဆုတ်သွားပြီး အလုပ်လျှော့ခိုင်းရသည်။
၁၀	၅၃ နှစ်မှ ၆၀ နှစ်	အိုမင်းစအရွယ်	ပေါ့ပါးသောအလုပ်နှင့် သယ်ယူပို့ဆောင်ရေးသုံးသည်။
၁၁	၆၀ နှစ်အထက်	ဆင်အိုဆင်မင်း	လုံးဝအနားပေးရတော့သည်။
၁၂	၇၀ နှစ်မှ ၈၀ နှစ်အထက်	သက်တမ်းကုန်သတ်မှတ်	လုံးဝ သုံးမရ။

ဆင်နှင့်စက်ယန္တရား သစ်ထုတ်စွမ်းအား နှိုင်းယှဉ်ချက်

သစ်ထုတ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အဓိကအားဖြင့် ခုတ်လှဲခြင်း၊ ငုတ်ထုတ်ခြင်း၊ ကားတိုက်ခြင်း၊ သစ်ဆိပ်စုပုံခြင်း၊ ဖောင်ဖွဲ့ပို့ဆောင်ခြင်း၊ သစ်စက်များသို့ ရောက်ရှိခြင်း စသည်ဖြင့် အခြေခံလုပ်ငန်းများတွင် ပထမအဆင့် ဖြစ်သည့် ငုတ်ထုတ်ခြင်းလုပ်ငန်းသည် ခက်ခဲကြမ်းတမ်းဆုံး လုပ်ငန်းဖြစ်ပေသည်။

ငုတ်ထုတ်ခြင်းဆိုသည်မှာ သစ်ပင်ခုတ်လှဲပြီး သစ်လုံးအမြင့်ပိုင်းဖြတ်ပေးပြီးနောက် သစ်ပင်၏ ငုတ်ရင်း၌ ရှိသော သစ်လုံးကို လိုအပ်ရာသို့ ဆွဲထုတ်ယူခြင်းဖြစ်သည်။ လျှိုမြောင်၊

ချောက်ကမ်းပါးများ အကြားမှ သစ်လုံးများကို ငုတ်ရင်းမှ ဆွဲထုတ်ယူရာတွင် စက်ယန္တရားဖြင့် လုပ်ကိုင်နေခြင်းရှိသော်လည်း ဆင်ဖြင့် ငုတ်ထုတ်ခြင်းကိုမူ မျက်ကွယ်ပြု၍ မရနိုင်ပေ။ ဆင်မပါလျှင် မပြီးနိုင်ပေ။ ထရက်တာများဖြင့် ငုတ်ထုတ်ခြင်းဖြင့် သစ်တောများအတွင်း သစ်ပင် မျိုးဦးပင်များ အနာဂတ်တောထွက် ပင်ပျိုပင်နုများနှင့် အောက်ခံပင်များအပါအဝင် မြေပြင်ပါပျက်စီးရမှုများရှိပေသည်။ ထရက်တာဘီး လမ်းကြောင်းမြောင်းများသည် မိုးတွင်း အခါ ရေစီးမြောင်းကြီးများဖြစ်ကာ ရေတိုက်စား မြေပြိုမှုများ ဖြစ်ပွားရသည်။ နှစ်ကာလ ကြာလာသည်နှင့်အမျှ သဘာဝဝန်းကျင်နှင့် သစ်တောများယိုယွင်းပျက်စီးရသည်။ သို့ကြောင့် ဆင်ဖြင့် ငုတ်ထုတ် သစ်ဆွဲခြင်းသည် သဘာဝဝန်းကျင်နှင့် သစ်တောများ ပျက်စီးယိုယွင်းမှု နည်းပါးပေသည်။ ဆင်နှင့် စက်ယန္တရားတို့၏ သစ်ထုတ်စွမ်းအား ဆောင်ရွက်ချက်အကျိုးရလဒ်ကို အောက်ပါအတိုင်း နှိုင်းယှဉ်ကြည့်နိုင်ပေသည်။

စဉ်	စက်ယန္တရား အသုံးပြုခြင်း	ဆင်ဖြင့် အသုံးပြုခြင်း
၁	အကျိုးဖြစ်ထွန်းမှုများသလောက် ကုန်ကျစရိတ်များ၏။	ကုန်ကျစရိတ်သက်သာသည်။
၂	သစ်တောများအတွင်း၌ မိုးရာသီတွင် အသုံးမဝင်ချေ။	ရာသီမရွေး ဆင်ကိုသုံးနိုင်သည်။
၃	သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းသည်။	သဘာဝပတ်ဝန်းကျင်ပျက်စီးမှု နည်းပါးသည်။
၄	လုပ်ငန်းသက် သက်တမ်းတို၍ ပျက်စီးမှုများပြား။	လုပ်ငန်းသက်ရှည်ကြာစွာ အသုံးပြုနိုင်သည်။
၅	စက်ယန္တရား၏သက်တမ်း ၁၀ နှစ်ထက် မပိုနိုင်။	သက်တမ်း ၂၀ နှစ်အထိ ခိုင်းနိုင်သည်။
၆	ပြင်ဆင်ထိန်းသိမ်းစရိတ်ကြီးမားသည်။	ထိန်းကျောင်းစရိတ်သက်သာသည်။
၇	ရေလိုက်လုပ်ငန်းများတွင် သုံးမရ။	ရေလိုက်ခြင်းကို ဆင်သာအသုံးဝင်သည်။
၈	မိုးရာသီတောတွင်းခရီးသွား သုံး၍မရ။	မိုးရာသီ သယ်ယူပို့ဆောင်ရေးသုံးနိုင်။
၉	နှစ်စဉ် စက်ယန္တရားဝင်ဖို့လမ်းဖောက်ရသော ကုန်ကျစရိတ်ကြီးမြင့်မှုရှိသည်။	ရာသီမရွေး လုပ်ငန်းခွင်ဝင်နိုင်သည်။ အထူးလမ်းဖောက်ရခြင်း မရှိချေ။
၁၀	စက်ယန္တရားများတွင်သုံးစွဲမှုကြောင့် သားရဲတိရစ္ဆာန်များ စားကျက်ကျဉ်းမြောင်းလာရာမှ နောင်ပျောက်ကွယ်ခြင်းဖြင့် Ecosystem ပျက်စီးလာနိုင်သည်။ (Habited Loss and Transfer of Biodiversity)	ဆင်သည် Ecosystem သဘာဝဝန်းကျင်၏ မိတ်ဖက်ဖြစ်သည်။

ကျန်းမာသောဆင်နှင့် မကျန်းမာသောဆင် ခွဲခြားခြင်းလက္ခဏာ

စဉ်	အမျိုးအမည်	ကျန်းမာသောဆင်၏လက္ခဏာ	မကျန်းမာသောဆင်၏လက္ခဏာ
၁	မျက်စိ	ကြည်လင်တောက်ပဖျတ်လတ်သည်။	ထိုင်းမှိုင်းလေးလံမျက်ရည်ထွက်။
၂	အာနှင့်လျှာ	အရည်စိုပြည်၊ ပန်းနုရောင်အဆင်းရှိ။	ဖြူဖျော့နီရဲလျှင်အဖျားသွေးရှိ။
၃	ကိုယ်အမူအရာ	နှာမောင်း၊နားရွက်၊အမြီး၊ခြေလက်အမြဲလှုပ်ရှား။	လှုပ်ရှားမှုသိသိသာသာလျော့၊ငြိမ်သက်။
၄	ကိုယ်ရေပြား	စိုပြည်၊ မည်းနက်။	ဖြူရော်၊ ခြောက်သွေ့။
၅	ခွာအိုး၊ခြေသည်း	ခြေသည်းတစ်ပိုက်ခွာဆီများစိုနေသည်။	ခွာဆီခြောက်ကပ်၊ ခွာအိုးအက်ကွဲလာ။
၆	ဆီး	အရောင်ဝါ အနံ့အသက်ကင်း၊ ဆီးများစွာပေါက်။	ဆီးနည်း၊ အနံ့ဆိုး၊ နီ၊ နီဝါရောင်။
၇	ဝမ်း(ကျင်ကြီး)	မပျော့မမာ၊ ပိုးကောင်လောက်လန်းကင်းစင်။	ကျင်ကြီးတွင်အစာမကျေညက်မှုများတွေ့လာရ။
၈	အိပ်စက်ခြင်း	တစ်ညတွင်နှစ်ကြိမ်ထက်ပိုမအိပ် ပုံမှန် ည(၁၀) နာရီ နံနက် (၃) နာရီ အကြားတွင် တစ်ကြိမ်သာ အိပ်လေ့ရှိသည်။	နှစ်ကြိမ်ထက်ပို၊ နေ့ဘက်အိပ်လာ တစ်ညအတွင်း နှစ်ကြိမ်သုံးကြိမ်ထက်ပို၍ နေရာပြောင်းအိပ်တတ်လာသည်။

မုန်ယိုခြင်းနှင့် မိတ်လိုက်ခြင်း

မုန်ယိုခြင်း

မုန်ယိုသည်ဆိုသည်မှာ ဆင်တို့အရွယ်ရောက်လာချိန်၌ ကာမရာဂစိတ် ထကြွလာချိန်ဖြစ်တတ်သော အမူအကျင့်လက္ခဏာဖြစ်သည်။ အသက် ၁၈ နှစ်ခန့်မှစ၍ မုန်ယိုတတ်ကြသည်။ အသက် ၅၀ ကျော်၍ မုန်ယိုခြင်း မရှိတော့လျှင် မုန်အားဆုတ်ယုတ်ပြီဟု မှတ်ယူကြသည်။

မုန်ယိုလျှင် ဆင်၏နားထင်ရှိ မုန်တွင်း ခေါ် အကျိတ်များ၏ ထိပ်ပိုင်းရှိ အပေါက်ကလေးများ ကြွလာပြီး ဆီကဲ့သို့ ပျစ်ခွဲခွဲအရည်များ စီးကျလာလေ့ရှိသည်။ မုန်ရည်သည် မျှစ်ချဉ်အနံ့ကဲ့သို့ ဆိုးဝါးလှသည်။ ဆင်အချင်းချင်းတို့ သည် မုန်အနံ့ကို တစ်မိုင်ခန့်မှပင် သိနိုင်ကြသည်။

"အပေါ်မုန်"၊ "အောက်မုန်" ဟူ၍ ရှိသည်။ နားကင်းအထက် မုန်ပေါက်မှ မုန်ရည်များ စီးကျသည်ကို "အပေါ်မုန်" (သို့မဟုတ်) အထက်မုန်ယိုသည်ဟု ခေါ်သည်။ ပါးစပ်အတွင်း

သို့ စီးကျပြီဆိုလျှင် “မုန်အာသောက်သည်” ဟုခေါ်သည်။ ထိုအချိန်သည် အန္တရာယ်အကြီးမားဆုံး အချိန်ဖြစ်သည်။ လူကိုသတ်ဖြတ်တတ်ပေသည်။

လိင်အင်္ဂါများ ထက်ြလာပြီဆိုလျှင် အောက်မုန်ယိုပြီဖြစ်၍ အရူးအမူး ကြမ်းတမ်းလာကြသည်။ ထိန်းမနိုင်၊ သိမ်းမနိုင် ဝုန်းဒိုင်းကြမ်းပြီး တွေ့မြင်ရာကို တိုက်ခိုက်လာတတ်ကြသည်။ ကြီးမားသော မုန်ထူးကြိုးနှင့် မုန်တွဲကြိုးကို သံကြိုးကြီးများဖြင့် ခိုင်မာသော သစ်ပင်ကြီးများတွင် ချည်နှောင်ထိန်းသိမ်းထားရပေသည်။

သတိမူရန်မှာ အောက်မုန်မယိုမီ အပေါ်မုန်ကျစ အချိန်မီသိလိုက်ရ၍ ကောင်းစွာထိန်းချုပ်နိုင်ပါလျှင် မုန်ယိုစိတ် ရပ်တန့်သွားတတ်သည်။ အပေါ်မုန်ယိုပြီး နှစ်ရက်ခန့်တွင် အောက်မုန်ပါ ယိုတတ်လေ့ရှိသည်ကို သတိချပ်ရပေသည်။ ဆင်မများတွင် မုန်ကျသည်ကို ထင်ရှားမသိသာလှပေ၊ ဆင်ထီးများကဲ့သို့ မုန်ဆိုးခြင်းမရှိဘဲ ညင်သာကြသည်။ ဆင်မတိုင်းလည်း မုန်ကျခြင်းကို မတွေ့ခဲ့ရဖူးပေ။

မိတ်လိုက်ခြင်းဓလေ့

ဆင်ထီးနှင့် ဆင်မတို့ မြိုင်လာ၍ နှစ်ဖက်သဘောဆန္ဒညီမျှကြလျှင် မိတ်လိုက်တတ်ကြသည်။ လူရှေ့ သူရှေ့နှင့် လူနှင့်နီးရာတို့တွင် မိတ်လိုက်လေ့ မရှိကြပေ။ လူနှင့်ဝေးရာ မမြင်ကွယ်ရာမှာသာ မိတ်လိုက်တတ်ကြသည်။ ရှက်တတ်သည့် သဘောဆောင်ပေသည်။ မိတ်လိုက်ချိန် (မြိုင်ကာလ) သည် ၂ ပတ်မှ ၃ပတ် ခန့်ထိ ကြာမြင့်တတ်ပြီး နွားများကဲ့သို့ ဆင်မ၏ ကျောပေါ်သို့ ဆင်ထီးက ခွပိုး၍ မိတ်လိုက်ကြသည်။

ထူးခြားသည်မှာ အဟိတ်တိရစ္ဆာန်ပင် ဖြစ်လင့်ကစား သားက မိခင်ဆင်မကြီးကို မိတ်လိုက်ခြင်း လုံးဝမရှိပေ။ မိမိသစ်တောဝန်ထမ်း လုပ်သက်တစ်လျှောက် တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့ရဖူးပေ။ မိမိသာမက အတွေ့အကြုံ ရင့်ကျက်ပြီး နှစ်ပေါင်းများစွာ အမှုထမ်းဆောင်ရွက်ခဲ့ကြသော ဆင်ဦးစီး ဆင်အုပ်ကြီးများ၏ ဘဝတစ်လျှောက်မှာလည်း မိခင်ဆင်မကို သားဆင်က မိတ်လိုက်ခြင်း မတွေ့မမြင် မရှိခဲ့ကြောင်း ထောက်ခံပြောဆိုခဲ့ကြသည်။

ဆင်မများ ကိုယ်ဝန်ဆောင်ခြင်းနှင့် သားမွေးခြင်း

ဆင်မများ၏ သန္ဓေလွယ်ကာလသည် ပုံမှန်အားဖြင့် ၂၂ လ ရှိသည်။ သားခြားကာလသည် ၂ နှစ်ခွဲ ရှိပေသည်။ ဆင်မများ သန္ဓေသားလွယ်ပြီ (ကိုယ်ဝန်ဆောင်ပြီ) ဆိုလျှင် ထင်ရှားသော သင်္ကေတတစ်ခုရှိသည်။ “သက်မြောင်ကပ်” သည်ဟုခေါ်သည်။ သက်မြောင်ကပ်သည်ဆိုသည်မှာ အခြားဆင်ပျိုမတစ်ကောင်က ကိုယ်ဝန်ဆောင်သော ဆင်မအနီး

ချဉ်းကပ်ပြီး အတူနေအတူစား တပူးတွဲတွဲဖြင့် ကြင်နာယုယစွာနေထိုင်ခြင်းဖြစ်ပေသည်။ နောက်မှလည်း တကောက်ကောက်လိုက်နေတတ်သည်။

ထိုကဲ့သို့ "သက်မြောင်းကပ်" ခြင်းကို မည်သည့်ဆင်ဦးစီး ဆင်သမားများကမှ အထူး သင်ကြားပေးရခြင်းမရှိပေ၊ ဆင်တို့၏သဘာဝ ဗီဇစိတ်၏စေ့ဆော်လာသော မျိုးနွယ် ချစ်စိတ်ပင်ဖြစ်သည်။ ဆင်မျိုးနွယ် မျိုးဆက်တို့အောင်မြင်စွာ မွေးဖွားတိုးပွားစေသောဌာ သဘာဝကပေးသော မိခင်စိတ် ဖြစ်ပေသည်။ ဆင်ဦးစီး၊ ဆင်သခင်တို့က သက်မြောင်းကပ် ခြင်း အရိပ်လက္ခဏာကို ကြည့်ခြင်းဖြင့် ဆင်မများ ကိုယ်ဝန်ရှိလာမှု ရင့်မာလာမှုကို ဆုံးဖြတ် စောင့်ကြည့်ကြရသည်။

သို့ရာတွင် အချို့ဆင်မများသည် မိတ်လိုက်ချိန်မှစပြီး ကိုယ်ဝန်ရင့်မာလာချိန်အထိ လူများမသိရအောင် သက်မြောင်းကပ် မခံဘဲ ပိပိရိရိ ရှောင်နေတတ်ကြသည်လည်းရှိသည်။ နေ့စေ့လစေ့ပြီး မွေးဖွားလိုက်မှပင် ဆင်လုပ်သားတို့ သိလိုက်ရသည်များလည်း ကြုံရဖူးပေ သည်။ ထိုအခါများ၌ ကိုယ်ဝန်ဆောင်နေမှန်း မသိလိုက်၍ အလုပ်ခွင်တွင် သစ်ဆွဲခိုင်းမိပါက ကိုယ်ဝန်ပျက်ကျခြင်း၊ မွေးဖွားရာ၌ သေဆုံးခြင်းများ ဖြစ်တတ်သည်ကို ဆင်လုပ်သားများ အထူး သတိချပ်ရပေသည်။ သို့ကြောင့် နိုင်ငံပိုင်ဆင်များ၊ ပုဂ္ဂလိကပိုင်ဆင်များ မဆုံးရှုံး သင့်ဘဲ ဆုံးရှုံးခြင်းမဖြစ်ရအောင် မိတ်လိုက်ချိန်မှစ၍ သတိထားပြီး ဂရုတစိုက် စောင့်ကြပ် ကြည့်ရှုကြရသည်။

ဆင်မများ နားထင်ကျခြင်း၊ လိင်အင်္ဂါရောင်ရမ်းခြင်း၊ နို့အုံတွဲကျခြင်း စသည့် လက္ခဏာများကို ဂရုတစိုက် စောင့်ကြပ်ကြည့်ရှုမှတ်သားကြရသည်။ ဆင်မများသည် ကိုယ်ဝန် ၁၀ လ ခန့်ရကြလျှင် လုံးဝ မိတ်မလိုက်ကြတော့ပေ၊ ကိုယ်ဝန်ရင့်မာလာပါက ဆင်ကလေး မမွေးဖွားမီ နို့အုံသည် သုံးကြိမ်သုံးခါ တွဲကျတတ်သည်။ ပထမတစ်ကြိမ် နို့အုံတွဲကျလာပြီး နှစ်ရက်သုံးရက်ခန့်အကြာ ပြန်ပြီးပိန်ချပ် သွားတတ်သည်။ ထိုကဲ့သို့ ပိန်ချပ်သွားလိုက် ပြန်တွဲကျလိုက်ဖြင့် သုံးကြိမ်ဖြစ်ပြီးမှသာ ဆင်ကလေးကို မွေးဖွားကြသည်။ ဤလက္ခဏာကို ဆင်ထိန်းတို့က ဆင်ရေချရာတွင် သတိထား ကြည့်ရှုမှတ်သားကြရပေ သည်။ ထို့အပြင် ယေဘုယျအားဖြင့် ကိုယ်ဝန်ရှိလာသည့် ဆင်မများသည်အသွားအလာ လေးလံနှေးကွေးလာသည်။ အနေအထိုင်ငြိမ်သက်လာကြသည်။ နို့အုံကိုညှစ်ကြည့်ပါက နို့ရည်ကြည်သားနံရည်များ ထွက်လာတတ်သည်ကိုလည်း ကြည့်ရှုနိုင်ပေသည်။

ဆင်မများသည် အသက် ၁၇ နှစ်၊ ၁၈ နှစ်မှ ၂၀ အကြား အပျိုဖော်ဝင်၍ မိတ်လိုက်တတ်ကြသည်။ သားမွေးခြင်းကိုအသက် ၂၀ မှ ၆၀ နှစ်အထိ မွေးဖွားနိုင်စွမ်း ရှိပေသည်။ ပုံမှန်အားဖြင့် ဆင်မများသည် တစ်ကြိမ်သားမွေးလျှင် တစ်ကောင်သာ မွေးဖွား

လေ့ရှိပါသည်။ နှစ်ကောင်မွေးခြင်း၊ အမြွာမွေးခြင်းများ အလွန်ရှားပါးလှပါသည်။ ဖြစ်နိုင်ခဲသောကိစ္စဟု ဆင်လေ့လာသူများက သတ်မှတ်ကြပါသည်။ အချို့ လုံးဝ သားမမွေးသော အမြဲုဆင်မများလည်း ရှိတတ်ပေသည်။ မိမိ ဝန်ထမ်းသက် နှစ် ၃၀ အတွင်း အမြွာမွေးခြင်းကို တစ်ခါမျှ ကိုယ်တွေ့မတွေ့ကြုံခဲ့ရဖူးပေ။

လွန်ခဲ့သော နှစ်ပေါင်း ၄၉ ခန့် ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့က မြန်မာ့သစ်လုပ်ငန်းအဖွဲ့မှ "တွားအေးမ" အမည်ရှိ သစ်ဆွဲဆင်မတစ်ကောင်သည် ဆင်ထီးလေးနှင့် ဆင်မလေး အမြွာမောင်နှမတစ်စုံကို မြစ်ကြီးနားဒေသ အင်းတော်ကြီး သစ်ထုတ်နယ်တွင် မွေးဖွားခဲ့ဖူးကြောင်း သစ်တောဦးစီးဌာန ဆင်မှတ်ပုံတင်မှတ်တမ်းများတွင် လေ့လာရပေသည်။ မိခင် ဆင်မကြီး "တွားအေးမ" သည် သားမွေးစဉ်က အသက် ၂၆ နှစ်ရှိပြီး မှတ်တမ်းအရ ၁၉၅၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ဆင်မကလေးတစ်ကောင် မွေးဖွားခဲ့ဖူး၏။ အမြွာမွေးဖွားရာတွင် ဆင်ဝိုင်း၌ အတူနေ အလုပ်ဆင်ထီး အမှတ် (၁၇၄၄) "သန်းကျော်ဌေး" အမည်ရှိ ဆင်ထီးနှင့် မိတ်လိုက်ခဲ့သည်ဟု ဆင်ဝိုင်း တာဝန်ရှိသူများက မှတ်တမ်းတင်ထားကြသည်။ ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့က မော်လိုက် အနောက်သစ်ထုတ်ရေး ဒေသ (ယူးနယ်) တွင် မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်မကြီး "မြရင်" (မ-၁၂၇၈) မှ ဆင်အမြွာကလေးနှစ်ကောင် မွေးဖွားခဲ့ဖူးကြောင်း မှတ်တမ်းများတွင် လေ့လာတွေ့ရှိရဖူးပေသည်။

ဆင်အမြွာ မွေးခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ စတီးဘရားသားသစ်ကုမ္ပဏီနှင့် ပူးပေါင်း၍ နှစ်ပေါင်း ၃၄ နှစ်မျှလုပ်ကိုင်ခဲ့ဖူးသူ နိုင်ငံခြားသား မစ္စတာဖယ်ရီယာ ဆိုသူက သောင်းရင်းဒေသတွင် ဆင်အမြွာမွေးခဲ့သော"သောင်းရင်းအမြွာ" နှင့်ပတ်သက်၍ မှတ်တမ်းရေးသားပို့ခဲ့ရာတွင် အမြွာသည် ဖြစ်တောင့်ဖြစ်ခဲသော ကိစ္စဖြစ်ကြောင်း၊ အမြွာမွေးဖွားခဲ့သည် ဆိုလျှင်လည်း ထိုဆင်အမြွာများသည် အသက်မရှည်ကြောင်း၊ ၁၉၃၁ ခုနှစ်တွင် ပဲခူးတိုင်း ပြည်သစ်ထုတ်ရေးဒေသတွင် မွေးဖွားခဲ့သည့် ဆင်အမြွာနှစ်ကောင်မှာလည်း သေဆုံးခဲ့ကြောင်း မှတ်တမ်းရေးသားခဲ့သည်ကို သစ်တောဦးစီးဌာန ဆင်မှတ်တမ်းများအရ လေ့လာမှတ်သားခဲ့ရပေသည်။

ဆင်တို့သားဖွားခြင်းနှင့်ပတ်သက်၍ "သိမှတ်ဖြာဖြာ၊ ဆင်တို့မှာကား၊ တည်လာသန္ဓေ၊ စွဲနေသည်က၊ ဆင်ပေါက်မကို၊ သိထစေရာ၊ သားမြတ်ညှာလည်း၊ မြင်သာဖယ်ကား၊ စွယ်စုံဖွားအံ့၊ အောက်ကားတွဲကာ၊ ဟိုင်းဖွားလာ၏။ တွင်းသားဖယ်ညား၊ 'မ' လျှင်ဖွားအံ့၊ တည်ထားမြင့်ကြာ၊ ဖွားလာမည့်ရေး၊ ဆင့်မျက်မွေးကို၊ မနှေးလွယ်ကာ၊ နုတ်တုံပါလျှင်၊ 'ဥ' ကျင်သုံးဆင့်၊ ရှိလျှင်သုံးလကြာ၊ နှစ်သာရှိက၊ နှစ်လရ၏။ တစ်မျှရှိငြား၊ တစ်လဖွားအံ့၊

'ဉ' ကားမပါ၊ လမကြာခင်၊ ဖွားမြင် ပေအံ့" ဟူ၍ ဆင်မတို့၏ သားမြေတ် အပြင်သို့ကားနေလျှင် စွယ်စုံဆင်ဖွားမည်၊ အောက်သို့တွဲကျနေလျှင်၊ ဟိုင်းဆင်မွေးမည်၊ အတွင်းသို့ကားဝင်နေလျှင် ဆင်မမွေးမည်ဟူ၍လည်းကောင်း၊ ကိုယ်ဝန်ဆောင်ဆင်မ၏ မျက်တောင်မွေးကို နုတ်ယူကြည့်ပါက အရင်းပိုင်း၌ 'ဉ' သဖွယ် အဖုကလေးများ တွေ့နိုင်သည်။ တစ်ဉရှိလျှင် တစ်လ၊ နှစ်ဉရှိလျှင်နှစ်လ၊ သုံးဉတွေ့ရလျှင် သုံးလ၊ ဥလုံးဝ မတွေ့တော့လျှင် မကြာခင် ဖွားတော့မည်ဟူ၍လည်းကောင်း ညွှန်းဆိုမှတ်သားထားကြခြင်းရှိသည်။

အံ့ဖွယ်ဆင်သားမွေးခြင်း မြင်ကွင်းတစ်ခု

အိမ်မွေးဆင်ယဉ်အမများ သားမွေးသည်ကို တွေ့ဖူးမြင်ဖူးသူများ ရှိနိုင်ပါသည်။ နက်ရှိုင်းသော သစ်တောကြီးများအတွင်း ခိုအောင်းနေထိုင်သော တောဆင်ရိုင်းအမများ၏ သားမွေးခြင်းကို တွေ့ဖူးမြင်ဖူးသူ အလွန်ရှားပါးမည်ဖြစ်ပါသည်။ ၁၉၆၆ ခုနှစ်က ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ အနောက်ဘက်ရိုးမ မြောက်မြန်အောင်သစ်တောကြိုးဝိုင်းတွင် ကျွန်းသင်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်က ရှားရှားပါးပါး ကံကောင်းထောက်မစွာ တောဆင်ရိုင်းအုပ်ကြီးတစ်အုပ်၌ ဆင်မတစ်ကောင် သားဖွားနေသည်ကို တွေ့ကြုံခဲ့ရဖူးပါသည်။ ထိုအချိန်က ကျွန်တော်သည် အသက် ၂၀ ခန့်၊ ငယ်ရွယ်သူ အလုပ်ဝင်စ လက်အောက်ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ သို့ကြောင့်လည်း အနှီမြင်ကွင်းကို တန်ဖိုးထားရကောင်းမှန်းမသိခဲ့ပါ။ ဆရာ၏ အုပ်ထိန်းမှုအောက်တွင် ကြောက်ရွံ့တုန်လှုပ်မှုစိတ်ဖြင့် အံ့ဩြစွာ ငေးမောကြည့်လာခဲ့ရုံမျှအပ ဘာတစ်ခုမျှ စိတ်ဝင်စံစားမှု မရှိခဲ့ကြောင်း ဝန်ခံအပ်ပါသည်။ ယခု အလျဉ်းသင့်လာသည်ဖြစ်၍ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က မိမိ၏စိတ်နှလုံးဝယ် စွဲထင်နေခဲ့သော အတွေးပုံရိပ်ကို ပြန်လည်ပုံဖော် ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ထိုအချိန်က စာရေးသူသည် မိမိအဖွဲ့ခေါင်းဆောင် သင်းသတ်အရာရှိ ဒုတိယတောအုပ် ဦးစိန်လှိုင် (ယခု ကွယ်လွန်) နှင့် တွဲဖက်လုပ်ကိုင်ရပါသည်။ တစ်ရက်တွင် အလုံချောင်းအဖျားပိုင်းအကွက်၌ ကျွန်းသင်းသတ်ကြရာ အကွက်ပိတ်လုနီးဖြစ်နေ၍ ညနေ ၃ နာရီတွင် အလုပ်သိမ်းပြီး စခန်းသို့မပြန်ကြသေးဘဲ အလုပ်ကို လက်စသိမ်းလုပ်ကြရသည်။

ချောင်းဖျားတောင်ထိပ်တွင် အကွက်မြေပုံတိုင် စိုက်ထူကြသည်။ ဤတောင်ကို နောက်တစ်နေ့ တစ်ခါထပ်ပြီး ပြန်မတက်ချင်ကြတော့။ လုံခြုံရေးအရလည်း ရက်ရှည်လုပ်ကိုင်ခွင့် မရကြပေ။ သို့ကြောင့် အလုပ်သမား ၃ ယောက်ကို ထမင်းချက်ရန်နှင့် စခန်းသို့ကြိုတင်ပြန်လွှတ်လိုက်ပြီး မိမိတို့အဖွဲ့တွင် ၄ ယောက်သာ ကျန်ခဲ့သည်။ မြေပုံ

တိုင်စိုက်ရမည့် ချောင်းဖျားတောင်ထိပ်အရောက် ငါးမိနစ်ခန့်မျှ တက်လိုက်ကြရ၍ အတော်မောဟိုက်သွားကြသည်။ တောင်ထိပ်ပေါ်တွင် လေးယောက်သား မြေပြင်ပေါ် ပက်လက်လှဲချကာ အမောဖြေနေရသေးသည်။ စကားမပြောနိုင်ကြသေးပေ။ နွေကုန် မိုးဦးကူးစကာလ လေအဝှေ့တွင် ရွက်ဝါတို့လွင့်မျောနေကြဆဲ ပင်ယံထက်ဖျားမှ ကြွေကျသော ရွက်ဝါတို့ တေးသံမှအပ တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအချိန်၌ တစ်ဖက်တောင်စောင်း ရေဝေကြောတန်း သစ်တောထဲမှ "ဝူး" ခနဲ စူးစူးဝါးဝါးကြီး အော်သံတစ်ချက်သည် တစ်တောလုံးဟိန်းသွားလေရာ စာရေးသူတို့အဖွဲ့ နှလုံးသွေးရပ်သွားမည်လား ထင်မှတ်ရသည်။ လန့်ပြီးထွက်ပြေးမည်အလုပ်တွင် အော်သံကြီးက တစ်ချက်တည်းဖြင့်ရပ်သွားကာ တိတ်ဆိတ်သွားပြန်သည်။ ဆရာ ဦးစိန်လှိုင်က "ရှူး" အသာနေဟု အရိပ်လက္ခဏာပြ၍ အသံလာရာဘက်ကို လက်ညှိုးထိုးပြသည်။ မိမိတို့ သဘောပေါက်သွားကြသည်။ အသံလာရာသည် အနိမ့်ပိုင်းမှာဖြစ်နေ၍ လေးဖက်တွားသွားပြီး အသာချောင်းကြည့်မိကြသည်။

မြင်ကွင်းကြောင့် အားလုံးအံ့အားသင့်ကြရသည်။ တောဆင်ရိုင်းအုပ်ကြီး တစ်အုပ်ဖြစ်နေသည်။ အားလုံး ၇ ကောင်အုပ်ဖြစ်သည်။ ဆင်မကြီးတစ်ကောင်က တုံးလုံးလှဲအိပ်နေသည်။ အနီးတွင် ဆင်မနှစ်ကောင်က သူတို့နှာမောင်းများဖြင့် နမ်းရှုပ်လိုက်ပွတ်လိုက်ဖြင့် အနားက မခွာကြပေ။ ကျန်သော ဆင် ၄ ကောင်က ဆင်မများနှင့်ဆိုလျှင် ပေ ၅၀ ခန့်တွင် သစ်ရွက်ဝါးရွက်ချိုး၍ စားနေကြသည်။ နားရွက်ကြီးများ တဖျပ်ဖျပ်ဖြင့် တစ်ခါတစ်ရံ အနားလာလိုက် ထွက်သွားလိုက်ဖြင့် တဝဲလည်လည် လုပ်နေကြသည်။ မိမိတို့အဖွဲ့ အပေါ်စီးမှဖြစ်နေ၍ ဆင်အုပ်၏ လှုပ်ရှားမှုများကို သစ်ပင်များအကြားမှ ကောင်းစွာမြင်တွေ့နေရသည်။ မျက်ကွယ်ပုန်းပြီး အသက်ပင် ပြင်းပြင်းမရှူကြဘဲ စောင့်ကြည့်နေကြသည်။

သိပ်မကြာလှပါချေ။ တုံးလုံးလှဲအိပ်နေသော ဆင်မကြီးသည် ကုန်းထလိုက်ပြီး မတ်တတ်ရပ်နေရာမှ နောက်ခြေနှစ်ချောင်း ဒူးကို အသာကွေးညွတ်ပြီး ဖင်ပိုင်းကို နှိမ့်ချလိုက်ရာ ဆင်ပေါက်ကလေးတစ်ကောင် လျှောခနဲ ထွက်ကျလာလေသည်။ ထို့နောက် ဆင်မကြီးက အသာပြန်လှည့်ကာ ဆင်ကလေးကို နှာမောင်းဖြင့် အသာပွတ်သပ် တွန်းထိုးပေးသည်။

ဆင်မကြီးသည် နှာမောင်းကြီးကို အပေါ်ထောင်ကာ စူးစူးဝါးဝါးကြီး တစ်ချက် အော်လိုက်ပြန်ရာ တောလုံး ဟိန်းထွက်သွားပြန်သည်။ ပဲ့တင်သံများပင် တော်တော်နှင့်မဆုံး။ နားထောင်ကောင်းလှပါသည်။

မိခင်ဆင်မကြီးသည် ဆင်ကလေးအား နှာမောင်းဖျားဖြင့် တွန်းလိုက် နမ်းရှုပ်လိုက် လုပ်နေသည်။ ဆင်သားပေါက်ကလေးက ကုန်းထလိုက် ဝပ်သွားလိုက်ဖြင့် မတ်တတ်ရပ်ရန် ကြိုးစားနေသည်။ ဆင်မကြီးက နှာမောင်းဖြင့် ထူပေးသည်။ ဆင်ကလေး မတ်တတ် ကောင်းစွာရပ်လာပြီး ဆင်မကြီးဗိုက်အောက်သို့ တိုးဝင်တော့သည်။ နို့အုံကို နှာမောင်းဖြင့် စမ်းတဝါးဝါး နှိုက်ပြီးနောက် ပါးစပ်ဖြင့် ဝင်စို့တော့သည်။ ဆင်မကြီးသည် အလိုက်သင့် ရှေ့လက်နှစ်ဖက်ထောက်၍ လေးဖက်ကုန်းအနေအထားဖြင့် အနည်းငယ် နို့မှ်ချပေးလိုက် သည်။ ခန့်မှန်း သုံးမိနစ်ခန့်သာ ကြာမည် ထင်ပါသည်။ ဆင်မကြီး ပြန်ထလိုက်ပြီး ဆင်ကလေးကို နှာမောင်းဖြင့် ရှေ့ကိုတွန်းပေးပြီး လျှိုအနိမ့်ထဲသို့ ဆင်းသွားလေသည်။

ဤမြင်ကွင်းကို ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် ဘယ်သောအခါမျှ မေ့ကြမည် မဟုတ်ပေ။ ကင်မရာ မပါ၍လည်း နှမြောတသ ဖြစ်ကြရသည်။ ယခုခေတ်ကဲ့သို့ ဗီဒီယို၊ ဒီဂျစ်တယ်ကင်မရာများ ခေတ်စားခဲ့ပါလျှင် အလွန်တန်ဖိုး မဖြတ်နိုင်သော သဘာဝမှတ်တမ်း တစ်ခု ရရှိလိုက်မည်ဖြစ်ပါသည်။

သားမွေးနေသည့် ဆင်မကြီးဘေးမှ ဆင်မနှစ်ကောင်သည် "သက်မြောင်ကပ်" ဆင်မ များသာ ဖြစ်ပေသည်။ သားဖွားလက်သည် ဆရာမများကဲ့သို့ ကလေးမွေးဖွားသည့် ဆင်မကို အနီးကပ်စောင့်ရှောက်ကြခြင်းသာဖြစ်ပေသည်။ ကျန်ဆင်များသည် သားမွေးစဉ်မှာ ပတ်ဝန်းကျင်ဘေးအန္တရာယ်မှ စောင့်ရှောက်နေကြခြင်း ဖြစ်နိုင်ပေသည်။ ထူးခြားသည်မှာ ဆင်မကြီးသည် သားမွေးဖွားစဉ်မှာ အသံလုံးဝမထွက်ဘဲ မွေးဖွားသည့်ဘေးမှဆင်များက လည်း အသံများ လုံးဝငြိမ်သက်နေကြသည်။ ပထမဦးစွာ စူးစူးဝါးဝါးကြီး တစ်ချက်အော်သံ နှင့် ကလေးမွေးဖွားပြီး ဒုတိယတစ်ချက်အော်သံသည် မိခင်ဆင်မကြီး၏ခွန်အားသာ ဖြစ်ပေမည်။

တောင်စွယ်တွင် နေရောင်တောက်သဖြင့် ကောင်းကင်ပြင်ကြီးဝင်းဝါနေပြီ၊ နေကွယ် ပေတော့မည်။ ဆင်လောကကြီးထဲသို့ မျိုးဆက်သစ်ဆင်ကလေးတစ်ကောင် ဘေးကင်း ချမ်းမြေ့စွာ မွေးဖွားသွားပြီတကား။ စာရေးသူတို့အဖွဲ့ စကားပင်မပြောနိုင်ကြသေး၊ အပြုံး ကိုယ်စီဖြင့် တောင်ပေါ်လေကို ခပ်ပြင်းပြင်း ဝအောင်ရှိုက် သက်ပြင်းများပင်ချမိပါသည်။ ထိုနေ့သည် ၇ နာရီမှ စခန်းသို့ ပြန်ရောက်ကြရပါသတည်း။

မှတ်ချက်

သစ်တောဦးစီးဌာန၏ ကျွန်းသင်းသတ်ခြင်း လုပ်ငန်းများသည် နှစ်စဉ် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် စတင်တောတက်၍ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် လုပ်ငန်း သိမ်းလေ့ရှိပါသည်။

သို့ရာတွင် ၁၉၆၆ ခုနှစ်က အထူးလုပ်ငန်း တာဝန်တစ်ရပ်အနေဖြင့် မေလတွင် သီးခြားတောတက် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါသည်။

ဆင်၏ထူးခြားသောအင်္ဂါရုပ်များအလိုက် ခွဲခြားသတ်မှတ်ခြင်း

မြန်မာ့သစ်လုပ်ငန်းသစ်ထုတ်ရေးဌာနတွင် ဆင်များကိုတစ်ကောင်ချင်း မှတ်ပုံတင်ရသော ဆင်စာအုပ် (ပုံစံ-ည) ထားရှိရသည်။ ဆင်များ၏ဘဝမှတ်တမ်းလည်း ဖြစ်ပေသည်။ မွေးဖွားသည်မှစ၍ သေဆုံးချိန်ထိ မှတ်သားရသော မှတ်တမ်းစာအုပ်ဖြစ်သည်။ ဆင်တစ်ကောင်ချင်း မှတ်ပုံတင်ရာတွင်ဆင်၏ထူးခြားသော အင်္ဂါအစိတ်အပိုင်းများကို မှတ်တမ်းတင်ရပေသည်။ တစ်ကောင်နှင့်တစ်ကောင် အင်္ဂါရုပ်များ ကွဲပြားစွာရှိကြပေသည်။

မှတ်တမ်းရေးသွင်းရာတွင် ဆင်ပေါက်ကလေး ကျူးသွင်းမှိန်းသင်သည်မှစ၍ အသက် ၂၁ နှစ်ထိ တစ်နှစ် တစ်ကြိမ်၊ အသက် ၂၁ နှစ်မှ အထက် ၂ နှစ်လျှင်တစ်ကြိမ် တိုင်းထွာမှတ်တမ်းယူရသည်။ နှစ်စဉ် မတ်လတွင်သာ တိုင်းတာမှတ်တမ်းရေးသွင်းရပေသည်။

(၁) ကျောရိုး

ကျောရိုးသဏ္ဌာန်ကို ဘေးမြင်ကျောရိုးအဖြစ် (၄) မျိုးကွဲပြား၍ သတ်မှတ်ထားသည်။

(က) ဒှက်ပျော်ကိုင်း

ဒှက်ပျော်ရွက်ကိုင်းသည့်သဏ္ဌာန် လည်တိုင်ရင်းမှစ၍ နောက်တင်ပါးဘက်သို့ ခပ်ကိုင်းကိုင်း မျှောဆင်းသွားသည့်ကျောရိုးကို ဒှက်ပျော်ကိုင်းဟုခေါ်သည်။

(ခ) ကျောတန်း (သို့မဟုတ်) ဝက်ကုန်း

လည်တိုင်အရင်းမှစ၍ ကျောတန်းသွားပြီး တင်ပါးပိုင်းရောက်မှ ကိုင်းသွားသည်။ ဝက်ကျောရိုးနှင့် တူသဖြင့် ဝက်ကုန်းဟုလည်းခေါ်သည်။

(ဂ) ငါးဖယ်ကုန်း

လည်တိုင်မှကျောလယ်အထိ ပြေပြေကုန်းတက်သွားပြီး တင်ပါးဘက် အနည်းငယ် နိမ့်ကုန်းဆင်း သွားသည်။ ငါးဖယ်ငါး၏ကျောနှင့်သဏ္ဌာန်တူ၍ ငါးဖယ်ကုန်းဟုခေါ်သည်။

(ဃ) ကုန်းပြာသာဒ်

ကျောရိုးတန်းတစ်လျှောက် အဖု၊ အချိုင့်အခွက်များ၊ နှစ်ခုသုံးခုမျှ ရှိနေခြင်းကို ခေါ်သည်။ ကျောရိုးပေါ်လွန်းအားကြီး၍ မကြာခဏ ကျောပေါက်တတ်သည်ကို သတိပြုရသည်။ အများအားဖြင့် ခြေတံရှည်သော ဆင်မျိုးများတွင် ဤကုန်းပြာသာဒ်ကျောရိုးမျိုးကို တွေ့ရတတ်သည်။

(၂) နားရွက်

ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။

(က) နားကြီး

ဆင်၏ဦးခေါင်းနှင့် လိုက်ဖက်ညီထွေ နားရွက်ကြီး၍ ကျယ်ပြန့်သောနားကို ခေါ်သည်။

(ခ) နားကလေး

ဆင်၏ဦးခေါင်းနှင့်စာလျှင် သိသိသာသာသေး၍ တောင့်တင်းသောနားကို ခေါ်သည်။

(၃) ဆင်၏မျက်စိအမျိုးအစား

ဆင်တို့၏ မျက်စိကို ၄ မျိုး ခွဲခြားသတ်မှတ်ထားရှိသည်။

- ပုလဲမျက်လုံး
- ဇင်ရွေးမျက်လုံး
- ကြက်တူရွေးမျက်လုံး
- ဘုတ်မျက်လုံး ဟူ၍ဖြစ်သည်။

ပုလဲမျက်လုံး

သူငယ်အိမ်၌သာ အမည်းရောင် အနည်းငယ်ရှိသည်။ မျက်လုံးအိမ် အနက်ဝိုင်းနေရာတွင် ကြည်လင်သော အဖြူရောင် ပါရှိနေသည်။ ပုလဲမျက်လုံးရှိသော ဆင်ကို ကိုင်တွယ်ထိန်းကျောင်းသည့် ဆင်ဦးစီးတို့က ဦးနှိမ်၍ နိုင်နိုင်နင်းနင်း ကိုင်ထားရသည်။ သို့မဟုတ်ပါက လူကိုရန်မူတတ်သော အကျင့်ဆိုးပါလာတတ်သည်။

ဇင်ရွေးမျက်လုံး

မျက်လုံးအမည်းရောင် အဝိုင်းနေရာတွင် အဖြူရောင်စက်များနှင့် မျက်လုံးအဖြူရောင် အသားတွင် အမည်းစက်များ ပြောက်ကျားပါဝင်နေတတ်သည်။ ဇင်ရွေးမျက်လုံးရှိသော ဆင်သည် လူကို ရန်မူတတ်ရာတွင် တစ်ဇွတ်ထိုး အသေတိုက်ခိုက်တတ်လေ့ရှိသည်။ အထူးသတိထား ထိန်းသိမ်းကိုင်တွယ်ရသည်။ (အချို့က ကျေးမျက်လုံးဟုလည်း ခေါ်သည်)။

ကြက်တူရွေးမျက်လုံး

မျက်လုံးသူငယ်အိမ်၏ ဘေးတစ်ဝိုက် အဝါရောင်သန်းသည်။ ကြက်တူရွေးမျက်လုံးရှိသော ဆင်သည် ကြောက်ကန် ကန်တတ်သော အကျင့်ရှိသည်။ ရန်မူလျှင် မျက်စိစုံမှိတ်ပြီး ပြေးထိုးတတ်ရာ ထိုးသတ်တိုင်း ထိရောက်မှုမရှိဖြစ်လေ့ရှိသည်။ ရန်မူပြီးနောက် ထွက်ပြေးတတ်လေသည်။

ဘုတ်မျက်လုံး

မျက်လုံးသည် ဘုတ်မျက်လုံးကဲ့သို့ အနီရောင်သန်းလျက်ရှိသည်။ ထိုဆင်မျိုးသည် စိတ်သဘောကောင်းသော ဆင်များဖြစ်သည်။ ငယ်စဉ်ကတည်းက မှိန်းသင်လေ့ကျင့်ပေးပြီး ယဉ်ပါးနေပြီဖြစ်သောဆင်သည် မုန်ကျခိုန် မြိုင်ကာလများမှအပ သာမန်အခိုန်များ၌ လူကိုရန်မူခြင်း မရှိကြချေ။ အလုပ်ခိုင်းသမျှ ကောင်းစွာနာခံလုပ်ကြသည်။ အလွန်လိမ္မာသော တန်ဖိုးရှိသော ဆင်များသာဖြစ်ပေသည်။

အချို့ဒေသတွင် ငါးဖားမမျက်လုံးဟူ၍ တစ်မျိုးခွဲခြားခြင်းလည်းရှိသည်။ အနားရစ်မပါ၊ မျက်ဆံသာလျှင် နီညိုရောင်သေးငယ်သည့် အရစ်တစ်ခုပါရှိသည့် မျက်စိမျိုးကို ငါးဖားမမျက်စိဟု ခေါ်ဆိုမှတ်သားကြသည်လည်းရှိသည်။

(၄) အမြီး

အမြီးဆံကောင်းမကောင်းသာ မှတ်သားမှတ်တမ်းတင်ရပေသည်။ ကွဲပြားမှု သိပ်မရှိပါ။ သို့ရာတွင် အောက်ပါ ထူးခြားသည့် လက္ခဏာများကို တွေ့ရတတ်သည်။

(က) အမြီးတံခါးပိတ်

မြီးဆံသည် ပုံမှန်ရှိရိုးမဟုတ်ဘဲ ဘေးတိုက်ကန့်လန့်ဖြစ်နေခြင်းကိုခေါ်သည်။ (ဆင်ဖြူတော်၏အင်္ဂါရုပ်တစ်ပါးဟု သတ်မှတ်ချက်ရှိသည်။ သို့သော် ၎င်းအမြီးမျိုးဆံရှိသော ဆင်တို့သည် ဆင်ဆိုးများဖြစ်နေသည်ကို တွေ့ရသည်။)

(ခ) မြီးတွန့်

အမြီး၏အရင်း၌ဖြစ်စေ၊ အဖျား၌ဖြစ်စေ တွန့်နေတတ်သောအမြီးမျိုးဖြစ်သည်။ မွေးရာပါမြီးတွန့်ဆင်များသည် ခါချခြင်း၊ ပြေးခြင်း စသည့် အကျင့်ဆိုးများ ရှိတတ်သည်။

(၅) ခြေသည်း၊ လက်သည်း

သာမန်အားဖြင့် သုံးမျိုးသုံးစားသာရှိသည်။

(က) ဆင်ဖြူစုံ (ရှေ့ ၅၊ နောက် ၅)

ရှေ့ခြေတွင် ၅ ချောင်းနှင့် နောက်ခြေတွင် ၅ ချောင်း စုံညီပါသည့်ဆင်ကို "ဆင်ဖြူစုံ" ဟု ခေါ်ကြသည်။

(ခ) မြန်မာစုံ (ရှေ့ ၅၊ နောက် ၄)

ရှေ့ခြေ ၅ ချောင်းနှင့် နောက်ခြေ ၄ ချောင်းရှိသည်ကို "မြန်မာစုံ" ဟု ခေါ်သည်။

(၈) တလိုင်းစုံ (ရှေ့ ၄၊ နောက် ၄)

ရှေ့ခြေ ၄ ချောင်း၊ နောက်ခြေ ၄ ချောင်းပါသည်ကို "တလိုင်းစုံ" ဟုခေါ်သည်။

(၆) အစွယ်

ငါးမျိုးသတ်မှတ်ချက်ရှိသည်။

(က) စွယ်တုတ်

တုတ်ခိုင်သန်မာ၍ အနည်းငယ်သာရှည်သည်။

(ခ) ငှက်ပျောဖူး

အစွယ်မရှည်ဘဲ ငှက်ပျောဖူးသဏ္ဌာန် တိုတုတ်သည်။

(ဂ) စွယ်စိုက်

အစွယ်သည် ကော့ခြင်း တန်းခြင်းမရှိဘဲ ဘေးသို့စိုက်စိုက်ပေါက်သည်။

(ဃ) စွယ်ကား

နှာမောင်းရင်းမှ ဘေးသို့ကားထွက်နေသော စွယ်ကားဖြစ်သည်။ "စွယ်လိမ်" ဟုလည်းခေါ်သည်။ တစ်ခါတစ်ရံ အစွယ်နှစ်ချောင်းသည် စုံမကားဘဲ အပေါ်တစ်ချောင်းထောင် အောက်တစ်ချောင်း စိုက်နေလျှင် "မောင်နင်း" ဟုလည်း ခေါ်ကြသည်။

(င) စွယ်စုံ

ရှည်လျားကော့ညွတ်၍ လှပသည်။ စုံညီရှိသည်။

ဆင်စွယ်နှင့်ပတ်သက်၍ မှတ်သားဖွယ်

မြန်မာနိုင်ငံ၌ ရရှိခဲ့ဖူးသော ဆင်စွယ်တစ်ချောင်းသည် အလျား ၈ ပေ ၉ လက်မ၊ အကြီးဆုံးနေရာ လုံးပတ် ၁၈ ၃/၄ လက်မ ရှိကြောင်း မှတ်တမ်းတင်ထားသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဘုရင့်ပြတိုက်ရှိ ဆင်စွယ်တစ်စုံသည် အလျား ၉ ပေ ၁၀ ၁/၂ လက်မရှိပြီး အကြီးဆုံး တွေ့ရဖူးသော ဆင်စွယ်သည် အလျားပေ ရှည် ၁၈ ပေ ၈ လက်မရှိပြီး အလေးချိန် ၂၃၅ ပေါင်ရှိကြောင်း မှတ်တမ်းများကို လေ့လာတွေ့ရှိရပေသည်။

ဆင်မများ၌ ပုံမှန်အားဖြင့် အစွယ်မပါရှိပေ။ အချို့ဆင်မများ ထူးခြားစွာ အရွယ်တိုတို (သစ်ခွံထိုး) ထွက်တတ်သည်လည်း ရှိသည်။ "ဟန်" ဆင်ထီးနှင့် လွဲမှားတတ်ကြသည်။ သို့သော် "ဟန်" ဆင်ထီးများက ရင်အုပ် လည်ကုပ်၊ ဦးခေါင်းတို့ ကြီးမားသည်။ ဆင်မများက နို့အုံထင်ရှားချက်ရှိသည်ကို ခွဲခြားကြသည်။

ဆင်အထီး အမ ခွဲခြားခြင်း

ဆင်ထီး ဆင်မ ခွဲခြားကြည့်ရှုရာတွင် ဆင်နှင့်အတူ အမြဲနေထိုင်ကြသူများက ကောင်းစွာ ခွဲခြားကြည့်ရှုနိုင်ကြမည်ဖြစ်သော်လည်း တစ်ခါတစ်ရံမှသာ မြင်တွေ့ရဖူးသော သူများအဖို့ ရုတ်တရက် ခွဲခြားရန်ခက်ခဲနိုင်ပေသည်။

ဆင်ထီးများ၏ဝေးစေ့သည် အခြားသော နို့တိုက်သတ္တဝါများကဲ့သို့ နောက်ဘက်တွင် မြင်သာထင်သာ ရှိမနေပေ။ ခန္ဓာကိုယ်၏အတွင်းပိုင်း၌သာ ရှိနေသည်။ ထို့ပြင် "သိုကြော" သည် စအိုအောက်ခြေနားမှစ၍ နောက်ခြေထောက် နှစ်ချောင်းအကြား ဗိုက်အောက် တစ်လျှောက် ဖောင်းကြွအမြောင်းတစ်ခုအနေဖြင့်သာ ရှိနေသည်ကို သေချာကြည့်၍ ခွဲခြားရသည်။

ဆင်မများ၏တန်ဆာသည်လည်း နောက်မြီးတွင် မြင်သာသောနေရာ၌ မတွေ့ မမြင်ရပေ၊ နောက်ခြေထောက်နှစ်ချောင်းအကြားတွင် လျှို့ဝှက်စွာရှိသည်။ ဆင်ပေါက် ကလေးများ အရွယ်ဆိုလျှင် ရုတ်တရက် အထီးအမခွဲခြားရန်ပင် ခက်ခဲပေသည်။ သေချာ စိစစ်ကြည့်မှသာ ခွဲခြားသိရှိနိုင်ကြသည်။

ဆင်ထီးကြီးများ တစ်ခါတစ်ရံ "သိုတန်" ထွက်ကျလာသည်ကို မြင်မှ ဆင်ထီးကြီး ပါလားဟု ပြောကြရသည်။

ဆင်တို့၏ ရှက်တတ်သော အသိစိတ်ကြောင့် သဘာဝက ဖန်တီးပေးထားခြင်း ပေလောဟု စိတ်ဝင်စားမိကြရသည်။ လိင်အင်္ဂါအရှက်ကို လုံစွာရှိနေခြင်းကြောင့် တိရစ္ဆာန်ပင်ဖြစ်ပါလင့်ကစား မြတ်သောတိရစ္ဆာန်မျိုးဟု ဆိုနိုင်ပါသည်။

ဆင်၏အသက်အရွယ် ရုပ်လက္ခဏာ

(၁) ဦးခေါင်းပိုင်း ။ ။ အသက်ငယ်ရွယ် နုနယ်ချိန်၌ ဦးကင်းပြည့်ဖြိုးနေမည် ဖြစ်ပြီး အသက်ကြီးလာသည်နှင့်အမျှ နားထင်ချိုင့်ခွက်ကြီး များ ပေါ်လာသည်။ အိုလာသည့်အခါ ချိုင့်ခွက်ကြီးများ နက်ရှိုင်းလာလျက်ရှိသည်။

(၂) နားရွက်များ ။ ။ အသက်ကြီးလာလျှင် နားရွက်အပေါ် နှုတ်ခမ်းသားများ ခေါက်၍ကျလာသည်။ အိုလာလျှင် နှုတ်ခမ်းများ လိပ်လာ သည်။ အောက်နှုတ်ခမ်းသားများ ကွဲလာသည်။ စုတ်ပြတ် လာသည်။

(၃) အသားအရေ ။ ။ ငယ်စဉ်နုပျိုစဉ်က အသားအရေသည် အကွက်များ အစင်း များ အရေးအကြောင်းများ ပိသပြီး အရေပြားထူသည်။

အသက်ကြီးလာသည့်အခါ အကွက်အစင်းများ ပါးလွှာလာပြီး အသားအရေလည်း ပါးလာပြီး မာကျောလာသည်။

(၄) ခြေထောက်များ ။ ။ အသက်ကြီးလာသည့်အခါ ခြေထောက်အကြောများ လျော့ပါးလာသည်။ နောက်ပိုင်းခြေချင်းဝတ်၊ ထူးကွင်းနေရာ လုံးပတ်သေး၍ ခြေချင်းနှင့်အရေပြားများ တွဲလာသည်။

(၅) အမြီး ။ ။ အသက်ငယ်စဉ်တွင် အမြီးသည် အရိုးအဆစ်များမပေါ်ဘဲ အသားပြည့်ဝနေသည်။ မြီးဆံများလည်း ကောင်းသည်။ အသက်ကြီးလာသည့်အခါ အသားပိန်ပါးလာပြီး အမြီးပိုင်း အရိုးအဆစ်များ ပေါ်လာသည်။ မြီးဆံလည်း မကောင်းတော့ပေ။ မြီးဆံကျဲလာသည်။ မာကျောလာသည်။

အိုမင်းခြင်းနှင့် သေဆုံးခြင်း

'အိုမင်းလာပြီး သက်တမ်းကုန်ဆုံးသော ဆင်များသည် ဆင်သချိုင်းသို့သွားသေကြသည်' ဆိုသည်မှာ သီဟိုဠ်ကျွန်းသားများ၏ ရှေးရိုးအယူအဆသာဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ဆင်သချိုင်းကို မတွေ့မြင်ဖူးကြသေးပေ။ စာရေးသူ၏သစ်တောဝန်ထမ်းလုပ်သက် အနှစ် ၃၀ အတွင်း မြန်မာပြည်ရိုးမသစ်တောများအနှံ့ ရောက်ခဲ့ဖူးပြီဖြစ်ရာ တစ်ခါဖူးမျှ ဆင်သချိုင်းကို မတွေ့ခဲ့ရပါ။ မြန်မာပြည်တွင် ဆင်သချိုင်း လုံးဝမရှိပါဟု ဆိုနိုင်ပါသည်။

သေဆုံးသောဆင်ကို ကျန်ရစ်သောဆင်များက သစ်ကိုင်းသစ်ခက်များဖြင့် ဖုံးအုပ်ပေးခဲ့ကြပြီး ဝှက်ထားခဲ့သည်ကိုတော့ တွေ့ခဲ့ရဖူးပါသည်။

ဆင်၏ဇရာကို ခန့်မှန်းနည်း

ဆင်များသည် အရွယ်ကောင်းချိန် လမ်းသွားရာ၌ ရှေ့ခြေလှမ်းခြေရာထက် နောက်ခြေလှမ်းခြေရာက တစ်ပေ ခန့်ကျော်၍ ခြေလှမ်းကျသည်။ အိုလာပြီဆိုလျှင် ရှေ့ခြေရာထက် နောက်ခြေရာက တစ်ပြန်နောက်သို့ လျော့ကျလာခြင်းကို ကြည့်ခြင်းအားဖြင့် ဆင်၏ဇရာကို ခန့်မှန်းနိုင်ကြသည်။

ဆင်၏သက်တမ်း

ဆင်သက်တစ်ထောင် ဆိုသည်မှာ မဟုတ်ပါ။ ပျမ်းမျှအသက် ၈၀ နှစ်မှ ၁၅၀ နှစ်ထိ ရှိသဖြင့် လူတို့၏ သက်တမ်းထက်တော့ ပိုရှည်ပါသည်။

အိမ်မွေးဆင်ယဉ်တို့၏ ကကြိုးတန်ဆာနှင့် ဆင်ထိန်းကိရိယာများ (Harness And Gears)

သစ်ထုတ်လုပ်ရေး ဆင်ဝိုင်းများမှ အလုပ်ဆင်ယဉ်တို့၏ ကကြိုးတန်ဆာနှင့် အလုပ်ခွင်သုံးကိရိယာ တန်ဆာပလာများနှင့် ပတ်သက်၍ နောင်အရှည် တည်တံ့စေရန်အတွက် လည်းကောင်း၊ ဗဟုသုတ မှတ်သားဖွယ်ရာအဖြစ်လည်းကောင်း လေ့လာမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ကကြိုးတန်ဆာ (Harness)

(၁) အုံးတုံး - Ohndon (Saddle)
(၂) ဝါးဖျာ - Bamboo Mat
(၃) သားရေ - Padding
(၄) ဝမ်းပေါက်ကြိုး (သို့မဟုတ်) ဝမ်းဗိုက်ကြိုး - Rope Sling (or) Girth (Belly Band)
(၅) ဂုတ်စည်းကြိုး (ကုပ်စည်းကြိုး) - Gurther Belly Band Chain Sling
(၆) ကွင်း - Ring (Loap)
(၇) ဂျိတ် (ချိတ်) - Jaik
(၈) လည်ပတ် (သို့မဟုတ်) သိုင်းကြိုး - Thaingkyo
(၉) မြီးသိုင်းကြိုး - Me Thaing Kyo
(၁၀) ဆွဲကြိုး - Dragging Chain

ဆင်ထိန်းကိရိယာများ (Gears)

ဆင်များနှင့် သွားလာ အလုပ်လုပ်ကြသည့်အခါ ဆင်ကိုလိုသလို ထိန်းချုပ်ခိုင်းစေနိုင်ရန် လက်နက်ကိရိယာများ ဆောင်ထားကြရသည်။

(၁) ချွန်း

သံချွန်ကောက်တစ်ခုကို နှစ်ပေအရှည်ခန့်ရှိ ဝါးရိုးတပ်ကိရိယာဖြစ်သည်။ ဆင်ဦးစီးတိုင်း မရှိမဖြစ် မပါမဖြစ် ကိုင်ကြရသည်။

(၂) ဆူး

သံချွန်များတပ်ထားသော ခြေချင်းဖြစ်သည်။ အချို့ထွက်ပြေးရုန်းကန် ဆိုးသွမ်းတတ်သော ဆင်များကို "ဆင်လံကြိုး" ဖြင့် ထူးခတ်ထားခြင်းရှိရာ ခြေတစ်ဖက်

တွင် ဆူးကို ကွင်းတတ်ပြီး ထိုကွင်းကို ကြိုးချည်နှောင်၍ ဆင်စီးသူက ကြိုးစကိုကိုင်ကာ လိုသလို ဆွဲပေးလိုက်လျှင် ဆူးကွင်းက ကျဉ်းသွားပြီး ဆင်ကို ဆူးထိုးနာကျင်စေသဖြင့် ခြေလှမ်းများ တုံ့ဆိုင်း ရပ်တန့်သွားစေသည်။ (ဆူးကို နောက်ခြေထောက် ပတ်လည်မှာသာ ခပ်ချောင်ချောင်လေး ပတ်ချည်ပေးထားရသည်။)

(၃) ဆင်လံကြိုး (Tying Chain)

ထူးကွင်းနှင့် ချိတ်ဆက်ထားရသော အလျား ၂၅ ပေ၊ ၃၀ ပေ ခန့်ရှိ လုံးပတ် ၃/၈ လက်မရှိ သံကြိုးဖြစ်သည်။ ခြေတစ်ဖက်ကို ထူးကွင်းနှင့် ခတ်ချည်ခြင်းဖြစ်သည်။ ထူးကွင်းနှင့် သံကြိုးအကြား ကွင်းတစ်ကွင်းခံ၍ ချိတ်ရသည်။ မုန်ယို ဆင်ကြီးများဆိုလျှင် ဆင်လံကြိုးကို လုံးပတ် ၁/၂ လက်မခန့်နှင့် ပေရှည် ၄၀ ပေခန့် အသုံးပြုရပေသည်။

(၄) ထူး (Fetter)

အများအားဖြင့် ရှေ့လက်ကို ထိန်းချုပ်ထားရန် ချည်နှောင်သည့်သံကြိုးဖြစ်သည်။ တစ်ခါတစ်ရံ ရှေ့လက်များ ထူးပွန်းဒဏ်ရာရရှိသည့်အခါမှသာ နောက်ခြေကိုခတ်ရသည်။

(၅) ထူးကြိုး (Chain Fetters)

ထူးကွင်းနှင့်ဆက်ထားသော ကြိုးဖြစ်သည်။ (ငါးမူးလုံးခန့် သံကြိုးကိုသုံးသည်)

(၆) ခလောက်များ (Bell)

လည်ပတ်ကြိုးတွင် ချည်နှောင်ရသည်။ (လည်ပင်းကို တိုက်ရိုက်ဆွဲမပေး၍)။ သစ်သား သို့မဟုတ် ဝါးခလောက်ကို သုံးသည်။ အချို့ဆင်များက ဆွဲဖြုတ်တတ်၍ သံခလောက်ကို သုံးကြသည်။

(၇) ငါးချိတ် (Hook)

လက်ကိုင်တုတ်တွင် ငါးချိတ်ကဲ့သို့ သံချိတ်ကောက်ကို ကြိုးတစ်ချောင်းနှင့် တပ်ဆင်ထားခြင်း ဖြစ်သည်။ (ဆင်ရိုင်း၊ ဆင်ဆိုးများနှင့် လေ့ကျင့်ခါစ ဆင်ပေါက်များ၏ နားရွက်အရင်းတွင် ချိတ်ဆွဲ ထားရသည်။ ငါးချိတ်ကိုင်သူ ဆင်နောက်လိုက် (ပဲ့ချိတ်) ကို ဆင်၏ရှေ့မှ ခြေကျင်လမ်းလျှောက် စေလျက် ဆင်ရုန်းကန်ခြင်း၊ အမူအရာပျက်ခြင်း ဖြစ်လာပါက လိုသလိုဆွဲ၍ ထိန်းချုပ်ရသော လက်နက်တစ်ခု ဖြစ်သည်။

"က" ကြိုးတန်ဆာပလာ
(Harness)



(၁) အုံးတုံး Saddle (၂) ဝါးဖျာ Bamboo Mat (၃) သားရေ Padding (၄) ဝမ်းပေါက်ကြိုး Girth (Belly Band) (၅) ကုပ်စည်းကြိုး Chain Sling (၆) ကွင်း Loap (၇) ချိတ် Jaik (၈) လည်ပတ် Breast Band (၉) မြီးသိုင်းကြိုး Me Thaing Kyo (၁၀) ဆွဲကြိုး Dragging Chain

ကြိုတင်သိထားသင့်သော ဆင်ယဉ်တို့၏ အမူအကျင့်နှင့် သတိပြုဖွယ်

အိမ်မွေးဆင်ယဉ်များသည် မှိန်းသင်လေ့ကျင့်ထားပြီး လူစကားနားလည် နာခံတတ်သော ဆင်ယဉ် ဆင်လိမ္မာများ ဖြစ်နေလင့်ကစား၊ တိရစ္ဆာန်ဥယျာဉ်များ၌ သားရဲတိရစ္ဆာန်ကြီးများ များစွာရှိသည့်အနက် ဆင်ကို အန္တရာယ်အရှိဆုံး သတ္တဝါအဖြစ် သတ်မှတ်ထားရှိပေသည်။

ဆင်သည် ကိုယ်ခန္ဓာကြီးမားသလောက် ပေါ့ပါးလျင်မြန်စွာ လှုပ်ရှားတတ်သည်။ အခြားသော တိရစ္ဆာန်များထက် အသိဉာဏ် ပိုသည့်အပြင် ကန်တတ်သည်။ နင်းတတ်သည်။ ခွာဖြင့်ထိုးတတ်သည်။ တိုက်တတ်သည်။ အစွယ်ဖြင့် ထိုးတတ်သည်။ ဦးကင်းဖြင့် တိုက်တတ်သည်။ နှာမောင်းဖြင့် ဆွဲယူကိုင်ပေါက်တတ်သည်။ ယုတ်စွအဆုံး အမြီးဖြင့် ရမ်း၍ ရိုက်တတ်သဖြင့် မျက်စိကန်းသွားရသည့် ဆင်သမားများလည်း ရှိခဲ့ပေသည်။

ဆင်သမားတို့အတွက် ချစ်စရာကောင်းသော သစ္စာရှိသော မိတ်ဆွေဖြစ်သကဲ့သို့ ကြောက်စရာကောင်းသော၊ ရက်စက်သော ရန်သူလည်းဖြစ်လာနိုင်ပေသည်။

သို့ပါ၍ ဆင်ဦးစီး ဆင်ထိန်းတို့သည် ဆင်ကို နေ့စဉ် အချိန်မှန် အစာကျွေးခြင်း၊ ရေချိုးပေးခြင်း၊ အခါအခွင့်သင့်တိုင်း ပွတ်သပ်ပေးခြင်း၊ လက်ခုပ်ထဲ သကြားထည့်၍ ကျွေးခြင်း၊ ကြင်နာစွာဆက်ဆံ၍ အနီးအပါး၌ ချိုသာစွာ စကားပြောဆိုပေးနေခြင်းဖြင့် ရင်းနှီးချစ်ခင်နေအောင် လက်ပွန်းတတီး နေကြရသည်။ ဆင်သမားတို့အနေဖြင့် ဆင်၏ အရှင်သခင်၊ မိဘအုပ်ထိန်းသူ၊ ဦးဆောင်သူတစ်ဦးသဖွယ် မိမိဆင်အပေါ် မေတ္တာထား ထိန်းကျောင်းနိုင်စွမ်းရှိရပေသည်။

အလုပ်ခွင်တွင် ဆင်ယဉ်များသည် ဘယ်ဝင်၊ ညာဝင် မှတ်သားထားတတ်ကြသည်။ အစဉ်အမြဲ ဘယ်ဘက်ကဝင်မှ ကြိုက်သောဆင်ကို ဘယ်မှဝင်ပြီး၊ ညာဘက်ကဝင်မှကြိုက်သော ဆင်ကို ညာမှသာဝင်ရပေသည်။ အဝင်မှားလျှင် အန္တရာယ် ရှိနိုင်ပေသည်။ ထူးဖြုတ်၊ ထူးတပ်ရာတွင် အချို့ဆင်က ဝမ်းဗိုက်အောက်မှလည်းကောင်း၊ အချို့ဆင်က လည်ပင်း အောက်မှလည်းကောင်း အလေ့အကျင့်ကိုသိအောင် လုပ်ထားရပေသည်။ ဆင်၏မျက်လုံး သည် လူကိုမျက်ခြည်မပြတ် အခါမလပ်ကြည့်၍ အကဲခတ်နေတတ်သည်။ သို့ကြောင့် ဆင်၏အရိပ်အကဲကို လူကလည်း ဆင်၏မျက်စိကို အမြဲကြည့်၍ သတိရှိနေရသည်။ ဆင်နှင့်အတူ လမ်းလျှောက်လျှင် ဆင်၏ ရှေ့ဘယ်လက်နံဘေးအနီးမှကပ်၍ လိုက်ပါ လျှောက်ခြင်းက အန္တရာယ်ကင်းပါသည်။ နောက်မှလိုက်ခြင်း၊ ရှေ့မှသွားခြင်း ဘယ်သော အခါမျှ မလုပ်ပါနှင့်။ အန္တရာယ်ရှိနိုင်ပေသည်။ မြောက်အမေရိကဒေသဘက်မှ အိမ်မွေးဆင် အချို့ကို လေ့ကျင့်ရာ၌ ရှေ့ဘယ်လက်နံဘေးကို နာနာရိုက်နှက် ဆူးထိုး၍ သင်ကြားထားပြီး လူနေရမည့်နေရာအဖြစ် သတ်မှတ်ထားရှိပေသည်။

ဆင်ဆိုး (Rough Elephants) များ၏ အမူအကျင့်များ

- စီးနေသည့်လူကို ခါချထွက်ပြေးတတ်ခြင်း၊
- အချို့ဆင်က လူအောက်ပြုတ်ကျသည်နှင့် ချက်ချင်းနင်းသတ်လေ့ရှိသည်။
- လူကိုပြုတ်ကျအောင် ခါချခြင်း၊ ဦးခေါင်း နိမ့်လိုက် မော့မြင့်လိုက်ဖြင့်ခါလျှင် "ချိုးကူ" ဟု ခေါ်သည်။ တစ်ကိုယ်လုံး ယိမ်းယိုင်ပြီးခါလျှင် "ကြောင်လိမ်ခါ" ဟု ခေါ်သည်။
- ရှေ့လက်နှစ်ဖက် မြှောက်ချည် ချချည် လုပ်နေလျှင် "မောင်းထောင်း" ဟု ခေါ်သည်။
- စွယ်ဆုံဆင်တို့က လူကို ဘေးတိုက် ရိုက်တတ်လျှင် "ပက်သည်" ဟု ခေါ်သည်။

- လူလဲကျသွားစဉ် အစွယ်ဖြင့်ထိုးလျှင် “ပက်ထိုး” ဟု ခေါ်သည်။
- လူလဲကျနေစဉ် အစွယ်တစ်ဖက်တည်းဖြင့်ထိုးလျှင် “စောင်းထိုး” ဟု ခေါ်သည်။
- အလုပ်လုပ်နေစဉ် အုံးတုံးကို လှန်ချပြီး ထွက်ပြေးလျှင် “ကုန်းလှန်” ဟု ခေါ်သည်။
- “ဟံကုပ်” ဆင်ဆိုးတို့သည် လူကို နှာမောင်းဖြင့် ဖမ်းယူတတ်လေ့ရှိသည်။ အလွန်လျင်မြန်သဖြင့် လွတ်လမ်းမရှိနိုင်ပေ။ ဖမ်းမိသည်နှင့် မြေကြီးသို့လဲချပြီး အစွယ်တို နှင့် တအားကုန် ထိုးစိုက်တတ်သောအကျင့် ရှိပေသည်။

ဆိုးသွမ်းဆင်များအား နှိမ်နင်းသတ်ဖြတ်ခွင့်

လူတို့၏ လယ်ယာစိုက်ခင်း၊ ဥယျာဉ်ခြံများသို့ စားကျက်ကျူးကျော်ဝင်ရောက် နှောင့်ယှက်စားသောက် ဖျက်ဆီးလေ့ရှိသော တောဆင်များကို မည်သို့မျှ ခြောက်လှန့် မောင်းနှင်ထုတ်ခြင်းဖြင့် မရနိုင်သည့်အခါများတွင် မဖြစ်မနေ ပစ်သတ်ရှင်းလင်းရခြင်းများ ရှိခဲ့ပါသည်။

သို့ရာတွင် အရပ်သူ၊ အရပ်သားများအား သတ်ဖြတ်ခွင့် မပြုပေ။ သစ်တောဦးစီးဌာန ကသာ အထက်အဆင့်ဆင့် အမိန့်နာခံ၍ ပစ်သတ်ကြရသည်။ သို့တိုင်အောင် ဆိုးသွမ်းဆင် (Rough Elephant) ဖြစ်ကြောင်း ခိုင်လုံမှသာ ပစ်သတ်ရသည်။ ပစ်ခတ်ရာတွင် နာကျင်ခံစားရမှုကို ပြင်းပြင်းထန်ထန် မခံစားရစေဘဲ အမြန်ဆုံးသေစေနိုင်ရန်အတွက် သေနတ်ပြောင်းဝ (၀.၄) ပွိုင့်လေးလက်မထက် မငယ်သော ရိုင်ဖယ်သေနတ်မျိုးတို့ဖြင့် ဦးကင်း (ဦးခေါင်း) ပိုင်း ဦးနှောက်ကို ထိမှန်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး ပစ်ခတ်ရပေသည်။

များသောအားဖြင့် ဆင်တို့သည် ခြောက်လှန့်မောင်းနှင် စားကျက်ပြောင်းပေးခြင်းဖြင့် တိမ်းရှောင်ကြလေ့ ရှိပါသည်။ သင်းကွဲဆင်ဆိုးကြီးများကသာ လူကိုအန္တရာယ်ပြုတတ်ကြ၍ ပစ်သတ်ရခြင်းသာ များပါသည်။

ဥပဒေအရ တားမြစ်ချက်

ဆင်သည် ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝ ကာကွယ်ထားသော တိရစ္ဆာန် စာရင်းတွင် ပါဝင်ပါသည်။

ꕥ ꕥ ꕥ ꕥ ꕥ

၂၀၀၆ ခုနှစ်၊ ဆောင်းရာသီအချိန်က ပျဉ်းမနားမြောက်၊ ကင်းတားနယ် သစ်ထုတ်လုပ်ရေးစခန်းမှ ပင်လောင်းသွားကားလမ်းဘေး (တပ်ကုန်းအနီး) ဆင်စားကျက်တွင်လွှတ်ထားစဉ် ဆင်မကြီးတစ်ကောင်က ဆင်ထီးလေးတစ်ကောင် မွေးဖွားခဲ့သည်ကို ဆင်ဦးစီးဆင်ကောက်သွားရာမှ တွေ့ရှိခဲ့ရပြီး စခန်းသို့ ထိန်းကျောင်း ခေါ်လာခဲ့ရသည်။ တွေ့စ ကနဦးအမည်ကို "ငြိမ်းချမ်းမောင်" ဟူ၍ မှည့်ခေါ်ခဲ့သည်။

အမိဝမ်းတွင်းမှထွက်သည်နှင့် နို့ရှာစို့သည်

မိခင်ဗိုက်အောက် ဝင်ခိုနေသည်

မွေးစကပင် မိခင်နှင့်အတူ
လမ်းလျှောက်နိုင်သည်

မိခင်အနီးမှခွဲခွာရန် မရဲဝံ့သေး ရင်ငွေ့လှဲဆဲ

စခန်းသို့အပြန် ချောင်းရေစီးကိုဖြတ်သန်းစဉ်

မြိုင်ယံလယ်က ဟတ္ထိဝက်

ဆင်ကလေး ရေစီးနောက်မျောမပါရန်
ဆင်မကြီးက ထိန်းပေးထားသည်

မိခင်ဆင်မကြီးနှင့် ဆင်ကလေးအား
ရေချိုးသန့်စင်ပေးစဉ်

ရေချိုးပြီး စခန်းအပြန်ကမ်းပေါ်သို့အတက်

စခန်းရောက်စ (၅) ရက်သား "ငြိမ်းချမ်းမောင်"

စခန်းရောက်ပြီး အမိနောက်လိုက်ဆင်ငယ်ဘဝ "ငြိမ်းချမ်းမောင်"

အစန်း (၆)

ဘာသာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် ဆင်တို့၏ အရေးပါမှု

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဗြာဟ္မဏဘာသာတို့၏ ဩဇာလွှမ်းမိုးမှုအောက်မှ ဆင်တို့သည် ဘာသာရေးနှင့် မြန်မာ့လူနေမှုဘဝ ယဉ်ကျေးမှုနယ်ပယ်တွင် အရေးပါလာခဲ့သည်။ သာဓကအားဖြင့် တစ်နှစ်တစ်ကြိမ် ဆင်နွဲ့လေ့ရှိသော မြန်မာ့သင်္ကြန်ပွဲတော်နှင့် ပတ်သက်သော မဟာပိန္နဲ (ခေါ်) ဆင်နတ်ကြီး၏ ရှေးဟောင်းသမိုင်းတစ်ခု ရှိသည်။

သိကြားမင်းနှင့်ဗြာဟ္မဏမင်းတို့နှစ်ဦးသည် သင်္ချာပုစ္ဆာပြဿနာတစ်ခုနှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြရာ လူ့ပြည်တွင်ရှိသော ပညာရှိ "ကဝါလမိုင်း" ဆရာကြီးတစ်ဦးထံ အဆုံးအဖြတ်ခံယူမည်။ နိုင်သောသူက ရှုံးသောသူ၏ ဦးခေါင်းကို ဖြတ်ရမည်ဟူ၍ လောင်းကြေးကတိ ထားကြသည်။ "ကဝါလမိုင်း" ဆရာကြီးက သင်္ချာပြဿနာ၏ အဖြေ ဇာစ်မြစ်ကို စစ်ဆေးပြီးနောက် သိကြားမင်းကမှန်ကြောင်း အနိုင်အရှုံးကို ဆုံးဖြတ်ပေးလိုက်လေသည်။ ကတိထားသည့်အတိုင်း ဗြဟ္မာမင်းက သူ၏ဦးခေါင်းကို အဖြတ်ခံလေသည်။ သိကြားမင်းက ဝရဇိန်လက်နက်ဖြင့် ဖြတ်လိုက်သော ဗြဟ္မာမင်းဦးခေါင်း ကမ္ဘာမြေပြင်ပေါ်ကျပါက ကမ္ဘာမြေ မီးလောင်ပြာကျသွားမည်။ သမုဒ္ဒရာထဲပစ်ချပါက ရေတွေအားလုံး ခန်းခြောက်သွားမည်ဖြစ်သည်။ သို့ကြောင့် ခုနစ်နေ့ခုနစ်နံ နတ်သမီးတို့ကို အလှည့်ကျပိုက်ထားစေခဲ့သည်။ ခုနစ်ရက်စေ့၍ အလှည့်ကျ နတ်သမီးတစ်ဦးထံသို့ ဗြဟ္မာမင်းဦးခေါင်းကို လက်လွှဲပေးခြင်းသည် သင်္ကြန်ကျခြင်းဟု ဆိုပေသည်။

ဦးခေါင်းမဲ့သော ဗြဟ္မာမင်း၏ ကိုယ်ခန္ဓာကြီးအား မဟာပိန္တလဆင်ကြီး၏ ဦးခေါင်းကို ဖြတ်၍ တပ်လိုက်သောအခါ မဟာပိန္နဲနတ်မင်းကြီး ဖြစ်လာပေသည်။ ဗြဟ္မာမင်း၏ တန်ခိုးနှင့် မဟာပိန္တလဆင်ကြီး၏ ခွန်အားအစွမ်းတို့ ပေါင်းစပ်မှုကြောင့် မဟာပိန္နဲနတ်ကြီးသည် တန်ခိုးကြီးသည်ဟု ယူဆကြသည်။ ကိုးကွယ်ပ,သ ပူဇော်သူတို့အဖို့ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ဘုန်းကြီးခြင်း၊ စီးပွားတက်ခြင်း၊ ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်စေခြင်း စသည့် ကောင်းကျိုးချမ်းသာများကို ရရှိခြင်းကြောင့် နှစ်စဉ် နတ်တော်လတွင် ရှေးမြန်မာမင်း အဆက်ဆက်ကပင် မဟာပိန္နဲနတ် ပူဇော်ပသပွဲများကို ကျင်းပခဲ့ကြသည်။

ဗုဒ္ဓဝင်လာ ထင်ရှားသော ဇာတ်တော်နှစ်ခုရှိသည်။ ဗုဒ္ဓဘုရားအလောင်းတော် သန္ဓေယူခန်း၌ မယ်တော် မဟာမာယာဒေဝီ မိဖုရားကြီးသည် ကောင်းကင်ယံမှ ဆဒ္ဒန်ဆင်မင်းဆင်ဖြူတော်က မယ်တော် မဟာမာယာဒေဝီ၏ ဝမ်းတိုက်အတွင်းသို့ လက်ယာဘက်မှ ဝင်လာသည်ဟု ပုဗ္ဗနိမိတ် အိပ်မက်မက်ခဲ့သည်။ ဆဒ္ဒန်ဆင်မင်းဇာတ်တော်သည် ဘုရားအလောင်းတော်၏ နုစဉ်ဘဝ ဖြစ်စဉ်တော်တစ်ခု ဖြစ်ခဲ့သည်။ အဆိုပါ ဇာတ်တော်ကြီး နှစ်ခုကပင် ဘာသာရေးနယ်ပယ်၌ ဆင်တို့အရေးပါမှု ထင်ရှားစေခဲ့ပေသည်။

ထို့ပြင် ရှေးမြန်မာမင်းတို့၏ ဘုန်းသမ္ဘာဂုဏ်ဒြပ်တစ်ခု အဖြစ်လည်း ဆင်ဖြူများကို ရာဇနေရာ ချီးမြှင့်ပေးခဲ့ကြသည်။ ဆင်ဖြူတော်ပေါ်ထွန်းလျှင် နိုင်ငံအေးချမ်းသာယာပြီး ဆန်ရေစပါး ပေါကြွယ်ဝသည်။ စီးပွားချမ်းသာ ကြွယ်ဝမည့် နိမိတ်လက္ခဏာအဖြစ် သတ်မှတ်ကြသည်။ မြန်မာမင်းအဆက်ဆက် ဆင်ဖြူရရှိပိုင်ဆိုင်ခဲ့ကြ၍ ဆင်ဖြူရှင်ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ကို ခံယူခဲ့ကြသည်။ ပင်းယခေတ် သီဟသူတစ်စီးရှင်၊ ကျော်စွာ ငါးစီးရှင်၊ အင်းဝခေတ်တွင် တရဖျားဆင်ဖြူရှင်၊ တောင်ငူခေတ်တွင် ဘုရင့်နောင်သည် ဟံသာဝတီဆင်ဖြူများရှင်၊ ကုန်းဘောင်ခေတ်တွင် မြေဒူးမင်းက ဆင်ဖြူရှင်၊ မင်းတုန်းမင်း၏ မိဖုရားတစ်ပါးသည် ဆင်ဖြူမ,ရှင် စသည်ဖြင့် ဆင်ဖြူရှင်ဘွဲ့ကို မြတ်မြတ်နိုးနိုး ခံယူခဲ့ကြပေသည်။ အလားတူ မွန်ဘုရင်၊ ရခိုင်ဘုရင်တို့ သမိုင်းတွင်လည်း ဆင်ဖြူရှင်ဘွဲ့ကို ခံယူခဲ့ကြခြင်း ရှိပေသည်။ သို့ကြောင့် ဘုရင့်လက်သုံး စစ်သုံးဆင်များ၊ ဆင်ဖြူတော်များကို ထိန်းသိမ်းစောင့်ရှောက်ကြရသော ဆင်ဝန်ထမ်းများအဖြစ် ဆဒ္ဒန်ဆင်မင်းဝန်၊ အောက်မားဝန်၊ ဓနက်ပလာဆင်ဝန် စသည်ဖြင့် ဆင်နှင့်ပတ်သက်၍ မင်းမှူထမ်းများ သီးခြားခန့်အပ်ခြင်း ရှိပေသည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ ရိုးရာနယ်ပယ်များဖြစ်သော ပိဋ္ဌကတ်သုံးပုံ တင်ဆောင်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များ၊ စွယ်တော်၊ အံတော်၊ ဆံတော်၊ ဓာတ်တော်များ တင်ဆောင်ခြင်း၊ ရှင်လောင်းရဟန်းလောင်းများ တင်ဆောင်လှည့်လည်ခြင်း စသည်ဖြင့် ကြီးကျယ်ခမ်းနားစွာ အသုံးပြုလာခဲ့သည်။ ဘုရားကျောင်းကန် စေတီပုထိုးတို့၏ အထွဋ်အမြတ် နေရာများမှအစ ဆင်တို့၏ ဂုဏ်ကျက်သရေသည် တင့်တယ်စွာ အရေးပါခဲ့ပေသည်။

ဆင်ဖြူတော်နှင့် စပ်လျဉ်း၍

ဆင်တို့အကြောင်း ရေးသားလျှင် ဆင်ဖြူတော်ပါဝင်မှသာ ပြည့်စုံနိုင်ပေသည်။ ဆင်ဖြူတော်ဆိုသည်မှာ ဖြူနေမှသာ မဟုတ်ပေ။ ရှေ့ခြေသည်းငါးခု နောက်ခြေသည်းငါးခု ပါဝင်ခြင်း၊ အမြီးသည် တံခါးပိတ်ဖြစ်ခြင်း (မြီးဆံသည် စအိုဝနှင့် ကန့်လန့်ဖြစ်ခြင်း)၊ မျက်စိ

သည် ပုလဲရောင်ရှိခြင်း စသည့် ဆင်တို့တွင် တွေ့ရခဲသော လက္ခဏာတို့ဖြင့် ပြည့်စုံနေပါလျှင် "ဆင်ဖြူတော်" ဟု ခေါ်ဆိုနိုင်ကြောင်း ပညာရှင်တို့က ကမ္ပည်းတင်ခဲ့ခြင်း ရှိပေသည်။ အဆိုပါလက္ခဏာနှင့် ပြည့်စုံသည်နှင့်အမျှ ဆင်ဖြူတော်တို့တွင် ရှိရမြဲ အခြားဂုဏ်အင်္ဂါရပ် အရည်အချင်းတို့လည်း ပြည့်စုံလာရပေသည်။

ဆင်ဖြူတော်သည် နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့တွင် ဖြစ်ထွန်း ပေါ်ပေါက်ရန် ခဲယဉ်းသော ရတနာတစ်ပါးဟု ဆိုနိုင်ပေသည်။ ယိုးဒယားနိုင်ငံနှင့် သီရိ လင်္ကာနိုင်ငံတို့တွင်လည်း ပေါ်ထွန်းခဲ့ဖူးပေရာ အခြားဆင်မည်းများနှင့် တန်းတူမထားဘဲ မြင့်မြတ်နေရာ သီးသန့်ချီးမြှင့်မြှောက်စားမှုများဖြင့် ထားရှိကြသည်။ အချို့က ဆင်ဖြူသည်ကို Albinism အဖြူရောင်စွဲရောဂါ (သို့မဟုတ်) အရေပြားရောဂါတစ်မျိုးဟု ပြောကြသည် များလည်းရှိသည်။ မည်သို့ဆိုစေ ရရန်ခဲယဉ်းသော အရာသာဖြစ်သည်။ ဆင်ကောင်ရေ တစ်ထောင်တွင် တစ်ကောင်တွေ့ရခဲပါသည်။ ဖြူနေသောဆင်ဖြစ်ပါငြားလည်း ဆင်ဖြူတော် တို့၏ သတ်မှတ်ကြန်အင်လက္ခဏာ ဂုဏ်အင်္ဂါများဖြင့် ပြည့်စုံမှသာ ဆင်ဖြူတော် ဖြစ်နိုင်ပေ သည်။ "ဆင်ရတနာထဲမှ ရတနာဆင်ဖြူတော်သည် ရရန် အလွန်ခဲယဉ်းသောကြောင့် ရတနာ" မည်ပါပေသည်။

သို့ကြောင့် ရှေးမြန်မာမင်း အစဉ်အဆက်တို့သည် ဆင်ဖြူတော်ပေါ်လာလျှင် "ဆင်ဖြူရှင်ဘွဲ့" ကို ခံယူကြခြင်း ဖြစ်ပေသည်။ ပင်းယခေတ် "သီဟသူမင်း" သည် ဆင်ဖြူရှင် ဘွဲ့ခံယူလိုသဖြင့် "စမုံမြစ်" အတွင်း ရေစီး၌မျောပါလာသော ဆင်ဖြူတော်အသေတစ်စီး ကိုပင် ဆယ်ယူ၍ "ရတနာက" တွင် ထူမတ်ပြီး ပွဲသဘင်ခံယူကာ "တစ်စီးရှင်" ဘွဲ့ ခံယူခဲ့ သည်။ ပုဂံခေတ် ပျက်သုဉ်းခါနီး နှောင်းပိုင်းကာလတွင် ဘုရင် "ဥဇနာ" သည် ဆင်ဖြူတော် ပေါ်ထွန်းသည်ဟု သတင်းရ၍ ဆင်ဖြူရှင်ဘွဲ့ ခံယူနိုင်ရန် ယခု ဒလ၊ တွံတေးတောကြီးတန်း သို့ သွားရောက်ဆင်ကျော့ရာမှ မသမာသူတို့ လက်ချက်ဖြင့် လုပ်ကြံခံရဖူးကြောင်း သမိုင်း တွင် လေ့လာရပေသည်။

ရှေးမြန်မာမင်းများမှအစ ခေတ်အဆက်ဆက်တွင် ဆင်ဖြူတော်ပေါ်ထွန်းသည်မှာ ဆယ်စုနှစ် တစ်စု၊ နှစ်စု အတွင်း တွေ့ရခဲပေသည်။ လက်လှမ်းမီသမျှ ဆန်းစစ်ရပါလျှင် မြန်မာနိုင်ငံတွင် ၁၉၅၈ ခုနှစ်က မြစ်ကြီးနားခရိုင် အင်းတော်ကြီးမြို့နယ် မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့ပိုင် ဆင်ဝိုင်းမှ ဆင်ဖြူတော် အမ,လေးတစ်စီး ပေါ်ထွန်းခဲ့ဖူးသည်။ "မဖြူ" ဟု အမည်ပေးခဲ့သည်။ မိခင်ဆင်မကြီး "မယ်ဆု" နှင့်အတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရွှေ့ပြောင်းပြီး ကောင်းမွန်စွာ ချီးမြှင့်စောင့်ရှောက်ခဲ့သည်။ "မဖြူ" သည် အသက် ၁၉ နှစ် ၁၉၇၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ထို့နောက် နှစ်ပေါင်းလေးဆယ်ကျော်အကြာ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် ဆင်ဖြူတော်လေးစီး ပေါ်ထွန်းခဲ့ပါသည်။ ဆင်ဖြူတော်ဟူသည် မျက်လုံးပုလဲရောင်၊ ခွာ အဖြူရောင်၊ ကျောရိုး ငှက်ပျောကိုင်း၊ အမွေးသည် ကျဲဖြူရောင်အမွေး၊ အမြီးသည် တံခါးပိတ်၊ စုံညီသော စွယ်စုံပါပြီး နားရွက်သည် သာမန်ဆင်များထက် ပိုကြီးသည်။ စိတ်နေသဘောထား တည်ငြိမ်သိမ်မွေ့သည်။ ယင်းအင်္ဂါရုပ်များနှင့် ညီညွတ်သော ဆင်ဖြူတော်လေးစီးမှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလတွင် ရာဇဂဟ သီရိပစ္စယဂဇရာဇာဘွဲ့ခံ ရတနာဆင်ဖြူတော်၊ ၂၀၀၂ ခုနှစ်၊ ဧပြီလတွင် ဆင်ဖြူတော် သိဃိမာလာနှင့် ဒီဇင်ဘာလတွင် ဆင်ဖြူတော် ရတီမာလာ၊ ၂၀၁၀ ပြည့်နှစ်တွင် ရတနာဆင်ဖြူတော် ဘဒ္ဒဝတီတို့ဖြစ်ကြသည်။ ရတနာဆင်ဖြူတော် ဘဒ္ဒဝတီမှာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် ၂၀တွက မြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ ထားရှိသည်။ အခြားဆင်ဖြူတော်များသည်လည်း ရန်ကုန်မြို့၊ မင်းဓမ္မကုန်းမြေရှိ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ထားရှိလျက် ချီးမြှင့်မြောက်စားခဲ့ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

တိုက်ကြီးမြို့နယ်က သမိုင်းဝင် ဆင်ဖြူတော် မနှင်းနွယ် (သို့မဟုတ်) သီရိမလ္လာမဟာသုဘဒ္ဒါ

တိုက်ကြီးမြို့နယ်တွင် တောဆင်ရိုင်းများ သောင်းကျန်းမှု ဖြစ်စဉ်ဖြစ်ရပ်လောကကို အခြေခံရေးသားခဲ့သော ဤစာအုပ်တွင် တိုက်ကြီးမြို့နယ်၌ ဆင်ဖြူတော်ပေါ်ထွန်းခဲ့ဖူးသည့် သမိုင်းကိုလည်း ခြွင်းချန်မထားဘဲ မှတ်တမ်းတင် ရေးသားတင်ပြမည် ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာကျော်က ဆင်ဖြူတော် ပေါ်ထွန်းခဲ့ခြင်း ရှိပါသည်။ တိုက်ကြီးမြို့၏ အနောက်ဘက် ခြောက်မိုင်အကွာတွင် လှိုင်မြစ်ကြီးစီးဆင်းလျက်ရှိရာ အောက်ဘက်သို့စုန်လျှင် ဘောလည်မြစ်ဟူ၍ ရန်ကုန်မြစ်နှင့် ပေါင်းဆုံကာ ပင်လယ်ဝသို့ စီးဝင်ပေသည်။ ရှေးပဝေသဏီ ကာလကပင် မြစ်ကြီးနှစ်စင်းနှင့်အတူ အိုင်ကလောင်ကျွန်းနှင့် ဘောလည်ကျွန်းဟူ၍ ကျွန်းကြီးနှစ်ကျွန်း ဖြစ်တည်လာခဲ့သည်။ "အပျိုတွေပေါတဲ့ လှိုင်ဘောလည်" ဆိုသည့် ဒေသစကားသည် ဆင်ဖြူတော် ပေါ်ထွန်းစဉ်ကပင် အဆိုရှိခဲ့ကြောင်း ဒေသိယစကားအရ သိရှိရပေသည်။

လှိုင်မြစ်နှင့် ဘောလည်မြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံတွင် မင်းလှဝန်၌ ဆင်ခြံရွာ နှစ်ရွာသည် ရွာချင်းဆက်လမ်း ထန်းပင်တန်းနှင့် မြစ်ကမ်းနဖူးတွင် သာယာလှပစွာ တည်ရှိနေသည်။ ဆင်ခြံရွာထိပ်တွင် "ဆင်ဦးတင်စေတီ" တစ်ဆူနှင့် သက်ကယ်သောင်တွင် "သက်ကယ်သောင်စေတီ" တစ်ဆူကို ဖူးတွေ့နိုင်ပေသည်။ ရှေးဟောင်းသမိုင်းဝင် စေတီနှစ်ဆူဖြစ်၍ စေတီ၏အပါး၌ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းတို့ တည်ရှိကာ စောင့်ရှောက်ထိန်းသိမ်းထားခဲ့ကြပေသည်။

မနှင်းနွယ်

ဆင်ဖြူတော်မလေး၏ ကနဦးအမည် ဖြစ်ပါသည်။ သက်ကယ်သောင်အရပ်တွင် ကရင်လူမျိုး မုဆိုးကျော်ငပု ဆိုသူသည် ဆင်ဖြူမလေးတစ်ကောင်ကို စတင်တွေ့ရှိခဲ့ပြီး "မနှင်းနွယ်" ဟု ကနဦးအမည်ပေး၍ ဟံသာဝတီမြို့ဝန်မှ တစ်ဆင့် ဘိုးတော်မင်းတရား (ဗဒုံမင်း) ထံ ဆက်သခဲ့သည်။ ဘုရင်မင်းမြတ်ထံမှ ဆုတော်လာဘ်တော်များ များစွာရရှိခဲ့သဖြင့် ဆင်မလေးကို တွေ့ရှိရာအရပ်တွင် "သက်ကယ်သောင်စေတီ" နှင့် ရွှေနန်းတော်သို့ မပို့ဆောင်မီ ယာယီခြံခတ်၍ ထားရာနေရာ ယခု ဆင်ခြံရွာထိပ်တွင် "ဆင်ဦးစေတီ" ကို အထိမ်းအမှတ်အဖြစ် တည်ထားခဲ့ကြောင်း တိုက်ကြီးမြို့နယ် မှတ်တမ်း (GAZETTEER. 1982) တွင် ဖတ်ရှုလေ့လာရပေသည်။

မှတ်ချက် ။ ။ ဆင်ဖြူတော်ကို စတင်တွေ့ရှိသူ ကရင်ငပုနှင့်ပတ်သက်၍ အမည်ကွဲလွဲမှုရှိပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် "ရတနာဆင်ဖြူတော် တွေ့မြင်ရသူ 'ငထွား' ကိုလည်း ပြည်မြို့ 'ကျေးမင်းကျောင်းရွာ' ကို ပေးသနားတော်မူသည်" ဟု ပါရှိသည်ကို တွေ့ရပါသည်။

"အပျိုတွေပေါတဲ့ လှိုင်ဘောလည်" ဆိုသည့် စာဆိုစကား၏ ဇာစ်မြစ်ကို ဖော်ပြပေးလိုပါသည်။ မြို့ဝန်မင်းက ဆင်ဖြူမလေးကို ရွှေနန်းတော်သို့မပို့ဆောင်မီ ယခု ဆင်ခြံရွာထိပ် "ဆင်ဦးတင်စေတီ" နေရာ၌ ယာယီဆင်ခြံကို ဆောက်လုပ်ပြီး ထားရစဉ် နို့တိုက်ကျွေးရန် ကျေးရွာသူ "သားသည်အမေ" များကို ဆင့်ခေါ်ခဲ့ရာ "သားသည်အမေ" များသည် ဆင်ကို နို့တိုက်ရန် ကြောက်ရွံ့ကြ၍ ပုန်းအောင်းတိမ်းရှောင်ကြသည်။ အချို့က မေးလာလျှင် "သားသည်အမေ" မဟုတ်ပါ။ အပျိုတွေပါဟုသာ ပြောကြလေရာ "သားသည်အမေ" ကို ရှာမတွေ့နိုင်တော့၍ "အပျိုတွေပေါတဲ့ လှိုင်ဘောလည်" ဟူ၍ စာဆိုစကား ပေါ်ပေါက်လာရကြောင်း သက်ကြီးစကား သက်ငယ်ကြား ဒေသိယစကားအဖြစ် သိရှိရပေသည်။

သိရိမလ္လာမဟာသုဘဒ္ဒါ

ယခင်က လှိုင်မြို့စီရင်စု (ယခု တိုက်ကြီးမြို့နယ်) ဆင်ခြံရွာမှ တွေ့ရှိရသော ဆင်ဖြူမလေး မနှင်းနွယ်၏ သမိုင်းကို ဆရာဦးညိုမြ ရေးသားပြုစုသော "ကုန်းဘောင်ရှာပုံတော်" စာအုပ် စာမျက်နှာ ၁၃၄ တွင် အောက်ပါအတိုင်း ဖတ်ရှုလေ့လာရပေသည်။

မြန်မာသက္ကရာဇ် ၁၁၆၆ ခု၊ ဝါခေါင်လဆန်း (၇) ရက်နေ့တွင် ဝါဂွမ်းကဲ့သို့ ကိုယ်လုံးအဖြူအစင်၊ နူးညံ့သော "ဥပေါသတ" စစ်စစ်ဖြစ်သောဆင်ဖြူမလေးကို လှိုင်မြို့နယ် မင်းလှ

ယခု မင်းလှဝအရပ်တွင် ရံရွှေတော် ဆင်တစ်ထောင် ခြံရံလျက် တွေ့ရှိသောကြောင့် ဟံသာဝတီမြို့ဝန်က ဘိုးတော်မင်းတရားထံ အစီရင်ခံသည်ဖြစ်၍ ရွှေဖောင်တော်တင်၊ ရွှေလှေ၊ ရွှေလောင်း၊ ရွှေတက် ပြည့်ဝင်စေပြီး ဝဲယာပွဲသဘင် ခြံရံလျက် ရွှေနန်းတော်သို့ ဆန်တက်သည်။

ဘဝရှင်မင်းတရားကြီးက ပြည်ကြီးမွန်ဖောင်တော်နှင့် မိဖုရားခေါင်ကြီး၊ သားတော်၊ မြေးတော်၊ ဆွေတော် မျိုးတော် အပေါင်းခြံရံလျက် ကြည်းအား၊ ရေအား၊ စစ်အင်္ဂါလေးပါးနှင့် စစ်ကိုင်းမြို့မှနေ၍ ဆင်ဖြူမကလေးကို ကြိုဆိုသည်။ စစ်ကိုင်း၌ ပတ္တမြားစီခြယ်ထားသော ပြာသာဒ်ဝယ် ဆင်ဖြူတော်ကို ပြည်သူတို့ကြည့်ရှုစေရန် ပွဲသဘင်ခံစေသည်။

စစ်ကိုင်းမှတစ်ဆင့် မင်းကွန်းအလယ်ကျွန်းသို့ ဆန်တက်ယူရာ ဧရာဝတီမြစ်ကမ်းဝဲယာတို့တွင် ရာဇမတ်ကာ၊ ဌက်ပျော၊ ကြံပင်၊ ရေမြူတာပန်းအိုးများ စိုက်ထူကြိုဆိုသည်။ မြစ်ပြင်အလုံး ပွဲသဘင်အစုံနှင့် မင်းကွန်းစံနန်းတော်ဆိပ်သို့ ဆောင်ယူခဲ့သည်။ စံနန်းရှေ့တွင် ဘုံငါးဆင့်ရှိသော တန်ဆောင်းတစ်ခု၊ ဘုံသုံးဆင့်ရှိသော ရွှေပြာသာဒ်နှစ်ခု၊ လည်ပေါ်ဆောင် ခြောက်ဆောင်ထားရှိပြီး ဘုံများ၏အလယ်တွင် ဆင်ဖြူတော်ကိုစံစေသည်။ ဖောင်တော်ဆိပ်မှ ဆင်းရာတွင် ကော်ဇောခင်း လျှောက်စေ၍ တန်ဆောင်းတော်တွင် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်သော ဇမ္ဗူရစ်ရွှေအတိပြီးသော မှီတိုင်၊ မှီအုံး၊ ကတ္တီပါအုံးမွေ့ရာအစုံနှင့် ခမ်းနားသာယာစွာ ထားပေး၏။

အဖိုးအနှုံးထိုက်တန်သော ရွှေလည်ဆွဲ၊ ရွှေလက်ကောက်၊ ရွှေခြေချင်း၊ နားဆွဲတော်၊ ရွှေကွန်ချာ တန်ဆာအစုံနှင့်တကွ ရွှေအင်တုံ၊ ရွှေဖလား၊ ငွေဖလား စသော အသုံးအဆောင်တို့ကို အပ်နှင်း၏။ ဆင်ဖြူတော်လေး "မနှင်းနွယ်" ကို "သိရိမလ္လာမဟာသုဘဒ္ဒါ" ဟူသော ပတ္တမြားစီဘွဲ့ကို အပ်နှင်းတော်မူခဲ့သည်။ မနှင်းနွယ်သည် ဘိုးတော်မင်းတရားကြီး၏ အဋ္ဌမမြောက် ဆင်ဖြူတော် ဖြစ်ခဲ့သည်။ တိုက်ကြီးမြို့နယ်ပေါ်မှ ပေါ်ထွန်းခဲ့သော ဆင်ဖြူတော်မလေး မနှင်းနွယ်၏ နောက်ဆုံးဘဝဇာတ်သိမ်းနှင့် ပတ်သက်၍ သမိုင်းအထောက်အထားအရ ကုန်းဘောင်ဆက် မဟာရာဇဝင်တော် ကြီးတွင် "သုံးလရှိလျှင် ရတနာဆင်ဖြူတော်မ "သိရိမလ္လာမဟာသုဘဒ္ဒါ" ကံကုန်လေသည်ကို ရွှေရထား၊ ရွှေပြာသာဒ်နှင့် တင်ဆောင်၍ "ပုထိုးတော်ကြီး အနောက်ယွန်းတွင်၊ ထိုသင်္ဂြာဇံတွင် သင်္ဂြိဟ်တော်မူသည်။ "သိရိမလ္လာမဟာသုဘဒ္ဒါ" အမည်ရှိသော ရတနာဆင်ဖြူတော်မ အရုပ်သဏ္ဌာန်ကိုလည်း "ပုထိုးတော်ကြီး" အနောက်မြောက်ယွန်းတွင် ရွှေဂူနှင့် ထားတော်မူသည်" ဟု ဖော်ပြပါရှိသည်ကို လေ့လာတွေ့ရှိရပေသည်။

ဆင်များ၏ ထူးခြားသောမှတ်ဉာဏ်

ဆင်တို့သည် အတူနေဘဝတူ ဆင်အချင်းချင်းတို့နှင့် ကွဲကွာသွားပြီး မည်မျှ နှစ်ကာလ ကြာမြင့်စေကာမူ အသံကြားကြရုံဖြင့် မှတ်မိနိုင်စွမ်းရှိသည်။ ထူးခြားသောအာရုံ (Infrasound) တစ်မျိုး ရှိကြသည်။

"ဆပ်ဆက်" တက္ကသိုလ်မှ ဒေါက်တာကာရင်းမက်ကွန်းဆိုသူက လေ့လာသုတေသနပြု ဖော်ထုတ်ခဲ့ပေသည်။ ဆင်များသည် ဆင်မိတ်ဆွေအချင်းချင်း ကောင်ရေ ၁၀၀ ၏ အသံကို မှတ်မိနိုင်စွမ်းရှိကြောင်း သုတေသနပြု သက်သေပြခဲ့သည်။

ဒေါက်တာ မက်ကွန်းက ဆင်များ၏ ကျယ်လောင်စွာ အော်ဟစ်သည့်အသံများကို ဖမ်းယူထားပြီးနောက် အခြားဆင်အုပ်များရှိရာတွင် ပြန်ဖွင့်ပြရာ ဆင်အုပ်များအတွင်းမှ ပြန်လည်အော်ဟစ် တုံ့ပြန်သံများ ထွက်ပေါ်လာကြောင်း တွေ့ရသည်။ အော်ဟစ်လိုက်သည့် အော်ဟစ်အသံရှင်ဆင်နှင့် ရင်းနှီးခဲ့ဖူးသောဆင်သည် သူ၏မိတ်ဆွေဆင်၏အသံ ကြားလိုက်သည်နှင့် ပြန်လည်တုံ့ပြန် အသံပြုအော်ဟစ်ပေသည်။ အသံရှင်နှင့် မရင်းနှီးခဲ့ဖူးသော ဆင်များက တစ်စုံတစ်ရာ တုံ့ပြန်အသံမပြုသည်ကို လေ့လာတွေ့ရှိခဲ့သည်။ ဆင်တို့သဘာဝသည် မိုင်အတန်ငယ်ဝေးသော်လည်း ကြားနိုင်လောက်အောင် အော်ဟစ်အသံပြု ဆက်သွယ်လေ့ရှိကြသည်။

တစ်ကောင်နှင့်တစ်ကောင် အချက်ပေးတတ်ကြရာတွင် မည်မျှ အသံတိုးနေစေကာမူ ကြားနိုင်သည်ဟု ဆိုပါသည်။ အနည်းဆုံး အသံလှိုင်း (14-24 Hz Payne etal, 1985) ထိ ကြားနိုင်သည်ဟုဆိုသည်။ တစ်ခါတစ်ရံ ၁ ဒသမ ၅ ကီလိုမီတာ အကွာဝေးထိ ကြားနိုင်ကြောင်း (Journal of the Asian Elephant Specialist Group- Number 15 June 1996) စာမျက်နှာ ၃ တွင် ဖော်ပြထားသည်ကို လေ့လာရသည်။ သို့ကြောင့် တောဆင်ရိုင်းများ ဖမ်းသည့်အခါ ဆင်တို့၏ စိတ်အားငယ်လေ့ရှိသောအသံ (Distress Calls of Elephants) များဖြင့် ဆင်ရိုင်းများကို မြူဆွယ် ထောင်ချောက်ဆင်ကြသည်။ ဥပမာ - မုဆိုးများ အမဲလိုက်ရာတွင် ဂျီမများကိုလာအောင် ဂျီပေါက်ကလေးများအော်သံကဲ့သို့ "ပြီ" "ပြီ" ဟု အသံထွက်ရှည်သော "ဖက်စုပ်" အသံပြုသည့်အသံမျိုးဖြစ်သည်။

ထို့ပြင် လူတို့မွေးထားသော ဆင်ယဉ်တို့သည် သူတို့နှင့်အတူတကွ နေထိုင်ဖူးသူ လူအများကို မမေ့တတ်ကြ။ မှတ်မိတတ်ကြသည်။ တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်း အလုပ်သမားများ၊ ဆင်ဝိုင်းများမှ ဆင်လုပ်သား၊ ဆင်နှင့် လက်ပွန်းတတီး အတူနေမိသားစုများနှင့် အတူနေထိုင်ခဲ့ကြဖူးပြီး နှစ်အတန်ကြာ ကွဲကွာပြီးမှ ပြန်တွေ့ကြလျှင် မှတ်မိနေသည့် ဖြစ်ရပ်များကို မိမိလုပ်သက်တစ်လျှောက် အကြိမ်များစွာ တွေ့ခဲ့ရဖူးပေသည်။

မိမိကိုယ်တွေ့ပင်လျှင် ၁၉၇၂ ခုနှစ်က လှည်းကူးမြို့နယ် ဖောင်ကြီး (ပုတ်သင်ညိုရွာ) တွင် ထားရှိပြီး ထိန်းသိမ်း အုပ်ချုပ်ခဲ့ရသော ဆင်မလေးရဲနွယ်ကို နှစ်နှစ်ခန့် ကွဲကွာပြီးနောက် သာယာဝတီနယ် သစ်ထုတ်လုပ်ရေးစခန်းတစ်ခု၌ ပြန်လည်ဆုံတွေ့ခဲ့ရာတွင် မရဲနွယ်သည် စာရေးသူအား ကောင်းစွာမှတ်မိနေသည်ကို တွေ့ရပါသည်။ သို့ကြောင့် ဆင်များသည် မမေ့တတ်သော သတိ၊ အာရုံ၊ အသိများ ရှိနေကြောင်း ယုံကြည်ရပေသည်။

အနံ့နှင့် အရောင် အာရုံခံနိုင်စွမ်း

ဆင်များသည် လူတို့ဝတ်ဆင်သော အဝတ်အစားအရောင်နှင့် အနံ့တို့ကို အာရုံခံအသိဖြင့် ရန်သူ မိတ်ဆွေ ခွဲခြားနိုင်ကြောင်း တောရိုင်းတိရစ္ဆာန်ပညာရှင်များက လေ့လာဖော်ထုတ်နိုင်ခဲ့ကြသည်။ “စိန့်အင်ဒရူး” တက္ကသိုလ်မှ သုတေသနပညာရှင်များက အာဖရိကတိုက်တွင် စမ်းသပ်သုတေသန ပြုချက်အရ ဆင်များသည် မာဆိုင်လူမျိုးများ ဝတ်ဆင်လေ့ရှိသော အဝတ်အစား၏ အနံ့များကိုရပါက အလွန်ကြောက်ရွံ့မှု အမူအရာကို တုံ့ပြန်ပြသလေ့ရှိကြောင်း သိရပေသည်။ အကြောင်းမှာ မာဆိုင်လူမျိုး ဆင်မုဆိုးများသည် အာဖရိကတိုက်၌ ဆင်များကို ဖမ်းဆီးသတ်ဖြတ်ရာတွင် အလွန်ကျွမ်းကျင်ကြခြင်းကြောင့် ဖြစ်ပေသည်။

အရောင်နှင့်ပတ်သက်၍ မာဆိုင်လူမျိုးများ၏ ရိုးရာဝတ်စုံ အနီရောင်များကို တွေ့မြင်ရပါက အလွန်ကြောက်ရွံ့ တုန်လှုပ်ကြောင်းပြသည်။ အနီးကပ်မခံ ထွက်ပြေးတိမ်းရှောင်ကြသည်။ လယ်ယာစိုက်ပျိုး လုပ်ကိုင်ကြသော ကမ်မာလူမျိုးများကိုမူ ဆင်များက ကြောက်ရွံ့မှုမပြဘဲ ပိုမို၍ လိမ္မာသိမ်မွေ့သောအမူအရာဖြင့် တုံ့ပြန်ဆက်သွယ်ကြသည်ကို တွေ့ရပေသည်။ သို့ကြောင့် ပညာရှင်များက မာဆိုင်လူမျိုးများ၏ ကိုယ်အနံ့ရသော အဝတ်အစားများဖြင့် အနံ့ကိုလည်းကောင်း၊ မာဆိုင်တို့ဝတ်သော အနီရောင်အဝတ်များဖြင့် အရောင်ကိုလည်းကောင်း ခွဲခြားပြီး စမ်းသပ်ကြရာမှ ဆင်များသည် အနံ့နှင့်အရောင်ကို အာရုံခံနိုင်သည့် အသိစိတ်ရှိကြောင်း လေ့လာတွေ့ရှိရပေသည်။

ဆင်ကိုးကောင် သင်္ဘောပေါ်တင်စဉ်က

၁၉၈၀ ပြည့်လွန်နှစ်များအတွင်း မြန်မာ့သစ်လုပ်ငန်းမှ ဟော်လန်နိုင်ငံ G Vander Brink Co ထံသို့ ဆင်ငယ်များ တင်ပို့ရောင်းချခဲ့ပါသည်။ ဆင်ငယ်များအား သင်္ဘောဖြင့် တင်ပို့ရာတွင် ရက်ပေါင်းသုံးဆယ်ခန့် ကြာမြင့်မည့် လမ်းခရီး၌ ကောက်ရိုး၊ စပ်ဆန်၊ ကြံများကိုသာ ကျွေးမွေးနိုင်သဖြင့် ၎င်းအစာများ စားတတ်စေရန်အတွက် လေ့ကျင့်ပေးရန်နှင့် ကျန်းမာရေးစစ်ဆေးရန် လိုအပ်သဖြင့် ဆင်ငယ်များအား နယ်ဆင်စခန်းမှ ရန်ကုန်တိရစ္ဆာန်

ဥယျာဉ်သို့ ဦးစွာ သယ်ယူရွှေ့ပြောင်းပြီး တစ်လကျော် နှစ်လခန့် လေ့ကျင့်ကျွေးမွေးထားရသည်။ ဆင်ငယ်များအား ထည့်သွင်းရန် သံထည် ဆောင်ရွက်ခဲ့ရသည်။ Container တစ်လုံးလျှင် ဆင်ငယ်သုံးကောင်နှုန်း ထည့်သွင်းနိုင်သဖြင့် တစ်ကြိမ်တင်လျှင် သုံးကောင် (သို့မဟုတ်) ခြောက်ကောင် (သို့မဟုတ်) ကိုးကောင် တင်ပို့နိုင်ပေသည်။

ဆင်ကိုးကောင် တင်ပို့သော ခရီးစဉ်နေ့တွင် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ထိုအချိန်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ညွှန်ကြားရေးမှူး ဗိုလ်ကြီးကျော်ညွန့်လွင် ဦးစီးသော ဝန်ထမ်းများနှင့် (G Vander Brink Co) မှ ကိုယ်စားလှယ်များသည် နံနက် ၈ နာရီ အချိန်မှစ၍ ဆင်ငယ်များအား Container အတွင်းသို့ ထည့်သွင်းခြင်း၊ ကရိန်းဖြင့် Container ကို ထရပ်ကားကြီးများပေါ်သို့ တင်ခြင်း၊ သင်္ဘောလမ်းခရီးအတွက် ရိက္ခာများ ထုပ်ပိုးတင်ဆောင်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ကြရသည်။

Container ပေါ်သို့ အသီးသီး တင်နေကြရာမှ ဆင်ငယ်တစ်ကောင်သည် အလွန်ကြောက်လန့် ရုန်းကန် အော်ဟစ်သောင်းကျန်းလျက်ရှိရာ ကားပေါ်သို့ လုံးဝတင်မရဖြစ်နေပေသည်။

ဆင်ငယ်အား Container ထဲတွင် မွေ့ဆေးပေးရန် ဆင်ငယ်အတွက် အန္တရာယ်ရှိနိုင်သဖြင့်မွေ့ဆေးပေးတင်ရန်လည်း မလွယ်ကူလှပေ။ ဖြစ်ပျက်ပုံမှာ Container ထဲ၌ ဆင်ငယ်နှစ်ကောင် ရောက်နှင့်နေပြီဖြစ်သော်လည်း နောက်ဆုံး ဆင်ငယ်မှာ Container ထဲသို့ ဝင်သော်လည်း Container တံခါးပိတ်ချိန်တွင် ငယ်သံပါအောင်အော်ပြီး ရုန်းရင်းဆန်ခတ်ပြုလုပ်ပါတော့သည်။ အတင်းအကျပ် တံခါးပိတ်၍ Container အား ကရိန်းဖြင့် မ,သည့်အခါ Container ကြီးသည် လေထဲတွင် ပျံဝဲလျက် ကြောက်စရာကောင်းအောင် ယိမ်းထိုးလှုပ်ရမ်း နေလေသည်။ အခန်းထဲရှိ ဆင်ငယ်သုံးကောင်စလုံး ခလောက်ဆန်လျက် အန္တရာယ် ဖြစ်တော့မည့် အခြေအနေ ရောက်နေပေသည်။ ဝိုင်းအုံကြည့်နေကြသော ပရိသတ်များမှာလည်း အထိတ်အလန့်ဖြင့် ကြည့်နေကြရသည်။

ထိုအခါ တိရစ္ဆာန်ဥယျာဉ် ညွှန်ကြားရေးမှူး ဗိုလ်ကြီးကျော်ညွန့်လွင် (ငြိမ်း) က ဝိုင်းအုံကြည့်နေသော လူစုကြီးကို ရှင်းထုတ်ပြီး Container ကို အမြန်ပြန်ချခိုင်းလိုက်သည်။ ဆင်ဦးစီးလေးကို Container ထဲသို့ ဝင်ခိုင်းလိုက်သည်။ ဆင်ငယ်ကို ချော့ခိုင်းပါသည်။ Container တံခါး လုံးဝမပိတ်ဘဲ ဖွင့်ထားပြီး ဆင်ငယ်ငြိမ်သွားသောအခါ ဆင်ဦးစီးကို Container ၏ အပြင်ဘက်သို့ ထွက်ခိုင်းပြီး ပြတင်းပေါက်မှတစ်ဆင့် ဆင်ငယ်အား ကြံချောင်းများ ကျွေးစေ၍ ဆက်လက် ချော့မြူနေခိုင်းသည်။ ဆင်ငယ်မှာ ကြံချောင်းများကိုဝါးရင်း ဆက်လက်ငြိမ်သက်နေသဖြင့် Container တံခါးအား ညင်သာစွာ စေ့ခိုင်းလိုက်ပါသည်။

တံခါးချက်ကို မထိုးခိုင်းပါ။ ဆင်ငယ်မှာ ဆက်လက်ငြိမ်သက်နေသဖြင့် ဆင်ဦးစီးကို ဆက်လက်ချော့ခိုင်းထားကာ ကရိန်းဆရာအား လက်ပြ၍ Container ကို အနည်းငယ် မ,ကြည့်ခိုင်းလိုက်သည်။ ဆင်ငယ်မှာ ငြိမ်သက်နေဆဲ ဖြစ်သောကြောင့် ဆင်ဦးစီးက Container ကို ဖက်၍ ဆင်ငယ်နှင့်အတူ ထရပ်ကားပေါ်သို့ လိုက်သွားရန် အချက်ပြလိုက်ပါသည်။ တံခါးစေ့ထားသော Container ကို ထရပ်ကားပေါ်သို့ ဖြည်းဖြည်းချင်း မ,တင်ရန် ကရိန်းဆရာအား ခိုင်းလိုက်ပါသည်။ ထရပ်ကားပေါ်သို့ Container ရောက်သည့်တိုင် ဆင်ဦးစီးအား ဆင်ငယ်ကို အဆက်မပြတ် ထိတွေ့ကိုင်တွယ် ပွတ်သပ်ချော့ခိုင်းရာ အံ့ဩဖွယ် ကောင်းလောက်ပင် ဆင်ငယ်မှာ ရုန်းရင်းဆန်ခတ် မပြုလုပ်တော့ဘဲ ငြိမ်သက်စွာ ကြဲချောင်းကို စားနေလေသည်။ ထိုအခါမှ တံခါးချက်ကို ဆင်ဦးစီးက ညင်သာစွာ ထိုးပိတ်လိုက်ခြင်းဖြင့် ဆင်ကိုးကောင်စလုံး အောင်မြင်စွာ သင်္ဘောတင်နိုင်ခဲ့ပေသည်။ ဖြစ်နိုင်သည်မှာ ဆင်ငယ်လေးသည် Container ထဲတွင် တံခါးချက် ထိုးပိတ်လျှောင်မိနေပါက ပြန်မထွက်နိုင်မှာကို တွေးမြင်နိုင်ဖွယ် ရှိပေသည်။ ထို့ကြောင့်သာလျှင် Container ထဲရောက်စဉ် ငြိမ်သက်သော်လည်း တံခါးပိတ် ချက်ထိုးပြီဆိုလျှင် သည်းမခံတော့ဘဲ သောင်းကျန်းနေခြင်း ဖြစ်ပေသည်။

ဆင်ငယ်လေးမှ မဟုတ်ပါ။ သက်ရှိသတ္တဝါဟူသမျှ မလွတ်လပ်သော ပိတ်လှောင်မှုမှန်သမျှကို ကြောက်လန့်ကြမည်သာ ဖြစ်ပါသည်။

အတွေ့အကြုံရင့်ကျက်သော ညွှန်ကြားရေးမှူး ဗိုလ်ကြီးကျော်ညွန့်လွင် (ငြိမ်း) ၏ စီမံဆောင်ရွက်မှုအပေါ် ဟော်လန်နိုင်ငံမှ နိုင်ငံခြားသား ကိုယ်စားလှယ်များ ဝန်ထမ်းများ အားလုံးက လေးစားခဲ့ရသည်။ ကျေးဇူးတင်မဆုံးလည်း ဖြစ်ရလေသည်။

ꕥ ꕥ ꕥ ꕥ ꕥ

အခန်း (၇)

စတာဆင်ရိုင်း ပမ်းဆီးခြင်း

နောက်ခံသမိုင်း

မြန်မာနိုင်ငံတွင် သစ်ထုတ်ခြင်း လုပ်ငန်းများကို တောတောင်ထဲတွင် ဆင်နှင့်ကျွဲကိုသာ အဓိကအားထားသုံးစွဲ လာခဲ့သည်။ ၁၉၅၄-၅၅ ခုနှစ်မှစ၍ စက်ယန္တရားများကို အစားထိုးထည့်သွင်း သုံးစွဲလာခဲ့သော်လည်း မြန်မာ့ရေမြေ တောတောင် သဘာဝအရ ဆင်များ၏ နေရာတွင် ရာခိုင်နှုန်းအပြည့် အစားထိုးနိုင်ခြင်း မရှိသေးပေ။ ယနေ့တိုင် ဆင်ကို ပစ်ပယ်၍ မရ အားထားနေရဆဲသာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ဘုံဘောဘားမား၊ စတီးဘရားသား၊ မက်ကလီကာ၊ ဖူးကားနှင့် တီဒီဖင်လေးစသည့် သစ်ထုတ်ကုမ္ပဏီများမှ သစ်ထုတ်ရာတွင် ဆင်ကောင်ရေ ပေါင်း ၆၀၀၀ ခန့်ဖြင့် လုပ်ကိုင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်ဘေးစစ်ဒဏ် ကြောင့်လည်းကောင်း၊ ရောဂါဖြစ်ပွားမှုကြောင့်လည်းကောင်း၊ သေဆုံးခြင်း၊ ခိုးယူပျောက်ဆုံးခြင်း စသည်ဖြင့် အလုပ်ဆင်များသည် ဆုံးရှုံးလျော့ပါးမှုများ ရှိခဲ့သည်။ စစ်ကြီးပြီးနောက်ပိုင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့မှ သစ်ထုတ်လုပ်ငန်းများ လက်ဆင့်ကမ်း ဆက်လက် ဆောင်ရွက်ခဲ့ချိန်တွင် ၁၉၆၄-၆၅ ခုနှစ်အထိ စာရင်းမှတ်တမ်းအရ-

* အလုပ်ဆင်ပေါင်း - ၉၆၄ ကောင်
* ဝန်တင်ဆင်ပေါင်း - ၅၀၆ ကောင်
* နို့စို့ဆင်ပေါင်း - ၂၄၈ ကောင်

စုစုပေါင်း = ၁၇၁၈ ကောင် ကျန်ရှိခဲ့သည်။

မြန်မာ့သစ်လုပ်ငန်း အနေဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေကြိုးပမ်းရာတွင် အလုပ်ဆင် ၉၆၄ ကောင်မျှဖြင့် လုံးဝ လုံလောက်မှုမရှိနိုင်ပေ။ နှစ်စဉ် နိုင်ငံ၏စီမံကိန်းလျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ဆင်အင်အား များစွာလိုအပ်လာခဲ့သည်။ သို့ကြောင့် မြန်မာ့သစ်တောများအတွင်းရှိ တောဆင်ရိုင်းများအနက်မှ သင့်လျော်သလို ဖမ်းဆီးလေ့ကျင့် အသုံးချရန် နည်းလမ်းကို ရွေးချယ်ခဲ့ရပေသည်။

၁၉၆၄-၆၅ ခုနှစ်မှစ၍ သစ်လုပ်ငန်းကော်ပိုရေးရှင်းက တောဆင်ရိုင်းဖမ်းနည်းစနစ်ကို အကောင်အထည်ဖော်ခဲ့သည်။ ထိုအချိန်က ကျုံးစနစ်နှင့် မီလာရှိကာ ကြိုးကွင်းစနစ်ကို အသုံးပြုဖမ်းဆီးခဲ့ရာမှ ၁၉၆၇-၆၈ ခုနှစ်မှစ၍ မွေ့ဆေးသေနတ်ဖြင့် ဖမ်းဆီးခြင်းကို စတင်အသုံးပြုခဲ့သည်။

ဌာနဆိုင်ရာ ညွှန်ကြားလွှာအမှတ် (၁၀၈) တောဆင်ရိုင်းဖမ်းဆီးခြင်းမူအရ ကျုံးစနစ်နှင့် မီလာရှိကာနည်းတို့ကို သစ်လုပ်ငန်းကော်ပိုရေးရှင်း ကြီးကြပ်မှုအောက်တွင် ထားရှိဆောင်ရွက်ခဲ့ရာတွင် ဆင်အသေအပျောက်များခြင်း၊ လုံခြုံရေး အရ အနီးကပ်ကြီးကြပ်မှု မရှိနိုင်ခြင်းတို့ကြောင့် ၁၉၈၃-၈၄ ခုနှစ်တွင် ပိတ်ပင်ခဲ့ပြီး ဌာနဆိုင်ရာ မွေ့ဆေးစနစ်တစ်မျိုးတည်းဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပေသည်။

သို့ရာတွင် ၁၉၉၄-၉၅ ခုနှစ်မှစ၍ သစ်တောဦးစီးဌာနက တောဆင်ရိုင်းစာရင်းကောက်ယူရေးစီမံကိန်း စတင်ဆောင်ရွက်မည်ဖြစ်၍ တောဆင်ဖမ်းဆီးခြင်းကို ရပ်ဆိုင်းထားခဲ့ပေသည်။

သို့သော် အထူးကိစ္စရပ်များအနေဖြင့် ၁၉၉၅-၉၆ ခုနှစ်တွင် မော်လမြိုင်ကျွန်းဒီရေတော တောဆင်ရိုင်းများ စားကျက်ပြောင်းရွှေ့ခြင်း၊ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်တွင် တောဆင်ရိုင်းများ သောင်းကျန်းမှုအန္တရာယ်ကာကွယ် တားဆီးခြင်း၊ ဖမ်းဆီးခြင်း၊ လန်ပိကျွန်းအဏ္ဏဝါဥယျာဉ်ရောက် ဆင်များဖမ်းဆီးသယ်ဆောင်ခြင်း စသည့်ကိစ္စများတွင် မွေ့ဆေးသေနတ်ဖြင့် ဖမ်းဆီးခဲ့ပေသည်။

ယခုအခါ တောဆင်ရိုင်းဖမ်းဆီးခြင်းကို သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက မွေ့ဆေးသေနတ် စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်လျက် ရှိပေသည်။

ဖမ်းဆီးခြင်းစနစ်

* ကျုံးစနစ်ဖြင့် ဖမ်းဆီးခြင်း
* မွေ့ဆေးသေနတ် ပစ်ဖမ်းခြင်း
* ကြိုးကွင်းစွပ် ဖမ်းဆီးခြင်း ဟူ၍ သုံးမျိုးရှိရာတွင်-

မြန်မာနိုင်ငံ၌ ကျုံးစနစ်နှင့် မွေ့ဆေးစနစ်သာ အဓိကသုံးစွဲသည်။ မွေ့ဆေးစနစ်သည် ကမ္ဘာတွင် မြန်မာတစ်နိုင်ငံ၌သာ ကျင့်သုံးသည်ဟု ဆိုနိုင်သည်။ အခြားနိုင်ငံများတွင် ဆပ်ကပ်များ၊ တိရစ္ဆာန်ဥယျာဉ်များ၌ ဆေးကုသရာတွင် လည်းကောင်း၊ လွတ်မြောက်ထွက်ပြေးလျှင်လည်းကောင်၊ လူကိုအန္တရာယ်ပြုလျှင်သော်လည်းကောင်း မွေ့ဆေးကို သုံးစွဲကြသည်။

ကျူးစနစ်သည် မြန်မာတို့၏ ရှေးရိုးရာအစဉ်အလာ နည်းစနစ်ဖြစ်ပါသည်။ အခြေအနေအချိန်အခါ လုပ်ငန်း လိုအပ်ချက်အရ ပုဂ္ဂလိက ဆင်ဖမ်းအဖွဲ့များအား သစ်တောဦးစီးဌာနက ဆင်ဖမ်းလိုင်စင်များ ထုတ်ပေးပြီး တောဆင်ရိုင်းများ ဖမ်းဆီးခွင့်ပြုရာတွင် ကျူးစနစ်ကိုသာ သုံးစွဲဖမ်းဆီးကြပေသည်။ တိုက်ကြီးမြို့နယ်တွင် ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်များတွင် ကျူးများတည်ဆောက် ဖမ်းဆီးခဲ့ကြသည်ကို ကိုယ်တွေ့မျက်မြင် လေ့လာကြည့်ရှုခဲ့ရပါသည်။ မြန်မာ့ရိုးရာ ကျူးစနစ်ဖြင့် တောဆင်ဖမ်းစနစ်များ မတိမ်ကော မပပျောက်စေရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် ကျူးစနစ်ဖမ်းဆီးခြင်း စနစ်တစ်ခုကို တင်ပြသွားမည် ဖြစ်ပါသည်။

တောဆင်ရိုင်းတို့ ကျက်စားရာနှင့် သတိပြုဖွယ်

တောဆင်ရိုင်းတို့၏သဘာဝသည် ကျယ်ပြန့်သောဝါးတောကြီးများနှင့် အရိပ်အာဝါသကောင်းသော သစ်တောများ၌သာ နေလေ့ရှိသည်။ မှောင်ရီပိုပျိုးစ၊ ညနေပိုင်းအချိန်များနှင့် (မိုးလင်းစ) အချိန်များတွင် ကျယ်လောင်စွာ အော်ဟစ် အသံပြုကြလေ့ရှိသည်။ စားကျက်လှည့်လည်ချိန်များတွင် ဆင်ထိန်းကြီးများက စားကျက်ရှိရာကို အချက်ပေးညွှန်ပြသည့် သဘောဖြင့် တစ်ကြိမ် နှစ်ကြိမ် အော်ဟစ်လိုက်ခြင်း ဖြစ်လေသည်။ သို့ကြောင့် တောဆင်ရိုင်း ဖမ်းဆီးကြမည့်သူများသည် ထိုအချိန်ကို ဝိရိယစိုက်ပြီး မျက်ခြည်မပြတ် စောင့်ကြည့်နားစွင့်ကြရသည်။ တောဆင်ရိုင်းများ ရှိရာနေရာနှင့် အကွာအဝေးကို ကြိုတင်မှန်းဆနိုင်ကြလေသည်။

ဆင်သည် အနံ့ခံအလွန်ကောင်းသည်။နားအလွန်ပါးသည်ဖြစ်၍ ချက်ပြုတ်ရာရိက္ခာတွင် ဆီမပါဘဲ စီစဉ် သွားရန်လိုသည်။ ဆီဖြင့်ကြော်ချက်ခြင်းသည် အဝေးမှာရှိသည့်ဆင်ကို အနံ့ပေးရာရောက်ပေသည်။ ဆင်သည် ညှော်ကို ကြောက်ပါသည်။ ငရုတ်သီးညှော်နှံ့ရလျှင် လုံးဝ အဝေးသို့ ထွက်ပြေးကြတော့သည်။ သို့ကြောင့် တောဆင်များကို ခြောက်လှန့်လျှင် ငရုတ်သီးညှော်တိုက်ပါဟု အကြံပြုခြင်းဖြစ်သည်။ လူတို့အသုံးအဆောင်တွင် အနံ့ထွက်သည့် ရေမွှေး၊ ပေါင်ဒါ၊ ပရုတ်ဆီ စသည်များကိုလည်း ယူဆောင်မသွားသင့်ပေ။

ကျူးသွင်းထောင်ဖမ်းခြင်း

တောဆင်ရိုင်းအုပ်တို့၏ အသွားအလာ၊ ခြေရာခြေကြောင်း၊ လှုပ်ရှားမှုများကို ပဏာမစောင့်ကြည့်လေ့လာပြီးမှ ရွေးချယ်ရသည်။ ဆင်များဖြတ်သန်းသွားလေ့ရှိသည့်နေရာတွင် တောင်မြင့်လွန်း၊ မနိမ့်လွန်း၊ မပြန့်လွန်းသော ဆင်ခြေလျှော ခပ်ပြေပြေနေရာတို့ကို ရွေးချယ်ရပေသည်။ ဖမ်းဆီးရမိသည့်အခါ ယာယီလေ့ကျင့်ပေးနိုင်ရန် ရေစမ်း၊ ရေအိုင်၊ ချောင်းတို့နှင့် အနီးဆုံးကိုလည်း ရှာဖွေရွေးချယ်ရသည်။

ဆင်ကျုံးပုံသဏ္ဌာန်နှင့် တည်ဆောက်ပုံ

ကျုံးစနစ် ကျုံးတည်ဆောက်ပုံများသည် အိန္ဒိယနိုင်ငံမှ တောဆင်ဖမ်းသမားများက စတင်ခဲ့ခြင်း ဖြစ်သည်။ ကျုံးပုံသဏ္ဌာန်မှာ စတုဂံပုံကို တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် အလျားပေ ၁၂၀-၁၅၀ × အချို့ ၈၀ ပေ - ၁၂၀ ပေ ခန့်ထိလည်း ဆောက်ကြသည်။ ကျုံးပတ်လည် အကာအရံနှင့် တိုင်များ၊ တန်းများကို အဖုအထစ် အတက်၊ ဆူးငြောင့်များ မပါရစေဘဲ ချောမွေ့လုံးဖြောင့်သော တိုင်လုံးကြီးများ တန်းများကို အသုံးပြုကြရသည်။ ကျုံးသွင်းပြီး၍ လွတ်မြောက်ရေး ထွက်ပေါက်ရှာသည့်အခါ အကြောက်လွန်ပြီး အားကုန် ရုန်းကန် တိုးဝှေ့တတ်သဖြင့် ဆင်များ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ မရမိစေရန်အတွက် စီစဉ်ရခြင်းဖြစ်ပေသည်။

ကျုံးတိုင်လုံးကြီးများကို တစ်တိုင်နှင့်တစ်တိုင် အကွာအဝေး (၁ပေ × ၁ပေ) သို့မဟုတ် (၁½ ပေ × ၁½ ပေ) စသည်ဖြင့် စိုက်ထူရန် ကျင်းကို အနည်းဆုံးအနက် ၃ ပေ ခန့်တူး၍ စိုက်ထူရသည်။ ကျုံးတိုင်၏ အပြင်ဘက်မှ အနည်းဆုံး ထွာဆိုင်လုံးမျှ မျောတန်းအလုံးများကို တန်းကြား ၂ ပေကွာခြား၍ ချည်နှောင်ကာရံရသည်။ ကျုံး၏ ရှေ့ဘက်မျက်နှာစာ အကျယ်ဘက်တွင် ဝင်ပေါက်တံခါးကြီးထားပြီး နောက်ဘက်က အလုံပိတ်ထားရပေသည်။

တန်းများချည်နှောင်ကပ်ရာမှအစ မည်သည့်နေရာမျှ ရိုက်သံကို မသုံးရပေ။ အုန်းဆံကြိုး၊ လျှော်ကြိုးများကိုသာ အသုံးပြုရပါသည်။ သံကို မသုံးရခြင်းမှာ ကြိုးမားသောသစ်လုံးများနှင့် မျောလုံးတန်းများကို ဆွဲနိုင်လောက်သည့် "သံ" အရွယ်အစား မရှိသည့်အပြင် သံရိုက်သံ၊ ထုနှက်သံကြောင့် တောလုံးဆူညံ၍ တောဆင်များလန့်၍ ရှောင်ပြေးတတ်ခြင်း ရှိပေသည်။ ထို့အပြင် ကျုံးအတွင်း၌ ရုန်းကန်အားကြောင့် တန်းများပြုတ်ထွက်လျှင် သံခွန်များစူးပြီး သံဆိပ်ကြောင့် ဆင်များ အနာတရဖြစ် ဆုံးရှုံးနိုင်တတ်ကြပေသည်။ သို့ကြောင့် ကျုံးတည်ဆောက်ရာတွင် ရိုက်သံကို လုံးဝအသုံးမပြုရ ခြင်း ဖြစ်ပေသည်။

ကျုံးရှေ့မျက်နှာစာတွင် တံခါးတိုင် ၄ လုံး ရှေ့နောက်စိုက်ထူ၍ ကျုံးတံခါးကို အလယ်တွင်ထားသည်။ တံခါးကို ထွာဆိုင်လုံးအရွယ် မျောလုံးများဖြင့် စီကာရသည်။ တံခါးတိုင်၏ အောက်ဘက်ထိပ်များကို ခွန်ထားရသည်။ သို့မှသာ ဆင်ဝင်လာပြီဆိုပါက တံခါးကို ဖြုတ်ချလိုက်သည့်အခါ တံခါးအလေးချိန်စီး၍ မြေကြီးထဲသို့ စူးစိုက်ဝင် သွားမည် ဖြစ်ပေသည်။ ကျုံးတံခါးကို အပေါ်သို့ အမြင့်ပေ ၃၀ ပေခန့်ထိ ကြိုးဖြင့် ဆွဲတင်ထားပြီး အနီးရှိ ခိုင်မာသည့် သစ်ပင်တစ်ပင်တွင် ချည်နှောင်ဆွဲတင်ထားရသည်။

ပေထုပ်များ ပြုလုပ်ခြင်း

ဆင်ကျူးတည်ဆောက်ခြင်းနှင့်အတူ ပေထုပ်များကို အသင့်ပြုလုပ်ကြရသည်။ ဆင်များကို ခြောက်လှန့် တောမောင်းရာတွင် ငြောက်အိုးများ၊ ပေထုပ်များကို ပစ်ပေါက်ခြောက်လှန့်ခြင်းသည် အလွန်ထိရောက်ပါသည်။ ပေထုပ်များ ပြုလုပ်ပုံမှာ ဆေးဒန်းနှင့်ပိုတက်အမှုန့်ကို ဆတူရောစပ်၍ ကျောက်စရစ်ခဲလေးများနှင့်အတူ ရောစပ်ကာဖြင့် လေလုံအောင် ကျစ်ကျစ်လျစ်လျစ် ထုပ်ရခြင်းဖြစ်သည်။ တောဆင်ရိုင်းအုပ် တွေ့ပြီဆိုလျှင် ပေထုပ်၊ ငြောက်အိုးများကို မီးရှို့ ပစ်ဖောက်ပြီး တအုံးအုံး တဒိုင်းဒိုင်းဖြင့် တောလုံးဟိန်းပြီး ဆူညံနေအောင် ခြောက်လှန့်ရသည်။ လူအုပ်ဖြင့် ကျူးရှိရာဘက်ကို ဦးတည်ပေးပြီး မောင်းသွင်းကြရပေသည်။

မီးပိတ်ခြင်း

အလိုရှိသော တောဆင်ရိုင်းများ ကျူးဧရိယာအတွင်းသို့ စဝင်ပြီဆိုလျှင် နောက်ကြောင်းသို့ လုံးဝပြန်မလှည့် ရအောင် မီးပုံများပိတ်၍ မီးရှို့ပေးခြင်းကို မီးပိတ်ခြင်းဟုခေါ်ပါသည်။ ဆင်တို့သည် မီးကိုကြောက်သဖြင့် မီးခိုးနံ့ရသည်နှင့် ရှေ့ကိုသာဆက်တိုး၍ သွားကြသည်။ မီးပိတ်နေစဉ်မှာလည်း ပေထုပ်၊ ငြောက်အိုးများကို အဆက်မပြတ် ဖောက်ပေးနေရသေးသည်။ ဆင်များကျူးခန်းအတွင်းရောက်သည်နှင့် ကျူးတံခါးကြီးကို ဖြုတ်ချလိုက်သောအခါ ဆင်များသည် ကျူးအတွင်း ပိတ်မိနေပေသည်။

ကျူးအတွင်းထိန်းချုပ်ခြင်း

ကျူးအတွင်း ဆင်များဝင်ပြီဆိုသည့်အချိန်မှစ၍ ဆင်ဖမ်းအဖွဲ့သားများသည် အော်ဟစ်ဆူညံလျက် မနားတမ်း လှုပ်ရှားကြရတော့သည်။ ကျူးအပေါ် အမြင့်တွင်ရှိ တန်းများပေါ်သို့ တက်၍ ဆင်၏လည်ပင်းကိုကြိုးကွင်းဖြင့် အမိအရ စွပ်ကြပြီး ချည်နှောင်ရသည်။ မျောတိုင်ကြီးများအကြား အကာအကွယ်မှနေ၍ ဆင်၏ခြေထောက် လေးချောင်းစလုံးကို ဝိုင်းဝန်းကြိုးချည်ကြရသည်။ ဆင်တစ်ကောင်လုံးကြိုးများ အခိုင်အမာအထပ်ထပ် တုပ်နှောင်ချည်ပြီးသည့်အခါ ကြိုးစများကို ကျူးအပြင်ဘက်မှ ငုတ်၊ သစ်ပင် စသည်များတွင် လုံးဝမရုန်းနိုင်အောင် ချည်နှောင်ကြရပေသည်။

ကျူးထုတ်ခြင်း

ဖမ်းမိဆင်များကို ကျူးအတွင်း၌ ပိုင်ပိုင်နိုင်နိုင် ကြိုးများတုပ်နှောင်ပြီးပြီဆိုလျှင် နောက်တစ်နေ့ မိုးလင်းချိန်တွင် "ကျူးထုတ်ခြင်း" ကို ပြုလုပ်ရသည်။ ကျူးထုတ်ခြင်းဆိုသည်မှာ

ကျုံး၏ဘေးတံခါး၊ ဘေးအကာအရံများကို ဖြုတ်ဖျက်ဖွင့်ပြီး ဆင်တစ်ကောင်ချင်း အပြင်သို့ ထုတ်ခြင်းဖြစ်သည်။ ကြိုးစများကို လိုသလို အလျှော့အတင်းပြုလုပ်ပြီး လိုအပ်ရာသို့ လိုသလို ဝိုင်းဝန်းပြီးထုတ်ရသည်။ အန္တရာယ်အများဆုံးအချိန် ဖြစ်ပေသည်။ ဆင်ရိုင်းတို့သည် ဒေါသမီးဟုန်းဟုန်း တောက်ချိန်ဖြစ်ရာ အားကုန်ရုန်းကန်ပြီး လွတ်မြောက်ဖို့ ကြိုးစားကြတော့သည်။ ကြိုးများမခိုင်၍ လွတ်ထွက်ပါက လူများကို လိုက်သတ်ကြပေလိမ့်မည်။ ကျုံးအတွင်းထဲသို့ မတော်တဆ လူလိမ့်ကျခြင်း၊ ဆင်၏ ရုန်းကန်အားကြောင့် လူကို ကြိုးညပ်ခြင်း၊ မျောတိုင်များနှင့် ညပ်နေခြင်း၊ ဆောင့်မိခြင်း စသည်ဖြင့် ထိခိုက်အနာတရများ ဖြစ်တတ်ပေသည်။ ကျုံးအတွင်းလိမ့်ကျမည်ဆိုလျှင်မူ တွေးဝံ့စရာမရှိပေ။ သို့ကြောင့် ကျုံးသွင်း၊ ကျုံးထုတ်ခြင်းတွင် စနစ်အလွန်ကျရသည်။ သတိလက်လွတ်၍ လုံးဝမဖြစ်ပေ။ အရာရာ အဘက်ဘက်မှ သေချာမှသာ အသက်ချမ်းသာရာ ရမည်ဖြစ်ပေသည်။

ကျုံးသင်ခြင်း (သို့မဟုတ်) မှိန်းသင်ခြင်း

တောဆင်ရိုင်းများကို ဖမ်းဆီးရမိပြီးနောက်တွင် လူတို့ဆီမှာ မွေးမြူခိုင်းစေ၍ရအောင်၊ ယဉ်ပါးအောင်ပြုလုပ်ခြင်း ဖြစ်သည်။ ဆင်သည် အသိဉာဏ်ရှိသော တိရစ္ဆာန်ဖြစ်သဖြင့် သင်ကြားခြင်းဖြင့် ယဉ်ပါးလွယ်ပေသည်။

ဖမ်းမိဆင်ကို ပထမဦးစွာ အစာရေစာမကျွေးဘဲ နှစ်ရက်မျှ ဖြတ်ထားရသည်။ သို့မှသာ အားအင်လျော့ပါးလာပြီး မာန်ကျစေမည်ဖြစ်သည်။ ဆင်ဆရာများသည် ဖမ်းဆီးရမိစဉ်က ရရှိခဲ့သည့် အနာဒဏ်ရာများကို ဆေးထည့်ကုသပေးကြသည်။ ဆင်အနာဆေးသည် ဝက်ဆီနှင့် နန္နင်းကို ရောမွှေပြီး ဆေးလိမ်း ဆေးထည့်ပေးခြင်းဖြစ်သည်။

မာန်ကျ၍ ယဉ်စပြုလာသော ဆင်များရှိသကဲ့သို့ အချို့ဆင်များသည် အလွန်စိတ်ဒေါသကြီးကြသည်။ သို့ကြောင့် နားရွက်ကိုဖောက်ပြီး ကြိုးဖြင့်လေ့ကျင့်ပေးရသည့်အခါများလည်း ရှိပေသည်။ ယဉ်ပါးလွယ်သော ဆင်ဖြစ်ပါက နားရွက်ကို လုံးဝမဖောက်ရပေ။

သို့ရာတွင် အချို့ဆင်သမားတို့က တောဆင်ရိုင်းကိုမိပြီဆိုလျှင် “မင်း ငါတို့လက်ထဲရောက်ပြီ” “ငါတို့ ကျွေးတာ စား” “ ငါတို့ ခိုင်းတာလုပ် ” ဆိုပြီး နားရွက်ကို ဓားဖြင့်လှီးကြသည့် ဓလေ့လည်း ရှိပေသည်။ ဆင်သည် နားရွက်ကိုထိက အလွန်နာကျင်တတ်ကြသည်။ ဓားဖြင့်လှီးစဉ် ငယ်သံပါအောင် အော်ကြတော့သည်။ မည်မျှ စိတ်ဒေါသကြီးသည့် ဆင်ဆိုးဖြစ်ပါစေ ချက်ချင်း ငြိမ်ကျသွားလေ့ရှိပါသည်။

ဆော်ပိုင် ဖြုလုပ်ခြင်း

ဆော်ပိုင်ဆိုသည်မှာ ဆင်လောကမှ ဝေါဟာရတစ်ခု ဖြစ်သည်။ ကုလားစကားနှင့် ခန္ဓီးရှမ်းစကား ရောစပ်ဟန် ရှိသည်။ မြန်မာနိုင်ငံ အနောက်မြောက်ဘက်ဒေသ ခန္ဓီးနယ် အိန္ဒိယနယ်စပ်မှ စတင်လာသော စကားဖြစ်လေသည်။

ဆော်ပိုင် လုပ်သည်ဆိုသည်မှာ ဆင်၏ ကိုယ်ခန္ဓာတစ်ခုလုံးကို နေရာမလပ် မထိသည့် နေရာ မရှိရအောင် ဆင်သမားတို့က ဝိုင်းဝန်းပြီး လက်ဖြင့် ပွတ်သပ်ရင်းဖြင့် ဆော်ပိုင်ဆိုသည့် သီချင်းကို ဆွဲဆွဲငင်ငင် သီဆိုပေးကြသည်။ ဆော်ပိုင်သည် ဆင်ချော့သီချင်းတစ်ပုဒ်ဟု ဆိုနိုင်ပေသည်။

မြိုင်ဟေဝန် ဆင်စခန်း တောဆင်ဖမ်းဆီးလေ့ကျင့်ရေးစခန်းတွင် ဆင်ဖမ်းသမားများ သီဆိုကြသည်မှာ-

ဆော်ပိုင် ×××× ဆော်ပိုင် ××× လော့မိုင်ရယ်

လော့မိုင်ရယ် ××× ဆော်ပိုင်ရေ ××× ဆော်ပိုင် ×××× လော့မိုင်ရယ် ဟူ၍ ထပ်ခါ တလဲလဲ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ကလေးချော့သလို ချော့မြှူပြီး ဆိုကြသည်ကို တွေ့ခဲ့ရသည်။

ကချင်ပြည်နယ်ဘက် တောဆင်ဖမ်းသမားများ သီဆိုကြပုံမှာ ဆော်ပိုင်သီချင်းတစ်မျိုး ဖြစ်သည်။

ဆော်ပိုင် ×××× ဆော်ပိုင် ××××လော့မိုင်ရယ်

ဆော်ပိုင် ××× အီကမ် ××××× အီန္ဓမ် ×××× ဟွိုင် ဟွိုင်

ဆိုကမ် ဟွိုင် ဟွိုင် ×××× ဆိုကမ်မန္ဓတီ

အီကမ် ဗကတီ ×××× အီကမ် ယူတီ ×××× အီကမ်

ဆော်ပိုင် ×××× ဆော်ပိုင် ××× လော့မိုင်ရယ်

ဆော်ပိုင် ×××××

ဟူ၍ သီဆိုချော့ကြသည်။

သီချင်းအဓိပ္ပာယ်မှာ -ဆင်ရိုင်းကြီးကို သူ တောကြီးတောင်ကြီးထဲမှာ နေစဉ်က ဘဝ၊ နေထိုင်ကျက်စားခဲ့ရပုံ သဘာဝများကို ပြန်ပြောင်းအောက်မေ့ဖွယ် ဆိုပြကြသည်။ ခုအချိန်ကစပြီး မင်းဟာ တောထဲက ဆင်ရိုင်းကြီးတစ်ကောင် မဟုတ်တော့ဘူး၊ မင်းနေခဲ့တဲ့ တောတောင်နဲ့လည်း မဆိုင်တော့ဘူး၊ ငါတို့ လူ့ရွာအသိုင်းအဝိုင်းထဲ ရောက်နေပါပြီ၊ တို့နဲ့ အတူနေ၊ အတူစား၊ တို့စကားနားထောင်၊ တို့ခိုင်းတာ မင်းကောင်းကောင်းလုပ်ပေးရမယ် ဟု ဖော်ကျူးကြောင်း လေ့လာရပေသည်။

အိမ်မွေးဆင်ပေါက်များကို ကျုံးသွင်း မှိန်းသင်ခြင်း

တောဆင်ရိုင်းများ ကျုံးသွင်း မှိန်းသင်ခြင်းနှင့် မတူပါပေ။ ဆင်သားပေါက်ကလေးများ အသက် ၅ နှစ် ၆ နှစ်သား ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းလာပြီ၊ ဆင်လားမြောက်ပြီဆိုလျှင် မှိန်းသင်ရမြဲဖြစ်ပေသည်။

ဆင်ဦးစီးတို့ မျက်ရည်ဝဲရချိန်

မိခင်ရင်နို့ သောက်စို့ရသည့် ဆင်ပေါက်ကလေးအရွယ်မှစ၍ ဆင်ဦးစီး သခင်တို့က ချစ်စနိုးဖြင့် အမြဲပွတ်သပ်ပေးခြင်း၊ ယုယခြင်း၊ မန်ကျည်းမှည့် ဆားလုံး၍ ပါးစပ်ထဲခွံ့ကျွေးခြင်း၊ လူနှင့်ယဉ်ပါးအောင် ပြောဆိုနေထိုင်ခြင်းဖြင့် ပဏာမ အခြေခံလေ့ကျင့်မှုများ ပြုလုပ်ပေးကြရသည်။ သို့ဖြင့် ဆင်သားပေါက်ကလေးကို ချစ်ခင်သံယောဇဉ် တွယ်နေတတ်ကြပေသည်။

ကျုံးသွင်းမှိန်းသင်ပြီဟော့ဆိုလျှင် မိခင်ဆင်မကြီးကို စီးရသော ဆင်ဦးစီးတို့ မျက်ရည် ကျရပေတော့သည်။ ကျုံးသွင်းချိန်မှစ၍ မိခင်ဆင်မကြီးနှင့် ခွဲပြီးနေကြရပေသည်။ ကျုံး အတွင်း ငရဲခန်းမျှ ဒုက္ခကြီးစွာ ခံစားကြရသည်။ ငယ်သံပါအောင် အော်ဟစ်နေရသော ဆင်လေ့ကျင့်ရေးကွင်းပင် ဖြစ်တော့သည်။

မှိန်းသင် ဆင်ကျုံး

တောဆင်ရိုင်း ဖမ်းသွင်းသော ကျုံးကြီးများကဲ့သို့ မဟုတ်ပေ။ ကျုံးကို မြေပြင်ညီတွင် ရွေးချယ်ရသည်။ ရေ ရှိရာနှင့်လည်း နီးရသည်။ အရိပ်ကောင်းစွာ ရှိရသည်။ ကျုံးတိုင်လုံး များ အမြင့်သည် ဆင်တစ်ရပ်မျှရှိလျှင် လုံလောက်သည်။ ဆင်တစ်ကောင်လေ့ကျင့်နေထိုင် ရန် အကျယ်ဝန်းသာ လိုပေသည်။ ဆင်ကျုံး၏ မနီးမဝေးတစ်နေရာတွင် ဥတုန္နနတ်စင် ကိုလည်း ပြုလုပ်ထားရှိရသည်။ လေ့ကျင့်ရေး ဆင်ဆရာ ခွန်ချီဆင်ကြီးနှစ်ကောင်ကိုလည်း အနီးမှာ အသင့်ထား ရှိရပေသည်။

အတွေ့အကြုံ

မှိန်းသင်ရတော့မည့် ဆင်ပေါက်ကလေးများသည် မိခင်ဆင်မကြီးနှင့် အမြဲမခွဲမခွာ နေလေ့ရှိကြခြင်းကြောင့် ကျုံးသွင်းခါနီးတွင် မိခင်ဆင်မကြီးကို ပထမဦးစွာ ကျုံးသို့ ခေါ်ဆောင်လာရသည်။ ဆင်ပေါက်ကလေး ကျုံးနားသို့ ရောက်လာပြီဆိုလျှင် ခွန်ချီ ဆင်ကြီးတို့က နှာမောင်းများကို မိုးပေါ်ထောင်ပြီး စူးစူးဝါးဝါး အော်ဟစ်တတ်ကြသည်။ မိခင်ဆင်မကြီးကလည်း လိုက်ပါအော်တတ်လေသည်။ ခွန်ချီဆင်ကြီးများက ဆင်ပေါက် ကလေး၏ တင်ပါးကို အစွယ်ကြီးများဖြင့် ထောက်တွန်းပြီး ကျုံးထဲသို့ အရောက်ပို့သွင်း ကြသည်။

မိခင်ဆင်မကြီးသည် ကျုံးမှန်းသိသွားသည်နှင့် နောက်သို့ဆုတ်ခွာသွားလေသည်။ ထိုအခါ ကျုံးတံခါးကို ပိတ်ချလိုက်ကြရသည်။ ဆင်ပေါက်ကလေးသည် တစ်ကောင်တည်း ကျုံးထဲတွင် ချာချာလည်ပတ်ပြီး ရုန်းကန်အော်ဟစ်၍ ကျန်ရစ်ခဲ့လေသည်။

ထိုအခါ ဆင်ဦးစီးများက အပေါ်တန်း၊ ဘေး၊ ဘယ်ညာမှနေ၍ ဆင်ပေါက်ကလေးအား ခြေလက် လည်ပင်းတို့ကို ကြိုးများဖြင့် အထပ်ထပ် ချည်နှောင်တုပ်၍ထားလိုက်ပြီး ထိုနေ့တွင် အစာရေစာ လုံးဝ ဖြတ်လိုက်တော့သည်။ နောက်ရက်များမှစပြီး "သတ်တုတ်" ခေါ် သံချွန်တပ် ဝါးတုတ်များဖြင့် ခြေလက်၊ နှာမောင်း စသည့်နေရာများကို ကြမ်းကြမ်းတမ်းတမ်း ရုန်းကန်တိုင်း သတ်တုတ်ဖြင့် ခပ်နာနာထိုးပြီး ဝိုင်းဝန်းဆုံးမကြတော့သည်။ ထိုအခါ ဆင်ပေါက်ကလေးသည် ငယ်သံပါအောင် အော်ဟစ်ပြီး မိခင်ဆင်မကြီးအား အော်ခေါ်နေတော့လေသည်။ မိခင်ဆင်မကြီးကား အဝေးသို့ ပို့ထားပြီဖြစ်ရာ သားငယ်ဆင်ပေါက်ကလေး၏ အော်သံကို မကြားနိုင်တော့။ မမြင်နိုင်တော့ပေ။

တစ်ရက် နှစ်ရက်မျှကြာလာသော် ဆင်ပေါက်ကလေးသည် အစာငတ်၊ ရေငတ်ဖြင့် သံချွန်ထိုးနှက် စူးဝင်ဒဏ်ရာများကြောင့် အားအင်ချည့်နဲ့ကာ ရုန်းကန်အား ပျော့ပျောင်းလာတော့သည်။ နောက်ပိုင်းတွင် တဖြည်းဖြည်း မရုန်းကန်တော့ဘဲ ယဉ်ပါးလာစပြုလာခဲ့သည်။ ထိုအချိန်မှစ၍ ဆင်ဦးစီးတို့က အစာကျွေး၊ ရေတိုက်၊ အနာဆေးထည့် စသည်ဖြင့် အနီးကပ် ယုယစွာ ပြုစုပေးကြရသည်။

ဆင်စကား

လေးရက် ငါးရက်မြောက်နေ့တွင် ဆင်များ နားလည်လေ့ရှိသည့် အမိန့်ပေးသံများကို သင်ကြားပေးသည်။ ကျုံးတွင်းမှထုတ်၍ ခိုင်မာသော ချည်တိုင်တစ်တိုင်တွင် ချည်နှောင်ထားရာ တိုင်ကိုလှည့်ပတ်ပြီး လျှောက်နေတတ်ပြီ ဖြစ်ပေသည်။ ဆင်ဦးစီးတို့က

မက်မက် = ဝပ်ဝပ်
ထထ = မတ်တတ်ရပ်
ထည့်ထည့် = ခြေထောက်လက်များကို ထူးကွင်းထဲထည့်ခိုင်းသည်။
စုံစုံ = ခြေစုံမတ်တတ်ရပ်ခိုင်းသည်။
ယားယား = မလုပ်နဲ့ --- မလုပ်နဲ့
လာ လာ = လာပါ----လာပါ
တေ--တေ = သွားပါ----သွားပါ
ဟောင် ဟောင် = ရပ် ရပ် ရပ် စသည်ဖြင့် အမိန့်ပေးစကား နားလည်နာခံလာသည်ထိ လေ့ကျင့်ပေးကြရပေသည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့နှစ်ကြိမ်

ကြိုးဖြုတ်ပေးပြီး ခွန်ချိဆင်ကြီးနှစ်ကောင်နှင့်တွဲ၍ တောတွင်း လမ်းလျှောက်ခြင်းကို ကျင့်ပေးရသည်။

မှိန်းသင်ပြီးစ ဆင်ငယ်များကို သစ်ဆွဲ သစ်ထုတ် မခိုင်းရသေးပေ။ လူစီး ဝန်ပေါ့ဝန်တင် သယ်ယူပို့ဆောင်ခြင်း ပေါ့ပါးသောအလုပ်များကိုသာ သင်ခိုင်း ခိုင်းရပေသည်။

ရှေးမြန်မာမင်းများလက်ထက် ကုန်းဘောင်ခေတ် ကာလကလည်း တောဆင်ဖမ်းခြင်း၊ ဆင်ကျုံးသွင်းခြင်းကို ဆဒ္ဒန်ဆင်မင်းဝန်၊ အောက်မားဝန်၊ ဓနက်ပလာဆင်ဝန်၊ ဆင်ဖြူတော်ဝန်စသည်ဖြင့် မင်းမှူထမ်း ရာထူးအဆင့်ဆင့် ခန့်အပ်ဆောင်ရွက်ခဲ့ကြသည်။ ၁၈၅၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်နေ့ ယောဒေသ နံ့သာတောမှ ဖမ်းယူရရှိခဲ့သော ဆင်တော်မှာ အရွယ်ငါးတောင် (ခုနစ်ပေခွဲကျော်) အစွယ်အရှည် တစ်တောင်တစ်မိုက်၊ (နှစ်ပေနီးပါး) ခန့်ရှိပြီး ထူးမြတ်သည့် ဆင်တော်ကို အင်းဝမြို့နေ ဆင်ဖမ်းအဖွဲ့ ကိုးဖွဲ့၊ စလင်းမြို့မှ ဆင်ဖမ်းအဖွဲ့ ခုနစ်ဖွဲ့တို့က အောက်မားဆင်တော်များနှင့် ငင်ယူဖမ်းဆီးခဲ့ရခြင်းဖြစ်သည်။ ဆင်တော်ကိုကျုံးသွင်း၍ ဖမ်းမြဲထုံးစံအတိုင်း ကျောဖြင့်ဖမ်းဆီးခဲ့ရသည်။ ကျုံးသွင်းစဉ် ဆင်တော်အစွယ်ကျိုးသွားသဖြင့် တောတွင်းသို့ ပြန်လွှတ်လိုက်ရသည်ဟု လေ့လာရသည်။ အောက်မားဝန်ဆိုသည်မှာ (Officer of Catching Elephants) ဟု ဖတ်ရှုမှတ်သားရပါသည်။

တောဆင်ရိုင်းဖမ်းဆီးသူများ လိုက်နာရသော ဓလေ့ထုံးစံ

တောဆင်ရိုင်း ဖမ်းဆီးကြသူများသည် သေမင်းနှင့် စစ်ခင်းကြသူများအလား အသက်ဘေး အလွန်နီးကြပေရာ နယ်မြေဒေသ၊ တောတောင်တို့၏ ဓလေ့ထုံးစံ၊ အယူအဆများကို ပစ်ပယ်၍ မရ။ လိုက်နာကြရပေသည်။

ရှေးမြန်မာမင်းများ အဆက်ဆက်ကပင် တောဆင်ရိုင်းဖမ်းဆီးရေး မင်းမှူထမ်းများဖြစ်ကြသည့် အောက်မားဝန်၊ အောက်မားစာရေး၊ အောက်မားတော်၊ ဆင်အစုအပုပ်၊ အစီရင်၊ အမျူးအကဲ၊ ရရည်းဆင်ရံ စသည်ဖြင့် ဆင်နှင့်ပတ်သက်သော မင်းမှူထမ်းကို ရှေးရိုးအစဉ်အလာအတိုင်း လက်ဆင့်ကမ်း လိုက်နာရလေ့ရှိသော ရိုးရာဓလေ့ထုံးစံများသည် ယနေ့တိုင် ဆင်ဖမ်းသမားများမှန်သမျှ လိုက်နာကြရပေသည်။

(၁) တောဆင်ဖမ်းဆီးခြင်းကို ဝါတွင်းကာလ ရှောင်ကြဉ်ရသည်၊

(၂) တောဆင်ဖမ်းထွက်လျှင် ခေါင်းဆေးမင်္ဂလာပြုပြီး ဥတိန္ဒနတ် အပါအဝင် ဆိုင်ရာပိုင်ရာ နယ်ရှင်တို့ကို ပွဲပေးကန်တော့ပြီးမှသာ ထွက်ရပေသည်၊

(၃) ဆင်ဖမ်းသူများသည် လက်ပမ်းပေါက် မခတ်ရ၊

(၄) ကျားကိုက်ထားသော အသား၊ အစာများကို မစားရ၊
(၅) အိုးစပ် ခွက်စပ် မစားရ၊
(၆) အိုးပေါ် ယောက်မတင်ခြင်း၊ တန်းလန်းစိုက်ထားခြင်း မပြုရ၊
(၇) ဆံပင် ဆီမလိမ်းရ၊
(၈) ဝတ်စားဆင်ယင်မှုတွင် အရှက်ကို လုံစွာ သတိပြု ဝတ်ဆင်ရမည်၊
(၉) မိမိစီး ဆင်ပေါ်မှ ဘယ်သောအခါမျှ အညစ်အကြေးမစွန့်ရ၊ (ကျင်ကြီး၊ ကျင်ငယ်)
(၁၀) ရုန့်ရင်း ကြမ်းတမ်း ညစ်ညမ်းဆဲရေး စကားမဆိုရ၊
(၁၁) နေအိမ်တွင် ကျန်ရစ်သူမိသားစုများက မိမိအိမ်သားများ ပြန်မရောက်မချင်း ဦးခေါင်းမဆေးရ၊ ဆံပင်ဖားလျားချ မနေရ၊ အသုဘ ရှောင်ကြဉ်ရသည်။ ကာမေသု မိစ္ဆာကံ အထူးရှောင်ကြဉ်ကြရမည်။

တောဆင်ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ရှောင်ရန်ဆောင်ရန်များကို အောက်ဖော်ပြပါ ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့ခဲ့သော "တောဆင်ဖမ်းဘွဲ့" တွင်လည်း လေ့လာမှတ်သား လိုက်နာနိုင်ပါသည်။

တောဆင်ဖမ်းဘွဲ့ (ဝန်ကြီးပဒေသရာဇာ ညောင်ရမ်းခေတ်)

(၁) ဝသန်ငယ်မာသ၊ဝါလငယ် ကျွတ်ခါ၊ အောက်မားတို့တမ်း ရွှင်ဝမ်းခမွတာ၊
သင်းပေါင်းငယ်များစွာ၊ ညီညာဆော်နှိုး၊ မျူးကဲစီမံ၊ ရိပ်ခြည်သံ၊
မြဲမြံရွှင်အား ကြိုးပါလို့လေး။
တိန်ညင်ငယ်တင်နိုး၊ ကျင့်ရိုးငယ်စုံညီ၊ တရော်ကင်ပွန်း
ပျံ့မွန်းမွှေးလှိုင်ညီ၊ ဗြဟ္မာငယ်သံချို၊ အောင်ပြီလေ ဆော်ကြွေး။
ကိုးတွင်း ကိုးကန်၊ ရေသန့်မွန်၊ မန္တန်မန်းမှုတ်၊ ဆေးပါလို့လေး။
နတ်စာပြုရေး၊ သန္ဓေးငယ်ဂြိုဟ်စာ၊ အုန်းကြံဌက်ပျော၊
မို့ရော ပျားသကာ၊ ကြက်ဝက် ကယ်ဟင်းလျာ၊ သေစာဖိုမ၊ ပရမေ သူရိန်၊
နတ်ဥတိန်တင်ချိန် ပူဇော်သပါလို့လေး။
ပြုပြီးကာလ၊ ကြပ်မငယ် ပြည့်သူ၊ တောဝင်စခန်း၊ ဆော်ဖြန်းနှုတ်သံကြူ
မြင်းတော်သည့်လူ၊ အတူငယ်မခြား၊ တသင်းစေ့သာ၊ တယောက်ကယ်ပါ၊
မှန်စွာအပ်ကာ ထားပါလို့လေး။
စုံပြားရဂုံတွင်၊ ဝင်ချိန်နီးတော့သည်၊ အောင်ဆုမြွက်ကာပန်း
အောင်သံချိုးတော့သည်။

(၂) တောဝင်ပါမြဲ၊ ခွန်စွဲဓားလှံ၊ ဗယားအိတ်ဗူး၊ မီးကူး မွှေဆေးတန်၊
နှစ်ဦးငယ်တောယံ၊စိတ်ကြိုပယ်ခင်း၊ ဟိုင်းဆင်၊ တည်ဆင်၊ တွေ့ပြန်လျှင်
ရှောင်အင်လွတ်ရာ ကွင်းရလေး။

စွယ်စုံမာန်ခင်း၊ လှံဝင်းငယ်မာတင်၊ တွေ့ခါအထူး၊ ပျံ့ပျူးကြည်စိတ်ရွှင်
မယားငယ်အိမ်ရှင်၊ ဆံပင်ဖားလျား၊ မချအပ်စွာ၊ မင်္ဂလာဆောင်ရာ၊ လက်ထပ်များကိုတဲ့လေး။

ပုန်းရေတောင်းစား၊ သွားလာအိမ်ရာ၊ လော်လည်တခန်း၊ ကူးသန်းမကျင့်ရာ၊
ဆွေရင်းငယ်သူငါ၊ ဘာသာလေ လက်ဆွဲ၊ ကျွမ်းဝင်ကျီစယ်၊ ပြုရာဘွယ်၊
ပစ်ပယ်ရှောင်ကြဉ်မြဲကိုတဲ့လေး၊

ဓားလှံကိုင်စွဲ၊ ထီးလဲဆောင်းကာ၊ မြင်းဆင်စီးနင်း၊ ရွာတွင်းမဝင်ရာ၊
မင်းစေငယ်ကာ၊ ပူဆာလောင်ပြင်း၊ ကြွေးမည်အပ်နှံ၊ မတောင်းခံ၊
ရှောင်ရန် အခင်းကိုလေး၊ အကြောင်းခြင်း သိသာအောင်၊ ပုံဆောင်ခင်းတော့သည်။
ဘေးပေါင်း အန္တရာယ်၊ ပယ်ရှောင်ကွင်းတော့သည်။

C C C C C

အခန်း (၈)

စတောတွင်းခနဆိုင်စားသောက်ခြင်းအတတ်နှင့် အစတွေ့အကြုံ

သစ်ပင်တောတောင်တို့၏ ဝေါဟာရအဓိပ္ပာယ် ပညတ်သဘောတို့သည် လောကီလောကုတ္တရာ မြန်မာမှု နယ်ပယ်တို့၌ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ထူးခြားစွာရှိနေသည်။ မြန်မာဝေါဟာရ၌ သစ်ပင်ဟူ၍သာ ခေါ်ဆိုခြင်းရှိသည်။ ပါဠိဝေါဟာရ၌ သစ်ပင်ဟော (၁၀) မျိုးရှိသည်။

ပါဒ = ခြေထောက် (အမြစ်ဖြင့် ရေသောက်တတ်သောသစ်ပင်)
ဝိဋပီ = အကိုင်းဆုံရာ၊ ခွဆုံရှိသောသစ်ပင်
ရုက္ခ = စောင့်ရှောက်တတ်သော၊ အစဉ်အဆက်ဖြစ်စေတတ်သော သစ်ပင်
အဂ = သွားလာခြင်းမရှိသောသစ်ပင်
သာလ (သာရ) = အတွင်းအပြင် အနှစ်ဝင်တတ်သောသစ်ပင်
မဟီရုဟ = မြေပေါ်၌ပေါက်ရောက်ကြီးပြင်းတတ်သောသစ်ပင်
ဒုမ = ပြောင်းလဲဖြစ်ပေါ်တတ်သောသစ်ပင်
ထရု = စောင့်ရှောက်တတ်သောသစ်ပင်
ကုဇ = မြေမှထွက်ပေါ်လာတတ်သောသစ်ပင်
သာခီ = အကိုင်းအခက်ဝေစည်ရှိသောသစ်ပင် ဟူ၍ လာရှိသည်။

ခေါ်ဝေါ်သောပညတ်အမည်အလိုက် သဘာဝလည်း ကွဲပြားစွာရှိသည်။ ပေါရာဏကထာ လင်္ကာအဆိုအရ တော ၁၀ မျိုး သတ်မှတ်ထားရှိပုံမှာ ပျားနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ၊ စုံနှင့်ဟေဝန်၊ ဟေမန်ဟေမာ၊ ရိပ်သာဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ်၊ တောကြီးဖြစ်၏ဟုဆိုသည်။

မည်သည့်လူမျိုးမဆို သစ်ပင်တောတောင်တို့နှင့် ကင်းနိုင်ကြလိမ့်မည်မဟုတ်ပါ။ တောတောင်တို့၏စရိုက်၊ သဘာဝ၊ ဓလေ့ထုံးစံစသည်ကို မသိနားမလည်ကြ၍လည်းကောင်း၊ အချို့က အယုံအကြည်မရှိကြ၍လည်းကောင်း အန္တရာယ်ဆိုးနှင့် ကြုံတွေ့ကြရသည်မှာလည်း ဒုနှင့်ဒေး ရှိနေကြသည်။

သစ်ပင်တောတောင်၊ နယ်မြေဒေသ၊ ပိုင်ရာဆိုင်ရာများနှင့် ပတ်သက်၍ သူ့နေရာနှင့် သူ့ဒေသများအလျောက် ယုံကြည်ရာ ရိုးရာ၊ အယူအဆ၊ ဓလေ့ထုံးတမ်း သတ်မှတ်ချက်များကား နေရာဒေသတိုင်းတွင် ရှိနေတတ်ပေသည်။

တောဆင်ရိုင်းဖမ်းဆီးကြသူများသာမက သစ်တောဝန်ထမ်းများ၊ သစ်ထုတ်ရေးဝန်ထမ်းများ၊ စစ်ဘက်၊ ရဲဘက်၊ နယ်ဘက်ဝန်ထမ်းတို့သည်လည်း တောတောင်များနှင့် မကင်းနိုင်ကြသူများဖြစ်သည်။ လေ့လာမှတ်သား လိုက်နာသင့်ပေသည်။

အလျဉ်းသင့်၍ တောခြောက်တောမှောက်၊ တောတို့၏လှည့်စားမှု ဒေသနယ်ပယ်အလိုက် ရိုးရာ၊ နတ်ဓလေ့များ၊ တောတွင်းသားရဲတိရစ္ဆာန်ကြီးများ၏ စရိုက်အလေ့အထများကို မိမိအတွေ့အကြုံများနှင့်တကွ လေ့လာမှတ်သား ရသမျှတို့ကို စုစည်းဖော်ပြလိုက်ရပါသည်။

ဒေသအလိုက် ရိုးရာနတ်ဓလေ့

သာဓကအားဖြင့် ဧရာဝတီတိုင်း ပျဉ်ဒရယ်သစ်တောကြိုးဝိုင်းကြီး၌ မိန်းမလှကျွန်း၊ ကျွန်းညိုကြီး၊ ထော်စီ၊ ထော်ပိုင် စသည့် တောများသည် ကုလားစကားမပြောရ၊ ကြမ်းတမ်းယုတ်ညံ့သော စကားမဆိုရ၊ ဓာတ်ပုံမရိုက်ရ (ရိုက်လျှင် မထင်ဟုဆိုသည်)။ လင်စုံမယားဖက်မအိပ်ရ၊ ဝက်သား မသုံးရ၊ ထမင်းဦးပေါင်း တင်မြှောက်ရသည်။ တောတက်ခါနီး ဆွမ်းတင်ရသည်။ အဆိုပါတောကြီးများသည် ဦးရှင်ကြီးနတ်၊ အဘိုးနတ်၊ ရွှေကရင်လေးနတ် စသည်တို့က စောင့်ရှောက်ကြသည်။ ဆိုင်ရာနယ်ပယ်အလိုက် အပိုင်စားကြသည်ဟု ဆိုရိုးရှိပေသည်။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် (ဖောင်ကြီး) ပေါင်းလင်းနှင့် မဟူရာသစ်တောကြိုးပိုင်း၊ ပဲခူးရိုးမကြောတွင် ပသီမောင်နှမ စောင့်ရှောက်သည်။ ကုလားစကား နောက်ပြောင်ပြောဆို ခြင်းမှ လုံးဝရှောင်ရှားရသည်။ အထက်ကသာနှင့် မြစ်သာနယ်မှစ၍ ရှမ်းပြည်နယ်ဘက်တွင် လူကိုးယောက်၊ လှည်းကိုးစီး ခရီးမသွားကြ။ အချို့က အနက်ရောင်ဝတ်ဆင်ခြင်းကို တားမြစ်ကြသည်။ အနောက်ကသာနယ်ဘက်တွင် တောထဲ၌ တဲထိုးလျှင် လေးတိုင်စင်မဆောက်ရ၊ တိုင်အပို (ဒေါက်) တစ်လုံး ထည့်ပေးရသည့်ဓလေ့ ရှိပေသည်။

မိုးမိတ်နယ်မှ မင်းညီနောင်နတ်

မိုးမိတ်ခရိုင်ဒေသတွင် "မင်းညီနောင်နှစ်ပါး" ပူဇော်ပသရခြင်းဓလေ့ရှိသည်။ တောဆင်ဖမ်းထွက်မည့်သူများ၊ ဆင်ဖမ်းအဖွဲ့များသည် တောတက်ခါနီးတွင် "ဒေသတွင်းမင်းညီနောင်နှစ်ပါး" နတ်ကို ပူဇော်ပသပွဲ ပေးပြီးမှသာ ခရီးထွက်ကြရသည်။

ပူဇော်ပသပုံမှာ နတ်ကွန်းစင်တွင် ပိတ်နီခင်း၍ မုန့်ဖြူ၊ မုန့်နီနှစ်ခု၊ ကြံသကာ၊ ထန်းလျက်ခဲ စသည်နှင့် ကြက်အနီရောင်တစ်ကောင်ကိုသတ်ပြီး တင်ကာ နတ်ကွန်းကို ဆန်၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် ကြဲပက်ပြီး ပူဇော်ပသ၍ လိုရာဆုမွန်ကို တောင်းခံကြရသည်။

ပူဇော်ပွဲ ပြီးစီးပြီးနောက် နတ်တင်စာ အစားအသောက်များကိုချ၍ ဝိုင်းဝန်းစားသောက်ကြသည်။ ကြဲပက်လိုက်သော ဆန်စေ့ ပေါက်ပေါက်များကိုကောက်၍ ခရီးသွားရာ အဆောင်အဖြစ် ယူဆောင်သွားကြသည်။ ဒဏ်ရာ အနာတရ ဖြစ်လျှင်လည်း ၎င်းဆန်ပန်းတို့ကို ဝါး၍အုံခြင်း၊ သုတ်လိမ်းခြင်းဖြင့် အနာတို့ကို ပျောက်ကင်းစေသည်ဟု ယူဆကြပေသည်။

ကချင်ပြည်နယ်မှ ယဇ်ပူဇော်ရသော ဓလေ့တစ်ခု

ကချင်ပြည်နယ်ဒေသများတွင် တောတက်သူများ သစ်တောနှင့်မကင်းကြသူများ၏ ယုံကြည်ရာ ရိုးရာဓလေ့ နတ်ပူဇော်မှုတစ်ခုသည် နှစ်ကာလ ရှည်ကြာစွာ တည်မြဲလာခဲ့ခြင်း ရှိသည်။ ဒေသခံလူတို့သည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်း စသည်ဖြင့် လူတို့၏ ကံကြမ္မာကို ပြုပြင်စီရင် ဖန်တီးနိုင်လိမ့်မည်ဟု ယုံကြည်လက်ခံထားကြခြင်း ရှိပေသည်။

ဒေသအချို့တွင် သစ်တောမှီခိုနေထိုင်သူများသည် တိရစ္ဆာန်များကိုသတ်ဖြတ်နတ်ပူဇော်ပသလေ့ရှိကြသည်။ လူများတွင် မကျန်းမမာ ဖျားနာခြင်း၊ အခက်အခဲ အကျပ်အတည်းရင်ဆိုင်ရခြင်း စသည်ဖြင့် ရင်ဆိုင်ကြရပြီဆိုလျှင် ကချင်ဘာသာစကားအရ “စီခရန်စီနန်း” ဟု ခေါ်သော “မထုံမတာ” နတ်မင်းပေးသော မသေဆေး ခေါ် အစွမ်းထက်ဆေးပင်ကို အသုံးပြုရခြင်းဖြင့် ခံစားနေရသော ရောဂါဘယ ဘေးဒုက္ခအပေါင်းမှ ပပျောက်လွတ်ကင်းချမ်းသာရာရမည်ဟု ယုံကြည်ကြသည်။

“မထုံမတာ” နတ်မင်းကြီး၏ မသေဆေးသည် မှတ်သားဖွယ်ရာ ဒဏ္ဍာရီတစ်ခု ရှိခဲ့သည်။ ရှေးအခါက “စီခရန်စီနန်း” မသေဆေးပင်ကို ကြက်ဖတစ်ကောင်က ကောက်ယူစားမိရာက အလွန်လှပသော အမောက်ကြီးထွက်လာခဲ့သည်။ ကြက်ဖကြီးကတစ်ဆင့် သတင်းပြန့်ပြီး ဆိတ်တစ်ကောင်က စားပြန်ရာ ဦးချိုနှင့် မုတ်ဆိတ်မွေးများ ထွက်လာသည်။ အဆိုပါ ကြက်ဖနှင့်ဆိတ်ကို မြင်တွေ့ရသည့် တောထဲ၌ရှိသမျှတိရစ္ဆာန်များက ဝိုင်းဝန်းယူငင်စားလိုက်ကြရာ မသေဆေးပင် မျိုးတုံးပျောက်ကွယ်ခဲ့ရလေသည်။

လူတို့ တန်ဖိုးထားရသည့် ဆေးပင်ပျောက်ကွယ်သွားပြီးနောက်တွင် လူတွေ ဖျားကြ၊ နာကြ၊ သေကြ ဖြစ်လာကြရာမှ “မထုံမတာ” နတ်မင်းကြီးထံ တောင်းခံကြရသည်။

နတ်မင်းကြီးက ဆေးပင်ကို ပြန်အလိုရှိပါက ကနဦးက ဆေးပင်ကို ပြုန်းတီးအောင် စားပစ်လိုက်ကြသည့် တိရစ္ဆာန်များကိုသတ်ပြီး ပူဇော်ကြ၊ တောင်းပန်ကြဟု အမိန့်ရှိလိုက်သည်ဟုဆိုသည်။ နတ်မင်းကြီးက တိရစ္ဆာန်များကို အပြစ်ဒဏ်ခတ်သည့်သဘောဖြင့် လူများက လက်ခံကြသည်။ သို့ကြောင့် အချို့လူများက သစ်တောများအတွင်း ဝင်ပြီဆိုလျှင်၊ တောဆင်ဖမ်းဆီးကြပြီဆိုလျှင် တိရစ္ဆာန်များကိုသတ်ပြီး ယဇ်ပူဇော်ပသကြသည့်ဓလေ့ရှိပေသည်။ ထို့ပြင် အိမ်သူအိမ်သားများ ဖျားနာကြသည့်အခါများတွင်လည်း ယဇ်ပူဇော်ပသမှုကို ပြုလုပ်ကုစားလေ့ရှိကြောင်း လေ့လာရပေသည်။

ဗုဒ္ဓဒေသနာတော်လာ သစ်ပင်မဖျက်ဆီးရာအကြောင်း

သစ်ပင်အကိုင်းအခက်တို့ကို မချိုးမဖျက်ရ၊ ချိုးဖျက်ဆီးသည်ရှိသော် ကျေးဇူးရှင်ကို ပြစ်မှားရာရောက်ပြီး ပျက်စီး တတ်သောသဘောကို ဗုဒ္ဓမြတ်စွာဟောတော်မူခြင်းရှိ၏။ ဗုဒ္ဓဒေသနာ ပါဠိတော်အရ-

ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျဝါ၊

နတဿ သာခိ ဘဉ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိပါပကော။

ယော-အကြင်သူသည်၊ ယဿရုက္ခဿ-အကြင်သစ်ပင်၏၊ ဆာယာယ-အရိပ်၌၊ နိသီဒေယျဝါ-နေမူလည်း နေဖူးအံ့၊ သယေယျဝါ-အိပ်မူလည်း အိပ်ဖူးအံ့၊ သောနရော-ထိုသူသည်၊ ကဿရုက္ခဿ-ထိုသစ်ပင်၏၊ သာခိ-အခက်အလက်ကို၊ နဘဉ္ဇေယျ-မချိုးဖျက်ရာ၊ ဘဉ္ဇန္တော-ချိုးဖျက်သည်ရှိသော်၊ သောနရော-ထိုသူကို၊ မိတ္တဒုဗ္ဘော-ခင်ပွန်းပြစ်မှားသော ပါပကောဟိ ပါပကော၉၀-သူယုတ်မာဟူ၍သာလျှင်၊ ဉာတော-သိအပ်၏ဟု ဗုဒ္ဓမြတ်စွာဘုရား ဟောကြား တော်မူခဲ့ခြင်းရှိပေသည်။

သစ်ပင်နှင့် ရုက္ခစိုးနတ်

ဗုဒ္ဓဒေသနာတော်များအရလည်းကောင်း၊ လောကီလောကုတ္တရာစာပေနယ်ပယ်တို့၌လည်းကောင်း သစ်ပင်များ၌ ရုက္ခစိုး စသည့်နတ်မျိုးတို့ အစိုးရနိုင်သည်ကို လေ့လာမှတ်သားရပါသည်။

တောကြီးတောင်ကြီး ကွင်းကြီးများတွင် ကြီးမားသောသစ်ပင်ကြီးများ၌ သောတာပန်ရုက္ခစိုးနတ်ကြီးများ ဗိမာန် ပြု၍နေကြကြောင်း ပြောစမှတ်ရှိခဲ့သည်။ ရုက္ခစိုးဆိုသည်မှာ ဘုမ္မဒေဝ ခေါ် ဘုမ္မစိုးနတ်မျိုးတွင် ပါဝင်ပေသည်။ သစ်ပင်ကို အစွဲပြု၍ ဗိမာန်ပြုနေခြင်းကြောင့် ရုက္ခစိုးဟု ခေါ်ဆိုခြင်းဖြစ်သည်။ သစ်ပင်ပေါ်၌ နေခြင်းမျိုးကား မဟုတ်ပေ။

သစ်ပင်ကိုစွဲ၍ ကံအားလျော်စွာ ဖြစ်ပေါ်လာသော ဗိမာန်သီးခြားရှိပေသည်။ ထို့ကြောင့် သစ်ပင်လဲ့လျှင်၊ ခုတ်ဖြတ် ဖျက်ဆီးခံရလျှင် သေလျှင် ဗိမာန်လည်း ပျက်စီးရလေသည်။

သစ်ပင်ကြီးငယ်တိုင်းတွင် ရှိတတ်၏။ သို့ရာတွင် နေထိုင်သောနတ်တို့၏ တန်ခိုးကြီးခြင်း၊ ငယ်ခြင်း ကွာခြင်း ရှိသည်။ သို့ကြောင့် သစ်ပင်ဖျက်ဆီးသူတို့အပေါ် အန္တရာယ်ဆိုးကျိုးပေးနိုင်မှု၊ မပေးနိုင်မှု ကွာခြားပေသည်။

မြန်မာ့သစ်တောများအတွင်း တွေ့ရတတ်သော အပင်တစ်မျိုးရှိသည်။ ရေတကောင်းပင်၊ အချို့က ထောင်ချောက်ပင်ဟုလည်း ခေါ်ကြသည်။ အပွင့်သည် လည်ရှည် ရေတကောင်းခွက်ကြီးကဲ့သို့ဖြစ်ပြီး အပေါ်ပိုင်းတွင် အဖွင့်အပိတ် လှုပ်ရှားနိုင်သော တံခါးရွက်သဖွယ် ပွင့်ဖတ်တစ်ခုပါရှိသည်။ အပွင့်အခေါင်းတွင်းသို့ ပိုးကောင်ငယ်လေးများ ဝင်သွား ကျသွားလျှင် အဖွင့်ပိတ် တံခါးပွင့်ဖတ်သည် အလိုအလျောက် ပိတ်ထားပြီးဖြစ်သွားလေသည်။ အတန်ကြာမှ ပြန်ပွင့်ပြီး မူလအတိုင်း အသင့်အနေအထားတွင် ထောင်လျက်ပြန်ရှိနေလေသည်။ တောတွင်းချောင်း၊ မြောင်းထဲမှ အသက်ဝင်သကဲ့သို့ လှုပ်ရှားနေသောနွယ်ရှင် စသည့် အပင်တို့၏ ပြုမူပုံသဘာဝတို့သည် သိမှု ခံစားမှုသဘောများ ရှိနေသည်ဟု မှတ်ယူရန် အကြောင်းရှိနေပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် သစ်ပင်များသည် မိမိတို့ မမြင်နိုင်၊ မသိနိုင်သော စွမ်းအားသတ္တိများ ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ သစ်ပင် တောတောင်တို့၏ ပရိယာယ်များမှာ အလွန် အသိရခက်ခဲနက်နဲသော သဘောများရှိနေသည်။ သို့ကြောင့်လည်း တောတောင်တို့၏ မာယာများ အထူးထူးအပြားပြား ရှိနေခြင်းပင်ဖြစ်ပေသည်။

သို့ကြောင့် သစ်ပင်၊ သစ်တော၊ တောတောင်တို့ကို ခုတ်လဲ့ဖျက်ဆီးခြင်း၊ မယုံမကြည်၊ မလေးမစား၊ အမှောက်အမှားများ ပြုခြင်းတို့မှ ရှောင်ကြဉ်အပ်ကြောင်း သတိပြုသင့်ပေသည်။

တောမှောက်မျက်စိလည်ခဲ့ရဖူးသော ပူးညိုတောင်

ရိုးမသစ်တောကြီးများတွင် တောမှောက်ခြင်း၊ ညဘက်အခါများတွင် တောခြောက်ခံရခြင်းရှိသည်။ သားရဲ ကောင်ကြီးများက သမင်အုပ်ယောင် ဆောင်တတ်သည်။ နာနာဘာဝများက သူတော်စင်ယောင် ဆောင်တတ်သည်။ ကျတ်များက မိမိဇနီး၊ သားသမီး၊ ရွာသားများယောင်ဆောင်၍ လာခေါ်တတ်ကြသည်။ မကောင်းဆိုးဝါး၊ ပြိတ္တာလောကသားများက လူကိုမနေစေလို၍ အနှံ့ဆိုးများပေးပြီး အရိပ်အယောင်ဖြင့် နှင်ထုတ်တတ်ကြသည်။

သစ်ပင်များခုတ်ရာတွင် နတ်နေကိုင်း ချန်ခုတ်၊ သစ်လုပ်စားသူအဖို့ သစ်ဖျားခြောက်၊ လူခြောက်၊ ရဟန်း၊ သာမဏေများ သစ်ပင်တို့ကို မချိုးမဆိတ်ရဟူသော ဝိနည်းတော် သတ်မှတ်ချက် စသည်များဖြင့် သစ်ပင်တောတောင် တို့၏ ပရိယာယ်များကား ရေးဖွဲ့မကုန်နိုင်အောင် ရှိနေပေသည်။ သစ်ပင်ကြီးများ၊ တောနက်ကြီးများဖြစ်လေ နတ်ကြီးလေ ဖြစ်သည်။ ပရိယာယ်နှင့်တကွ မာယာများလေ ဖြစ်ပေသည်။

ယခုကာလတွင် ဆိုခဲ့သော သစ်ပင်တောတောင်တို့၏ ပရိယာယ်၊ မာယာများကို ယုံကြည်လက်ခံသူ နည်းပါးမည်ဖြစ်သည်။ ပြောမယုံ ကြုံဖူးမှသာ သိနိုင်ပေမည်။ နိုင်ငံဒေသ အနှံ့ လူမျိုးအလိုက်၊ ဒေသအလိုက် သစ်ပင်တောတောင် တို့၏ ပရိယာယ် မာယာများကား သူ့နေရာနှင့်သူ ရှိနေကြသည်မှာတော့ အမှန်ပင်ဖြစ်သည်။

စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ရှိခဲ့ပါသည်။ တောင်ပေါ်က ကျောက်တုံးများ တောင်အောက်သို့ လှိမ့်မချ ရ။ ချလျှင် တောမှောက်တတ်သည် (မျက်စိလည်တတ်သည်) ဟု ဆိုသည်။ တိုက်ကြီးမြို့နယ် အရှေ့မြောက်ဘက် ဥက္ကံချောင်းဖျားသစ်တောများ၌ ဒေသခံတို့ တားမြစ်လေ့ရှိသော ထုံးစံဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် ၁၉၇၆-၇၇ ခုနှစ်က ဥက္ကံသစ်တောကြိုးဝိုင်း အကွက်အမှတ် (၆၀) ပူးညိုတောင်တွင် ကျွန်းသင်းသတ်လုပ်ငန်း ဆောင်ရွက်စဉ်က ကြုံတွေ့ရသည်။ ပူးညိုတောင်ထိပ်၌ အကွက်ဆုံ မြေပုံတိုင် စိုက်ထူရသည်။ မွန်းလွဲ ၂ နာရီ တောင်ထိပ်ပေါ်သို့ ရောက်သည်။ နောက်တစ်ရက် ထပ်၍တောင်ပေါ်သို့ မတက်လိုတော့၍ ဘုတ်တိုင်ကို အပြီးစိုက်ရ၏။ အလုပ်သမားများ တိုင်ကျင်းတူး၊ တိုင်ခုတ်၊ ဝါးခုတ်လုပ်နေစဉ် တောခေါင်း (ယခု တောအုပ်) မောင်တိုးအောင်က တောင်ထိပ်ပေါ်မှ ကျောက်တုံးကြီးများကို တူးဖော်ပြီး တောင်အောက်သို့ လှိမ့်ချဆော့ကစား၏။

ကျောက်တုံးတစ်တုံး လှိမ့်ချလိုက်လျှင် အောက်သို့မရောက်မီ စက္ကန့် ၂၀ မျှ တောဟိန်းသံ တဝုန်းဝုန်းဖြင့် နားထောင်ကောင်း၍ တစ်တုံးပြီးတစ်တုံး လှိမ့်ချဆော့နေခြင်းဖြစ်သည်။ ပူးညိုတောင်သည် ပင်လယ်ရေပြင်အမြင့် ၅၉၁ ပေ ရှိသည်။ တောင်မှာ မတ်စောက်၍ ချောက်အလွန်နက်ပြီး ရှည်လျားလှသည်။ အလုပ်သမားများကကြောက်၍ ကျောက်တုံးများ လှိမ့်မချစေရန် တားမြစ်သည်။ ချက်ချင်း ပြန်မည်လုပ်၍ ကျွန်တော်က တောင်းပန်ပြီးခိုင်းရသည်။ ညနေ ငါးနာရီခွဲတွင် မြေပုံတိုင် အပြီးစိုက်ထူနိုင်ခဲ့သည်။ ပူးညိုတောင်ပေါ်မှ ဆင်းပြန်ချိန်တွင် မှောင်ရီပျိုးစဖြစ်နေပြီဖြစ်သည်။ အပြန်လမ်း မိမိစခန်းသို့ ၄၅ မိနစ်သာ လျှောက်ရမည့်ခရီးဖြစ်သော်လည်း တစ်နာရီနှင့်မရောက်၊ နှစ်နာရီလည်း မရောက်တော့၊ နေရောင်လုံးလုံးပျောက်၍ ညသန်းခေါင် ၁၂ နာရီထိုးသည့်တိုင် စခန်းသို့ ပြန်မရောက်တော့ပေ။

ရေဝေရေလဲ (မြေပြင်အနေအထား) သည်ပင် မရောက်ဖူးသောနေရာများသို့ ရောက်နေသည်ထင်ရ၏။ အလုပ်သမားခေါင်းဆောင် ဦးသန်းရွှေက လက်လျှော့၍ ချောင်းဘေးတစ်နေရာတွင် ညအိပ်ပြီး မိုးလင်းမှပြန်ရန် တောင်းပန်သည်။ ဆက်လျှောက်ရန်လည်း အင်အားမရှိကြတော့ပေ။ တောထဲမှာပင် ညအိပ်ရသည်။ ညစာလည်း ငတ်ရတော့သည်။

အလုပ်သမားများက ပြောမရသော တောခေါင်းတိုးအောင်ကို ဆူဆဲကြတော့သည်။ အလုပ်သမားလေးယောက် ကျွန်တော်တို့နှစ်ယောက်၊ ခြောက်ယောက်စလုံး ချောင်းတစ်ခုဘေးတွင် သစ်ခက်များခုတ်၊ ခြံစည်းရိုးခတ်၊ စည်းချပြီး မီးပုံကြီးသုံးပုံဖိုကာ ညအိပ်ရတော့သည်။ တစ်နေကုန် အလုပ်ပင်ပန်း၊ မျက်စိလည် လမ်းတွေမှား၍ ခြောက်နာရီလုံးလုံး လမ်းလျှောက်ထားရ၍ ကျောခင်းလိုက်သည်နှင့် ဗုန်းဗုန်းလဲ အိပ်ပျော်သွားကြတော့သည်။ စာရေးသူ လုံးဝ အိပ်မပျော်နိုင်ပါ။ နေ့စဉ် အလုပ်ဆင်းနေသည့် လုပ်ကွက်ထဲတွင် တောကျွဲမ်းသည့် သစ်တောဝန်ထမ်းတစ်ဦး ဖြစ်ပါလျက်နှင့် ဤသို့ဖြစ်ရသည့်အဖြစ်ကို မကျေနပ်၊ ရှက်ကလည်းရှက် ဖြစ်နေမိသည်။ ဆောင်းနှင်းက တဖြည်းဖြည်း ပိုကျလာ၍ မီးဖိုများ ငြိမ်းမသွားစေရန် ထင်းများထိုင်ထည့်ပေးရင်း ကင်းစောင့်နေပေးနေရ၏။ မကြာလှပါ။ "ဝေါင်းခနဲ" ဟိန်းသံကြီးတစ်ချက် တောလုံးညံသွားသည်။ ကျားဟိန်းသံပင်ဖြစ်သည်။ အသံသည် နီးလာလိုက် ဝေးသွားလိုက်ဖြင့် တစ်ချက်တစ်ချက် ကြားနေရ၏။ ကျွန်ုပ်သည် မည်သူ့ကိုမျှ မနှိုးပါ။ အခြေအနေကို ငြိမ်သက်စွာ နားစွင့်စောင့်ကြည့်ရင်း မီးပုံကြီးကို ကြီးသထက် ကြီးအောင်သာ ထင်းများထိုင်ထည့်ပေးနေမိသည်။ ဟိန်းသံကြီးက တဖြည်းဖြည်း နီးလာပြီဖြစ်၍ မတတ်သာတော့ပေ။ အသင့်ဆောင်ထားသော ကြသောင်းဝါးကြီး လေးငါးလုံးအား မီးပုံကြီးထဲသို့ ပစ်ထည့်ရတော့သည်။ မကြာပါ။ "အုန်း" ခနဲ ဝါးပေါက်ကွဲသံကြီးက တောလုံးဟိန်းသွားတော့၏။ အလုပ်သမားများလည်း လန့်ဖျပ် နိုးကြတော့သည်။ အချိန်ကား အရုဏ်တက်ချိန် ငါးနာရီကျော်ခန့် ရှိနေပေပြီ။ ဝါးပေါက်ကွဲသံများလည်း တအုန်းအုန်း တဒိုင်းဒိုင်းဖြင့် တောလုံးညံနေတော့သည်။ သူတို့ ဘာမျှမသိပါ။ အိပ်ရာမှ ထခိုင်း၊ မီးတုတ်ကိုယ်စီလုပ်ပြီး လမ်းစပြန်ရှာ၍ စခန်း ပြန်ရန် စီစဉ်ရတော့သည်။

လမ်းစသိလို့၍တစ်ကြောင်း၊ ဘာကြောင့်မှားရသည်ကို သိလို့၍တစ်ကြောင်း ပူးညှိတောင်ထိပ်ပေါ်သို့ရောက်အောင် တစ်ခေါက်ပြန်တက်ရသည်။ မိုးစင်စင်လင်း၍ တောင်ထိပ်ပေါ်ရောက်မှ အောက်မြေပြင်အနေအထားကို စီးပိုးကြည့်လျက် လေ့လာမိသည်။ လက်စသတ်တော့ ပူးညှိတောင်ထိပ်သည် ချောင်းဖျား (မြောင်) သုံးခု အဖျားခံထားသဖြင့် ရေဝေ သုံးခုရှိသော တောင်ဖြစ်သည်ကို တွေ့ရ၏။ ရေဝေသုံးခုဆိုလျှင် ကျောလမ်း၊ လမ်းသုံးသွယ်ရှိနေမည်သာ ဖြစ်ပေသည်။ လမ်းမှန်ကိုတွေ့ရပါပြီ။ အပြန်လမ်းချောင်းဘေး

တစ်လျှောက် ကျားခြေရာကြီးများ လတ်လတ်ဆတ်ဆတ် တွေ့ရ၏။ အလုပ်သမားများက "ကဲ . . . အစက မပြောဘူးလား" ဟု အသံတိတ် အံကြိတ်၍ မျက်စောင်းထိုးကြည့်ကြသည်။ တိုးအောင် ဘာမျှ ပြန်မပြောတော့ပေ။

ပင်မစခန်းကြီးမှ ကျွန်းသင်းသတ်အဖွဲ့များ လုံခြုံရေးတပ်ခွဲမှ ရဲဘော်များ လူစု၍ ညက ကျွန်တော်၏လုပ်ကွက်ထဲသို့ လိုက်ရှာကြသည်။ သေနတ်ဖောက်သည်။ လူစုအော်ဟစ် ညာသံပေးကြသည်ဆိုသည်။ ကျွန်တော်တို့အဖွဲ့ လုံးဝ မကြားရပါ။ ည ၁၁ နာရီလောက်ထိ ရှာမတွေ့ကြတော့၍ လက်လျှော့ပြန်သွားကြသည်ဆိုပါသည်။ သစ်တောကျောင်း ဆင်းဖက် သူငယ်ချင်း ဦးစီးအရာရှိ ဦးကျော်သိန်း (ယခု အငြိမ်းစား) ဦးဆောင်၍ လိုက်ရှာခြင်း ဖြစ်ပါသည်။

ပူးညိုတောင်တွင် ဝါးခုတ်သား ဒေသခံကျေးရွာသားတစ်ဦးလည်း မျက်စိလည် ပျောက်ဆုံးနေသည်မှာ သုံးရက် ကြာဖူးသည်ဟု ပြောကြသည်။ ရွာသားများက အုန်းသီး၊ ငှက်ပျောဖြင့် ပွဲပေးပြီး လိုက်ရှာကြရာမှ ပြန်တွေ့ခဲ့ရသည်။ ရှာနေသူများကို ပျောက်နေသူက မြင်နေရသည်။ ရွာသားများက ပျောက်နေသူကို လုံးဝ မမြင်ဟု ဖြစ်ပျက်ခဲ့ပုံကို ဒေသခံ ရွာသားများက ပြောကြပါသည်။

ကျွန်တော်တို့အဖွဲ့ ပြန်ရောက်ပြီး သုံးရက်သာကြာပါသည်။ လုံခြုံရေးလိုက်ပါလာသော စစ်တပ်မှ တပ်စုမှူး ဗိုလ်ကြီးနှင့် ရဲဘော် ငါးယောက်တို့သည် ပူးညိုတောင်ဘက်သို့ အမဲလိုက် သွားရာက မျက်စိလည် လမ်းပျောက်၍ တစ်ညအိပ်၊ ညစာငတ်ပြီး ပြန်ခဲ့ကြရပြန်သည်။ ဗိုလ်ကြီးကတော့ ညအိပ်ပြီး အမဲစောင့်သည်ဟု ပြောပါသည်။ သို့သော် ရဲဘော်များက ဘဝတူကျွန်တော့်အဖွဲ့သို့ လာပြီးဖောက်သည်ချ၏။ "ဗိုလ်ကြီးက ရှက်လို့မပြောတာဗျ၊ ဆရာတို့လည်တဲ့ ပူးညိုတောင်မှာပဲ၊ မျက်စိလည် လမ်းတွေများနေလိုက်တာ၊ ညစာပါ ငတ်ရော၊ ဗိုလ်ကြီးလည်း မြေပုံကြီးထုတ်ထုတ်ကြည့်ပြီး ဘာမှ မတတ်နိုင်တော့ဘူးဗျို့" ဟု ဆိုကာ တဝါးဝါးရယ်ကြရ၏။ ပူးညိုအရှင်သည် ကျောက်တုံးများ လှိမ့်ချသည်ကို မကြိုက်၍လော၊ အမဲပစ်သည်ကို မနှစ်သက်၍လော၊ တစ်ခုခုတော့မှားယွင်းနေသည် ထင်သည်။

ပူးညိုတောင်ပေါ်တွင် စေတီဟောင်း အုတ်ချပ်ခဲအချို့နှင့် စေတီပျက်နေရာတစ်ခု တွေ့ရပါသည်။ အုတ်ချပ် တစ်ခုတွင် ၁၃၁၂ ခု ဟူသော သက္ကရာဇ်စာတန်းအပိုင်းအစတစ်ခု တော့ တွေ့ရပါသည်။ ပူးညိုတောင်သည် နှစ်များစွာက အတိတ်သမိုင်း ကွင်းဆက်များ ရှိနေမည်မှာတော့ သေချာပါသည်။ မသေချာသည်မှာ ကျွန်တော့်အတွေးများပင် ဖြစ်ပါသည်။

ရှောင်ရန် ဆောင်ရန် အချက်များ

အလျဉ်းသင့်၍ စာရေးသူ၏ တောတွင်းအတွေ့အကြုံများမှ ရှောင်ရန် ဆောင်ရန် ဘေးကင်းရန်ကွာစေသော တောတွင်းနေထိုင်ခြင်း ဗဟုသုတများကို အကျဉ်းမျှ တင်ပြ အပ်ပါသည်။

(၁) မိမိတို့သွားလာသော တောတောင်၏ သဘာဝ၊ စရိုက်၊ ကြီးစိုးသော နတ်ကွင်းပိုင်း၊ တောပိုင်၊ တောင်ပိုင် စသည့် ဓလေ့ထုံးစံများကို သိအောင်လေ့လာပါ။

(၂) ဒေသခံတို့၏ တောတောင်၊ ကွင်းတို့နှင့် ပတ်သက်သော ရိုးရာ၊ ဓလေ့ထုံးစံတို့ကို လေးစားပါ။ မစော်ကားမိအောင် ဆင်ခြင်သတိပြုပါ။

(၃) မည်သည့်တောတောင်တို့တွင်မဆို နာမည် အော်မခေါ်မိဖို့ သတိပြုပါ။

(၄) စည်းကမ်းမဲ့ အလေးအပေါ့သွားခြင်းကို ရှောင်ပါ။ တောင်းပန် ခွင့်တောင်းပါ။ တောင်ပို့များ၊ သစ်ပင်ကြီးများခြေရင်းတွင် အလေးအပေါ့ ရှောင်ကြဉ်ပါ။

သားရဲတိရစ္ဆာန်များနှင့် ရင်ဆိုင်ရသည်ရှိသော်

(၁) တောထဲ၌တွေ့ရသော မည်သည့်ဥများကိုမျှ ယူမလာပါနှင့်၊ ငန်းမြွေဥများ ဖြစ်နေလျှင် မိမိရှိရာထိ လိုက်လာပါလိမ့်မည်။

(၂) မျက်စိလည်ခြင်း နှစ်မျိုးရှိပါသည်။ နေရာအနှံ့အပြား ရောက်နေခြင်းနှင့် တစ်နေရာတည်းတွင် တဝဲလည်လည် ဖြစ်နေတတ်ခြင်းဖြစ်သည်။ မြွေညို့ခံရပြီ ဆိုလျှင် ဝဲလည်နေတတ်ပါသည်။ မိမိအဝတ်အစား ပစ္စည်းတစ်ခုခုကို ချခဲ့ပြီး သွားပါ။ (အချို့ ဓားကိုအဝတ်ပတ်ပြီး ချထားခဲ့ရာတွင် မြွေက အဝတ်ကို ဆွဲပတ် ဆန့်ပစ်လိုက်ရာမှ ခါးပြတ်ပြီး မြွေပါ ရဖူးကြပါသည်။)

(၃) ဆင်လိုက်ခံရလျှင် ရေထဲဆင်းမပြေးပါနှင့် (ဆင်သည် ရေကူးကျွမ်းကျင်ပါသည်)။ လေအောက်ကိုလည်း စုန်မပြေးပါနှင့်။ လေညာအထက်ကသာ ကွေ့ပတ် ရှောင်ပြေးပါ။ ပင်ခြေရှုပ်ထွေးသော (ဥပမာ- မြစ်ဖွားညောင်ပင်ကဲ့သို့ အပင်များပေါ်သို့ တက်ပြေးပါ) ဆင်တစ်ကိုယ်စာမျှရှိသော သစ်ပင်ဝါးရုံများ တွေ့လျှင် ဆင်မမြင်ရအောင် ဘေးကပ်ကွယ်လိုက်ပါ။ ဆင်သည် မျက်ကွယ် သွားပါက လိုက်လေ့မရှိပေ။

(၄) ကျားသစ်နှင့် ရင်ဆိုင်တွေ့ရလျှင် လှုပ်ပါလျှင်ပါ။ မပါလျှင် ဝါးခွန်၊ မျောခွန်တစ်ခုခု ကို ကိုယ်နှင့် ကပ်ထောင်ထားပါ။ သစ်ပင်တစ်ပင်ကို ကျောပေးပြီး ကပ်နေပါ။ ကျားသစ်အနားမကပ်တော့ပါ။

(၅) ကျားနှင့် ရင်ဆိုင်တွေ့ရလျှင် သစ်ပင်ကြီးတစ်ပင်ကို ကျောကပ်မှီရပ်နေပါ။ လက်နက်တစ်ခုခုကိုင်၍ ရဲဝံ့စွာ စူးစိုက်ကြည့်ပြီး အသင့်အနေအထားဖြင့် ရင်ဆိုင်ထားပါ။ ကျားခုန်မအုပ်နိုင်ပါ။ ရစ်သီရစ်သီလုပ်ပြီး နောက်ကြောင်းပြန်သွားတတ်ပါသည်။

(၆) စပါးကြီး၊ စပါးအုံးမွှေကြီးများကို မည်သည့်အခါမျှ ခေါင်းကိုမရိုက်ပါနှင့်၊ ၎င်းတို့အင်အားသည် ခန္ဓာကိုယ်ဖြင့် ရစ်ပတ်ဆွဲဆန့်၍ အန္တရာယ်ပြုတတ်ပါသည်။ ခါးရိုးတို့ကို ရိုက်ချိုးမှသာ အနိုင်ရမည် ဖြစ်ပါသည်။

(၇) ဝက်ဝံကြီးများ ပက်လက်လှန်ပြီး ငြိမ်သက်နေသည်ကိုတွေ့လျှင် သေနေပြီအထင်ဖြင့် အနားမကပ်ပါနှင့်။ ဝက်ဝံတို့သည် သေဟန်ဆောင်တတ်သော အလေ့ရှိပါသည်။ ၎င်းတို့သေလျှင် မှောက်လျက်ဖြင့်သာ သေလေ့ရှိပါသည်။

တောထဲ၌ မျက်စိလည်ခဲ့သော်

(၁) တောကြီးမျက်မည်းထဲ မျက်စိလည် လမ်းပျောက်၍ အရပ်လေးမျက်နှာသိလိုလျှင် အမြင့်ဆုံးသစ်ပင်ကြီးများ ပင်စည်၌ တစ်ဘက်သတ် တစ်ခြမ်းတည်း၌သာ ရေညှိများတက်နေသည့်ဘက်သည် အနောက်ဘက် သို့မဟုတ် အနောက်တောင်ဘက်ဟု မှတ်ယူပါ။ စာဘူးတောင်းငှက်သိုက်များ၏ အဝလှည့်ရာဘက် အများစုသည် တောင်အရပ်သို့ ညွှန်းပါသည်။ ညနေစောင်းနေဝင်ချိန်တွင် သစ်ပင်ကြီးများ၏ ပင်စည်လုံးကို ပါးနှင့်ကပ်ကြည့်ပါ။ ပူနေသည့်ဘက်သည် နောက်ဆုံး နေထိုးခံရသောဘက်ဖြစ်၍ အနောက်အရပ်ဖြစ်ပါသည်။ ချောင်းတွေ့လျှင် စုန်ပါ၊ ရွာ၊ လူနေတဲ့ စသည်သို့ ရောက်ပါမည်။ တောင်ကြော၊ ကုန်းကြောဆိုလျှင် ဆန်တက်ပါ။ ကုန်းကြောပေါ်တွင် ခြေလမ်း၊ ခြေရာတို့ကို တွေ့နိုင်ပါသည်။ ညနေဘက်တွေ့ရသည့် လတ်တလောခြေရာ ဦးလှည့်ရာဘက်တွင် လူနေတဲ၊ ရွာတို့ ရှိနိုင်ပါသည်။ (ချောင်း ကို စုန်၊ ကြောကို ဆန်ဟု မှတ်ပါ) မြေပုံကွန်ပါ မပါပါက ရေမြေတောတောင်တို့၏ သဘာဝကို အသုံးချနိုင်ရန် ရည်ညွှန်းပါသည်။

(၂) တောတွင်းစခန်းချလျှင် ဖြစ်နိုင်သမျှ တောင်ကုန်းအမြင့်နေရာယူပါ။ တောဆင်များသွားရာလမ်းကြောင်း (ခြေရာကြောင်းများ) ပိတ်၍ မချပါနှင့်။ စခန်းတဲတွင် မီးဖို မပြတ်ဖိုထားပါ။ ကြသောင်းဝါးကြီး အဆစ်ပိတ် ၁၀ လုံး ၁၅ လုံးခန့် အသင့်ဆောင်ထားပါ။ သားရဲကောင်ကြီးများ အရိပ်အယောင်ရှိလာလျှင် မီးပုံထဲ

ထည့်ဖောက် ခြောက်လှန့်ပါ။ တောဆင်အပါအဝင် သားစားတိရစ္ဆာန်ကြီးများသည် မီးကို ကြောက်ပါသည်။ သူတို့သဘာဝအရ လူကို ရန်မမူလို။ ရှောင်လိုကြပါသည်။ မီးခိုးနံ့ရလျှင်ပင် ရှောင်ကွင်းသွားကြလေ့ရှိပါသည်။

(၃) မည်သို့ပင် ဖြစ်ပါစေ။ ထူးခြားသော ဘေးအန္တရာယ် တစ်စုံတစ်ရာ ရင်ဆိုင်ကြုံတွေ့ရပါလျှင် သစ်ပင်အမြင့်ပေါ်၌သာ နေသင့်ပါသည်။ မြေကြီးကိုဆင်းလျှင် အသက်ပျောက်နိုင်ပါသည်။ သစ်ပင်အမြင့်ပေါ်က လူကို နာနာဘာဝများက မနှောင့်ယှက်နိုင်ခြင်းဖြစ်ပါသည်။ ညနေစောင်း၊ ညဘက်များတွင် သားရဲကောင်ကြီးများ ရေသောက်ဆင်းတတ်သည်။ အစာရှာထွက်တတ်ကြပါသည်။ ပြာသို၊ တပို့တွဲလများ သည် ကျား၊ ကျားသစ်တို့၏ မိတ်လိုက်ချိန် (ကျားထချိန်) ဖြစ်သည်ကို သတိပြုပါ။

(၄) မိမိတို့နှစ်သက်ရာ ပရိတ်ဂါထာတော်များ ရွတ်ပွားခြင်း၊ မေတ္တာပို့၊ အမျှပေးဝေခြင်း၊ ရတနာသုံးပါး ဆည်းကပ်ခြင်း၊ ရိုးရာဓလေ့ထုံးစံများကို လေးစားလိုက်နာခြင်းဖြင့် ကြုံတွေ့ရမည့် ဘေးအန္တရာယ်တို့မှ ကင်းဝေးလျက် အသက်ဘေးမှ ချမ်းသာရာရမည်ဖြစ်ပါကြောင်း မေတ္တာဖြင့် တင်ပြအပ်ပါသည်။

C C C C C

အခန်း (၉)

ဆင်စလောက စကြောက်ရွံ့စရာ ရက်စက်မှုကမ်းကုန်စွက်များ

သေမင်းခံတွင်း၀ အချိန်နှင့်အမျ

အဆိပ်ရှိသော သတ္တ၀ါသည် အဆိပ်လက်နက်ဖြင့်လည်းကောင်း၊ ဦးချိုရှိသော သတ္တ၀ါသည် ဦးချိုလက်နက်ဖြင့်လည်းကောင်း၊ အစွယ်ရှိသောသတ္တ၀ါသည် အစွယ်လက်နက်ဖြင့်လည်းကောင်း ရန်သူကို ချေမှုန်းတိုက်ခိုက်လေ့ရှိကြသည်။ သတ္တ၀ါတိုင်းတွင် မိမိတို့၏အန္တရာယ်ကို ကာကွယ်ဖို့၊ ပြန်လည်တိုက်ခိုက်ဖို့ ထက်မြက်သော လက်နက်များ အသီးသီးရှိကြသည်။ ဆင်သတ္တ၀ါတို့သည်ကား လက်နက်ဘက်စုံရှိသည့် သတ္တ၀ါဖြစ်သည်။ ဆင်၏အထက်မြက်ဆုံး လက်နက်သည် စူးရှထက်မြက်သော အသိဉာဏ်ပင်ဖြစ်သည်။ သို့ကြောင့် အလွန်ကြောက်စရာကောင်းသည့် သတ္တ၀ါဟု ဆိုပါသည်။

မြန်မာမှုတွင် 'ဆင်ကြဲ ကြဲသည်' ဆိုသည့် စကားအတိုင်း သခင်ကိုသတ်ရန် တစ်နေ့သုံးခါ ကြံစည်သည်ဟု ဆိုစမှတ်ရှိကြသည်။ မန်လည်ဆရာတော်ဘုရားကြီး၏ မယဒေ၀လင်္ကာသစ် ဆုံးမစာတွင်-

"စစ်ထွက်ယောကျ်ား၊ မြွေသမားနှင့်
ရေသွားခရီး၊ ဆင်စီးတမျ
စိတ်က ဘယ်ခါ မချရာ" ဟူ၍ ဆုံးမထားတော်မူခဲ့ပေသည်။

ဆင်လောကတွင် အောက်ပါအတိုင်း သတ်မှတ်ထားခြင်း ရှိသည်။

* အမြဲအန္တရာယ်ပေးတတ်သော ဆင် (မကြာခဏ ရန်မူတတ်သည်)
* အခြေအနေ အကြောင်းကြောင်းကြောင့် တစ်ခါတစ်ရံ အန္တရာယ်ပြုတတ်သောဆင်
* အန္တရာယ်မပြုတတ်သော စိတ်သဘောကောင်းသည့်ဆင် (အလွန်နည်းပါး၏)

မည်သို့ဆိုစေ၊ ဆင်သည် အခြားသတ္တ၀ါများထက် အသိဉာဏ်ရှိသည်။ အငြိုးအမှတ်ကြီးသည်။ အစွယ်၊ နှာမောင်း၊ ခွာ၊ ဦးကင်း၊ ကြံစည်တတ်သောဉာဏ် စသည်ဖြင့် လက်နက်အစုံရှိနေသည်။ မူလဗီဇ သဘာ၊ စိတ်ဓာတ်ခံ အရိုင်းစိတ် (Wild Temperament) ကြောင့်၊

အန္တရာယ်ပေးနိုင်သော အခြေအနေမှာ ရာနှုန်းပြည့်ရှိနေသည်။ မန်လည် ဆရာတော်ဘုရားကြီး၏ သတိပေးဆုံးမစာအတိုင်း စိတ်က ဘယ်ခါမချရာဟူ၍သာ မှတ်ယူထားရမည်ဖြစ်ပါသည်။

သို့ကြောင့် တစ်နေ့သုံးခါမကပါ။ အချိန်တိုင်းမှာ အခွင့်သာလျှင် သာသလို သတ်လို စိတ်ဖြင့် အန္တရာယ်ပေးနိုင်ပေသည်။ ဆင်စီးသူအချို့ မတော်တဆ ရုတ်တရက် အောက်သို့ လိမ့်ကျခိုက် ချက်ချင်း ခွာဖြင့်ထိုးသတ်လိုက်သည့် ဖြစ်ရပ်မျိုး မကြာခဏ တွေ့ခဲ့ရဖူးပေသည်။ သူတို့၏ ကြောက်စရာ၊ မုန်းစရာ၊ ရက်စက်ကမ်းကုန်ချက် အချို့ကို ဤစာအုပ်တွင် ဖတ်ရှုအကဲဖြတ်နိုင်မည် ဖြစ်ပါသည်။

အချိန်နှင့်အမျှ

မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းများ၊ ပုဂ္ဂလိကပိုင်ဆင်ဝိုင်းများ၊ ဆင်လုပ်သားများ စသည့် ဆင်နှင့်အတူ အသက်မွေးဝမ်းကျောင်း ပြုနေသူများသည် အချိန်နှင့်အမျှ အသက်အန္တရာယ်ရှိနိုင်သူများ ဖြစ်ကြပေသည်။ ဆင်ဝိုင်းများ၏ သဘာဝကိုက ဆင်တို့၏ အစာရေစာပေါများသော၊ နက်ရှိုင်းသော သစ်တောကြီးများအတွင်း၌သာ ရှိကြသည်။

ဆင်သမားများ၏ နိစ္စဓူဝ အလုပ်များဖြစ်သည့် စားကျက်လွှတ်ကျောင်းထားသော ဆင်များကို နံနက်မိုးလင်း သည်နှင့် ဆင်ကောက်သွားရာတွင် တောလမ်းခရီးများ၌ ကျား၊ ဝက်ဝံ၊ ကျားသစ်၊ တောဆင်ရိုင်း၊ ခွေးအအုပ်များ စသည်ဖြင့် သားရဲတိရစ္ဆာန်ကြီးများနှင့် မမျှော်လင့်ဘဲ ပက်ပင်းတိုးနိုင်ပေသည်။ ဆင်တို့သည် မိမိစခန်းနှင့် အနည်းဆုံး ပုံမှန်အားဖြင့် သုံးမိုင်ဝန်းကျင် စားကျက်လျှောက်လည် စားသောက်လေ့ရှိသည်။ အချို့ စားကျက်လွန်ဆင်များသည် လေးမိုင်မှ ငါးမိုင်ဝန်းကျင် တစ်ညလုံး သွားလာစားကျက်ကျနေတတ်ခြင်းလည်း ရှိပေသည်။

ထို့ပြင် ဆင်တို့သည် မိမိအားနေ့စဉ် အလုပ်ခိုင်းထားသည်များကို ဖိစီးနှိပ်စက်အနိုင်ကျင့်ခံနေရသည့်သဘောမျိုး ခံယူထားကြဟန်ရှိသည်။ အလုပ်ပင်ပန်းသည့်အခါများ၌ သခင်ကို မကြာခဏ ရန်ပြန်လုပ်လေ့ရှိသည်။ ပြင်းပြင်းထန်ထန် ထုထောင်းရိုက်နှက်ထားကြရ၏။ ဆင်ဆိုးများကို ကိုင်တွယ်ရာတွင် အထူးသတိကြီးစွာ ထားရသည်။ လှံကိုင်တစ်ဦးကို အထူးခန့်ထား တာဝန်ပေးရသည်။ ဆင်ကောက်သွားရာတွင် ဆင်ဦးစီးနှင့် တစ်ပါတည်း လှံကိုင်ကလည်း လိုက်ပါရ ပေသည်။ အလုပ်ခွင်သာမက ဆင်ရေချစဉ်၊ အလုပ်သိမ်းစဉ်၊ ကကြိုးတန်ဆာပလာများ၊ သံကြိုးများဖြုတ်စဉ် မကြာခဏ ရန်ပြုတတ်ကြသည်။ တစ်ခါတစ်ရံ ဆင်များ မုန်ယိုစပြုနေချိန်ကို မသိလိုက်ရဘဲ အနီးကပ်သွားမိ၍ မရှုမလှ အသက် ဆုံးရှုံးရသူ

များလည်း မနည်းတော့ချေ။ ဆင်အနီးသို့ ချဉ်းကပ်ရာတွင် ဆင်၏အတွင်းစိတ်ကို မည်သူမျှ မခန့်မှန်းနိုင်ကြ ပေ။ အချိန်တိုင်းတွင် အန္တရာယ်ရှိနိုင်နေပေသည်။ ဆင်သမားများအဖို့ အစဉ်မလွတ်သော သတိနှင့်သာ အလုပ်လုပ်ကြ ရသည်။ သို့ကြောင့် သေမင်းခံတွင်းဝ နေကြသူများဖြစ်၍ အလုပ်ခွင်တွင် ထိခိုက်နစ်နာမှု တစ်စုံတစ်ရာဖြစ်ပါက ဆင်သမားများအတွက် နစ်နာမှုလျော်ကြေးငွေ ခံစားခွင့်ရှိကြပေသည်။

လူ ၁၀ ယောက်တွင် ၉ ယောက်ကို သတ်ခဲ့သည့် ကာဒူ

ကာဒူသည် စွယ်ကားဆင်ဆိုးကြီးတစ်ကောင်ဖြစ်သည်။ ကိုလိုနီခေတ်က လူကိုးယောက်ကို နေရာတွင် ပွဲချင်းပြီး အသေသတ်နိုင်ခဲ့ပြီး၊ ၁၀ ယောက်မြောက် လူသားတစ်ဦးကိုတော့ မသတ်နိုင်ခဲ့သော ဆင်ရာဇဝတ်ကောင်ကြီးအဖြစ် ကျော်ကြားခဲ့သည်။ ကာဒူသည် စိတ်ပါမှသာ အလုပ်လုပ်လေ့ရှိသည်။ စိတ်မပါ ငြင်းဆန်နေပြီဆိုလျှင် ဇွတ်ခိုင်း၍ မရပါ။ ဘယ်ဆင်ဦးစီးကမျှ မခေါ်ရဲ၊ မခိုင်းရဲကြပေ။

ဆင်ဦးစီးတို့သည် ကာဒူ၏အခြေအနေကို အကဲခတ်ကြည့်ပြီးမှ အလုပ်ခိုင်းကြရသည်။ စားကျက်မှ ချော့မော့ ခေါ်ရသည်။ ချော့မရသေးလျှင်လည်း အနီးအနားမှာ ထိုင်စောင့်နေကြရသည်။ စိတ်ရှည်လက်ရှည် ဆေးလိပ်တစ်လိပ်မျှ ကုန်သည်ထိ စောင့်နေကြရ၏။

ဆင်ဦးစီး ကိုတုံးကျော်ဆိုသူသည် ကာဒူကို ဆင်ဆိုးမှန်းသိလျက်နှင့် စီးခဲ့သည်။ ကာဒူကို သူက အလွန်ချစ်သည်။ ယုယသည်။ တာဝန်ယူသည်။ ကာဒူကလည်း တစ်ခါတစ်ရံ ကိုတုံးကျော်အား ချစ်ခင်ကြောင်း၊ ယုယမှု၊ ကြင်နာ မှု လက္ခဏာပြသည်။ တစ်ဦးကိုတစ်ဦး ခင်မင်မှုတုံ့ပြန်ပြသခြင်းများ ရှိခဲ့သည်။

တစ်နေ့တွင် ချောင်းကမ်းဘေးတစ်နေရာတွင် ကိုတုံးကျော်က အလုပ်လုပ်ရန် ကာဒူကို ချော့ခေါ်သည်။ ကာဒူက စိတ်မပါသေး၍ ခေါ်မရဖြစ်နေသည်။ ကိုတုံးကျော်က ထုံးစံအတိုင်း စိတ်ပြေသည်အထိစောင့်ရန် ချောင်းကမ်းဘေးကို နောက်ကျောပြုလျက် သစ်တုံးတစ်တုံးပေါ်မှာ စိတ်အေးလက်အေးထိုင်ပြီး ဆေးတံသောက်ကာ စောင့်နေလိုက်သည်။ ကာဒူသည် တဖြည်းဖြည်း တစ်လှမ်းချင်း ကိုတုံးကျော်အနားသို့ ကပ်လာသည်။ ထို့နောက်တွင် အမှတ်တမဲ့ ရုတ်တရက် ကိုတုံးကျော်ကို သူ့အစွယ်ကြီးနှင့် ပြေးထိုးသတ်တော့သည်။ ကိုတုံးကျော်သည် အစွယ်နှစ်ချောင်းကြား ပါသွားပြီး ချောင်းကမ်းပါးနံရံတွင် နစ်ဝင်သွားသည်။ ကမ်းပါးသည် ရွှံ့ပျော့နေရာဖြစ်၍ ကိုတုံးကျော် နစ်ဝင်သွားခြင်း ဖြစ်သည်။ ကိုတုံးကျော်က ကမ်းပါးတွင်ကပ်လျက်အနေအထားဖြင့် မလှုပ်မယှက် အသာလေးငြိမ်ပြီး သေချင်ဟန် ဆောင်နေလိုက်ရသည်။ ကာဒူသည် နောက်သို့ အသာဆုတ်သွားပြီး ထပ်မတိုး

သေးဘဲ တွေတွေကြီးကြည့်နေသည်။ မကြာမီ နားရွက်ကြီး ပုတ်ခတ်လှုပ်ရှားလာသည်။ မျက်စိကလည်း မျက်တောင်တဖျပ်ဖျပ်ခတ်လျက် ကိုတုံးကျော်ကို ထပ်ပြီး ရန်မမူတော့ပေ။ ကာဒူသတ်ပြီဟေ့ဆိုလျှင် သေရသည်ကများသည်။ မလွတ်တော့၊ မသေမချင်း သတ်တတ်သည်။ ယခုမူ ကာဒူသည် ဦးစီးတုံးကျော်ကို သနားသွားပြီလော၊ သေပြီထင်၍လော မသိတော့ပေ။ မသေမချင်း မသတ်တော့ဘဲ ချက်ချင်း စိတ်ကောင်းပြန်ဝင်သွားခဲ့သည်။ ကိုတုံးကျော်သည် နာမည်နှင့်လိုက်အောင် တုံးကျော်သွားခဲ့ပေသည်။ ကာဒူသမိုင်း၌ ၁၀ ယောက်မြောက်တွင် ကိုးယောက်သာ သတ်နိုင်ခဲ့ကြောင်း မှတ်တမ်းဝင် ဆင်ဆိုးဖြစ်ခဲ့ပေသည်။

အငြိုးကြီးသည့် ဆင်ဆိုးကြီး သင်းဝင်ဒိုင်း

သင်းဝင်ဒိုင်းသည် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာနမှ သစ်ဆွဲအလုပ်ဆင်ကြီးမျိုးဖြစ်သည်။ သန်မာထွားကျိုင်းသော အမြင့် ခုနစ်ပေကျော် စွယ်စုံဆင်ကြီးဖြစ်ပေသည်။ လူပေါင်း ခုနစ်ယောက်ကို သတ်ခဲ့ပြီးနောက် ပစ်သတ်ရန် သေမိန့်ကျခဲ့ပြီးသော ဆိုးသွမ်းဆင်တစ်ကောင် ဖြစ်ခဲ့သည်။ သို့သော် အကြောင်းကြောင်းကြောင့် အသတ်မခံခဲ့ရပေ။ သင်းဝင်ဒိုင်း၏ ဆိုးဂုဏ်ကျော်ကြားမှုကြောင့် မြန်မာ့အသံရေဒီယိုမှ "သဲမုန်တိုင်း" အမည်တင်စား၍ ဇာတ်လမ်းပင် လွှင့်ခဲ့ဖူးကြောင်း သိရသည်။

သင်းဝင်ဒိုင်းသည် လူကိုရန်မူတတ်သလို ဆင်အချင်းချင်းလည်း ရန်လို ရန်ထောင်တတ်သည်။ တောဆင်ရိုင်း နှင့်တွေ့လျှင်လည်း မရှောင်၊ ရန်စောင်သည်။ ထိပ်တိုက်ရင်ဆိုင်သည့်သတ္တိရှိသည်။ အဆိုးဆုံးမှာ အငြိုးအတေးကြီးသည့် သန္ဓေဆိုးရှိခြင်းပင်ဖြစ်သည်။

စစ်ကိုင်းတိုင်း မော်လိုက်အနောက်သစ်ထုတ်ရေးဒေသ ယူးချောင်းစခန်းတွင် သင်းသတ်အဖွဲ့များ ချောင်းဘေး၌ တဲထိုးပြီး စခန်းချထားစဉ် တစ်နေ့၌ သင်းဝင်ဒိုင်း အစာစားရင်း ရောက်သွားခဲ့သည်။ ထို့နေ့က စခန်း၌ အလုပ်နား၍ စာရင်းများလုပ်နေချိန်ဖြစ်ရာ လူစုံရှိနေကြပေသည်။ သင်းဝင်ဒိုင်းအကြောင်းသိနေကြ၍ စခန်းအနား အလာမခံဝံ့ကြသဖြင့် ဝိုင်းဝန်းမောင်းထုတ်လိုက်ကြသည်။ အချို့ဝန်ထမ်းများက ဆဲဆိုကြိမ်းမောင်းပြီး မီးတုတ် မီးစများဖြင့် ပစ်ပေါက်လွှတ် လိုက်ကြလေသည်။ သင်းဝင်ဒိုင်းကြီးသည် ဂ္ဂနွေ့ မပျက် ကောင်းမွန်စွာပင် ပြန်လှည့်သွားခဲ့သည်။ သို့သော် နောက်တစ်နေ့၌ သင်းသတ်အဖွဲ့များ အလုပ်ဆင်းသွားနေချိန် စခန်း၌ လူများမရှိသည့်အခါ သင်းဝင်ဒိုင်းရောက်လာပြီး စခန်း တဲအားလုံးကို နင်းချေဖျက်ဆီးပစ်ရုံမက အိုးခွက်ပန်းကန်များမှအစ ဘာတစ်ခုမျှ ရစရာမရှိအောင် ဝုန်းဒိုင်းကြဲပစ်လေသည်။ အဖွဲ့များပြန်လာသည့်အခါ ငိုအားထက် ရယ်အားသန် ဝါးရုံများအောက်တွင် ထိုည အိပ်ခဲ့ရတော့သည်။

သင်းဝင်ဒိုင်းကြီးသည် အရွယ်ကောင်းချိန် တက်ဆင်ဘဝ၌ အရာရာကို အနိုင်ယူခဲ့သူ ဖြစ်သည်။ သို့သော် ဝင်္ဂနှင့်ကြမ္မာ မလွတ်သာဆိုသကဲ့သို့ ဘဝနေဝင်ချိန်က ကြုံလာခဲ့တော့သည်။ အသက်ရလာ၍ ကျဆင်ဘဝတွင် တောဆင်ရိုင်း (အစွယ်တစ်ချောင်း) "တယ်ဆင်" တစ်ကောင်နှင့် ထိပ်တိုက်ရင်ဆိုင် ထိုးသတ်ကြရာတွင် သင်းဝင်ဒိုင်း ရှုံးနိမ့်ခဲ့ရသည်။ ဒဏ်ရာပြင်းထန်စွာရပြီးနောက် ဝင်္ဂကြွေးပြင်းစွာ ခံစားရကာ သေဆုံးသွားခဲ့တော့သည်။ သူသေဆုံးချိန် မှတ်တမ်းအရ သင်းဝင်ဒိုင်းသတ်၍ သေဆုံးရသူ လူဦးရေ ၁၀ ယောက်ထက် မနည်းကြောင်း သိရပေသည်။

ထူးခြားသည့် ဆင်သတ်ကောင် ရွှေလရောင်

ရွှေလရောင်သည် လှပကော့ညွတ်သော သုံးပေခန့်ရှိ စွယ်စုံကြီးဖြင့် ဆင်ချောဆင်ခန့် ကြီးတစ်ကောင်ဖြစ်သည်။ မွေးဖွားစဉ်က လသာသော ညချမ်းချိန်တွင် မွေးဖွားခဲ့သဖြင့် "ရွှေလရောင်" ဟု အမည်ပေးထားကြခြင်း ဖြစ်သည်။ ကရင်လူမျိုး သစ်ကန်ထရိုက်တာ တစ်ဦးပိုင်သော သစ်ဆွဲအလုပ်ဆင်ကြီးမျိုး ဖြစ်ပေသည်။ မုံရွာသစ်ထုတ်ရေးဒေသ ယမားနယ်တွင် ထင်ရှားခဲ့သောဆင်ကြီးဖြစ်သည်။ ရွှေလရောင်သည် လူကိုသတ်ဖူးသလို ဆင်အချင်းချင်းလည်း သူ၏ အစွယ်ကြီးဖြင့် ထိုးစိုက်သတ်ခဲ့ဖူးပေသည်။

ထူးခြားသည်မှာ ရွှေလရောင်ထိုးသတ်ခဲ့သော ဆင်များမှာ ဆင်မများသာဖြစ်နေပေသည်။ မည်မျှဆိုးပါသနည်းဆိုလျှင် နေ့စဉ်ရွှေလရောင်ကို ဘယ်စားကျက်မှာ လွှတ်ထားသည်၊ ဘယ်ကို ရောက်သည်၊ ဘယ်မှာ အလုပ်ခိုင်းထားသည် စသည်ဖြင့် ပတ်ဝန်းကျင်လူများကို ကြိုတင်အသိပေးနေကြရသည်။ ရှောင်နိုင်၊ တိမ်းနိုင်၊ သတိထားနိုင်အောင် ကြေညာထားရပေသည်။

၁၉၆၁ ခုနှစ် ဧပြီလထဲတွင် ရွှေလရောင်သည် ယင်းမာပင်မြို့နယ် အလောင်းတော် ကဿပဘုရား ချောင်းအထက်ပိုင်းစားကျက်တွင် လွှတ်ကျောင်းထားခဲ့သည်။ ဘုရားချောင်း၏အောက်ပိုင်း (၇ မိုင်၊ ၈ မိုင်ခန့်အကွာ) တွင် သစ်ထုတ်ရေးဌာန ဆင်ဝိုင်းများမှ ဆင်များကို လွှတ်ထားခြင်း ရှိပေသည်။ ရွှေလရောင်သည် အစာစားရင်း တဖြည်းဖြည်း ချောင်းအောက်ပိုင်းသို့ စုန်ဆင်းလာသကဲ့သို့ ချောင်းအောက်ပိုင်းရှိ ဆင်အုပ်ထဲမှ ဆင်မ တစ်ကောင်သည် ချောင်းအထက်ပိုင်းသို့ တဖြည်းဖြည်းတက်လာခဲ့သည်။ ချောင်းတစ်နေရာတွင် ဆုံမိကြရာ ဆင်မသည် ခန့်ချောသော ရွှေလရောင်ကို မြင်မြင်ချင်း တပ်မက်သော စိတ်ဖြင့် ချဉ်းကပ်လေသည်။ မိနစ်အတန်ကြာအောင် တူနှစ်ကိုယ်ချစ်ကြည်နူးလျက် ပေါင်းဖက်မိကြသည်။ ရွှေလရောင်သည် မိတ်လိုက်နေစဉ်မှာပင် စိတ်တစ်မျိုးပြောင်းလာပြီး

ဆင်မကို သူ၏ အစွယ်ကြီးဖြင့် ထိုးသတ်လိုက်လေသည်။ ဘာကြောင့် ထိုးသတ်လိုက်သည်ကို ပဟေဠိဖြစ်နေတော့သည်။ ယခင်ကလည်း အလားတူ မိတ်လိုက်ပြီး ဆင်မသုံးကောင်ကို ထိုးသတ်ခဲ့ပြီးဖြစ်သည်။

ရွှေလရောင်သည် မကောင်းဆိုးဝါး ကျိန်စာမိနေခြင်း၊ နတ်မိစ္ဆာပြုစားထားသဖြင့် ပန်းသေနေခြင်းကြောင့် စိတ်သွားရာ ကိုယ်မပါသဖြင့် ရာဂစိတ်မွန်ကာ သတ်နေခြင်း စသည်ဖြင့် ဆင်ဦးစီးတို့ အမျိုးမျိုးတွေးဆ ပြောဆိုနေကြ ရပေသည်။

နတ်မိစ္ဆာဖမ်းစားခြင်းမှ လွတ်ကင်းစေရန် တောစောင့်နတ်၊ တောင်စောင့်နတ် စသည်များကို ပူဇော်ပသ အပ်နှံရန် ဆင်ပိုင်ကို ဝိုင်းဝန်းအကြံပြုကြသော်လည်း ဆင်ပိုင်သည် ခရစ်ယာန်ဘာသာဝင်ဖြစ်နေ၍ ယုံကြည်မှုမရှိသောကြောင့် မလုပ်ကြပေ။ အစိုးရသစ်ထုတ်ရေးဌာနက ဆင်မကို ရွှေလရောင်ထိုးသတ်ခဲ့ခြင်းကြောင့် ဆင်ပိုင်က အစိုးရဌာနသို့ ငွေသား ၆၀၀၀ ကျပ် ပေးလျော်လိုက်ရပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၅ နှစ်ကျော်က အမေရိကန်ဒေါ်လာအားဖြင့် ဒေါ်လာ ၁၂၀၀ နှင့်ညီမျှသော လျော်ကြေးဖြစ်ပါသည်။

လက်တွေ့ကျကျ သုံးသပ်ရလျှင် သန်မာထွားကျိုင်းပြီး ဆင်ခန့် ဆင်ချော အလုပ်ဆင်ကြီးသည် ပန်းသေနေသည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်မရှိပေ။ စာပေကျမ်းဂန်လာ အဿတိရ၊ အာဇာနည် မြင်းထီးမျိုးတို့သည် သာမညမြင်းမများနှင့် မိတ်လိုက်မိသောအခါ အာဇာနည်မျိုးကျန်ရစ်မည်စိုး၍ မြင်းမများကို ကိုက်သတ်လေ့ရှိကြောင်း မှတ်သားခဲ့ရဖူးပါသည်။ ထို့အတူ ရွှေလရောင်သည်လည်း သူ၏မျိုးဆက် ကျန်ရစ်မည်စိုး၍ မိတ်လိုက်ပြီးတိုင်း ဆင်မများကို ထိုးသတ် လေသည်လားဟု တွေးဆဖွယ်ရှိပေသည်။

လင့်စင်အမြင့်ပေါ်ကလူကို သတ်နိုင်သည့် ဆင်ဆိုး

ဆင်တို့၏ ကျွမ်းကျင်သောအတတ်၊ အလေ့အကျင့်တစ်ခုသည် အုန်းပင်ပေါ်မှ အုန်းသီးများကို စားလိုသည့်အခါ အပင်ရင်းကို ဦးကင်းဖြင့်တိုက် လှုပ်ခါချပြီး ကြွေကျလာသော အုန်းသီးများကို နင်းချေခဲ့ပြီး စားတတ်ကြပေသည်။ သူတို့၏ ကျွမ်းကျင်သော အတတ်ပညာကို လက်တွေ့အသုံးချပြီး လူကို တိုက်ခိုက်သတ်ဖြတ်ခဲ့သော ဖြစ်ရပ်တစ်ခု ၁၀-၅-၂၀၀၇ ရက်နေ့က တိုက်ကြီးမြို့နယ် ကျေးရွာတစ်ရွာအနီး၌ ဖြစ်ပွားခဲ့ခြင်း ရှိပေသည်။

ချောင်းစောက်ကျေးရွာသည် တိုက်ကြီးမြို့နယ် အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်ကွာဝေးသော ဥက္ကံသစ်တော ကြိုးဝိုင်းအနီး ပဲခူးရိုးမအခြေတွင် တည်ရှိသည်။ ရွာ၏တောင်ဘက် ၆ ဖာလုံခန့်အကွာ အစွန်တစ်နေရာတွင် ဒေသခံ တောင်သူ ဒေါ်ဝင်းမာနှင့် သမီးငယ်

နှစ်ယောက်တို့ တောင်ယာလုပ်ကိုင် စားသောက်နေထိုင်ကြသည်။ အနီးနားတွင်လည်း ပတ်ဝန်းကျင်၌ တောင်ယာတဲလေးများ မလှမ်းမကမ်းတို့တွင် ရှိနေပေသည်။ လူနည်းစု နေထိုင်သော တောင်ယာ အလုပ်ခွင် တဲစုနေရာလေးဖြစ်သည်။ တောနှင့်နီးသဖြင့် နှစ်စဉ် တောဆင်ရိုင်းများ ဝင်ရောက်သွားလာ ဖြတ်သန်းမှုများ ရှိနေသည်။ မဝင်းမာတို့၏ တဲနီးချင်းဖြစ်သူ ဦးကြည်တူး၏ တဲနားတွင် အမြင့်ပေ ၂၀ ခန့်မြင့်သော လင့်စင်တစ်ခုကို ဦးကြည်တူးက ဆောက်လုပ်ထားခဲ့သည်။

တစ်ခါတစ်ရံ အများအားဖြင့် ဆောင်းရာသီ ပြာသို တပို့တွဲလများတွင် ကျားဟိန်းသံများ ကြားရသည့်အခါများတွင် လင့်စင်ပေါ် တက်အိပ်ကြရသည်။ ဆင်သံကြားရလျှင်လည်း လင့်စင်ပေါ်မှာသာ တစ်ညလုံး ကင်းစောင့်အိပ်ကြရသည်။ လုံခြုံရေးကင်းသံချောင်း ဝါးကုလားတက်များလည်း အသင့်ချိတ်ဆွဲထားရှိပေသည်။

သို့သော် ညတစ်ညတွင် ကံကြမ္မာက မိုးမှောင်ကျလေတော့သည်။ ၂၀၀၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ည ၁၀ နာရီခန့်တွင် မဝင်းမာတို့သားအမိသုံးယောက် အိပ်မောကျနေချိန်၌ တဲကို တောဆင်ရိုင်းကြီးတစ်ကောင်က ဝင်ရောက် တိုးဝှေ့ဖျက်ဆီးတော့သည်။ မိသားစု အားလုံး လန့်ဖျပ်ပြီး အော်ကြဟစ်ကြရာ အနီးရှိဦးကြည်တူးပါ လန့်နိုးပြီး လင့်စင်ပေါ်ကို အားလုံးတက်ပြေးကြရတော့သည်။ ကဆုန်လဆုတ် ၁၀ ရက်ညဖြစ်၍ လရောင်မရှိမှုန်ဝါးဝါး ထဲတွင် ဆင်ရိုင်း ကြီးသည် တဲကိုသာမဲပြီး ဦးကင်းနှင့် တိုက်ဖြိုဖျက်ဆီးနေသည်ကို လင့်စင်ပေါ်မှ မလှုပ်မယှက် ငြိမ်သက်ပြီး ကြည့်နေကြရသည်။ ဆင်ရိုင်းကြီးသည် အလွန်ပါးနပ်လှသည်။ တဲထဲတွင် လူမရှိမှန်းသိသွားပုံရသည်။ လင့်စင်ပေါ်သို့ တစ်ချက် မော့ကြည့်လိုက်ပြီး တိုင်ခြေကို ဦးခေါင်းဖြင့် ထပ်ခါ ထပ်ခါ ပြေး၍ ဆောင့်လေတော့သည်။ ကြာတော့ ဦးကြည်တူး၊ မဝင်းမာနှင့် ကလေးနှစ်ယောက် စုစုပေါင်း လေးယောက်စလုံး အောက်သို့ ပြုတ်ကျကုန်တော့သည်။ မှောင်ကြီးမည်းကြီးထဲမှာ ကုန်းရုန်းထပြီး ကိုယ်လွတ်ရုန်းထွက်ပြေးကြရသည်။ ကိုးနှစ်သမီးလေး မသကြိန်မိုးတစ်ယောက်သည် ပြေး၍ မလွတ်နိုင်ရှာတော့ပေ။ ညအမှောင်ထုအတွင်း ကောင်းစွာထိုးဖောက်မြင်နိုင်သော ဆင်ရိုင်းကြီးက မှောင်ကြီးမည်းထဲ ယောင်ကန်းကန်းဖြစ်နေသော မသကြိန်မိုးလေးအား နင်းသတ်လိုက်တော့သည်။ ဆင်ရိုင်းကြီးသည် စိတ်တိုင်းကျ နင်းချေတိုက်ခိုက် ဖျက်ဆီးပြီးနောက် အမှောင်ထုအတွင်း ပျောက်ကွယ်သွားလေတော့သည်။

တောဆင်ရိုင်းဟိုင်းကြီး လူသားစားပြီလော

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်များအတွင်း တောဆင်ရိုင်းအုပ်များသည် လူနေကျေးရွာ၊ စပါးခင်း၊ ကြံခင်းများ

ဥယျာဉ်ခြံမြေများသို့ စားကျက်ကျူးလွန်လာရာမှ လူသတ်မှုများ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ရလေသည်။ နှစ်စဉ် နိုဝင်ဘာလမှ နှစ်ကုန်ပြီး ဇန်နဝါရီလ ဆောင်းရာသီကာလ စပါးခင်းများရင့်မှည့်ရိတ်သိမ်းချိန်၊ ကြံခင်းများ ခုတ်သိမ်းချိန်များတွင် ချိန်ကိုက်ဆင်းသက်လာကြလေ့ရှိသည်။ အခြားသော အချိန်ကာလများတွင် ပဲခူးရိုးမသစ်တောထဲ၌သာ လှည့်လည် ကျက်စားနေထိုင်ကြပေသည်။

တောဆင်ရိုင်းများဆင်းလာပြီး လူများအား တိုက်ခိုက်သတ်ဖြတ်သော ၈၈ ဖြစ်ရပ်များတွင် သတင်းအချက်အလက်များအရ နှစ်နှစ်တာကာလအတွင်း လူပေါင်း ၁၂ ယောက် သေဆုံးပြီး သုံးဦး အပြင်းအထန် ဒဏ်ရာရခဲ့ကြောင်း သိရပေသည်။ ပြည်သူ့ရဲတပ်ဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့သည် တောဆင်ရိုင်းများ၏ လူသတ်မှု၊ လှုပ်ရှားမှု ဖြစ်စဉ်များကို ထူးခြားဖြစ်စဉ်တစ်ရပ်အဖြစ် အထက်အဆင့်ဆင့်တို့သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ အစီရင်ခံကြရသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုကြောင့် သတင်းမှတ်တမ်းများကို စုစည်းဖော်ပြခွင့် ရခဲ့သည်။ သို့သော် ဆင်လူသတ်မှုဖြစ်စဉ်ဖြစ်ရပ်များ၏ အသေးစိတ်ကိုတော့ ကြည့်ရှုမေးမြန်း လေ့လာခွင့်မရခဲ့ပေ။

သို့ရာတွင် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က တိုက်ကြီးမြို့အရှေ့ဘက် ပဲခူးရိုးမတောင်ခြေ လှိုင်ရိုးမကြိုးပိုင်း အကွက်အမှတ် (၂၈) သံပရာမြောင်စခန်းအနီး တစ်နေရာတွင် လူနှစ်ယောက်ကို တစ်ပြိုင်တည်း ရက်ရက်စက်စက် သတ်ဖြတ်ပြီးနောက် လူသားပါစားသွားသည်ဆိုသော သတင်းထွက်နေသည့် ဆင်လူသတ်မှုကြီးကို အသေးစိတ် လေ့လာခွင့်ရခဲ့သည်။ လူသတ်မှုဖြစ်စဉ်တွင် အသက်မသေဘဲ ကျန်ရစ်ခဲ့သူ ကံထူးရှင်တစ်ဦးထံသွားရောက်တွေ့ဆုံပြီး စူးစမ်းမေးမြန်းခွင့်ရခဲ့ပေသည်။

စာရေးသူတို့အဖွဲ့တွင် ဦးထွန်းလှိုင် (ထွန်းလှိုင်-မြိုင်) လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) (တိမွေးကု) နှင့် ဦးကျော်ဆန်းဦး (ထက်ဗီဒီယို၊ ဓာတ်ပုံ) တို့ နှစ်ဦးလည်း ပါဝင်ခဲ့သည်။ သေကံမရောက်ခဲ့သော ကံထူးရှင်သည် တိုက်ကြီးမြို့မှ အရှေ့ဘက် ၁၅ မိုင်ခန့်ဝေးသော ကျားချောင်းကျေးရွာတွင် နေထိုင်သူဖြစ်သည်။

မိမိတို့အဖွဲ့သည် ၁၆-၁-၂၀၀၈ ရက် နံနက်ပိုင်း ၈ နာရီခန့် ဆိုင်ကယ်နှစ်စီးဖြင့် တက်သွားရာ နံနက် ၁၀ နာရီတွင် ကျားချောင်းရွာ ဦးမြသန်းကို မိသားစုနှင့်အတူ နေအိမ်တွင် တွေ့ဆုံခွင့်ရခဲ့သည်။

ဦးမြသန်းနှင့်တွေ့ဆုံ၍ စူးစမ်းမေးမြန်းသိရှိခွင့်ရခဲ့သော တောဆင်ရိုင်းဟိုင်းကြီး၏ ရက်ရက်စက်စက် လူသတ်ခဲ့ပုံမြင်ကွင်း၊ အံ့သြဖွယ် ဖြစ်ရပ်မှန်များကို အများပြည်သူတို့ သိရှိစိမ့်သောငှာ မခြွင်းမချန် တင်ပြလိုက်ရပါသည်။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က ဖြစ်ပါသည်။ ကိုမြသန်းသည် ထွန်စက်မောင်း တစ်ဦးဖြစ်ရာ ထွန်စက်ပိုင်ရှင် ဦးကျော်မြင့်နှင့်အတူ ကရင်အမျိုးသား ဦးအားညီ၊ ယာဉ်မောင်း စက်ပြင် ကိုသောင်းမြင့်တို့လေးဦးသည် ဦးအားညီ ရောင်းမည်ဆိုသော ထင်းကွက်ကြည့်ရှုရန် နံနက်ပိုင်းက ထွက်လာခဲ့ကြသည်။ လှိုင်ရိုးမကြိုးပိုင်း အကွက်အမှတ် (၂၈) သဖြူချောင်းဖျား ချောင်းလက်တက်တစ်နေရာဖြစ်သည်။ ထင်းခြံနှင့်အနီးဆုံးတွင် ကြံခင်း၊ တောင်ယာတဲလေးများ လေးငါးလုံးစုနေသည့် သံပရာမြောင်စခန်း တစ်ခုသာရှိသည်။ ၄ ဖာလုံခန့် ကွာဝေးသည်။

ခြံကွက်ရောင်းမည့်သူ ကိုအားညီနှင့် ဝယ်သူ ကိုကျော်မြင့်တို့ အရောင်းအဝယ်စျေးတည့်သွားကြသဖြင့် ဦးကျော်မြင့်က ထွန်စက်မောင်း ဦးမြသန်းနှင့် ဦးသောင်းမြင့်တို့နှစ်ဦးအား ထင်းခြံတွင် လုပ်စရာရှိသည်များ လုပ်ကြရန် မှာကြားပြီး ကျားချောင်းရွာသို့ ပြန်သွားလေသည်။ ထင်းခြံထဲတွင် သုံးဦးသာကျန်ခဲ့သည်။ တစ်နေကုန် ထင်းခြံနေရာမှာ အလုပ်လုပ်ကြပြီးနောက် ညနေပိုင်း ၅ နာရီခန့်လောက်မှ ပြန်လာခဲ့ကြသည်။ ကြံခင်းများမှ ကြံများကို သကြားစက်သို့ ပို့ရန် ဖောက်လုပ်ထားသော ကုန်ထုတ်လမ်းမကြီးသည် ယခုနှစ်၌ ဘူဒိုဇာစက်ကြီးဖြင့် မြေညှိထိုးထားသဖြင့် ဖြောင့်ဖြူးလျက်ရှိသည်။ လမ်းမကြီးအတိုင်း စကားတပြောပြောနှင့် ပြန်လာခဲ့ကြသည်။ ကိုအားညီက ထင်းခြံရောင်းရငွေ သိန်းဂဏန်းရမည်မို့ စကားသိပ်မပြောဘဲ စိတ်ကူးယဉ်ပြီး လိုက်ပါလာခဲ့သည်။

တောင်ကုန်းတစ်ခုပေါ်ကနေ အနိမ့်ပိုင်းသို့ဆင်းသွားပြီး ပြန်မော့တက်မည်အလုပ်တွင် ကုန်းမြင့်ပေါ်ကနေ ဆင်ကြီးတစ်ကောင် ရုတ်တရက် တစ်ရှိန်ထိုး အဟုန်နှင့်ပြေးဆင်းလာသည်ကို ရင်ဆိုင်လိုက်ကြရာ မြန်ဆန်လွန်းလှသဖြင့် နောက်သို့ ပြန်လှည့်ချိန်ပင် မရလိုက်တော့ပဲ လမ်းဘေးနီးရာ ချုံထဲသို့ သုံးယောက်သား ဒိုင်ဗင်ထိုးချလိုက်ကြရသည်။

ကိုမြသန်း၏ရှေ့မှာက ကိုသောင်းမြင့်သည် ဝမ်းလျားမှောက်လျက် လက်နှစ်ဖက်ကို မျက်စိမှာအုပ် မျက်နှာကို မြေကြီးမှာ အပ်ထားလိုက်သည်။ ကိုမြသန်းက မှောက်လျက်လဲကျရာမှ ကုန်းထမည်အလုပ်မှာ ဆင်ကြီးက သူ့ကို ကျော်ခွပြီး ကိုသောင်းမြင့်ဦးခေါင်းကို ရှေ့လက်ခွာကြီးနှင့် နင်းချလိုက်ရာ ကိုသောင်းမြင့်ခေါင်းတစ်ခုလုံး ပြားချပ်သွားသည်။ ဆင်ကြီးက နှာမောင်းကြီးကို မိုးပေါ်ထောင်လိုက်ကာ "ကျွီ" ဆိုသည့် စူးရှသည့် အသံရှည်ကြီးတစ်သံ အော်လိုက်ပြီးနောက် နှာမောင်းကြီးက ကိုသောင်းမြင့်၏ကျောကို ပြန်ထောက်ချလိုက်သည်။ တပြွတ်ပြွတ်နှင့် စုပ်နေသည်။

ကိုသောင်းမြင့်၏ ပြားသွားသောဦးခေါင်းမှထွက်လာသည့် ဦးနှောက်နှင့်သွေးများကို စုပ်နေသည် ထင်ရသည်။ ဝက်တစ်ကောင် အစာခွက်ထဲမှရေကို စုပ်ယူနေသကဲ့သို့

ပြွတ်ပြွတ်နှင့်အသံမျိုးကို ကြားနေရပေသည်။ ထို့နောက် ဆင်ကြီးသည် ရှေ့လက်နှစ်ချောင်းဖြင့် ဖုန်များကို ယက်ထုတ်လိုက်ရာ ဖုန်ခိုးလုံးကြီး ထောင်းထောင်းထ၍ မှောင်နေတော့သည်။ ဆင်ကြီးက ကိုသောင်းမြင့်၏ကျောကို တစ်ခါပြန်ထောက်လိုက်ရာ ချုံထဲ၌ ဆင်ခေါင်းကြီး ငုံ့ဝင်နေစဉ် ကိုမြသန်းက ဆင်ကြီး၏နောက်ခြေနှင့် ရှေ့လက်ကြား ဗိုက်အောက်ကနေ အမြန်ကုန်းထွက်လိုက်ပြီး လွတ်ရာသို့ သုတ်ခြေတင် ထွက်ပြေးခဲ့ရတော့သည်။ နောက်ပိုင်းမှာ ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ပေ။ ကိုအားညီကိုမူ ချုံထဲသို့ သုံးယောက်သား ထွေးလုံးကျသွားစဉ်ကသာ မြင်တွေ့လိုက်ရသည်။ နောက်ပိုင်း ဘာမျှမမြင်၊ မသိခဲ့ရပေ။

ကိုမြသန်းသည် ကြောက်အားလန့်အားဖြင့် သုတ်ခြေတင်ပြေးခဲ့ရာ မိနစ်ပိုင်းအတွင်း ကိုအားညီ၏ ကြံခင်းယာထဲသို့ ရောက်သွားလေသည်။

"ဒေါ်အားတူရေ . . . ကျွန်တော်တို့အဖွဲ့တော့ ဆင်ကြီးနဲ့တိုးလို့ ထွက်ပြေးခဲ့ရတယ်။ ကိုသောင်းမြင့်ကတော့ ခေါင်းကို ဆင်နင်းခံရလို့သေပြီ။ အားညီကိုတော့ မမြင်ခဲ့ရသေးဘူး။ ဆင်ကတော့ တော်တော်ကြီးတယ်။ ကျွန်တော် ကုန်းထလိုက်တာ သူ့ဗိုက်နဲ့မလွတ်တလွတ် ရှိတယ်။ အနည်းဆုံး ခြောက်တောင်လောက်တော့ မြင့်တယ်ထင်တယ်။ အစွယ်ကတော့ ခပ်တိုတိုပဲ"

ကိုအားညီ၏ဇနီး ကရင်မကြီး ဒေါ်အားတူကို ရောက်မဆိုက် မောမောနှင့်ပြောလိုက်မိသည်။ ဘေးမှ တဲနီးချင်း အဖော်များလည်း ရောက်လာကြသည်။ ကိုမြသန်းကို ရေတိုက်ကြ၊ မျက်နှာမှ စုတ်ပြဒဏ်ရာများကို ဆေးထည့်ပေးကြဖြင့် အလုပ်ရှုပ်ကုန်ကြတော့သည်။ ကိုမြသန်းမှာ ဆင်ဗိုက်အောက်ရောက်သော်လည်း ဆင်နင်းမခံရပေမယ့် ကြွက်နွယ်ချုံထဲကျသည့်ဒဏ်ချက်ကြောင့် မျက်နှာတစ်ခြမ်း ဆူးထိုးဆူးခြစ်ဒဏ်ရာများဖြင့် သွေးထွက်သံယိုဖြစ်ခဲ့ရသည်။

ကိုမြသန်း မြင်တွေ့လိုက်ရသည့်အတိုင်း အစွယ်ခပ်တိုတိုပါသည်ဟု ဆိုလျှင်တော့ ဟိုင်းဆင်ကြီးအမျိုးအစား ဖြစ်သည်။ ဆင်လောကတွင် ဟိုင်းနှင့်ဟံသည် အများအားဖြင့် ဆင်ဆိုးများသာ ဖြစ်တတ်ကြပေသည်။ အိမ်မွေးဆင်ယဉ် အလုပ်ဆင်ဝိုင်းများတွင် ဟိုင်းဆင်သည် ဆင်ဆိုးစာရင်းဝင်များ ဖြစ်ပေသည်။

ထိုနေ့ည မှောင်ရီဖျိုးဖျအချိန်ဖြစ်၍ ဆင်နင်းသည့်နေရာကို မည်သူမျှ မသွားဝံ့ကြသေးပေ။ လူသတ်ပြီးသော ဆင်ဆိုးတို့၏ သဘာဝသည် သတ်ပြီးပြီးချင်း သေသူအလောင်းနားမှ ချက်ချင်းမခွာကြပေ။ တဝဲလည်လည်ဖြင့် အနီးအပါး၌ နေတတ်ကြသည်။ အချို့ဆင်များက ကြွက်မိသော ကြောင်တစ်ကောင်က ကြွက်သေကို ကစားနေတတ်သကဲ့သို့ အလောင်းကို ဆင်၏နှာမောင်း ရှေ့လက်တို့ဖြင့် လှိမ့်ကာတွန်းကာ ကစားနေတတ်လေ့ရှိသည်။

ဆင်နင်းသည့်သတင်းကတော့ ပျံ့နှံ့သွားလေပြီ။ အနီးဝန်းကျင် ကြံခင်းယာတဲ၊ ထင်းခုတ်တဲများမှ အချို့လူများ ရွာပြန်ပြေးသွားကြသည်။ အချို့က လင့်စင်ပေါ် တက်အိပ်ကြရသည်။

နောက်တစ်နေ့ နံနက်မိုးလင်းသည့်တိုင် ကိုအားညီတစ်ယောက် ပြန်ရောက်မလာသေးပေ။ သို့ကြောင့် ကိုသောင်းမြင့် သေဆုံးသည့်နေရာကို သွားကြည့်ကြရန် ပြင်ဆင်ကြရတော့သည်။ သို့သော် နံနက်အစောကြီး ကြံတောင်သူ ကိုစိုးကြီးဆိုသူ ဒေါ်အားတူတဲသို့ ရောက်လာသည်။

"ဗျို့ . . . ဒေါ်အားတူ ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ၊ ဟို ဒိဇာလမ်း ကော့ညွတ်အနိမ့်ထဲမှာ ခင်ဗျား ယောကျ်ားအားညီနဲ့ ကိုသောင်းမြင့်တို့နှစ်ယောက်စလုံး သေနေကြပြီ။ မြင်လို့တောင် မကောင်းဘူး။ မနေ့ကနံနက် ကျွန်တော့်တဲကို ဝင်သွားတုန်းက သူတို့ ဝတ်ထားတဲ့ အင်္ကျီအရောင်တွေ မှတ်မိလို့သာပဲ သိရတာဗျို့၊ အမြန်လိုက်သွား ကြပါဦး"

ဒေါ်အားတူသည် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။ မနေ့က ကိုမြသန်းပြောတော့ ကိုအားညီမပါ။ ခုတော့ ကိုယ်ကျိုးနည်းရပြီထင်သည်။ ဘေးတဲမှ လူများပါ စုရုံးသွားရန် စီစဉ်ရသည်။ မမျော်လင့်ဘဲ ကံကောင်းချင်တော့ တိုက်ကြီးရဲစခန်းမှ တာဝန်ရှိရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ စခန်းမှူး ရဲအုပ်ဦးသက်အောင်၊ ဒုရဲအုပ်ဦးနေဝင်းထွန်း၊ ရဲယကလူကြီး ဦးထွန်းမြင့်နှင့် အရန်မီးသတ်တပ်စုမှူး ဦးမောင်မောင်သွင်တို့ ပါဝင်ကြသည်။ သတင်း ရသဖြင့် သေမူသေခင်း စစ်ဆေးရန် ရောက်ရှိလာခြင်းဖြစ်သည်။

ဆင်နင်းသည့် အချင်းဖြစ်နေရာသို့ အားလုံးသွားရောက်စစ်ဆေးကြည့်ရှုကြပါသည်။ ကိုစိုးကြီးပြောသည့် သတင်းအတိုင်းပင် ကိုသောင်းမြင့်နှင့် ကိုအားညီတို့နှစ်ယောက်စလုံး၏ အလောင်းများကို တွေ့ကြရသည်။ ရဲအုပ် ဦးသက်အောင်တို့အဖွဲ့က ဓာတ်ပုံမှတ်တမ်းများ ရိုက်သည်။ သေသူများ၏ အလောင်းကိုစစ်ဆေးကြသည်။ ကိုသောင်းမြင့် အလောင်းသည် ဦးခေါင်း လုံးဝရှာမတွေ့ရအောင် ပျောက်နေသည်။ ဘယ်ဘက်ခြေထောက်တစ်ချောင်းက လုံးဝကျိုးကြေ ပြတ်ထွက်လျက်ရှိသည်။

ကိုအားညီအလောင်းသည် ကိုသောင်းမြင့်အလောင်းနှင့် ပေ ၃၀ လောက်အကွာတွင် ရောက်နေသည်။ လဲကျစဉ်က သုံးယောက်တစ်ထပ်တည်း ကျခဲ့သော်လည်း ခုတော့ တစ်နေရာစီဖြစ်နေသည်မှာ ကိုအားညီ ထပြီးထွက်ပြေးခဲ့သော်လည်း မလွတ်နိုင်တော့၍ မိသည့်နေရာတွင် နင်းသတ်လိုက်သည်ဟု ယူဆရပေသည်။ ကိုအားညီအလောင်း၌လည်း ဦးခေါင်းပိုင်း လုံးဝ ပြားချပ်ပြီး မေးဖျားပိုင်းတစ်ပိုင်းသာ ကျန်တော့သည်။ ရင်ညွန့်အောက်

ခါးတစ်ပိုင်းလုံး ကြေမွပြတ်ထွက်နေသဖြင့် ဦးခေါင်းတစ်ခြမ်းပါသော ပခုံးနှင့် ရင်အုပ်ပိုင်း လောက်ကိုသာ တွေ့ရတော့သည်။ ရဲရဲနီနေသော သွေးပွက်အိုင်များဖြင့် ရှုမြင်၍ မကောင်း တော့ပေ။ ဦးသက်အောင်တို့က လိုအပ်သော စစ်ဆေးမှု၊ မှတ်တမ်းများရယူပြီး ကာယကံရှင်များ စီစဉ်စရာရှိသည်များ စီစဉ်ကြရန် တာဝန်ပေးရသည်။ သေဆုံးသူများ၏ အရိုး၊ အသား၊ အပိုင်းအစများကို ကြွပ်ကြွပ်အိတ်များ လက်စွပ်ပြီး လိုက်လံကောက်ယူ ကြရသည်။ သေတ္တာခေါင်းတစ်လုံးစီထဲ ထည့်ကြပြီး တိုက်ကြီးရဲတပ်ဖွဲ့စခန်းသို့ သယ်ယူခဲ့ကြ ရပေသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက သေမှုသေခင်းအမှတ် ၁/၂၀၀၈ အရ အမှုဖွင့်ခဲ့ သည်။

ကိုအားညီသည် ကရင်လူမျိုး ခလိပိုးဘာသာဝင်တစ်ဦးဖြစ်၍ သူနေထိုင်ရာ မယင်း ကျေးရွာသို့ သယ်ယူပြီး ခလိပိုးဘာသာ ဓလေ့ထုံးစံနှင့်အညီ သင်္ဂြိဟ်ရသည်။ ကိုသောင်းမြင့် ၏အလောင်းကို သူနေထိုင်ရာ ဆင်စခန်းကျေးရွာသို့ မိသားစုများက သယ်ယူသင်္ဂြိဟ် လိုက်ကြရသည်။

ကိုသောင်းမြင့်သည် အသက် (၄၅ နှစ်) ရှိပြီး အဘ ဦးငွေစိုး၏သားဖြစ်သည်။ ထွန်စက်မောင်းတစ်ဦးဖြစ်ပြီး ဆင်စခန်းကျေးရွာတွင် နေထိုင်သည်။ ဆင်စခန်းရွာသည် တိုက်ကြီးမြို့မှ လေးမိုင်ခန့်သာ ဝေးပါသည်။

ကိုအားညီသည် အသက် (၅၉ နှစ်) ရှိပြီး အဘဦးမောင်ရုန်း၏သား ဖြစ်သည်။ မယင်းကျေးရွာတွင် နေထိုင်ပြီး ကြံခင်းတောင်သူ ဖြစ်ပါသည်။

ဆင်သည် လူသားစား မစားဆိုသည့် ပြဿနာနှင့် ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်မျှ ဆင်လူသား စားသည်ကို ကိုယ်တွေ့မြင်ဖူးသူမရှိသေးခြင်းကြောင့် လူသားစား သည်ဟု မဆုံးဖြတ်နိုင်ကြောင်း ဖြေရှင်းခဲ့ဖူးပေသည်။ ယခု ဟိုင်းဆင်ကြီး၏ လူသတ်မှု ဖြစ်စဉ်တွင် ဆင်ဝိုက်အောက်မှ အသက်မသေလွတ်မြောက်သူ ကိုမြသန်းက သေသူ ကိုသောင်းမြင့်၏ ဦးနှောက်သွေးတို့ကို ဟိုင်းကြီးက စုပ်ယူနေကြောင်း မြင်တွေ့ခဲ့ရသည်ဟု ဆိုလာသဖြင့် ဆင်ရိုင်းဟိုင်းကြီး တကယ်လူသားစားပြီလားဟု သံသယဖြစ်ဖွယ်ရှိလာပြန်ပေ သည်။ ဆက်လက်လေ့လာရပေဦးမည်။

ဆင်ဝိုက်အောက်ရောက်ပြီးမှ သေကံမရောက်သူ ဦးမြသန်းသည် အသက် (၆၀ နှစ်)၊ အဘ ဦးအောင်သိန်း၏ သားဖြစ်သည်။ ဇနီး ဒေါ်နုရင်နှင့် သားသမီးလေးယောက်၊ မြေးလေးယောက်ရှိသည်။ ဘာ့ကြောင့် ဆင်ဝိုက်အောက် ရောက်ပြီးမှ ဆင်နင်းသတ်မခံရ သည်ကို စိတ်ဝင်စားမိကြ၍ မေးမြန်းကြရာ ဦးမြသန်းက ထိုင်ရာမှထပြီး ဘုရားစင်ပေါ်က ဓာတ်ပုံတစ်ပုံကို ယူပြ၍ ပြောပါသည်။

"ကျွန်တော်က သွားလေရာ ဒီဘုရားပုံတော်ကို အမြဲဆောင်တယ်။ နောက်ကျောက ဂါထာကိုလည်း ရွတ်တယ်ပေါ့ဗျာ။ ဗုဒ္ဓဘာသာဝင်ဆိုတော့ ညဘုရားရှိခိုး ဝတ်တက်တော့ မပျက်ပါဘူး။ အဲဒီနေ့နံနက်က ထင်းခြံထဲမှာ ပုံတော်ကို ထုတ်ကြည့်ပြီး ဂါထာကို ကြည့်ရွတ်သေးတယ်"

ဦးမြသန်း ထုတ်ယူပြသော ပုံတော်မှာ "မဟာအံ့ထူးကံသာ (ပြည်ချစ်ဘုရား)" ၏ ကိုယ်တစ်ပိုင်းပုံတော် ဖြစ်ပါသည်။ နောက်ကျောက ဂါထာတော်မှာ "ဓာတ်ကြီးလေးပါး" ဂါထာ သို့မဟုတ် စမကြီးလေးပါး ဂါထာတော် ဖြစ်ပေသည်။

စ - ကျွ မာစရ မစိဏ္ဏော

ဓ - မ္မညု ဓမ္မသာမိကော

ဗ - လူပေတော ဗလဓရော

ဝ - ရဒေါ ဒေတု မေဝရံ ဟူ၍ဖြစ်ပါသည်။

မည်သို့ဆိုစေ သဘာဝတရားအရ-

* ဆင်နေရာ ဆင်နေ၊ လူနေရာ လူနေ၊ မည်သူမျှ ဆင်နင်းလို့ မသေကြပါစေနဲ့။ စားကျက်ကျဉ်းလို့ မနေသာ၊ ဝေးရာရှောင်ရှား၊ တောဆင်များလည်း ဘေးကင်းကြပါစေ ဟူ၍ ဆုတောင်းရပါသည်။

C C C C C

အခန်း (၁၀)

ဆင်လောက ချစ်စရာအကြင်နာနှင့် ကရုဏာနှလုံးသားများ

မိခင်ဆင်မကြီး၏သားဇော

လူသားမိခင်များ၏ သားသမီးများအပေါ် ထားရှိသော မေတ္တာတရားကဲ့သို့ တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ဆင်မကြီးများသည်လည်း သားသမီးများအပေါ် မေတ္တာတရား ကြီးမားပုံကို ကိုယ်တွေ့ တွေ့ကြုံခဲ့ရဖူးသည်။ ဖြစ်ရပ်မှန်အတိုင်း ဆင်မကြီးတစ်ကောင်၏ မေတ္တာဘွဲ့ တစ်ပုဒ်ကို တင်ပြလိုက်ရပါသည်။

အချိန်ကား ၁၉၆၆ ခုနှစ် မိုးတွင်းကာလ မိုးဖြိုင်ဖြိုင်ကျသော ဇွန်၊ ဇူလိုင်လများက ဖြစ်ပါသည်။ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ် အနောက်ဘက်ရိုးမ၊ မြောက်မြန်အောင် သစ်တောကြိုးဝိုင်းတွင် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရချိန်ဖြစ်သည်။ ကြိုးဝိုင်းသစ်တောအတွင်း "စက်စက်ယို" သစ်ထုတ်ရေး ဆင်စခန်းတစ်ခုတွင် စခန်းချလုပ်ကိုင်ရသည်။

စခန်းတည်နေရာသည် ကြံခင်းမြို့မှ အနောက်ဘက်သို့ ၁၀ မိုင်အကွာ ဘက်ရဲကျေးရွာ (ယခု ဘက်ရဲမြို့) ထိုမှတစ်ဆင့် ခြေကျင် ၇ မိုင်ခရီး ခုံကြီးကျေးရွာ၊ ထို့နောက် အနောက်ဘက်ရိုးမပေါ် သို့တစ်ဆင့် ခြေကျင် ၂ မိုင် ထပ်ဝင်ရသည်။ အလုံချောင်းမကြီး ကမ်းဘေးတောင်ကုန်းတစ်ခုပေါ်တွင် စခန်းတည်ထားသည်။ ထိုအချိန်က ခုံကြီးကျေးရွာ တွင် ခလရ (၅၁) မှ ရှေ့တန်းလုံခြုံရေးတပ်ခွဲတစ်ခွဲ အခြေစိုက်ထားရှိခဲ့ပါသည်။

စက်စက်ယို စခန်းသည် မြန်မာ့သစ်လုပ်ငန်းအဖွဲ့မှ သစ်ထုတ်အလုပ်ဆင်ဝိုင်းတစ်ဝိုင်းဖြစ်၍ ဆင်ကြီးဆင်ငယ် ၆ ကောင်မျှ ရှိသည်ဟုမှတ်မိပါသည်။ ဆင်အုပ်ထဲတွင် ဆင်မကြီးတစ်ကောင်သည် ၁၀ လသား နို့စို့အရွယ် ဆင်ပေါက်ကလေးတစ်ကောင်နှင့် အတူ ရှိနေပါသည်။ သစ်တောအဖွဲ့ ၅ ဦးတို့သည် နေ့စဉ် ချစ်စရာကောင်းသော ဆင်ပေါက်ကလေးကို အစာကျွေးကြ၊ စကြဖြင့် အပျင်းဖြေကြရသည်။ ဆင်မကြီးအမည်ကို တော့ မမှတ်မိတော့ပါ။ "ပျံလွှားမ" ဟုသာ မှည့်ခေါ်ရေးသားပါမည်။

မိုးဖြိုင်ဖြိုင် ရက်ဆက်ရွာနေသဖြင့် အလုပ်နားထားကြရသည်။ အလုံချောင်းမကြီးတွင်လည်း ချောင်းရေတို့က ဒလဟော အရှိန်ပြင်းပြင်းဖြင့် စီးဆင်းနေလေသည်။ တောင်ကျချောင်းများဖြစ်၍ ရေစီးကြမ်းသည်။ ချောင်းရေကို ဖြတ်ကူး၍ မရနိုင်။ မတ်တတ်ရပ်လိုက်သည်နှင့် ချက်ချင်းဝေါခနဲ ရေစီးနောက် မျောပါသွားရသည်။

အလုံချောင်းမကြီး ကမ်းပြည့်ပေါင်းလန်နေအောင် လျှံနေသည့် တစ်ညနေတွင် သားသည်အမေ ပျံလွှားမကြီးနှင့် ဆင်သားပေါက်ကလေး စားကျက်မှစခန်းအပြန် နောက်ကျနေသဖြင့် စခန်းရှိ ဝန်ထမ်းများစု၍ လိုက်ရှာကြ ရသည်။ မိုးကလည်း သဲသဲမဲမဲ အည့ိုးတကြီး ရွာနေဆဲ ဖြစ်၏။

စခန်းနှင့်စားကျက်သည် ၂ မိုင်ခန့်ဝေး၍ "ပျံလွှားမ" ရှိရာကို ရောက်သည့်အခါ မြင်ကွင်းက တိုက်တိုက် ဆိုင်ဆိုင် မယုံကြည်နိုင်လောက်အောင် တွေ့မြင်ရတော့သည်။

တဟဲဟဲ တဝုန်းဝုန်းဖြင့် အရှိန်ကြီးစွာ စီးဆင်းနေသည့် ချောင်းရေစီးထဲတွင် ဆင်ပေါက်ကလေးသည် တလိမ့်ခေါက်ကွေး လိမ့်ကာလိမ့်ကာဖြင့် မျောပါနေသည်ကို ပျံလွှားမက ကမ်းပေါ်မှ ပြေးလိုက်နေပြီး နှာမောင်းဖြင့် မမီတမီ လိုက်ဆယ်နေသည်။ ရေစီးထဲမျောပါနေသော ဆင်ပေါက်ကလေးသည် သစ်မြစ်ဆုံကြီးတစ်ခုတွင် တစ်နေပြန်သည်။ ရေစီးနှင့်လုံးထွေးနေသဖြင့် မအော်နိုင်ရှာဘဲ ရေစီးကို အန်တုရုန်းကန်နေသည်။ ပျံလွှားမက ရေစပ်ကို ဆင်းလိုက်၊ ပြန်တက်လိုက်၊ ရေစီးကို သူ၏ရှေ့လက်ဖြင့် စမ်းနင်းလိုက်ပြန်ရုပ်လိုက်ဖြင့် ဗျာများနေသည်။

မိမိတို့ ဆင်နောက်လိုက်အဖွဲ့သည်လည်း ဘာမျှ မတတ်နိုင်ဘဲ စောင့်ကြည့်၍သာနေရသည်။ မိုးကလည်း ပိုပြီးသဲကြီးမဲကြီး ရွာချနေသည်။ ချောင်းရေများ ပိုကြီးလာသည်။ သစ်မြစ်ဆုံကြီးတွင် တစ်နေသော ဆင်ပေါက်ကလေးသည် ရေစီးအဟုန်ဖြင့် တလိမ့်ခေါက်ကွေး ထပ်မျောပါသွားပြန်လေရာ ပျံလွှားမသည် ကမ်းပေါ်မှနေ၍ ပြေးလိုက်ပြန် လေသည်။ မိမိတို့အဖွဲ့လည်း ငေးကြည့်နေရာမှ ပျံလွှားမနောက်သို့ ပြေးလိုက်ပြန်လေသည်။ တစ်ဖာလုံခန့်လောက်တွင် ကျောက်ဆောင်ကြီးတစ်ခုၟ် ဆင်ပေါက်ကလေး တစ်,နေပြန်သည်။ ဆင်မကြီးက ကျောက်ဆောင်အမာတစ်ခုပေါ်ရှေ့လက်နှစ်ဖက်ထောက်၍ ဆင်ကလေး၏ခြေထောက်ကို သူ၏နှာမောင်းဖြင့် ပတ်ဆွဲယူသည်။ ရေစီးကိုဆန်ပြီး ဆွဲနေရသည့်အပြင် လွတ်ထွက်ပြီး ထပ်မျောပါသွားမည်ကို ဂရုစိုက်ဆွဲနေပုံရသည်။ မိမိတို့က ဘေးမှ "ဆွဲကွ၊ ဆွဲဟေ့၊ ရပြီဟေ့" ဟု အော်ဟစ်၍ အားပေးနေကြရသည်။ အချိန်က မှောင်ရီပျိုးစဖြစ်နေပေပြီ။ မိုးကလည်း စဲစပြုလာပြီ

ဖြစ်သည်။ ပျံလွှားမ၏ဇွဲကြီးကြီးဖြင့် ဆွဲယူလိုက်ရာက ဆင်ကလေး ကမ်းဘက်သို့ ပါလာတော့သည်။ မည်သို့ မ,တင်လိုက်သည်မသိ ဆင်ပေါက်ကလေးသည် မြောက်၍ ဆင်မကြီး ဝိုက်အောက်သို့ ချက်ချင်းရောက်ခဲ့လေသည်။

ဆင်ပေါက်ကလေးသည် ရေမွန်းနေပုံရသည်။ ဆင်မကြီးက သူ၏နှာမောင်းထဲက ရေများဖြင့် ဆင်ကလေးအား မှုတ်ပေးသည်။ နှာမောင်းဖြင့် တွန်းလိုက်၊ လှိမ့်လိုက်ဖြင့် ပြုစုသည်။ မကြာမီ ဆင်ကလေးက ဝိုက်အောက်ဝင်၍ ဆင်မကြီး၏နို့ကို ဝင်စို့နေလေတော့သည်။ သည်တော့မှ ပျံလွှားမသည် နားရွက်ကြီး တဖျပ်ဖျပ်ခတ်လျက် အမြီးလေး တယမ်းယမ်းဖြင့် ငြိမ်သက်နေလေသည်။ ဆင်ဦးစီးက ပျံလွှားမအား "မက်. . .မက်" ဟု ချော့မော့ဝပ်ခိုင်းသည်။ အပေါ်ရောက်ပြီးနောက် "တေ. . .တေ " ဟူ၍ အသံပေးလိုက်သည်နှင့် လာရာလမ်းအတိုင်း ခြေလှမ်းများက ဆော့ကစားရင်း ကျွန်ုပ်တို့နှင့်အတူ ပျော်ရွှင်ကြည်နူးစွာဖြင့် စခန်း သို့ ခြေဦးလှည့်နိုင်ခဲ့ရလေသည်။

သားကို အထိမခံတဲ့ ပျံလွှားမ

၁၉၆၆ ခုနှစ်၊ ညဂုတ်လ၊ စက်စက်ယို သစ်ထုတ်ရေးစခန်း

ဇွန်၊ ဇူလိုင် မိုးဖြိုင်ဖြိုင် ကျပြီးနောက် သဲကြီးမဲကြီး ရွာနေခဲ့သောမိုးတို့ အငြိုးပြေလျော့ပြီ ထင်သည်။ တစ်ပတ်တိတိပင် မိုးတိမ်ကင်းစင်လျက် နေသာသောရက်များ ဖြစ်နေသည်။ ဆင်ဝိုင်းထဲရှိ ဆင်များသည်ပင် ပူလောင်အိုက်စပ် သည့် ရာသီဒဏ် မခံစားနိုင်ရှာတော့ပေ။ ကျောပေါ်သို့ ဖုန်မှုန့်၊ သဲမှုန့်များ တဖူးဖူးမှုတ်တင်နေကြသည်။

ယနေ့ နံနက်စောစော ဆင်ဦးစီးများက ဆင်များကို အလုံချောင်းမကြီးထဲသို့ မောင်းချနေကြသည်။

" ဗျို့ . . .သစ်တောကအဖွဲ့တွေ လိုက်ကြဦးမလား . . . ရေကူးမယ်လေ"

ဆင်ဦးစီးလေးတစ်ဦးက ဆင်များကို မောင်းနေရင်းက လှမ်းအော်ပြောလိုက်သည်။ ကောင်းပါသည်။ ကျွန်ုပ် တို့အဖွဲ့လည်း ရေကူးအညောင်းဖြေဖို့ တစ်ပါတည်း ဆင်းလိုက်သွားကြသည်။

အလုံချောင်းမကြီးသည် မိုးတွင်းကာလဆိုလျှင် ကမ်းပြည့်ကမ်းလျှံ ရေစီးသန်သည်။ နွေရာသီဆိုလျှင် ဒူးလောက်သာသာ ရေပါးပါးဖြင့် ဆယ့်နှစ်ရာသီနှစ်ပတ်လည် မိုးခသော ချောင်းဖြစ်သည်။ စက်စက်ယို သစ်ထုတ်ရေး စခန်း ဝန်ထမ်း၊ လုပ်သား၊ ဆင်ကြီး၊ ဆင်ငယ်တို့ အားထားရသောချောင်းဖြစ်သည်။ မိုးရွာနေလျှင် တောင်ကျရေစီး ကြမ်းသည်။ ကျန်အချိန်များ၌ ရေစီးသာသည်။ ဆင်ဦးစီးလေးနှင့်အတူ ဆင်မကြီးပျံလွှားမနှင့် ဆင်သားကလေး၊

ဆင်ထီးကြီးနှစ်ကောင်တို့ ရှေ့ဆင့်၊ နောက်ဆင့် ဆင်းသွားကြသည်။ နှစ်ပေါင်း (၄၀) ကျော် ကြာပြီဖြစ်ရာ နာမည်ကို မမှတ်မိတော့ပါ။ ဆင်ထီးကြီးတစ်ကောင်သည် "ပေါက်ကျော်" ဟု ခေါ်သည်ထင်ပါသည်။

မိမိတို့အဖွဲ့သည် ချောင်းကမ်းဘေး သောင်ခုံတစ်ခုတွင် ရေမချိုးကြသေးဘဲ ဆင်များ ရေချိုးပေးနေသည်ကို ထိုင်၍ကြည့်နေကြသည်။ "ပုံလွှားမ" နှင့် ဆင်သားပေါက်ကလေး အနီးတွင်ကပ်လျက် "ပေါက်ကျော်ကြီး" က ရေထဲတွင် ရပ်ပြီး နှာမောင်းကြီးဖြင့် ရေများကို စုပ်ယူလိုက် ကျောပေါ်သို့ မှုတ်တင်လိုက်ဖြင့် ရေဆော့နေသည်။

ပုံလွှားမကြီးအား ဆင်ဦးစီးက ရေချိုးပေးရာတွင် စိတ်ရှည်လှသည်။ "ဒိုးနွယ်" အခွေဖြင့် သေချာပွတ်တိုက် ဆေးကြောပေးလျက်ရှိသည်။ ဆင်များကိုရေချိုးရာတွင် ဒိုးနွယ်၊ ဆူးရစ်နွယ် စသည်များနှင့် ချိုးပေးရလေ့ရှိသည်။ ဆင်၏အသားအရေ နက်ပြောင်စိုပြေသည့်အပြင် ရောဂါပိုးမွှားများလည်း ကင်းစင်ပေသည်။

ဆင်ပေါက်ကလေးသည် ကမ်းစပ်အနီး သူ၏ဒူးဆစ်မြုပ် ရေနက်နေရာတွင် ရေကို ဆော့ကစားလျက်ရှိသည်။ ဆင်ထီးကြီးပေါက်ကျော်က သူ၏နှာမောင်းဖြင့် ဆင်ကလေး၏ တင်ပါးကို တွန်းလိုက်၊ ထိုးလိုက်ဖြင့် ဆော့ကစားသည်။ ဆင်ကလေးက ကမ်းစပ်ဘက်ပြန်တိုးလျှင် ထပ်တွန်းလိုက်ပြန်သည်။ ဆင်ကလေးသည် ကိုယ်တစ်ဝက်မြုပ်နေရာမှ ကမ်းဘက်သို့ ပြန်တက်လာပြန်သည်။ ပေါက်ကျော်ကြီးက တစ်ခါထပ်ပြီးတွန်းလိုက်ပြန်သဖြင့် ဆင်ပေါက်ကလေးသည် ရေလယ်အနက်ပိုင်းရောက်သွားလေရာ သူ၏အရပ်ဖြင့် ထောက်၍မမိနိုင်တော့ပေ၊ နှာမောင်းကလေးကို ရေပြင်ပေါ် ထောင်ပြီး ကူးခတ်သည်။ သို့သော် ရေစီးက သန်နေသေးသဖြင့် လုံးထွေးပြီး မျောပါလေသည်။ ပေါက်ကျော်ကြီးသည် ရေကစားမပျက် နှာမောင်းဖြင့် ရေစုပ်လိုက် ကျောပေါ် ဖူးခနဲမှုတ်တင်လိုက်ဖြင့် ကွက်ခြေမပျက်ပေ။

ဆင်မကြီး ပုံလွှားမသည် သူ့သားကလေး ရေနောက်မျောပါသည်ကို တွေ့လိုက်သည်နှင့် ဆင်ဦးစီးလေး ရေချိုးပေးနေသည့်ကြားမှ ကမ်းပေါ်သို့ "ဝုန်းခနဲ" ပြေးတက်သွားလိုက်သည်။ ဆင်ဦးစီးလေးက ဒေါသထွက်ပြီး ပုံလွှားမ ကို ဆဲဆိုအော်ငေါက်လျက် ပြန်ခေါ်သည်။ မရတော့ပေ။ ပုံလွှားမသည် ကုန်းပေါ်မှနေ၍ ရေနောက်မျောပါသွားသည့် ဆင်ပေါက်ကလေးနောက်သို့ ပြေးလိုက်နေတော့သည်။ မကြာမီ ဆင်ပေါက်ကလေး၏ ရှေ့ ပေ (၅၀) လောက်ကို ကျော်တက်ပြေးသွားပြီးနောက် ချောင်းထဲသို့ဆင်းသွားပြီး ရေစုန်အောက်ဘက် ရေလယ်နေရာမှ ရေစီးကို ကန့်လန့်ကြီး တောင့်ခံပြီး ရပ်နေလိုက်သည်။ ဆင်ပေါက်ကလေးသည် ရေစီးနှင့်မျောပါလာကာ ဆင်မကြီးပုံလွှားမ၏ ကိုယ်လုံးနှင့်

ဝင်တိုက်ပြီးတန့်သွားလေသည်။ သည်တော့မှ ပျံလွှားမက ဆင်ပေါက်ကလေးအား နှာမောင်းဖြင့် တင်ပါးကို အသာတွန်း တွန်းပြီး ကမ်းပေါ် သို့တင်ပေးသည်။ ဆင်သားပေါက် ကလေးသည် ကမ်းစပ်၌ သူခြေထောက်ဖြင့် ကောင်းစွာမိနိုင်၊ ရပ်နိုင်ပြီဖြစ်၍ ကုန်းပေါ် သို့ ပြေးတက်သွားတော့သည်။ ပျံလွှားမလည်း တက်လိုက်လာကာ ဆင်သားပေါက်ကလေးနှင့် အတူ ဆင်ဦးစီးဆီသို့ ပြန်လာတော့သည်။

ဆင်ဦးစီးလေးက-

"ဆောရီး . . . ပျံလွှားမရေ ဒီလိုမှန်း မသိလိုက်လို့ပါကွာ" ဟု အသာချော့မော့ပြီး စခန်းကုန်းပေါ် သို့ တက်သွားကြလေသည်။ ပေါက်ကျော်ကြီးသည်ကား ရေချိုးမပျက်၊ သူမဟုတ်သလိုပင်၊ သူ၏ဦးစီးက ရေချိုးပွတ်သပ်ပေးနေသည်ကို ဇိမ်ယူလျက်ရှိနေသည်။

ပျံလွှားမကြီးသည် ဤမျှ သူသားကိုချစ်ပါလားဟု ကျွန်ုပ်တို့ ရင်သပ်ရှုမောဖြစ်ခဲ့ကြရသည်။ သို့ရာတွင် ပျံလွှားမကြီး၏ သားကိုချစ်တဲ့စိတ်က ဤမျှတွင် ရပ်မနေသေးပေ။

ပေါက်ကျော်ကြီးတို့လည်း ရေချိုးပြီးကြ၍ စခန်းကုန်းပေါ် တွင် စုံနေကြချိန်ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ နံနက်စာ ထမင်းစားဖို့ ပြင်နေကြပြီ။ ရုတ်တရက် "ဖုံး . . . တိုင်း" . . . "ပူးခနဲ" ဖြင့် ဆင်အော်သံတစ်ချက်ပါ ကြားလိုက်ရသည်။

"ဟေ့ . . . ဘာဖြစ်တာလဲကွ"

ဆရာဦးစိန်လှိုင်က ဆင်ဦးစီးတဲဘက်သို့ လှမ်းအော်လိုက်သည်။

" ဒီမှာ . . . လာကြည့်ပါဦး" "ဆရာတို့ရေ" "မြန်မြန်လာကြ" "မြန်မြန်"

ဆင်ဦးစီးလေးက လှမ်းခေါ်လိုက်သည်။

"ဘာများလဲကွ အလန့်တကြား"

ဆင်များ ထူးခတ်ထားရှိရာ ကုန်းပေါ် တက်ပြီး ကြည့်လိုက်ကြရာ ဖြစ်ပုံကဆန်းသည်။ လန့်အားထက် ရယ်အားသန် ဖြစ်ရပြန်သည်။ ပျံလွှားမကြီးက ထူးခတ်ချည်ထားသည့် ပေါက်ကျော်ကြီးကို နှာမောင်းဖြင့် လိုက်ရိုက်နေသည်။ ပေါက်ကျော်ကြီးက ထူးတန်းလန်းဖြင့် ကိုယ်ကို အသာယိမ်းကာ၊ တိမ်းကာဖြင့် ရှောင်နေရသည်။ "ရိုက် . . . ရိုက် နာနာသာရိုက် ပျံလွှားမရေ၊ ဒါမှ ပေါက်ကျော်ကြီးလည်းမှတ်မှာ၊ နင်ကျေနပ်ရင် စားကျက်လွှတ်ပေးမယ်ဟေ့"

ဆင်ဦးစီးလေးက ပျံလွှားမကြီးကို မြှောက်ပင့်အားပေးသည်။

'ဩော်' လက်စသတ်တော့ ပေါက်ကျော်ကြောင့် သူ့သားကလေး ရေထဲမျောပါသွားရသည်ကို ပျံလွှားမ ခုထိ စိတ်ဆိုးမပြေဖြစ်နေသည်ကိုး။ သားကို အထိမခံတဲ့ ပျံလွှားမပါလား။

မရဲန္တယ် ခိုးရာလိုက်ပြေးခဲ့စဉ်က

ချစ်သူတို့ဘဝ လက်လွတ်ဆုံးရှုံးမခံနိုင်ကြသောအခါ တူနှစ်ကိုယ် အတူနေရဖို့ ခိုးရာလိုက်ကြရသည်ကဲ့သို့ ဆင်တို့လောကဥ်လည်း ကိုယ်ချစ်သူနောက် ကောက်ကောက်ပါအောင် ခိုးရာလိုက်ပြေးတတ်သော ဇာတ်လမ်းများ ရှိပေသည်။

စာရေးသူ ၁၉၇၁ ခုနှစ် သစ်တောကျောင်းဆင်းပြီးနောက် ၁၉၇၂ ခုနှစ်တွင် ဒုတိယတောအုပ်ဘဝဖြင့် လှည်းကူး မြို့နယ် ဖောင်ကြီး (ယခု ဖောင်ကြီးမြို့) တိုက်နယ်တာဝန်ခံအဖြစ် ခန့်အပ်ခြင်းခံရသည်။ တောအုပ်ကြီး ဦးညွှန့်ရှိန် (ယခုကွယ်လွန်) ထံမှ နယ်မြေအလုပ်ကို လွှဲပြောင်းလက်ခံခဲ့ရသည်။ အလုပ်လွှဲပြောင်းမှတ်တမ်းတွင် သစ်တောဌာနပိုင် "မရဲန္တယ်" အမည်ရှိ ဆင်မလေးတစ်ကောင် ဆင်ဦးစီး ကိုကုလားပုနှင့်အတူ ပါဝင်လာခဲ့ပါသည်။

အလုပ်လက်ခံစဉ်က ဦးညွှန့်ရှိန်က သတိပေးခဲ့ပါသည်။ "မရဲန္တယ်" မကြာခဏ ပျောက်တတ်သည်။ "ဦးစီး ကုလားပုကလည်း အရက်အမြဲမူးနေတဲ့သူဆိုတော့ ကြည့်သာထိန်းပေတော့။ မရဲန္တယ်ပျောက်ပြီဆိုရင်တော့ ကိုယ့်လူ အလုပ်ပြုတ်ပြီသာ မှတ်ပေတော့ ဆရာရေ" ဟု အထူးတလည် မှာခဲ့သည်။ မှန်ပါသည်။ စာရေးသူတို့ သစ်တောခေတ် အခါက မြို့နယ်တာဝန်ခံ နယ်စီးတောအုပ် (ယခု ဦးစီးအရာရှိ) တို့လက်ဝယ် ငွေသားလက်ကျန် ၅၀/ ကျပ်ထက် ပိုထား၍ မရပေ။ ဘဏ်မှာ အပ်နှံထားရသည်။ အသုံးစရိတ်ငွေငါးကျပ်မျှကွာလျှင် အလွဲသုံးစားမှုဖြင့် အလုပ်ပြုတ် ထောင်ကျသည်အထိ အပြစ်ကြီးခဲ့သည်။ ဆင်တစ်ကောင်လုံး ပျောက်ပြီဆိုလျှင်တော့ စဉ်းစားသာကြည့်ကြပါတော့။

မရဲန္တယ်သည် အပျိုဖော်ဝင်စ အသက် ၁၆ နှစ်ခန့် ရှိပါသည်။ ဆင်တို့သဘာဝသည် အသက် ၁၃ နှစ် ၁၄ နှစ်တွင် ကြီးကောင်ဝင်ပြီး ၁၆ နှစ် ၁၇ နှစ် အရွယ်မှစ၍ မိတ်လိုက်တတ်ကြခြင်း ရှိသည်။ သို့ကြောင့် ဆင်ပျိုမ "မရဲန္တယ်" သည် အနှီကိစ္စကြောင့်သာလျှင် မကြာခဏပျောက်နေမည်မှာ သေချာပေသည်။ အလုပ်လွှဲပြောင်းလက်ခံပြီးနောက် ငါးလခန့်သာကြာပါသည်။

တစ်ရက်တွင် ကျွန်တော်၏ "ဖောင်ကြီး" ရုံးနေအိမ်သို့ ကုလားပု အမောတကော အပြေးရောက်လာပါတော့သည်။ ကုလားပုနေထိုင်ရာ ဆင်စခန်းသည် ဖောင်ကြီးမှ မြောက်ဘက် လေးမိုင်ခန့်အကွာ ကလီထော်ကြုံးဝိုင်းစပ်အနီးရှိ ပုတ်သင်ညိုကျေးရွာတွင် ဖြစ်သည်။ တစ်လတစ်ခါ လစာထုတ်ရက်မှ ဆင်ဦးစီး ကုလားပုလာရမည်ကို ယခုလမကုန်မီ ရောက်လာခြင်းသည် အရေးပေါ်ပြီထင်ပါသည်။

"တောအုပ်ကြီး ကျွန်တော်တို့တော့ ဒုက္ခရောက်ပြန်ပြီ ... ညက မရဲန္တယ်ပျောက်သွားပြီဆရာ ... နံနက် ၄ နာရီလောက်ကတည်းက ရှာနေတာ နှံ့နေပြီ။ ကလီထော်ထဲမှာတော့

လုံးဝ ရှာမတွေ့ရသေးဘူး . . . ခါတိုင်းဆိုရင် ကလိထော်အကွက် အမှတ် (၃) တဲလောက်မှာ အမြဲမိတယ်ဆရာ . . .”

“ဒါဆိုရင် ချက်ချင်းပြန်၊ ပုတ်သင်ညိုက မုဆိုးသုံးယောက်လည်း စုခေါ်ထားဗျာ ကျွန်တော်လိုက်ခဲ့မယ်”

ကိုကုလားပုအား ပြန်လွှတ်လိုက်ပြီးနောက် ဖောင်ကြီး ရဲစခန်းမှူးဦးမြဒင်ကို အကူအညီတောင်း၍ ရဲတပ်ဖွဲ့ဝင် အင်အားသုံးဦးပါ ခေါ်ပြီးလိုက်ရတော့သည်။ ဆင်စခန်းသည် ပုတ်သင်ညိုရွာပြင်တောစပ်မှာရှိသည်။ ဆင်ဦးစီးမိသားစုပါ အတူနေသည်။ စခန်းဝန်းကျင်၌ ဆင်ခြေရာတွေက များနေသည်။ မရဲန္တယ် ခြေရာထက်လည်းကြီးနေသည့် ခြေရာကြီးများလည်း တွေ့ရသည်။ ခန့်မှန်းအနည်းဆုံး ဆင်သုံးကောင် ခြေရာအရေအတွက်လောက် ဖြစ်နေသည်။ မည်သို့ဆိုပါစေ။ ဆင်တို့သွားရာလမ်းသည် ခြေရာကိုတော့ ဖျောက်၍မရ။ သူတို့ခြေရာ ဦးတည့်တည့်နောက်သို့ ထက်ကြပ်မကွာ လိုက်ရတော့သည်။

မုဆိုး သုံးယောက်၊ တောခေါင်း နှစ်ယောက်၊ ရဲအဖွဲ့ သုံးယောက် ကျွန်တော်နှင့် ဆင်ဦးစီးပါ လူ ၁၀ ယောက်တို့သည် နံနက် ၈ နာရီမှစ၍ တစ်တောဝင်၊ တစ်တောင်တက် ဖြင့် ထိုနေ့ည ဝါးချောင်းဘေးတွင် တစ်ညအိပ်ရတော့သည်။ ဝါးချောင်းဆိုသည်မှာ ပေါင်းလင်းကြိုးဝိုင်းကြီးထဲ ရောက်သွားပေပြီ။ (ယခု ငမိုးရိပ်ရေလှောင်တမံကြီး ဖြစ်သွားပါပြီ)

နောက်တစ်နေ့ နံနက်မိုးလင်း၍ ပါလာသည့် ဘီစကွတ်မုန့်နှင့် ထန်းလျက်စား ရေသောက်ပြီး အစာခံကို ပြီးလိုက်ရသည်။ မတွေ့လျှင်တော့ ဝါးချောင်းရွာထဲပြန်ပြီး ထပ်အိပ်ရပေဦးမည်။ (ယခု ဝါးချောင်းရွာ မရှိတော့ပါ၊ ငမိုးရိပ်ဆည်ဧရိယာ ဖြစ်သွားပေပြီ)

ထိုနေ့က ဝါးချောင်းရွာ သစ်ထုတ်ကိုယ်စားလှယ် ဆင်ပိုင်ကြီးဦးချစ်လှိုင်အိမ်တွင် တစ်ညအိပ်စက်ပြီး နားကြရသည်။ ရိက္ခာလည်း မပါခဲ့သည်မို့ လက်လျှော့၍ ဖောင်ကြီးသို့ ပြန်လာခဲ့ရတော့သည်။ အင်းစိန်သစ်တောခရိုင်ဝန်ထံ ရှာဖွေနေဆဲဖြင့် ဆင်ပျောက်အစီရင်ခံစာ တင်ထားရသည်။ ဆင်သတင်းကို အမြဲနားစွင့်နေရတော့သည်။ သစ်ခုတ်၊ ထင်းခုတ်၊ ဝါးခုတ်သား၊ တောပြန်တို့ထံမှ စုံစမ်းရသည်။ အတိုချုံးတင်ပြရလျှင် နှစ်လခန့်အကြာမှာ မရဲန္တယ်၏ သတင်းအစအန ရခဲ့ပါပြီ။

ပုတ်သင်ညိုရွာမှ မုဆိုး သုံးဦး၊ ဝါးချောင်းရွာမှ ဒေသခံ ငါးဦးနှင့် ဦးချစ်လှိုင်၏ကူညီမှုဖြင့် သူ၏သစ်ဆွဲစွယ်စုံ စီးဆင်ကြီးတစ်ကောင်ပါ အကူညီရခဲ့သည်။ ဦးချစ်လှိုင်၏ ဆင်ဦးစီးသည် ကရင်လူမျိုးတစ်ဦးဖြစ်ပြီး သူစီးသည့် ဆင်ကြီးဖြင့် တောဆင်များကို မောင်းဖူးသည်ဟု ဆိုပါသည်။

ထိုနေ့က ဝါးချောင်းအတိုင်းတက်သွားကြပြီး ပေါင်းလင်းကြိုးဝိုင်း အကွက်အမှတ် (၄၆) သစ်ခေါက်ချောင်းဖျား လျှိုကြီးတစ်နေရာတွင် မရဲန္တယ်ကို တွေ့ရတော့သည်။

တစ်ကောင်တည်း မဟုတ်ပေ။ တောဆင်ရိုင်း အထီးကြီးတစ်ကောင်နှင့်အတူ စုံတွဲဖြစ်သည်။ အနားသို့ ဖြုန်းခနဲ မကပ်ရဲကြသေးပေ။ မိမိတို့အဖွဲ့သည် လေတင်ကဖြစ်နေ၍ တောဆင်ထီးကြီးသည် ကြိုတင်အနံ့ရနေသည်ဖြစ်ရာ တစ်ချက်တွေ့ပြီး ကြည့်နေသည်။ မိတ်ချိန်မှန်မကုန်သေးလျှင် ဆင်ထီးတို့သည် မည်သူ့ကိုမျှ အလွတ်ပေးလိမ့်မည် မဟုတ်ပေ။ ဆင်ထီးကြီးက မရဲန္တယ်အနီးကပ်သွားပြီး နှာမောင်းချင်း အသာပွတ်လိုက်ပြီးနောက် ဝုန်းခနဲဆို ထွက်ပြေးသွားရာ မရဲန္တယ်လည်း လိုက်ပြေးလေသည်။ ကိုကုလားပုက ပုန်းနေရာမှ ရုတ်တရက်ခုန်ထွက်လိုက်ပြီး မရဲန္တယ်ကို "ဟောင်း" . . . "ဟောင်း" . . . "လာ" . . . "လာ" ဟု အော်ဟစ်ခေါ်သည်။ နောက်ကလည်း ပြေးလိုက်သည်။ မရဲန္တယ်သည် အသံမှတ်မိဟန် ရှိသည်။ ခြေလှမ်းများ တုံ့ဆိုင်းသွားသည်။ နားရွက်ကြီး တဖျပ်ဖျပ်ခတ်လျက် အမြီးလည်း တပုတ်ပုတ်ရိုက်လျက် တွေပြီးရပ်နေလေသည်။ ဆင်ထီးကြီးကတော့ တစ်ချိုးတည်းသာ ဆက်ပြေးတော့သည်။

မုဆိုးအဖွဲ့က အသင့်ပါလာသော ဗျောက်အိုး၊ ပေထုပ်များကို တဒိုင်းဒိုင်းဖြင့် ပစ်ဖောက်လိုက်ရာ တစ်တောလုံး ဟိန်းထွက်နေသည်။ အလွန်သတ္တိကောင်းသော ကုလားပုသည် မရဲန္တယ်အနားသို့ကပ်သွားပြီး "ယား" " ယား" (မလုပ်နဲ့၊ မလုပ်နဲ့) "လာ" "လာ" ဟု အမိန့်ပေးသည်။ မရဲန္တယ်ကား အလွန်လိမ္မာသော ဆင်မကလေးဖြစ်ရာ ဦးစီးကုလားပု၏ အမိန့်အတိုင်းသာ နာခံလျက်ရှိသည်။ မဲ့ . . . မဲ့ . . . မဲ့ ဟုအော်၍ ဝပ်ခိုင်းလိုက်ပြီးနောက် ကုလားပုသည် မရဲန္တယ်၏ ကျောပေါ်သို့ရောက်သွားပေပြီ။ တေ . . . တေ . . . တေ. . . ဟု အော်လိုက်သည်တွင် မရဲန္တယ်၏ခြေလှမ်းများကား ပုတ်သင်ညိုရွာ စခန်းဆီသို့ ဦးတည်ခဲ့လေသည်။

စခန်းအပြန်လမ်း မရဲန္တယ်ခြေလှမ်းများက သွက်နေသည်။ ညနေစောင်းမှ ပုတ်သင်ညို စခန်းသို့ ပြန်ရောက်ကြရသည်။ ထိုအချိန်မှစ၍ မရဲန္တယ်ကို စားကျက်လွှတ်လျှင် ဆင်ဦးစီး ကုလားပုနောက်မှ တကောက်ကောက် လိုက်နေရတော့သည်။ ကံကောင်း၍ အလုပ်မပြုတ်ခဲ့ရတော့ပါ။ ထိုနှစ်မှာပင် မရဲန္တယ်အား သာယာဝတီ သစ်ထုတ်ရေးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်ရသည်။ ကံကောင်းခြင်း သတင်းလက်ဆောင်တစ်ခု ထပ်၍ သိလိုက်ရသည်မှာ နောက် ၁၀ လခန့်အကြာတွင် မရဲန္တယ်မှာ ကိုယ်ဝန်ဆောင်နေပြီဆိုသည့် သတင်းကြားလိုက်ရခြင်းဖြစ်သည်။ နောက် ဘာလေး မွေးဖွားသည်ကို မသိရတော့ပါ။

တစ်ချိန်က မရဲန္တယ်ပျောက်တိုင်း ဦးစီးက အနီးဝန်းကျင်မှာသာ ရှာတွေ့ပြီး ပြန်ခေါ်လာနိုင်ခဲ့သည်။ ယခု အခေါက်မှာတော့ တောဆင်ကြီးနှင့်မရဲန္တယ်တို့ နှစ်လလောက် ပေါင်းသင်းလိုက်ရသည်။ မိမိတို့အဖွဲ့ တွေ့ဆုံခဲ့ချိန်သည် မိတ်ချိန် မြိုင်ကာလကျော်နေပြီဖြစ်၍

ကံကောင်းသည်ဟု ဆိုရပါမည်။ မိတ်ချိန် မုန်ကျစဉ်အတွင်းသာ ဆုံစည်းလိုက်ရလျှင် တောဆင်ရိုင်းအထီးကြီးနှင့် ကျွန်ုပ်တို့တိုက်ပွဲကား ပြင်းထန်ဖွယ်ရှိပေသည်။ မရဲန္တယ်လည်း ကိုကုလားပု ခေါ်ရာလိုက်မည်မဟုတ်ပါ။

သင်ခန်းစာရလိုက်သည်မှာ **"မုန်ကျချိန် မြိုင်ကာလများ၌ လိုက်မဖမ်းသင့်ဘဲ မြိုင်ကာလကျော်မှသာ ဖမ်းဆီးသင့်သည်"** ဆိုသည့် သိမှတ်ဖွယ်တစ်ခု ရလိုက်ခြင်း ဖြစ်ပါသည်။

အချစ်ကြီးတဲ့ ဟံကုပ်

မရဲန္တယ်၏ဖြစ်ရပ်မှုံးသည် ၂၀၀၂ ခုနှစ်က ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ် (မော်ယောကြီး) မော်ရုံတောကြီး၊ သစ်ထုတ်ရေးဆင်စခန်းတစ်ခုတွင် ဖြစ်ခဲ့ဖူးသည်။ ဆင်မကလေး၏ အမည်မှာ "မဝင်းမြ" ဖြစ်ပါသည်။ ထူးခြားသည်က မဝင်းမြတွင် ကိုယ်ဝန်ပါလာခဲ့ရာက မမျှော်လင့်သောအဖြစ်များ ကြုံတွေ့ခဲ့ရခြင်းဖြစ်ပေသည်။

ဆင်စခန်းသည် ဆင်ဦးစီး၊ ဆင်လုပ်သား မိသားစုများ စုစည်းနေထိုင်ကြသည့် အိမ်ခြေ ၁၅ လုံးမျှသာရှိသော တောတွင်း ဆင်ဦးစီးရွာကလေး တစ်ရွာဖြစ်ပေသည်။ လူနေအိမ်များသည် ခြေတံရှည် အိမ်မြင့်များဖြစ်ပြီး သစ်မာ သစ်လုံးတိုင်များဖြင့် ဆောက်ထားကြသည်။ အိမ်အောက်ကို ဆင်တစ်ကောင် ဝင်နိုင်သည်။ အိမ်ရှေ့ ဆင်ဦးခေါင်းတိုးလာလျှင် အသင့် တက်စီးနိုင်လေသည်။

စခန်းအနီး မလှမ်းမကမ်း တစ်ခေါ်လောက်တွင် ဆရာတော်ဦးတေဇနိယ သီတင်းသုံးသော တောရကျောင်း ရှိပေသည်။ ဆရာတော်၏ ကျောင်းမှ နှစ်ဖာလုံခန့်အကွာ တောင်ကုန်းတစ်ခုတွင် "ကမ္ဘာလုံး အေးစေတီ" တစ်ဆူသည် ဆည်းလည်းသံ တချွင်ချွင်ဖြင့် ကြည်ညိုသဖွယ်စွာ တည်ရှိနေပေသည်။ တောတောင်ချုခင်းအလှနှင့် သာယာဆွတ်ပျံ့ဖွယ် ပန်းချီကားတစ်ချပ်ပမာ လှပလျက်ရှိသည်။

ဆင်ဝိုင်းနှင့်အတူ ဘုရားစေတီ ကျောင်းကန်များအပြင် ဝန်းကျင်တစ်ဝိုက်၌ တောင်ယာတဲအချို့နှင့် စျေးဆိုင်ငယ်လေးများလည်း ရှိနေသဖြင့် စည်ကားနေသည်။ လပြည့်လကွယ် အခါရက်များ၌ ဆရာတော်၏ကျောင်းတွင် ဥပုသ်သီတင်းစောင့်ကြ၊ ပဌာန်းဒေသနာ ရွတ်ကြ၊ ဖတ်ကြဖြင့် ငြိမ်းချမ်းသာယာလှသော တောတွင်းရွာစုလေးတစ်ခု ဖြစ်ပေသည်။

သို့သော် တစ်နေ့တွင် ကံကြမ္မာဆိုး မုန်တိုင်းတစ်ခုက ဝင်ရောက်မွှေနှောက်ခဲ့တော့သည်။ အကြောင်းမှာ ဆင်ဝိုင်းထဲမှ ဆင်ပျိုမလေးမဝင်းမြကို တောဆင်ရိုင်းကြီးတစ်ကောင်က တိတ်တဆိတ် ခိုးယူသွားပြီး ပေါင်းသင်းခဲ့ရာက စတင်ခဲ့ပေသည်။ မဝင်းမြပျောက်သွား

သည့်နေ့မှစ၍ စခန်းတစ်ခုလုံး ကြိုးစားပမ်းစား ဝိုင်းဝန်းရှာဖွေကြသေးသည်။ သို့သော်လုံးဝ ရှာမတွေ့တော့သဖြင့် လက်လျှော့လိုက်ရကာ ဆင်တစ်ကောင်လုံး ဆုံးရှုံးသွားခဲ့ရပေသည်။

တစ်လကျော် နှစ်လခန့်လောက်မှ တောဆင်ကြီးတစ်ကောင်နှင့်အတူ မဝင်းမြတို့ပေါင်းသင်းနေထိုင်သော စားကျက်နေရာကို သတင်းရခဲ့ကြသည်။

ဆင်ဦးစီး ဦးချစ်ထွန်းဦးဆောင်၍ ဆင်လုပ်သားများအဖွဲ့က မဝင်းမြအား ပြန်လည်သိမ်းယူနိုင်ရေး ကြိုးပမ်းခဲ့ကြရသည်။ ဆင်ဦးစီး ဦးချစ်ထွန်း၏ အတွေ့အကြုံရင့်ကျက်မှုသတ္တိကောင်းမှုတို့ကြောင့် တောဆင်ရိုင်းကြီးလက်တွင်းမှ မဝင်းမြကို သက်စွန့်ဆံဖျားသိမ်းယူနိုင်ခဲ့ကြသည်။

မဝင်းမြစခန်းကို ပြန်ရောက်သည့်နေ့က တစ်စခန်းလုံး ပျော်ပွဲရွှင်ပွဲပင် လုပ်လိုက်ကြသေးသည်။ နောင်တွင် ဆင်ဆေးကုဆရာဝန်၏ ဆေးစစ်ချက်အရ မဝင်းမြတွင် ကိုယ်ဝန်ရှိလာသဖြင့် ကျန်းမာရေး အထူးစောင့်ရှောက်နိုင်မည့် စခန်းတစ်ခုသို့ ပြောင်းရွှေ့ထားလိုက်ကြရသည်။

သို့ရာတွင် မဝင်းမြတွင် မမျှော်လင့်ဘဲပါလာသည့် ကံကောင်းခြင်းလက်ဆောင်သည်မတည်မြဲပါချေ။ ရုတ်တရက် ပျက်ကျပါလေတော့သည်။ မဝင်းမြ ကိုယ်ဝန်ပျက်ကျချိန်နှင့်ခိုးရာလိုက်ပြီး ပြန်ရောက်လာသောအချိန်သည် တစ်နှစ်နီးပါးမျှ ရှိမည်ထင်ပါသည်။ သို့သော်တိုက်ဆိုင်မှုပေလား မပြောနိုင်ပါ။ ထိုညဥ်တောဆင်ရိုင်းထီးကြီးသည် ရုတ်တရက်ရောက်လာပြီး စခန်းဝိုင်းထဲတွင် မဝင်းမြကို ကမူးရှူးထိုး မွှေနှောက်ရှာဖွေတော့သည်။ လူတွေကိုတော့ဘာမျှမလုပ်ဘဲ တရှူးရှူးဖြင့် ပြေးလိုက်လွှားလိုက်ဖြင့် မဝင်းမြကိုသာ နင်းရှာနေတော့သည်။ မဝင်းမြကို ရှာမတွေ့လေသောအခါ ဒေါသပေါက်ကွဲလာပြီး တဲတွေကို တွန်းတိုက်၊ ဖြိုဖျက်၊ စားပွဲကုလားထိုင်များကို ဆွဲယူ၊ လွှတ်ပစ်၊ ကိုင်ပေါက် ဖျက်ဆီးပြီး ဝုန်းဒိုင်းကြဲလေတော့ရာစခန်းရှိလူများအားလုံး ဦးတည်ရာကို ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဆင်ဝိုင်းထဲ၌ အလုပ်ဆင်ယဉ်များရှိပါသည်။ သို့သော် ထုံးစံအတိုင်း ဆင်ယဉ်များက တောဆင်ရိုင်းများကို ဒူးတုန်အောင် ကြောက်ကြ၏။ ထိပ်တိုက်ရင်ဆိုင် မတိုက်ခိုက်ဝံ့ကြချေ။ အထက်ချင်းတွင်းမော်လိုက်သစ်ထုတ်ရေးစခန်းက “သင်းဝင်ဒိုင်း” လို ဆင်မျိုးကြီးရှိလျှင်တော့ အလွန်ကြည့်ကောင်းမည့်ပွဲ ဖြစ်ပေမည်။ ယခုစခန်းကို ဝင်ကြမ်းနေသော ဆင်ရိုင်းသည်အစွယ်တို နှစ်ချောင်းဖြင့်ဟံကုပ်ကြီးဖြစ်သည်။ ဟံကုပ်တို့သည် တကယ့် ဆင်ဆိုးများသာဖြစ်သည်။ စခန်းရှိလူကုန်အပြေးဦးကြ၍ လူတစ်ယောက်ကိုမျှ သတ်မသွားနိုင်ခဲ့ပေ။ ထိုနေ့ည ၈ နာရီကျော်ကျော်တွင် ဟံကုပ်ကြီးသည် မဝင်းမြကို မည်သို့မျှ ရှာမတွေ့တော့သည့်အဆုံး လက်လျှော့ကာ

ပဲခူးရိုးမတောထဲသို့ ပြန်တက်သွားခဲ့လေသည်။ မဝင်းမြအပေါ် စွဲလမ်းမိသော ဟံကုပ်ကြီး၏ သံယောဇဉ်ချစ်ခြင်းသည် ထိုည မဝင်းမြကိုသာ တွေ့လိုက်ရလျှင် ဘယ်လိုသော ဇာတ်ခင်းလိုက်မည်ကိုကား ရွာသားတို့ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့ရလေသည်။

မိုးဟိန်း၏ ကျေးဇူးသစ္စာ

ပဲခူးရိုးမနယ် တစ်ကြောတွင် တောဆင်ရိုင်းများကို ဖမ်းဆီးရာတွင် မပါမဖြစ်လိုက်ပါရသည့် ခွန်ချီ ဆင်ကြီးတစ်ကောင်ရှိသည်။ ခွန်ချီဆင်ဆိုသည်မှာ တောဆင်ဖမ်းဆီးရာ၌လည်းကောင်း၊ ဖမ်းမိဆင်များကို မှိန်းသွင်းလေ့ကျင့်ရာတွင်လည်းကောင်း ဘေးမှနေ၍ လိုအပ်သလို သခင်ကိုကူညီပေးရသော အလိမ္မာဆုံးဆင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဆင်ဆရာ (Elephant School Teacher) ဟု တင်စားခေါ်ဝေါ်ကြသည်။ ထိုဆင်ကြီး၏ အမည်ကား 'မိုးဟိန်း' ဖြစ်ပေသည်။ စိတ်သဘော အလွန်ကောင်းသည်။ သူ၏ သုံးပေခန့် ရှည်လျားသည့် စွယ်စုံကြီးနှစ်ချောင်းအကြား ကလေးများ တွဲလောင်းခိုစီးဆော့ကစားလျှင် ခေါင်းလေးညိတ်ကာညိတ်ကာဖြင့် ကလေးများပျော်ရွှင်အောင် အဖော်ပြုကစားပေးရင်း ကြည်နူးနေတတ်ပေသည်။

မိုးဟိန်း၏ ဆင်ဦးစီးသည် ကရင်အမျိုးသား စောလမုဖြစ်သည်။ စောလမုက မိုးဟိန်းကို အလွန်ချစ်သည်။ သူလူပျိုဘဝကတည်းက စီးလာခဲ့သည်မှာ အခု အသက် ၃၀ ပြည့်ပြီး အိမ်ထောင်ကျလို့ ကလေးတစ်ယောက်တောင် ရနေပေပြီ။ မိုးဟိန်းကြီးကလည်း ဆင်ဝိုင်းထဲတွင် စောလမုကို သံယောဇဉ်အရှိဆုံး ဖြစ်သည်။ စောလမု၏ ဇနီးသည် အသက် ၃၀ ခန့် ကရင်အမျိုးသမီး နော်ဖောဝါး ဖြစ်သည်။ မိဘများစဉ်ဆက် ဆင်ဝိုင်းမှာနေ၊ ဆင်ဝိုင်းမှာကြီးပြင်းကြပြီး ဆင်ဝိုင်းထဲမှာပဲ အိမ်ထောင်ကျနေသူများ ဖြစ်ကြသည်။ နို့မပြတ်သေးသည့် နှစ်နှစ်သားလေး ဖိုးခွား (စောပုလဲ) နှင့် ဆိုလျှင် မိသားစုသုံးဦးတို့ မိုးဟိန်းကြီးနှင့် အတူနေအတူစား တစ်သွေးတစ်သားတည်းလို နေထိုင်ကြသည်။

စောလမုတို့တဲစခန်းသည် ပဲခူးရိုးမသစ်ထုတ်ရေး ဆင်ဝိုင်းတွင်ရှိသည်။ အခြားဆင်တဲများနှင့် အနည်းငယ် အလှမ်းကွာသည်။ မိုးဟိန်းကြီး၏ သခင်များအပေါ် သစ္စာစောင့်သိမှု၊ လိမ္မာမှုက နာမည်ကြီးသည်။ အလုပ်နားချိန်များ၌ နော်ဖောဝါးက ထင်းခွေ ရေခပ်ထွက်လျှင် သစ်ပင်မှာ ထူးခတ်ထားသည့် မိုးဟိန်းကြီးရှေ့နား ကလေးကိုချ၊ မြေပြင်မှာ စည်းဝိုင်းဝိုင်းပြီး "မိုးဟိန်း" "ငါရေခပ်ဆင်းလိုက်ဦးမယ်၊ ဖိုးခွားကို ကြည့်ထား၊ အပြင်မထွက်စေနဲ့နော်" ဟု ဆိုကာ ကလေးကို အပ်ထားတတ်လေသည်။ မိုးဟိန်းကြီးက ကရင်စကား အတော်နားလည်နေဟန်ရှိသည်။ နော်ဖောဝါး သွားသည်နှင့် ကလေးကို နှာမောင်းဖြင့်တို့ကာ၊

ထိကာ စနေတတ်သည်။ စည်းဝိုင်းအပြင်ထွက်သွားလျှင် အထွက်မခံ။ လိုက်ဆွဲယူပွေ့ပြီး စည်းဝိုင်းထဲမှာ ပြန်ချပေးတတ်လေသည်။

အချိန်ကား နွေဦးရာသီ တောမီးများ လောင်စပြုပြီ၊ စောလမုတို့ ဆင်ဝိုင်းများ အလုပ်နားချိန်ရောက်တော့မည်။ သစ်ကွက်များ၌ ငုတ်ထုတ်လုပ်ငန်းများ မရှိတော့ပေ။ ကားတိုက်ရာသီရောက်ပြီဖြစ်၍ သစ်ပုံဆိပ်များမှာသာ အလုပ်များကြရတော့သည်။ စောလမုလည်း စခန်းမှာ သိပ်မနေနိုင်။ သစ်ပုံဆိပ်သို့ နံနက်သွား ညနေပြန်သည်။ တစ်ခါတစ်ရံ မှောင်မှ အိမ်ပြန်ရောက်ပြီး ညစာစားကြရသည်။ သို့ကြောင့် တဲတွင် နော်ဖောဝါးနှင့် ဖိုးခွားလေးသာ နေခဲ့ရသည်က များပေသည်။

နော်ဖောဝါးသည် ညစာအတွက် ထမင်းအိုးတစ်လုံး တည်ပြီးပြီဖြစ်၍ စောလမုပြန်လာလျှင် ဟင်းချိုပူပူလေး သောက်ရန် ပဒတ်စာရွာထွက်ဖို့ ပလိုင်းကို အသာလွယ်လိုက်သည်။ “မိုးဟိန်း ငါ အပြင်ခဏထွက်ဦးမယ်၊ ဖိုးခွားကို ကောင်းကောင်းကြည့်ထားနော်” ဟု ဆိုကာ အိပ်ပျော်နေသော ဖိုးခွားလေးကို မြေကြီးပေါ် ဖျာခင်း စည်းဝိုင်းဝိုင်းပြီး ချထားလိုက်သည်။ ထုံးစံအတိုင်း မိုးဟိန်းကြီးထံ ဖိုးခွားလေးကို အပ်ခဲ့လေသည်။ တဲမှထွက်လာခဲ့ပြီး ငါးမိနစ်လောက် လျှောက်လာခဲ့ပြီးမှ ခေါင်းထဲတွင် မိုက်ခနဲ မူးဝေသွားသည်။ မျက်လုံးများလည်း ပြာလာသည်။ တစ်နေ့က ငှက်ဖျား ဖျားထားသည့်အရှိန်က မပြေသေး။ ရင်တွေတလှပ်လှပ် တုန်ပြီး မောလာသဖြင့် သစ်ပင်ခြေရင်းတွင် ခဏမှီ၍ နားနေလိုက်ရသည်။

မိုးဟိန်းတို့ တဲစခန်းလေးသည် တိတ်ဆိတ်နေသည်။ ကြက်တွန်သံသာ တစ်ချက်တစ်ချက်ကြားရသည်။ မိုးဟိန်းနှင့် ဖိုးခွားလေးတို့ ဆော့ကစားနေသည်။ မိုးဟိန်းကြီး၏ နှာမောင်းအောက်မှ ဖိုးခွားလေးက နှာမောင်းကို ကိုင်ကာ တခစ်ခစ် ရယ်နေလိုက်သည်။ တဖြည်းဖြည်း မိုးဟိန်းကြီး ဗိုက်အောက်ရောက်သွားလျှင် မိုးဟိန်းက နှာမောင်းဖြင့် ပြန်ပွေ့ယူပြီး စည်းဝိုင်းထဲမှာ ပြန်ချထားလိုက်သည်။ နေမင်းကြီးသည် အနောက်ဘက်တွင် ဝင်လုဆဲဆဲဖြင့် တိမ်ရောင်ဝင်း လက်နေသေး၏။ မကြာမီ လောကကြီးကို အမှောင်ထုက လွှမ်းခြုံလေတော့မည်။

ဖိုးခွားလေးသည် ဆော့ကစားနေရာမှ နို့ဆာလေပြီ။ မိခင်နို့ကို တမ်းတလာသည်။ တဝါးဝါးဖြင့် ငိုတော့သည်။ မိုးဟိန်း မတတ်နိုင်ပါ။ ဖိုးခွားလေးက စည်းဝိုင်းအပြင်ကို လေးဘက်တွား ထွက်လိုက်၊ မိုးဟိန်းက နှာမောင်းဖြင့်ပွေ့ပြီး ပြန်သွင်းလိုက်ဖြင့် ကြာတော့ မငိုနိုင်တော့၊ မောသွားပြီး ခွေခွေလေး အိပ်ပျော်လေသည်။ သည်တော့မှ မိုးဟိန်းကြီးလည်း နားရတော့သည်။ ကျေးငှက်တို့ အိပ်တန်းတက်ကြပြီ။ နေ့ပူညချမ်းကာလဖြစ်၍ ညနေပိုင်း အနည်းငယ်အေးလာပြီး ဝါးရုံများမှ တဖျစ်ဖျစ် တဖြောင်းဖြောင်း ကွဲသံများ တဟဲဟဲဖြင့်

သစ်ပင်လေတိုးသံများကြောင့် ဓာတ်မသိလျှင် ကျောစိမ့်အောင် ချောက်ချားစရာကောင်းသည်။ ညအခါ သားစားသတ္တဝါကြီးများ ထွက်စပြုပေပြီ။ အဆိုးဆုံးမှာ ရိုးမတောထဲက "ခွေးအ" အုပ်များဖြစ်သည့် ဆယ်ကောင်မှ အကောင် နှစ်ဆယ်အုပ်ထိရှိသည်။

ကလေးငိုသံကြောင့် ခွေးအအုပ်တစ်အုပ် ဆင်စခန်းနား ရောက်လာတော့သည်။ ခွေးအအုပ်စုတစ်စုတွင် ခေါင်းဆောင် ခွေးအကြီးတစ်ကောင် ဦးဆောင်လေ့ရှိသည်။ ထုံးစံအတိုင်း နွားရိုင်းသွင်းခြံန်များ၌ အစာရှာထွက်လာပြီဆိုလျှင် အုပ်လိုက်သံပြိုင်အူတတ်လေ့ရှိသည်။

မိုးဟိန်းကြီးသည် ခွေးအ အူသံကြားလိုက်သည်နှင့် ဝပ်နေရာမှ ဝုန်းခနဲထလိုက်ပြီး နားစွင့်သည်။ အနံ့ခံကောင်းသဖြင့် ခွေးအအုပ်မှန်း သိလိုက်လေသည်။ နှာမောင်းကြီးဖြင့် ထူးခတ်ချည်ထားသော တောင်သရက်ပင်ပေါ်မှ အကိုင်းများကို ချိုးယူလိုက်သည်။ စည်းဝိုင်းထဲမှာ အိပ်မောကျနေသော ဖိုးခွားလေးဘေးတွင် အကာအကွယ်အဖြစ် အသာချထားပေးသည်။

မကြာလှပါ။ ခွေးအအုပ်သည် အနီးသို့ ဝိုင်းအုံရောက်လာခဲ့သည်။ မိုးဟိန်းကြီးသည် စိုးရိမ်ပြီး ကလေးကို နှာမောင်းဖြင့် ပွေ့ယူလိုက်သည်တွင် ဖိုးခွားလေးလန့်နိုးပြီး အော်ငိုလေတော့သည်။ ကလေးက ရုန်းထွက်လိုက်သည်တွင် ခွေးအ,ကြီးတစ်ကောင် ကလေးကို ပြေးဆွဲသည်။ မိုးဟိန်းက ကလေးကို နှာမောင်းဖြင့် ပြန်ဆွဲယူလိုက်ကာ ခွေးအကို ရှေ့လက်ဖြင့် ကန်ထုတ်ပစ်လိုက်သည်။ ခွေးအ ပြန်ဆုတ်သွားပြန်သည်။ ကလေးကထွက်လိုက် မိုးဟိန်းက ပြန်ဆွဲလိုက် ခွေးအများက ပတ်လည်ဝိုင်းဆွဲမည့်ဟန်ဖြင့် ဗြောင်းဆန်နေတော့သည်။ အန္တရာယ်က ကြီးလာလေပြီ။ ခွေးအ ခေါင်းဆောင်ကြီးက ငုတ်တုတ်ထိုင်ကြည့်နေရာက ရုတ်တရုတ် ကလေးကို အတင်းဝင်ဆွဲလိုက်ချိန်တွင် မိုးဟိန်း၏ လျင်မြန်မှုက လက်ဦးသွားသည်။ ရှေ့လက်ဖြင့် ကန်ထုတ်လိုက်ပြီး အပေါ်မှဖိနင်းပစ်လိုက်သဖြင့် ခွေးအခေါင်းဆောင်ကြီး နေရာတွင်ပွဲချင်းပြီး အသက်ထွက်တော့သည်။ ကျန်ခွေးအများသည် ရုတ်တရက် ငြိမ်ကျသွားသည်။ မိုးဟိန်းက သစ်ကိုင်းကိုချိုးယူပြီး တရစပ် လွှဲပစ်တိုက်ခိုက်သည်။ ခွေးအအုပ်ကြီးသည် သဲသဲမဲမဲ အစွယ်ကြီးများဖြကာ တဟဲဟဲဖြင့် ပတ်လည်ဝိုင်းနေတော့သည်။ မိုးဟိန်းကြီးက ခွေးအများကို တိုက်ခိုက်နေစဉ် ကလေးသည် မိုးဟိန်းဗိုက်အောက်မှ လွတ်ထွက်သွားလေသည်။ မိုးဟိန်းနှာမောင်းက လှမ်းဆွဲလို့ မမီတော့ပေ။ ကလေးကို ခွေးအများ ဝိုင်းဆွဲစားတော့မည်။ မိုးဟိန်းကြီး ဒေါသမုန်တိုင်း ထန်လာပြီး ထူးကွင်းကလည်း ခိုင်လှသည်။ ရုန်း၍မရ။ နောက်ဆုံး အားကုန်ရုန်းချက်ကြောင့် တောင်သရက်ပင် အမြစ်ကော်လဲလေသည်။ မိုးဟိန်း၏ အားကုန်ရုန်းစဉ် အော်လိုက်သော

"ဝေါင်း" ဆိုသည့်အသံနှင့် သစ်ပင်လဲကျသံက တောလုံးဟိန်းသွားသည်။ မိုးဟိန်း၏ ကြောက်မက်ဖွယ် တိုက်ခိုက်မှုများကြောင့် ခွေးအအုပ်လည်း ထွက်ပြေးကုန်တော့သည်။

မိုးဟိန်းသည် သစ်ပင်အကိုင်းအခက်များကြားမှ မထွက်တတ်ဖြစ်နေသော ဖိုးခွားလေးကို နှာမောင်းဖြင့် ပွေ့ယူထားလိုက်သည်။ အထွက်မခံတော့ပေ။ ဖိုးခွားလေးသည်လည်း မရပ်မနားငိုရလွန်း၍မောနေပေပြီ။ မိုးဟိန်းကြီးသည် ဝပ်လျက်ဖိုးခွားလေးကို နှာမောင်းဖြင့် ပွေ့ယူထားကာ သခင်အလာကို စောင့်မျှော်လျက်။

မိုးဟိန်း၏ နွေးထွေးသောပွေ့ပိုက်မှု နှာမောင်းအခွေထဲတွင် ဖိုးခွားလေးသည် မျက်ရည်စများဖြင့် အိပ်ပျော်နေလေသည်။

စောလမုသည် ဒီနေ့မှအပြန်နောက်ကျနေသည်။ စခန်းနှင့် မလှမ်းမကမ်းအရောက် မိုးဟိန်းကြီး၏ "ဝူး" ခနဲ ကျယ်လောင်သော အော်သံကြီးကြားလိုက်ရ၍ ခြေလှမ်းကို အပြေးလေးလှမ်းလိုက်သည်။ စခန်းမှာ ဘာတွေဖြစ်ကုန်ပြီလဲ။ မှောင်ရိပ်တဝါး လမ်းဘေး သစ်ပင်ခြေရင်း၌ ညည်းညူရင်း လဲနေသူနော်ဖောဝါးကို တွေ့လိုက်ရသည်။ အိပ်ပျော်နေသည်ထင်၍ လှုပ်နှိုးသည်။ နော်ဖောဝါးက သူခေါင်းမထူနိုင်သေးကြောင်း လက်ဟန်ပြ၍ ဖေးထူခိုင်းသည်။ စောလမု အစိုးရိမ်ကြီးသွားကာ နော်ဖောဝါးအား ကျောမှာပိုးပြီး စခန်းကို ပြန်ခေါ်လာရတော့သည်။

စခန်းထဲ အဝင်လမ်းသည် သစ်ပင်လဲပြီး ပိတ်နေသည်။ မိုးဟိန်းကြီးသည် သခင်၏ အနံ့ကို ချက်ချင်းရလိုက်၍ ဝုန်းခနဲထလိုက်သည်။ ထူးသံကြိုးကလည်းတန်းလန်း သစ်ကိုင်းများအကြားညပ်နေသည်။ အမှန်တော့ သူလည်း သစ်ကိုင်းပိထားသဖြင့် ပြင်းပြင်းထန်ထန် ဒဏ်ရာရထားသည်။ ဖိုးခွားလေးကို သခင်ထံပါး သစ္စာရှိစွာ ပေးအပ်ချင်စိတ်ဇောဖြင့် စောင့်နေခြင်းသာဖြစ်သည်။ အကိုင်းခုတ်ချိုင်ထားသော သစ်ကိုင်းငုတ်ချွန်တစ်ခုက မိုးဟိန်း၏ လက်ပြင်နံဘေးကို ထိုးစိုက်ထားခြင်းခံရသည့်ဒဏ်ရာကို ကြိတ်မှိတ်ခံစားနေရသည် သွေးများလည်း တစိမ့်စိမ့် ယိုစီးနေဆဲပင်ဖြစ်သည်။

စောလမုတို့ လင်မယားလည်း မျက်ကလဲဆန်ပျာဖြင့် အတင်းတိုးဝင်ရသည်။ ဘာတွေဖြစ်ကုန်ပြီလဲ၊ သား ဖိုးခွားလေး ဘယ်မှာလဲ၊ တော်ပါသေးတယ်။ မိုးဟိန်းကြီး၏ နှာမောင်းရှေ့မှာ ခွေခွေလေးအိပ်နေသည်။ စောလမုက ဖိုးခွားလေးကိုပွေ့ချီပြီး နော်ဖောဝါးကို လှမ်းပေးလိုက်သည်။ ဒေါသအမျက်ချောင်းချောင်း ထွက်တော့သည်။ မိုးဟိန်းကြီး မုန်ကျပြီး သောင်းကျန်းနေသည်ဟု ထင်တော့သည်။ သားဇောစိတ်မွန်ပြီး ခါးကြားထဲမှ ရဲဒင်းကို ဆွဲထုတ်လိုက်ကာ "ခွေးမသား သစ္စာဖောက် ဆင်မိုက်သေပေတော့ကွာ" ဟု ဆဲဆိုကာ မိုးဟိန်းကြီး၏ နားထင်ချိုစောင်းကို သုံးလေးချက် ဆင့်ထုပစ်လိုက်သည်။ မိုးဟိန်းကြီးသည်

နာကျင်လွန်း၍ ခေါင်းကိုတဆတ်ဆတ် တုန်ခါလိုက်ကာ၊ သခင်ကို ကြောက်ရွံ့ တုန်လှုပ်စွာ နားမလည်ဟန်ဖြင့် လှည့်ကြည့်လိုက်ပြီး ဦးကင်းကိုဘေးသို့တိမ်းပေးလိုက်သည်။ နော်ဖောဝါးသည် ကလေးကိုပွေ့ချီရင်းက ဘေးနားမှာ ခွေးအကြီးတစ်ကောင် ခေါင်းပြားပြီးသေနေသည်ကို တွေ့လိုက်ရသည်။

"ဟေး . . . စောလမု ဒီမှာ လာကြည့်ပါဦးဗေး"

နော်ဖောဝါး လက်ညှိုးထိုးပြသည်ကို ကြည့်လိုက်မိရာ ခုမှ သဘောပေါက်သွားလေတော့သည်။ သူ မှားသွားလေပြီ။ မိုးဟိန်းအပေါ် ရက်စက်မိပြီ။ သစ္စာရှိတဲ့ မိုးဟိန်းကြီးကိုမှ ရဲဒင်းနှင့် ရက်ရက်စက်စက် ထုမိတဲ့လက် ဖြတ်ပစ်ချင် စိတ်တောင်ပေါက်မိသည်။

"မိုးဟိန်းရေ ငါမှားသွားပြီကွာ . . . ခွင့်လွှတ်နော် . . . ကျွတ် . . . ကျွတ် . . . ကျွတ်" စောလမုက မိုးဟိန်းဦးခေါင်းကို ယုယစွာပွတ်သပ်ပေးရင်း ချော့လိုက်ရသည်။

အချိန်သည်ကား ညဉ့်နက်လာချေပြီ။ နံနက်မိုးလင်းမှပင် ရှင်းရလင်းရပေတော့မည်။ ဒီတစ်ည ဒီလိုပဲ အိပ်လိုက်ကြရသည်။ နံနက်မိုးလင်း၍ စောလမု အိပ်ရာကထ၊ တဲရှေ့ထွက်လိုက်သည်တွင် မိုးဟိန်းကြီးသည် ဒူးထောက်ဝပ်လျက် တွေ့ရသည်။ စောလမုက မိုးဟိန်း အနားကပ်သွားလိုက်ပြီး . . .

" ဒီတစ်ခါတော့ ငါ့ကို ခွင့်လွှတ်ပါကွာ။ ဒီနှစ် မင်းကို ဆင်မချောချောလေးရှာပြီးပေးစားပါမယ်၊"

'ဟာ'

စောလမု မျက်လုံးပြူးသွားတော့သည်။ မိုးဟိန်း၏ လက်ပြင်ဘေးတွင် သွေးများရွှဲစိုလျက် ဟက်တက်ကွဲ ဒဏ်ရာကြီးကို တွေ့လိုက်ရတော့သည်။

"နော်ဖောဝါးရေ . . . လာကြည့်ပါဦးကွာ။ အနာထည့်တဲ့ ယင်မနားဆေးပုလင်းလည်း ယူခဲ့ကွာ" စောလမုသည် ယောကျ်ားရင့်မကြီးဖြစ်လင့်ကစား မိုးဟိန်း၏လည်ပင်းကို သူ၏ပါးပြင်အပ်ကာ မျက်ရည်များ စီးကျလာခဲ့သည်။

"ဟုတ်ပါရဲ့တော် . . . ဖြစ်မှဖြစ်ရလေ မိုးဟိန်းရယ်၊ သနားဖို့ကောင်းလိုက်တာကွယ်" စောလမုနဲ့နော်ဖောဝါး တို့ဇနီးမောင်နှံ မိုးဟိန်းကြီး၏ ဒဏ်ရာကြီးကို ကြင်နာယုယစွာပွတ်သပ်ပေးရင်း ဆေးထည့် ဆေးလိမ်းပေးကြသည်။

မိုးဟိန်းကြီးသည် အမြီးလေးတယမ်းယမ်း နားရွက်တခတ်ခတ်ဖြင့် သခင်များ သူ့အပေါ် နားလည်သွားလေသည့် အဓိပ္ပာယ်ဖြင့် တဲပေါ်တွင် ပက်လက်ကလေးအိပ်မောကျနေသောဖိုးခွားလေးအား လှမ်းကြည့်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် ပီတိဖြာနေလေသည်။ မိုးဟိန်း၏ကျေးဇူးသစ္စာသည်ကား စောလမုတို့ မျိုးရိုးစဉ်ဆက် တစ်သက်မမေ့နိုင်ကြတော့ပေ။

ဖိုးခွားလေး (စောပုလဲ) ၏ အသက်သည်ကား မိုးဟိန်း၏သစ္စာတရားနှင့် ပေးဆပ်ခဲ့သည် မဟုတ်ပါလား။

မိုးဟိန်းကြီးကယ်တင်ခဲ့သော ဖိုးခွားလေးသည် ယခုအခါ အသက် (၃၅) နှစ် ရှိပြီဖြစ်သော ဆင်ဦးစီး "စောပုလဲ" ဖြစ်နေပေပြီ။ စောပုလဲသည် ကျေးဇူးရှင်မိုးဟိန်းကြီးအကြောင်း ကွယ်လွန်ခဲ့သောမိဘများက ပြောပြထားခဲ့၍ သိခဲ့ပေသည်။ အရွယ်ရောက်ချိန်မှစပြီး ဖခင်စောလမုစီးခဲ့သော မိုးဟိန်းကြီးကို တာဝန်ယူပြီး ဆက်ခံစီးခဲ့သည်။ မိုးဟိန်းကို ချစ်ခင်မြတ်နိုးသူဖြစ်သည်။ ဘယ်သောအခါမျှ ဆဲဆိုငေါက်ငမ်းခြင်း မရှိခဲ့ပေ။ အလုပ်ခွင်စီးချိန်မှအပ ကျန်သောအချိန်များ၌ မိုးဟိန်း၏ ဦးကင်းပေါ်သို့တက်မစီးပေ။ ဘေးနားမှသာလိုက်ပါ၏။ အလုပ်ခိုင်းတော့မည်ဆိုလျှင် မိုးဟိန်းအား လက်အုပ်ချီဂါရဝပြုပြီးမှ ခိုင်းသည်။ စောပုလဲသည် မိုးဟိန်းအပေါ်မှသာမဟုတ်ဘဲ အလုပ်ဆင်ဝိုင်းထဲမှ ဆင်အားလုံးကို ချစ်သည်။ လေးစားသည်။ ဆင်များအပေါ် အစဉ်အမြဲ ဂရုစိုက် တန်ဖိုးထားတတ်သော ဆင်ဦးစီးကောင်း "စောပုလဲ" ဖြစ်ခဲ့ပေသည်။

ဘယ်လိုနားလည်ရမလဲ ဟိုင်းကြီးရယ်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ

လပြာသို ဆောင်းကကြမ်း၊ နှင်းရည်များဖျန်းလျက်၊ ဝေဟင်မှာ ရီဝေဆိုင်းနေဆဲ၊ နေခြည်ဖြာစ အနွေးဓာတ်က မရသေး၊ တောင်ခြေကျေးလက် ဆောင်းနံနက်မှာ၊ ရေပြာစခန်းဘက်မှ ကြွေးစည်သံကလေးတဝေဝေနှင့် အမေသိန်း၏ ဘုရားဝတ်ပြု မေတ္တာပို့သံကလေးက ဆွတ်ပျံ့ဖွယ် ထွက်ပေါ်လာသည်။

"တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင် အရှင်သခင်ကြီးများအား ရိုသေစွာဖြင့် စားဦးစားဖျား တင်မြောက်ပါတယ်၊ ကောင်းမှုအစုစုကိုလည်း အမျှပေးဝေပါတယ်၊ ကျွန်မတို့မှာ ဝမ်းစာရေးအတွက် နေ့စဉ်နှင့်အမျှ "မသိဘဲမိုးလင်း၊ မသိဘဲမိုးချုပ်" တကုပ်ကုပ်နဲ့ လုပ်စားကြရတဲ့ အမိုက်အမဲကလေးတွေမို့ "ပြောမှား၊ ဆိုမှား၊ ပြုမှား" များ ရှိခဲ့ပါလျှင်၊ ဗွေမယူပါနဲ့၊ သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ တောဆင်ကြီးများ ဘေးရန်ကလည်း လွတ်ကင်းချမ်းသာရပါလို၏။ စောင့်ရှောက်ပေးတော်မူကြပါ၊ အားလုံးသတ္တဝါတွေ ကျန်းမာကြပါစေ၊ ဘေးကင်းကြပါစေ။"

တူဝေဝေ . . . တူဝေဝေ . . . . . တူဝေဝေဝေ . . . . .

"ဟဲ့ . . . လူလေး ထတော့လေ၊ နေမြင့်နေဦးမယ်၊ ထမင်းလည်းကျက်နေပြီ ထတော့၊ ထတော့"

"ဟုတ်ကဲ့ပါ အဘွား၊ သား နိုးနေပါပြီ နည်းနည်းစောနေသေးလို့ မှိန်းနေတာပါ"

အမေသိန်းတို့တဲကလေးမှာ မြေးအဘွားနှစ်ယောက်တည်းသာရှိသည်။ ရွာမှာက လယ်ပိုင်၊ ယာပိုင်မရှိ၊ သည်ရေပြာစခန်းက "တိုးလယ်" ကလေး သုံးဧကကျော်ကိုသာ ဝမ်းစာအားထားရသည်။

"တိုးလယ်" ဆိုသည်မှာ သစ်တောအတွင်း လျှိုပြန့်များတွင် ချုံနွယ်များ ခုတ်ထွင်ရှင်လင်းပြီး ဖော်ထုတ်ထားသော လယ်ကွက်ကလေးများသာ ဖြစ်ပါသည်။

ယခုတစ်လော သစ်တောကြိုးဝိုင်းကြီးထဲမှာ ဟိုင်းဆင်ကြီးတစ်ကောင် သောင်းကျန်းနေသည်။ အရင် နှစ်လလောက်က ကွမ်းသီးမြောင်မှာ ကံမြင့်၊ အောင်ချမ်းသာက ဒေါ်အာရိုးနဲ့ မီးလောင်ကုန်းက ဒေါ်ပေစူးတို့ စလူချောင်းနဲ့ ငုတ်တုတ်ကျချောင်းမှာ ဟိုင်းဆင်ကြီးနင်းသတ်ပြီး တဲတွေပါဖျက်သွားသည့် သတင်းဆိုးကလည်း ပြန့်နေသည်။ တောစခန်းယာတဲမှ လူအချို့လည်း ရွာကိုပြန်ဆုတ်နေကြပြီ၊ နေ့ချင်းပြီး အလုပ်လာဆင်းနေကြရသည်။ အမေသိန်းတို့လည်း ရွာပြန်ရန် စီစဉ်ရသည်။ သို့သော် ရိတ်ပြီးသားစပါးများက အစိုဓာတ်မကုန်သေး။ နောက်နှစ်ပတ်လောက်တော့ နေလှန်းပြီး စောင့်ရဦးမည်၊ စပါးများကြိတ်ရင်းမှပင် ရွာပြန်ရန် စီစဉ်ထားရသည်။

"ကဲ . . . သွားမယ်အဘွား၊ ညနေသုံးနာရီလောက်ရောက်အောင် ပြန်လာခဲ့ပါမယ်၊ ဦးလေးထွန်းတို့နွားလှည်းကို တစ်ပတ်လောက် ခွာချိန်းခဲ့မယ်၊ လူတွေပြောနေတဲ့ စီဒီပြားအချပ်တွေလည်း ရှာခဲ့မယ်၊ ဆင်တွေက စီဒီပြားအချပ် အရောင်လက်လက်ကလေးတွေ မြင်ရင် မလာဘူးတဲ့၊ အဘွားသာ သတိနဲ့နေပါ၊ ဆင်သံကြားရင် တဲနောက်ချောင်းထဲက ကမ်းပါးပြုကွေ့ထဲ ဝင်ပုန်းပါနော်၊ သား စိတ်ချသွားမယ်"

"အေးပါကွယ်၊ သားသာ စိတ်အေးအေးထားသွား၊ အဘွားအတွက် ဘာမှမပူနဲ့၊ အဘွားဖို့ ရုပ်ပျိုသွေးတိုးပျောက် ဆေးဝယ်ဖို့လည်း မေ့မနေနဲ့ဦး"

"ဟုတ်ကဲ့ပါ၊ ဒါဆို သားသွားပြီနော်"

တိတ်ဆိတ်ငြိမ်သက်နေသည့် တောတွင်းရေပြာစခန်း ယာခင်းတဲကလေးမှ အသက် ၆၀ ကျော် အဘွားအိုတစ်ဦးနှင့် အသက် ၁၅ နှစ်သာရှိသေးသည့် မြေးကလေး "တက်ပု" တို့ လူသားနှစ်ဦး၏ ကရုဏာစကားသံများသာ ကြားနေရသည်။ ဝန်းကျင်တစ်ခွင်လုံးက အေးဆေးတိတ်ဆိတ်နေဆဲပင်။

နေမင်းကြီးကား ထန်းတစ်ဖျားရောက်ပေပြီ။ ဆောင်းနံနက် အနွေးဓာတ်ကောင်းစွာ မရသေး၊ နှင်းက ကွဲစပြုလာပြီ၊ အမေသိန်းသည် ညက စုထပ်သိမ်းထားသော နှီးသားဖျာချပ်များကို တဲရှေ့တလင်း၌ စီခင်းဖြန့်ချသည်။ ညက မသိမ်းထားလျှင် နှီးသားများနှင်းစိုပြီး

စပါးလှန်း၍မကောင်းပေ။ တဲဘေးတွင် စီပုံထားသော တစ်တင်းဝင်စပါးအိတ်များကို တစ်အိတ်ချင်းဆွဲယူပြီး ဖျာပေါ် သို့လောင်းကြဲချသည်။ ပြီးမှ ဝါးတံမြက်စည်းဖြင့် အသာဖြန့်ညှိလိုက်ရသည်။ ဖြည်းဖြည်းသာ လုပ်နေရသော်လည်း မောဟိုက်လာသဖြင့် တလင်းဘေးတွင် အသာထိုင်ချလိုက်ကာ အမောဖြေနားနေရသည်။ ဝင်းရောင်သန်းစ စပါးတလင်းကို တစိမ့်စိမ့်ကြည့်ရင်း ပီတိဖြစ်နေမိသည်။ သည်နှစ်တန်ခူးလမှာ မြေးလေးတက်ပုကို ရှင်ပြုပေးရမည်။ အသက်က (၁၅) နှစ်သားရောက်နေသော်လည်း ရှင်က မပြုရသေး၊ အဖေ အမေလည်းမရှိသူ မြေးကလေးကို သနားလှသည်။ အရွယ်နှင့်မလိုက်၊ ကျောင်းပိတ်ရက် လယ်က လုပ်ရသေးသည်။ ဒီနှစ်တော့ သင်္ကန်းဝတ်ကလေးနှင့် မြင်ရပေဦးတော့မည်။ အမေသိန်း အတွေးမှာ မည်မျှကြာအောင် နစ်မျောနေသည်မသိပေ။

"ရှဲ" "ရှဲ" "ချွတ်" "ချပ်" "ချပ်"

တလင်းထဲမှဖျာစကို နင်းချိုးလိုက်သည့်အသံ ကြားလိုက်မှ လှမ်းကြည့်မိသည်။

"အမလေးတော်၊ ဘုရားရေ ကယ်ကြပါဦး"

ရုတ်တရက် ဘုရားသာ တနိုင်လိုက်သည်။ မြင်ကွင်းကြောင့် အမ်းပြီးအသက်ပင်မရှူနိုင်၊ ကြီးမားလိုက်သည့် ဆင်မည်းကြီးတစ်ကောင်၊ တလင်းထဲရောက်နေပြီ၊ စပါးတွေကို နှာမောင်းကြီးဖြင့် ပွေ့ယူပြီး တစ်ပွေ့ပြီးတစ်ပွေ့ ယူစားနေသည်။ အမေသိန်းလည်း ဘယ်မှ ထမပြေးတတ်၊ ပြေးလျှင်လည်း နောက်မှလိုက်နင်းသတ်ပေမည်။ မလှုပ်မယှက် အသာငြိမ်ပြီး ထိုင်ကြည့်နေမိသည်။

ဟိုင်းကြီးက စပါးများကို ဝါးစားနေရင်း အမေသိန်းငုတ်တုတ်ထိုင်နေသည့်ဘက်ကို တစ်ချက်စူးစိုက်ကြည့် လိုက်သည်။ နောက်ဆက်ပြီး စပါးတစ်ပွေ့ ထပ်ယူစားနေပြန်သည်။

"အမလေး ကုန်ပါပြီ သားကြီးရယ်၊ အမေတို့က ဆင်းရဲပါတယ်ကွယ်၊ ဒီစပါးကလေးကိုပဲ ဝမ်းစာထားရမှာ၊ အမေတို့စားဖို့လေးတော့ ချန်ထားပါဦးကွယ်"

အမေသိန်း ရင်တွေတလှပ်လှပ်တုန်ယင်နေသည့်ကြားမှ အားယူပြီး မကြားတကြား တောင်းပန်လိုက်မိသည်။ ဟိုင်းကြီးကား ကြားသွားသည်လား၊ သိသွားပြီလား မသိပေ။ နှာမောင်းကြီးကို တန်းလန်းကြီးချထားလျက် မလှုပ်မယှက် နားရွက်ကြီးက တစ်ချက်နှစ်ချက် ဖျတ်ခနဲ ဖျတ်ခနဲ ခတ်လိုက်ပြီး အမေသိန်းဘက်သို့ တွေတွေကြီးကြည့်နေသည်။ အမေသိန်းလည်း လက်အုပ်ကလေးချီလျက် ဘုရား၊ ဘုရားတရင်း မျက်တောင်မခတ် ကြောင်ငေးပြီးကြည့်နေမိသည်။ ဟိုင်းကြီးသည် နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်သည်။ "ထိုးမည့်ဆင် နောက်ခြေတစ်လှမ်းဆုတ်ပေပြီ"၊ လူသား အဘွားအို တစ်ဦးနှင့် ဟိုင်းဆင်ရိုင်းကြီး တစ်ကောင်တို့ ရင်ဆိုင်နေကြပြီ၊ ယာတဲကလေးဝန်းကျင်တစ်ခွင် တိတ်ဆိတ် ငြိမ်သက်လျက် ကယ်မည့်သူမရှိ ဘာတွေဖြစ်လာမည်နည်း။

ဟိုင်းကြီးက မလှုပ်မယှက် စိတ်က ဘယ်ခါမယုံရသော ဆင်တို့မနော မည်သို့သော စိတ်ကူးပေါက်သွားသည်မသိ၊ နှာမောင်းဖျားကို အသာခွေလျက် ဖျာပေါ်မှ စပါးတစ်ပွေ့ ပွေ့ယူလိုက်ကာ တစ်လှမ်းထပ်ဆုတ်ပြီး နောက်သို့ ပြန်လှည့်သွားလေသည်။ တင်ပါးဆုံကြီး နိမ့်တုံမြင့်တုံဖြင့် တစ်လှမ်းခြင်း ဖြည်းညင်းစွာ ကျောခိုင်းထွက်ခွာသွားနေသော ဟိုင်းကြီးကို ကြည့်နေရင်း အမေသိန်းသည် ရင်ဘတ်ပေါ် လက်ကလေးနှစ်ဖက်ယှက်တင် ဖိကပ်ထားလိုက်ပြီး သက်ပြင်း ရှည်ကြီးတစ်ချက် ရှိုက်ချလိုက်မိသည်။

"ကျေးဇူးကြီးလှပါတယ် မောင်မင်းကြီးသား ဟိုင်းကြီးရယ်၊ ဘေးကင်းပါစေကွယ်"

နံနက်စောစောက ရီဝေမှုန်ဆိုင်းနေသော ဝေဟင်ယံမှာ နေခြည်ဖြာလျက် ကြည်လင်ဝင်းပနေပေပြီ။ ဟိုင်းကြီး စားသွားသည့် စပါးတလင်းထဲက ဖျာတစ်ချပ်စာ ကွက်လပ်ကြီးနဲ့ ခြေရာကြီးတွေက အထင်းသားကျန်နေသည်။

အဘွားကို စိတ်မချ တဖွဖွနဲ့မှာပြီးမှ ထွက်သွားသော မြေးကလေးတက်ပု ပြန်ရောက်လာရင်ဖြင့် × × ×

ဘယ်လိုနားလည်ရမလဲ ဟိုင်းကြီးရယ် × × ×

မောင်ဒေါနနှင့် ရဲမြတ်ကဲကြီး

အချိန်ကာလသည် ၁၈၅၂ ခုနှစ် ဗြိတိသျှတို့ မြန်မာနိုင်ငံကို ဒုတိယအကြိမ်ကျူးကျော်တိုက်ခိုက်ပြီး မြန်မာပြည်အောက်ပိုင်း ပြည်မြို့အထက်၊ သရက်နယ်၊ အောင်လံနယ်ဒေသအထိ စနစ်တကျ သိမ်းပိုက်ထားပြီးစကာလဖြစ်ပေသည်။ ဗြိတိသျှတို့သည် မြန်မာတစ်နိုင်ငံလုံးကို ဆက်လက်သိမ်းယူတော့မည့် အရိပ်လက္ခဏာဟန်ရေးများပင် ပြနေပေပြီ။

စစ်ရှုံးစ မြန်မာတို့က စိတ်ဓာတ်လုံးဝမကျကြ။ ဗြိတိသျှအာဏာပိုင်တို့ တိုက်ရိုက်အုပ်ချုပ်ရာ မြန်မာပြည် အောက်ပိုင်းဒေသ အနှံ့အပြားတို့၌ ပြည်လုံးပွက်မျှ နယ်ချဲ့ဆန့်ကျင်ရေး ပြောက်ကျားတိုက်ပွဲများသည် ဟိုတစ်စ သည်တစ်စ မီးစပွားလျက်ရှိနေချိန်ဖြစ်သည်။

မောင်ဒေါနနှင့် ရဲမြတ်ကဲကြီး၏ ဖြစ်ရပ်ဇာတ်လမ်းသည် ထိုသို့သောနယ်ချဲ့တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဆင်နွှဲနေစဉ် တစ်စခန်းတစ်နေရာမှ စိတ်ဝင်စားဖွယ် တကယ့်ဖြစ်ရပ်မှန်တစ်ခုပင် ဖြစ်ပါသည်။

မြန်မာမင်းအဆက်ဆက်တို့သည် ဆင်ကို ယခုခေတ် သံချပ်ကာယန္တရားတပ်ကဲ့သို့ ဖွဲ့စည်းအသုံးပြုခဲ့ကြသည်။ ဆင်ကောင်ရေ ၅၀ မှ ၁၀၀ ခန့်ထိ ဆင်စုအမှုထမ်းများ ခန့်ထားပြီး အောက်မားဝန်၊ ဓနက်ပလာဆင်ဝန်၊ ဆင်မှူး၊ ဆင်ကဲ၊ ရရည်း၊ ဆင်ရံ၊

အောက်မားအမှုထမ်းများ စသည်ဖြင့် စစ်သုံးတိုက်ဆင်တော်၊ ဆင်ယဉ်တော် စသည်တို့အတွက် တောဆင်ရိုင်းများကို ဖမ်းဆီးကျူးသွင်း၍ ယဉ်ပါးအောင် ကောင်းစွာလေ့ကျင့်စေပြီး မရှိမဖြစ် ဘုရင့်ဆင်တော်အဖွဲ့ကို ဖွဲ့စည်းထားခဲ့ကြပေသည်။

သို့ရာတွင် ဗြိတိသျှတို့ သိမ်းပိုက်လိုက်သောအခါ မြန်မာဘုရင်တို့၏ စစ်ရေးစစ်ရာ၊ မင်းမှုတိုင်းပြည်ရေးရာတို့၌ အသုံးပြုခဲ့ကြသည့် အဖိုးတန်မြန်မာ့ရတနာ ဆင်ယဉ်တော်များသည် အင်္ဂလိပ်ကုန်သည်ကြီးများ၏ သစ်ထုတ်လုပ်ငန်း သတ္တုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် မတရားအသုံးချခံနေကြရလေသည်။

မောင်ဒေါနသည်လည်း ထိုအချိန်က နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဗိုလ်မြတ်ထွန်းနှင့်ဗိုလ်ခေါင်းကြီးတို့၏တပ်တွင် အမှုထမ်းရွက်နေသူ ထက်မြက်သော နယ်ချဲ့တော်လှန်ရေးတပ်သားတစ်ဦးပင်ဖြစ်သည်။ ပဲခူးဇာမရီသစ်တောကြီးများတွင် မြန်မာမင်းပိုင် အောက်မားဆင်ယဉ်တော်များကို အင်္ဂလိပ်စစ်တပ်တစ်တပ်က ဖမ်းဆီးသိမ်းပိုက်ထားခဲ့ရာ မြန်မာမင်းတို့၏ အရေးပါလှသော စစ်အင်္ဂါထဲမှ စစ်သုံးတိုက်ဆင်ကြီးများကို ပြန်လည်သိမ်းယူရန် ဗိုလ်မြတ်ထွန်းတို့က စီစဉ်ကြသည်။

ဗိုလ်ခေါင်းကြီးက ဖသမှိုဆိုသူကို အကြီးမှူးခန့်လျက် သွက်လက်ဖျတ်လတ်သော စစ်သည်နှစ်ဦးကိုထည့်ပေးသည်။ ဗိုလ်မြတ်ထွန်းက မောင်ဒေါန၏ စွမ်းရည်သတ္တိကို ကောင်းစွာသိရှိသဖြင့် မောင်ဒေါနတစ်ဦးကိုပါ လိုက်ပါစေရန် အထူးရွေးချယ်တာဝန်ပေးအပ်သည်။ တစ်ဖက်ရန်သူစခန်းထဲမှ လုံခြုံရေးအစောင့်အရှောက်ဖြင့် ဆင်ဝိုင်းထဲက ဆင်ကို ထုတ်ယူဖို့ဆိုသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပေ။

ဗိုလ်မြတ်ထွန်းတို့၏ တော်လှန်ရေးတပ်စခန်းနှင့် အင်္ဂလိပ်တို့၏ ဇာမရီသစ်တောတွင်း ဆင်ဝိုင်းစခန်းသည် နှစ်ညအိပ်သွားမှ ရွှေလောင်းကိုယ်တူခွဲကိုရောက်ကာ ခေတ္တစခန်းချပြီး ကင်းထောက်စေလွှတ်ရသည်။ သတင်းအရ ရေယဉ်မ ဆင်မတော်၏သားများဖြစ်ကြောင်း၊ မိလေးလေးနှင့် မိလေးကြီး၊ ဆင်ထီးကြီးများမှာ တိုက်ဆင်ကြီး ငချစ်ခိုင်နှင့်ဝင်း ဆင်တော်ရဲမြတ်ကဲကြီးတို့ဖြစ်သည်။ အားလုံး ပဲခူးရွှေမော်ဓောတိုက်ပွဲဝင်ဆင်များဖြစ်ကြောင်း၊ သို့သော် စုံစမ်းသူက မည်သည့်ဆင်က မည်သူဖြစ်ကြောင်းကိုတော့ ခွဲခြားမသိခဲ့ကြောင်း သတင်းစကားပို့လာသည်။ ထိုသတင်းကို နားကြားလိုက်နှင့် မောင်ဒေါနသည် ခေါင်းထဲတွင် မူးဝေနောက်ကျသွားခဲ့သည်။ သည်လိုနာမည်တွေ ကြားဖူးသလိုရှိသည်။ သို့သော် ဘာကိုမျှ စဉ်းစား၍မရချေ။ စိတ်လှုပ်ရှားလွန်း၍ အိပ်မပျော်နိုင်ပေ။ ချက်ချင်းပင် ရန်သူစခန်းသို့ ဆက်လက်ခြီတက်ဝင်ရောက်ရန် ဆုံးဖြတ်လိုက်သည်။

စစ်သည်သုံးဦးတို့သည် နေဝင်ဆည်းဆာ မှောင်ရီတကြောအချိန်ကတည်းကပင် ရန်သူဆင်ဝိုင်းစခန်းကြီးအနီး၌ ကင်းပုန်းဝပ်ချဉ်းကပ်နေကြပေပြီ။ မိုးဦးကျစကာလ လမိုက်ညဉ့် မိုးကဖွဲဖွဲစကျနေသည်။ တစ်ချက်တစ်ချက် လျှပ်စီးက ဝင်းခနဲလက်လိုက်စဉ် ဆင်ဝိုင်းထဲသို့ မြင်နေရသည်။ အစောင့်ဆင်သမားတစ်ဦးစ နှစ်ဦးစက မီးပုံကြီးထဲသို့ ထင်းကိုင်းများ ပစ်ထည့်နေသည်။ ကုလားစစ်သားအစောင့်တစ်ဦးက ပေါင်ခြံကြား သေနတ် ထည့်ထိုင်လျက် အိပ်ငိုက်နေပေပြီ။

ဆင်ထီးကြီးတစ်ကောင်ကို အခြားဆင်များနှင့် ရောမထားဘဲ သီးခြားသစ်ပင်တစ်ပင်တွင် ထူးခတ်ချည်နှောင်ထားသည်ကို မှုန်ဝါးဝါးတွေ့မြင်ရသည်။ ထိုဆင်ကြီးသည်ကား ဘုရင့်တိုက်ဆင်ကြီးဖြစ်နိုင်သည်ကို မောင်ဒေါန ကောင်းစွာခန့်မှန်းနိုင်လိုက်သည်။ အမည်ကိုသာ သံသယစိတ်ဖြစ်နေသေးသည်။ သို့သော် ကိစ္စမရှိ၊ အနီးကပ်ပြီး ခေါ်ကြည့်မည်။ သူအသံ၊ သူအမိန့်၊ လေ့ကျင့်ပြီးသားဆင်ဖြစ်လျှင် သူခေါ်ရာသို့ လိုက်ပါမည်သာဖြစ်သည်။ သို့မဟုတ်လျှင် အသက်အန္တရာယ်နီးလှပေသည်။

ဘုရင့်ဆင်တော်များသည် မြန်မာလူမျိုးစစ်စစ် ဆင်ဦးစီး၊ ဆင်ထိန်းရရည်း၊ ဆင်ရံများ မြန်မာစစ်သည်တော် မင်းညီမင်းသားများနှင့်သာ တိုက်ပွဲများ၊ လေ့ကျင့်ပွဲများ အရေးအရာများကို ကာလရှည်ကြာစွာ အမှုထမ်းရွက်ခဲ့ကြသော ဆင်တော်များ ဖြစ်ပေသည်။ ယခုမူ အင်္ဂလိပ်တို့လက်ဝယ်၌ ကရင်လူမျိုး၊ ဇဗိန်းလူမျိုး၊ အောက်ပြည်ရွာသား သစ်ထုတ်သမားများနှင့် ချွန်းအုပ်၊ ချွန်းပေါက်ပြီး ခိုင်းစေသမျှ လုပ်ကိုင်နေကြရသော်လည်း အမိန့်ပေးသံ၊ ဆက်ဆံခေါ်ပြောသံတို့ကား စိမ်းနေမည်သာဖြစ်သည်။ အမည်များကိုလည်း အသစ်ထပ်မှည့်ခေါ်နေကြသည်။ ဆင်ယဉ်တို့၏ အသိဉာဏ်တစ်ခုမှာ ဆင်ဦးစီး၏ ချွန်းအုပ်ဖြင့် ခိုင်းစေသမျှကို လုပ်ကိုင်ပေးတတ်သော သဘောရှိသည်။ သခင်အစစ်အမှန် အတုကိုတော့ ကောင်းစွာခွဲခြားနားလည်လေ့ရှိသည်။ လူအမည်ကိုသာ တစ်နာမည်မှ တစ်နာမည် ပြောင်း၍ရချေမည်။ ဆင်တို့ကို စတင်လေ့ကျင့်ယဉ်ပါးစဉ်က မှည့်ခေါ်ခဲ့သော အမည်ကိုကား ပြောင်းလဲခေါ်၍ မရနိုင်ပေ။ အမှတ်သညာ အလွန်ခိုင်မာကြသည်။

မောင်ဒေါနက စစ်သည်နှစ်ဦးကို နောက်ချန်ထားခဲ့ပြီး တစ်ဦးတည်း ဆင်ဝိုင်းစခန်းထဲသို့ဝင်သည်။ ဆင်ထီးကြီး အနီးသို့ အသာကပ်သွားကြည့်သည်။ တောဌက်ပျော်တုံးများ၊ သစ်ရွက်များ၊ ကြံဆစ်ကြံချောင်းများ ပုံကျွေးထားသည်။ ဆင်ကြီးက ဆွဲစားလိုက်၊ နှာမောင်းကြီးအပေါ်ထောင်လိုက်၊ မြှောက်လိုက် ကျော်ပေါ်ကို သစ်ရွက်များ မှုတ်တင်လိုက် ထူးလွတ်သော ခြေထောက်တစ်ဖက်ကို မြှောက်လိုက်ချလိုက်ဖြင့် နားရွက်ကြီး တဖျပ်ဖျပ် ခတ်လျက် မအိပ်သေးပေ။ အစောင့်များသည်ကား အိပ်မောကျနေကြပေပြီ။

မောင်ဒေါနက တိတ်ဆိတ်ငြိမ်သက်နေသည့် ညအမှောင်ထုကို အကာအကွယ်ယူကာ ဆင်ကြီး၏နောက်ခြေအနီးသို့ ကပ်လိုက်သည်။ နောက်ချန်ကြည့်နေသူ စစ်သည်တို့က အသက်ပင် ပြင်းပြင်းမရှူရဲကြ။ ခပ်လှမ်းလှမ်းမှသာ ရင်တမမ စောင့်ကြည့်နေကြသည်။

ဆင်ကြီးသည် အနားကပ်လိုက်မှန်းသိလိုက်သည်နှင့် ရန်သူကိုချေမှုန်းရန် ထူးလွတ်နေသော ခြေတစ်ဖက်ကို မြှောက်လိုက်ပြီး နင်းချေမည့်ဟန်ပြင်လိုက်သည်။ သို့သော် ရုတ်ခြည်းပင် ဆင်ကြီး၏ခြေထောက်ခွာကြီးက မြေကြီးပေါ်သို့ အသာပြန်ချလိုက်သည်။ နှာမောင်းကြီးက ဝေ့ကာယမ်းကာဖြင့် တရှုံ့ရှုံ့လုပ်နေသည်။ အမှန်တော့ မောင်ဒေါန၏ လူကိုယ်နံ့ကို ခံနေခြင်းဖြစ်ပေသည်။ ထိုအချိန် လျှပ်စီးတစ်ချက်က ဝင်းခနဲလင်းလိုက်သဖြင့် ဆင်ကြီး၏ မျက်နှာနှင့် ဝင်းလက်သော မျက်လုံးအစုံကို မောင်ဒေါန ကောင်းစွာမြင်လိုက်ရပြီးနောက် . . .

"ရဲမြတ်ကဲကြီး" ဟူ၍ အသံခပ်အုပ်အုပ် ခေါ်ကြည့်လိုက်သည်။ ဆင်ကြီးက နားရွက်မခတ် တွေ့၍ငြိမ်နေသေးသည်။ နောက်တစ်ခွန်း အသံကိုအနည်းငယ်မြှင့်၍ "ရဲမြတ်ကဲကြီး" ဟု ခေါ်လိုက်သောအခါ ဆင်ကြီးသည် မောင်ဒေါနဘက်သို့ ချက်ချင်းဦးကင်းလှည့်လိုက်ကာ နားရွက်ကြီးတဖျပ်ဖျပ်ခတ်လျက် အမြီးတယမ်းယမ်းဖြင့် ဦးခေါင်းကြီးကို ညိတ်ကာညိတ်ကာဖြင့် သူနားလည်သဘောပေါက်သွားဟန် ပြလေသည်။ အကင်းပါးလှသော မောင်ဒေါနက ချက်ချင်း ဆင်ကြီး၏ ထူးကိုဖြုတ်လိုက်သည်။ နားရွက်ကိုအသာဆွဲ၊ ဦးကင်းကိုနှိမ့်ချလိုက်ကာ စွေ့ခနဲ ဆင်ကုပ်ပိုးပေါ်သို့ ခုန်တက်လိုက်သည်။ ခွန်းမပါ ခြေဖျားဖြင့် နားရွက်အကြားအသာတို့ကာ တို့ကာဖြင့် ခေါ်ထုတ်ခဲ့ရာ ဆင်ကြီးသည် မောင်ဒေါန လမ်းညွှန်ဦးတည်ရသည့်အတိုင်း ရွှင်လန်းတက်ကြွဖျတ်လတ်စွာ ကောက်ကောက်ပါအောင် လိုက်ပါလာခဲ့တော့သည်။ ရန်သူစခန်းမှ လွတ်မြောက်အောင် ခပ်သုတ်သုတ်မောင်းလာခဲ့ရာ အဖော်စစ်သည်နှစ်ဦးလည်း ရင်သပ်ရှုမောကြည့်ရှု ရာက အပြေးလိုက်ပါလာခဲ့ကြရပါတော့သည်။

မောင်ဒေါနတို့အဖွဲ့သည် နှစ်ညအိပ် တစ်မနက်မိုးလင်းသည်နှင့် ယာယီတပ်စခန်းသို့ အောင်မြင်စွာ ရောက်ရှိခဲ့သည်။ တပ်စခန်းတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဝမ်းပန်းတသာ ကြိုဆိုကြသည်။ တော်လှန်ရေးရဲဘော်များ ဆင်အမှုထမ်းဟောင်းတို့က ဝိုင်းဝန်းကြည့်ရှုလာကြရာ ရဲမြတ်ကဲကြီးသည် ရုတ်တရက် အနီးကပ်မခံ ကိုယ်ခန္ဓာကြီးကို ဟိုလှည့်သည်လှည့်ဖြင့် မျက်စိအလစ်မပေး၊ ရှူးရှူးရဲရဲဖြင့် ရန်မူဟန်ပေကတ်ကတ်လုပ်နေသေးသည်။ မကြာလှပါ။ အနှံ့ခံကောင်းသော ဗီဇကြောင့် အမြီးလေးယမ်းကာ ယမ်းကာဖြင့် နားရွက်တဖျပ်ဖျပ် ခတ်လာတော့သည်။ ဆင်အမှုထမ်းတို့က "ရဲမြတ်ကဲကြီး" "တို့သားကြီးကွ" ဟု ခေါ်လျက် နှာမောင်း၊ မေးရိုး၊ လည်ပင်း၊ နံဘေးမှအစ တင်ပါးအားလုံး ကိုယ်အနှံ့

ဝိုင်းဝန်းပွတ်သပ်ကိုင်တွယ် ယုယပေးကြရင်း "ရဲမြတ်ကဲ၊ ရဲမြတ်ကဲ၊ တို့ဖေ့သားကြီး ပြန်ရောက်လာပြီကွ" ဟု ကြွေးကြော်ကြလျက် ထိုနေ့ည မောင်ဒေါနနှင့် ရဲမြတ်ကဲကြီးတို့ ဂုဏ်ပြုအောင်ပွဲ ခြိမ့်ခြိမ့်သဲလေတော့သည်။

မြန်မာ့သစ်တောမှတ်တမ်းဝင်ဆင်ကြီး ဗန္ဓုလ

မြန်မာ့သမိုင်းတွင် လက်ရုံးရည်၊ နှလုံးရည်၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံခဲ့သော သမိုင်းဝင် စစ်ခေါင်းဆောင် စစ်သူကြီးမဟာဗန္ဓုလသည် အလွန်ထင်ရှားခဲ့ပါ၏။ "လူဗန္ဓု မြို့ခနု" ဆိုခဲ့ကြ၏။ ရဲရင့်မှု၊ သတ္တိရှိမှုဆိုလျှင် ဗန္ဓုလသွေးကွဟု ရဲမာန်စိတ်သွင်း ရင်ကိုကော့၏။

စစ်သူကြီး မဟာဗန္ဓုလသည်ကား အထက်ချင်းတွင်းခရိုင် ငပယင်းရွာ ဆင်းရဲသား မျိုးနွယ်ဇာတိဖွား "မောင်ရစ်" မှသည် "အင်းဝပြည့်ရှင် ဘကြီးတော်" ၏ မင်းမှုထမ်းဘဝ၌ မိမိစွမ်းရည်သတ္တိအပေါ် ယုံကြည်မှုရှိခြင်း၊ လုံ့လ၊ ဝီရိယရှိခြင်း၊ ဇွဲသတ္တိနှင့် ပြည့်စုံခြင်း တို့ကြောင့် "မဟာဗန္ဓုလ" ဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်သည်။ ၁၈၂၁ ခုနှစ်မှစ၍ မဟာဗန္ဓုလ၏ စွမ်းဆောင်ရည်တို့သည် အံ့မခန်းကျော်ကြားခဲ့သည်။ အမရပူရမှ မိုင်ပေါင်း ၁၁၀၀ ကျော် ဝေးလံသည့် အာသံပြည် "ဇူရဟတ်" အထိ အမြင့်ပေပေါင်း ၄၀၀၀ မှ ၅၀၀၀ ကျော် မြင့်မားမတ်စောက်သော တောင်တန်းကြီးများကို ကျော်ဖြတ်လျက် စစ်ချီတိုက်ခိုက် အောင်မြင်ခဲ့ခြင်းကြောင့် "မဟာဗန္ဓုလ သေနက" မှသည် "နေကျသီးသန့်ဝန်ကြီး" ဖြစ်လာခဲ့သည်။

၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲစတင်ခဲ့ရာ စစ်တကောင်းအထိ ချီတက်ပြီး အင်္ဂလိပ်စစ်တပ်ကြီးကို ချေမှုန်းနိုင်သည်။ ထို့နောက် လူသူအင်အား တစ်သောင်းကျော်၊ ဆင်ကောင်ရေ ၅၀၊ မြင်းကောင်ရေ ၅၀၀ တို့ကို ကွပ်ကဲပြီး မိုးတွင်းကာလကြီး၌ပင် "ပန်းဝါ" မှ ရခိုင်ရိုးမကြီးကိုကျော်ဖြတ်၍ အင်းဝနေပြည်တော်သို့ ရက်တိုတိုနှင့် အောင်မြင်စွာ ချီတက်နိုင်ခဲ့သဖြင့် "သတိုးသုဓမ္မ မဟာဗန္ဓုလ" ဘွဲ့ရရှိ၍ စစ်သူကြီး အစီးအနင်းတို့ဖြင့် စစ်တကောင်းမြို့ကို အပိုင်စားရခဲ့၏။

စစ်တကောင်းမှ ရန်ကုန်အထိ တပ်မဟာကြီးကို ဦးစီးပြီး ရွှေတိဂုံဘုရားကုန်းတော်ပေါ်တွင် ရိုင်းပျစော်ကားစွာ တပ်စွဲနေသော အင်္ဂလိပ်စစ်တပ်ကြီးကို စီးနင်းတိုက်ခိုက်သည်။ လက်နက်အင်အား လူအင်အားချင်းမမျှ၍ ဓနုဖြူမြို့သို့ တပ်ဖျောက်ဆုတ်ခွာပြီး "လှေခွက် ချည်းကျန် အလံမလဲရော" ဟု ကြွေးကြော်လျက် မြို့ရိုး၊ ခံတပ်ကြီးများ အချိန်ယူတည်ဆောက်ပြီး ရွှပ်ရွှပ်ခွံခွံ ပြန်လည်တိုက်ခိုက်ရင်း "ရွှေရောင်ပြဘုရား" အနီး တိုက်ပွဲတွင် ရန်သူ၏ ဗုံးကျည်ထိမှန်ပြီး အမိန့်ငင်အတွက် အသက်ပေးဆပ်သွားခဲ့ပေသည်။

သစ်တောသစ်ထုတ်ရေးလောကၦ “ဗန္ဓုလ” အမည်ရ ဆင်စွမ်းကောင်းကြီးသည်လည်း ရဲစွမ်းသတ္တိနှင့် ဉာဏ်၏စွမ်းရည်၊ ကာယခွန်အား၏စွမ်းရည်ရှိမှုနှင့် သစ္စာရှိမှုတို့ကြောင့် ဂုဏ်သတင်းကျော်ကြားခဲ့ပါ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလ ၂၇ နှစ်ကြာ အမှုထမ်းရွက်ခဲ့သော ဗြိတိသျှစစ်တပ်မှ ဒုတိယဗိုလ်မှူးကြီး Lt. Col. J.H. Williams က ဆင်ဗန္ဓုလကို ကောင်းစွာမှတ်တမ်းတင်ခဲ့ပေသည်။ J.H.Williams သည် ၁၉၂၁ ခုနှစ်မှ ဒုတိယကမ္ဘာစစ် ပြီးဆုံးသည်အထိ “ဘုံဘောဘားမား သစ်ကုမ္ပဏီ” တွင် ဆင်များနှင့်အတူ ဘဝကိုမြုပ်နှံရင်း ဆင်များအပေါ် အလွန်ချစ်ခင် သံယောဇဉ်ကြီးမားစွာ အုပ်ထိန်းသွားခဲ့သူ ဖြစ်ပေသည်။

ဂျပန်တို့၏ စစ်ဆင်ရေး ပြင်းပြင်းထန်ထန် ဆင်နွှဲနေချိန် “ခွာစစ်” ၏ အနိဋ္ဌာရုံဂရဲခန်းများကို သူချစ်သော ဆင်စွမ်းကောင်းကြီး ဗန္ဓုလနှင့်အတူ ဖြတ်ကျော်ခဲ့သည်။ ဆင်ဦးစီးများ၊ လက်နက်ကိုင် ကရင်လူမျိုးများ၊ စစ်ပြေးဒုက္ခသည် အမျိုးသမီးများ၊ ကလေးများအပါအဝင် လူပေါင်း ၂၀၀ ခန့်နှင့် ဗန္ဓုလဦးဆောင်သော ဆင် ၄၅ ကောင်နှင့်အတူ အန္တရာယ်ပေါင်း အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ခဲ့ရလေသည်။

မြန်မာပြည်အနောက်မြောက်ပိုင်း “အင်ဖော” လွင်ပြင် အနောက်ဘက်တောင်တန်းများကို ဖြတ်ကျော်ရာ ခွာစစ်လမ်းကြောင်းသည် “ဆာမာချိုင့်ဝှမ်း” (Sama Valley) မှတစ်ဆင့် အိုင်ရင်းမြစ် (Iring River) စခန်းတစ်ထောက်နားပြီး “လမ်ဒိန်း ဆီလိယက် (Luding Sylyet) တောလမ်းအတိုင်း ဆုတ်ခွာရသည်။ ဆာမာချိုင့်ဝှမ်းကြီးမှစ၍ အမြင့်ပေ ၅၀၀၀ ကျော်ထိ မြင့်မားမတ်စောက်သော တောင်တန်းကြီးများကို ဖြတ်ကျော်ရ၏။

ဆင်များသည် လူပေါင်း ၂၀၀ ကျော်၏ စားရေရိက္ခာ ဝန်စည်စလှယ်များကို မိုင်ပေါင်းများစွာ သယ်ပိုးရသည်။ ခရီးကြမ်းတွင် အမျိုးသမီးများ၊ ကလေးများ၊ လူနာများကိုလည်း မဖြစ်မနေ ထမ်းပိုးသယ်ဆောင်လာရသည့်အခါ ဝန်နှင့်အားမမျှတော့ဘဲ ဆင်ကောင်ကြီးများပင်လျှင် အားအင်ကုန်ခန်း ချည့်နဲ့လာခဲ့ပေသည်။ သတ္တိကောင်းလှသော ဆင်ခေါင်းဆောင်ကြီးဗန္ဓုလသည်သာ ဟန်မောင်းမပျက် ဦးဆောင်ချီတက်နိုင်၍သာ စစ်ဘေးဒုက္ခသည်များ၏ “ခွာစစ်” သည် ခရီးဆက်နိုင်ခဲ့ကြ၏။

အချုပ်အားဖြင့်ဆိုရပါမူ ဂျပန်တို့၏ ဗုံးကျည်များကို ရှောင်တိမ်းရင်း လမ်းမရှိ လမ်းမသိ၊ နက်ရှိုင်းသော သစ်တောဝါးတောကြီးများအတွင်း အမြင့်ပေ ၅၀၀၀ ကျော် ၁၀၀၀၀ နီးပါး တောင်တန်းကြီးများကို ဖြတ်ကျော်ချီတက်နိုင်ခြင်းသည် ဆင်စွမ်းကောင်းကြီး ဗန္ဓုလ၏ နောက်လိုက်ဆင်များကို ဦးဆောင်ခေါ်သွားနိုင်ခြင်းကြောင့်ဖြစ်သည်။ ဆင်တို့၏ သဘာဝသည် ဆင်ခေါင်းဆောင်၏ ဦးဆောင်မှုနောက်ကို တစ်သဝေမတိမ်း လိုက်ပါလေ့ရှိကြသည်။

J.H.Williams သည် ဆင်စွမ်းကောင်းဗန္ဓုလကို ထိုက်ထိုက်တန်တန် မှတ်တမ်းပြုခဲ့ကြပေသည်။ ဆင်ချစ်သူ J.H.Williams ၏ ဆင်များအပေါ် အလေးထား ဂရုစိုက်မှုမှာလည်း လေးစားဂုဏ်ယူလောက်ပါသည်။

သို့ကြောင့်လည်း "ဗိုလ်ချုပ်မျူးကြီး ဖီးမာရှယ် ဆာဝီလီယံဆင်း" က ဗြိတိသျှတပ်များ မြန်မာနိုင်ငံအပေါ် ခီျစစ်၊ ခွာစစ် စစ်ကြောင်းကြီးများတွင် ဆင်များ၊ ဆင်ဦးစီးများအား စနစ်တကျ စီမံအုပ်ချုပ်ကွပ်ကဲနိုင်သော Elephant Bill ကဲ့သို့သော ပုဂ္ဂိုလ်များမရှိလျှင်၊ မပါဝင်လျှင် ဆင်တပ်ခွဲများလည်း ရှိလာနိုင်မည် မဟုတ်ကြောင်း၊ အောင်မြင်မှုများလည်း မရှိနိုင်ကြောင်း၊ အမှတ် (၁၄) တပ်တော်ကြီး၏ ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားသော ဆင်တပ်ခွဲမှ ဆင်များနှင့် ဆင်ဦးစီးဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Efficiency) အတွက် ဗြိတိသျှတို့က များစွာဂုဏ်ယူလျက်ရှိကြကြောင်း၊ J.H.Williams ၏ မှတ်တမ်းက သက်သေခံနေလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပေသည်။

J.H.Williams ၏ ကိုယ်တွေ့မှတ်တမ်း Elephant Bill နှင့်အတူ မြန်မာမှာသာမက တိုင်းတစ်ပါးသားများကပင် ချီးကျူးဂုဏ်ယူ မှတ်တမ်းပြုခြင်းခံရသော ဆင်ကြီး "ဗန္ဓုလ" ၏ ကိုယ်ရေးမှတ်တမ်းကိုလည်း သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့၏ သစ်တော၊ သစ်ထုတ်သမိုင်းတွင် ဆင်နှင့်ပတ်သက်လာလျှင် စံပြုရမည့် ဌာနလက်စွဲ မှတ်တမ်းအဖြစ် ထားရှိရမည် ဖြစ်ပေသည်။

ဗန္ဓုလ
(အမှတ် - အက်စ်ကေ - ၈၉၅)

၁၈၉၇ နို့ဝင်ဘာလတွင် မွေးဖွားသည်။

၁၉၀၃ အလုပ်သင်လေ့ကျင့်၊ တင်ပါးနှစ်ဖက်စီ တံဆိပ် ခတ်နှိပ်မှတ်သား၊

၁၉၀၄-၁၉၁၇ ဝန်တင်ဆင်၊ ပေါ့ပါးလုပ်ငန်းဆင်အဖြစ် တာဝန်ထမ်းဆောင်၊

၁၉၁၈-၁၉၂၁ မူးမြစ်အတွင်းမှ သဲဖို့နေသောသစ်လုံးများ တူးဖော်ဆွဲထုတ်ရသည်။

၁၉၂၂ ဂန့်ဂေါသစ်ထုတ်လုပ်ရေးနယ်သို့ ပြောင်းရွှေ့ရသည်။

၁၉၂၃-၁၉၃၁ အောင်ကျော်စခန်း၌ အလုပ်လုပ်ရသည်။ တောဆင်ရိုင်းကြီးတစ်ကောင်နှင့် တိုက်ခိုက်ရာ ဒဏ်ရာရ၍ တစ်နှစ်ခန့် အနားပေးထားရသည်။

၁၉၃၃ အထက်ချင်းတွင်းဒေသ၊ ကင်းတပ်သစ်တောနယ်သို့ ပြောင်းရွှေ့ပြီး မောင်ဖိုးတုတ်၏ ဆင်စခန်း၌ သစ်ထုတ်လုပ်ငန်း လုပ်ကိုင်သည်။

၁၉၃၄-၁၉၄၁ ထိပ်တန်းစံပြဆင်ကြီးစာရင်းဝင်သည်၊ မှတ်တမ်းတင်ခြင်းခံရသည်။

၁၉၄၂ ဇန်နဝါရီမှ ဧပြီလ အင်္ဂလိပ်တို့မဆုတ်ခွာမီ ကလေးဝန့်ငှ် ကလေးမြို့တွင် အလုပ်လုပ်ရသည်။ မေလမှ အောက်တိုဘာလထိ ခြောက်လအကြာ "ဝီတုတ်" ရွာနေ ဆင်ဦးစီးမောင်ဖိုးတုတ်က "ကဘော် ချိုင့်ဝှမ်း" ချောင်းလက်တက်နေရာတွင် ဂျပန်များမတွေ့နိုင်အောင် ဝှက်ထားရသည်။

နိုဝင်ဘာလတွင် J.H. Williams ထံ ပြန်ရောက်ရှိသည်။ ဗြိတိသျှ အမှတ် (၁၄) တပ်၏ အမှတ် (၁) ဆင်တပ်ခွဲအတွက် "အမြဲတေတိရစ္ဆာန်" ဟူ၍ မှတ်တမ်းသွင်းသည်။ စစ်သုံးတံတားများ တည်ဆောက်ရေးတွင် များစွာအသုံးချခဲ့ရသည်။ တောတွင်းမှ သစ်လုံးများဆွဲထုတ်ရ၏။

၁၉၄၃ မတ်လမှ နိုဝင်ဘာလထိ တမူးအနီး ဆင်စခန်းချနေထိုင်ပြီး သစ်ဆွဲသစ်ထုတ်လုပ်ရသည်။

၁၉၄၄ ဧပြီလ-မေလ ကံချောင်းရွာမှ အာသံပြည်နယ် တောင်တန်းများမှတစ်ဆင့် "ဘာဘာဒန်ဒေသ" အထိ ဦးဆောင်ဆင်ကြိုးအဖြစ် နောက်လိုက်ဆင်များကို ခေါင်းဆောင်ချီတက်သည်။

မိုးကျသွား၍ ဇွန်လမှ အောက်တိုဘာလထိ အာသံပြည်နယ် "ဆာမာချိုင့်ဝှမ်း" တွင် နားနေရသည်။ ထိုနယ်တွင် ဗန္ဓုလသည် တစ်ရက်၌ ရုတ်တရက်ပျောက်သွားခဲ့ရာ ပြန်တွေ့သည့်အခါ၌ ခြံတစ်ခြံတွင် နာနတ်သီး အလုံး ၉၀၀ ခန့် ဝင်စားခဲ့ရာမှ လေအောင့်ဝေဒနာဖြစ်၍ ဆေးကုသ ပျောက်ကင်းရပြန်သည်။

၁၉၄၅ သစ်စက်များတွင် တွဲဖက်ပေးထားခြင်းခံရသည်။ စစ်တပ်များအတွက် လှေများတည်ဆောက်ရာ၌ ကျွန်းသစ်လုံးပေါင်း များစွာဆွဲပေးရသည်။

ဗန္ဓုလ၏နိဂုံး မတ်လ (၈) ရက်နေ့တွင် "ဝီတုတ်ရွာ" အနီး၌ သေနတ်သမားတစ်ဦး၏ လက်ချက်ဖြင့် ပစ်သတ်ခံရကာ ဘဝကို အဆုံးသတ်ခဲ့ရရှာသည်။

C C C C C

အခန်း (၁၁)

တိုက်ကြီးမြို့နယ်အတွင်း ဧတာဆင်ရိုင်းများ ကျက်စားနေထိုင်မှု အခြေအနေ (၂၀၁၈ ခုနှစ် ဧပြီဖော်ဝါရီလအထိ)

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ နောက်ပိုင်းတွင် သစ်တောဌာန၏ ၂၀၀၅-၂၀၀၆ ခုနှစ် ကျွန်းအထူး စိုက်ခင်းဧက ၂၀၀ စိုက်ကွက် အနောက်မြောက်ဘက် တစ်မိုင်အကွာ ဝါးတောထဲတွင် တောဆင်ရိုင်းအုပ်တစ်အုပ် ဝင်ရောက်နေထိုင်လျက်ရှိသည်။ အောက်တိုဘာလ ၂ ရက်နေ့ည ဖလုံ-ကွမ်းသီးမြောင် သစ်ထုတ်ရေးလမ်းမကြီးဘေးရှိ အောင်ချမ်းသာရွာထဲသို့ ဝင်ရောက်ပြီး လူနေတဲတစ်လုံးနှင့် ကလောစိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီးသည်။

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့ ည ၁၀ နာရီအချိန်တွင် တောဆင်ရိုင်း အကောင် ၃၀ ခန့်အုပ်သည် ဖလုံကံကုန်းကျေးရွာအုပ်စု အောင်ချမ်းသာရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ ကဒက်ကုန်းရွာငယ်အနီးရောက်လာပြီး ဒေါ်လှရီ၏စပါးခင်းကို ဝင်စားရာ တလင်းနယ်ပြီး ပုံထားသောစပါးတင်း ၂၀ ခန့် ဆုံးရှုံးသွားသည်။ ထိုည၌ပင် လူနေတဲငါးလုံးကို ဖျက်ဆီးသွားသည်။ နိုဝင်ဘာ ၁၃ ရက်ညတွင် အောင်ချမ်းသာရွာ၏ မြောက်ဘက် တစ်မိုင်ကွာ စလူစမ်းချောင်းဘက်ရောက်လာပြီး ချောင်းကမ်းဘေး၌ ယာလုပ်သူ အဘဦးကြည်၏သား ကိုအောင်မိုး (၄၆) နှစ်ကို တိုက်ခိုက်သတ်ဖြတ်သွားသည်။ တစ်ဆက်တည်းပင် ကျွန်းစိုက်ခင်းအတွင်းရှိ သစ်တောဌာနပိုင်အိမ်တစ်လုံးကို ဖျက်ဆီးသည်။ တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနက အထက်အဆင့်ဆင့်သို့ ဖြစ်စဉ်များ သတင်းပို့အစီရင်ခံခဲ့သည်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှ ၁၆ ရက်နေ့ထိ တစ်ကြိမ်နှင့် ၂၆ ရက်နေ့တွင် တစ်ကြိမ် ဖလုံရွာအရှေ့ဘက် ကြံစိုက်ခင်းစီမံကိန်း ဧရိယာများဖြစ်သည့် သပြုစိုက်ခင်း

ဖော်ကျူးစိုက်ကွက် ပန်းပင်တန်းစိုက်ကွင်းများတွင် တောဆင်ရိုင်းအကောင် ၂၀ အုပ်တစ်အုပ်သည် ကြံစိုက်ခင်းများကို ဝင်ရောက်စားသောက် ဖျက်ဆီးနေသဖြင့် ဦးပိုင်လိမိတက်၊ ဥက္ကံ၊ ကြံစိုက်ပျိုးရေး စီမံကိန်းမှ အထွေထွေမန်နေဂျာ ဗိုလ်မှူးစောလှမြင့် (ငြိမ်း) က တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနသို့ ၂၈-၉-၂၀၀၇ ရက်စွဲပါ စာအမှတ် ဦးပိုင်၊ ဥက္ကံ၊ ကြံစိုက်ပျိုးရေး၊ ၂၀၀၇/၇၇ အရတောဆင်များ ဝေးရာသို့ မောင်းနှင်ထုတ်ရေးအတွက် တင်ပြသတင်းပို့ခဲ့သည်။

တောဆင်ရိုင်းများ၏ တိုက်ခိုက်သတ်ဖြတ်မှုကြောင့် လူသေဆုံးရသည့် မှတ်တမ်းများအရ ၁၉၉၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်း ၅၁ ဦး ရှိနေပြီဖြစ်သည်။

သို့ဖြစ်၍ သစ်တောရေးရာဝန်ကြီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲက "လူနှင့် တောဆင်ရိုင်းများ ပဋိပက္ခ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်" ရေးဆွဲကာ အထူးတာဝန်၊ ဝန်ထမ်းများ ဖွဲ့စည်း ဆောင်ရွက်ကြရသည်။ ထို့ပြင် အလောင်းတော်ကဿဖ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး အခြေစိုက်၍ ဆင်နှင့်လူတို့၏ ပြဿနာအခြေအနေများကို ဆန်းစစ်လေ့လာ စူးစမ်းရေးအတွက်၊ SI (Smithsonian Institution) နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး ပြဿနာအများဆုံး ဖြစ်ပွားလေ့ရှိသော ဒေသများတွင် လေ့လာစူးစမ်းရေး စီမံချက်များ ရေးဆွဲ ဆောင်ရွက်ကြပေသည်။

ထို့အပြင် လူနှင့်တောဆင်များ ပဋိပက္ခဖြစ်ပွားရာ တိုက်ကြီးမြို့နယ်အပါအဝင် ဒေသကြီးလေးခု နယ်မြေတွင် တောဆင်ရိုင်းကောင်ရေ ၁၀၃ ကောင်ကို ၂၀၀၈ ခုနှစ်အတွင်း ဖမ်းဆီးသွားရန် ၁၉၉၆ ခုနှစ်ကကဲ့သို့ သစ်တောဦးစီးဌာန က လိုင်စင်များချမှတ်ပြီး ခွင့်ပြုပေးခဲ့သည်။ ရန်ကုန်တိုင်း အုပ်ချုပ်ရေးဒေသ၏ သစ်ထုတ်ရေးဒေသများဖြစ်သော သာယာဝတီနှင့် ပဲခူး (တောင်ပိုင်း) ဒေသတွင် ဌာနဆိုင်ရာ မေ့ဆေးစနစ်နှင့် ပုဂ္ဂလိက ဆင်ကျူးစနစ်ဖြင့် တောဆင် ၃၉ ကောင် ပဲခူးတိုင်း (အနောက်ပိုင်း) အုပ်ချုပ်ရေးဒေသ၊ သာယာဝတီသစ်ထုတ်ရေးဒေသတွင် ဌာနဆိုင်ရာ မေ့ဆေးစနစ်၊ ပုဂ္ဂလိက ဆင်ကျူးစနစ်ဖြင့် တောဆင် ၁၉ ကောင်၊ ပဲခူးတိုင်း (အရှေ့ပိုင်း) အုပ်ချုပ်ရေးဒေသ၊ ပဲခူး (တောင်ပိုင်း) သစ်ထုတ်ရေးဒေသတွင် ပုဂ္ဂလိကကျူးစနစ်ဖြင့် တောဆင် ၁၅ ကောင်၊ မန္တလေးတိုင်း

အုပ်ချုပ်ရေးဒေသ၊ ပြင်ဦးလွင်သစ်ထုတ်ရေးဒေသတွင် ပုဂ္ဂလိကကျူးစနစ်ဖြင့် တောဆင်ကောင်ရေ ၃၀ ဖမ်းဆီးသွားရန် စီစဉ်ဆောင်ရွက်ခဲ့ပေသည်။

အထက်ပါသတင်းအချက်အလက်များအပေါ် ထောက်ရှုကြည့်ခြင်းအားဖြင့် တိုက်ကြီးမြို့နယ်အတွင်း၌သာမက အခြားတိုင်းနှင့် ပြည်နယ်ဒေသများတွင် တောဆင်ရိုင်းများ၏ ကျက်စားနေထိုင်မှု အခြေအနေများကို လေ့လာသိရှိနိုင်ပေသည်။

လူနှင့်ဆင်များအကြား ပဋိပက္ခဖြစ်ပွားမှု များပြားလာသဖြင့် လူနှင့်ဆင်များ ပဋိပက္ခဖြစ်ပွားရာ ဒေသကြီးလေးခုမှ တောဆင်ရိုင်း ၁၀၃ ကောင်ကို သစ်တောရေးရာဝန်ကြီးဌာနမှ ဖမ်းဆီးခွင့်ပြုထားကြောင်း သိရသည်။ ယင်းထဲတွင် ဆင်ကောင်ရေ ၉၅ ကောင်ကို ပုဂ္ဂလိကကျူးစနစ်ဖြင့် ဖမ်းဆီးခွင့်ပြုထားပြီး ကျန်ရှိသည့် ရှစ်ကောင်ကို ဌာနဆိုင်ရာ မေ့ဆေးစနစ်ဖြင့် ဖမ်းဆီးခွင့်ပြုထားကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

တောဆင်ရိုင်းဖမ်းဆီးမည့် ဒေသကြီးများမှာ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မန္တလေးတိုင်းအတွင်းတို့ဖြစ်သည်ဟု သိရသည်။ ရန်ကုန်တိုင်း အုပ်ချုပ်ရေးဒေသ၏ သစ်ထုတ်ရေးဒေသများဖြစ်သော သာယာဝတီနှင့် ပဲခူးတိုင်း (တောင်ပိုင်း) တို့မှ ဌာနဆိုင်ရာမေ့ဆေးစနစ်နှင့် ပုဂ္ဂလိကကျူးစနစ်တို့ဖြင့် ဆင်ကောင်ရေ ၃၉ ကောင် ဖမ်းဆီးမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) အုပ်ချုပ်ရေးဒေသ၏ သာယာဝတီ သစ်ထုတ်ရေးဒေသမှ ဌာနဆိုင်ရာ မေ့ဆေးစနစ်နှင့် ပုဂ္ဂလိကကျူးစနစ်ဖြင့် ဆင်ကောင်ရေ ၁၉ ကောင် ဖမ်းဆီးမည်ဟု သိရသည်။ ပဲခူးတိုင်း (အရှေ့ပိုင်း) အုပ်ချုပ်ရေးဒေသ၏ ပဲခူး (တောင်ပိုင်း) သစ်ထုတ်လုပ်ရေးဒေသမှ ပုဂ္ဂလိကကျူးစနစ်တစ်ခုတည်းဖြင့် ဆင်ကောင်ရေ ၁၅ ကောင် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ မန္တလေးတိုင်း အုပ်ချုပ်ရေးဒေသ၏ ပြင်ဦးလွင် သစ်ထုတ်လုပ်ရေးဒေသများမှလည်း ပုဂ္ဂလိကကျူးစနစ်တစ်ခုတည်းဖြင့် ဆင်ကောင်ရေ ၃၀ ဖမ်းဆီးသွားမည်ဖြစ်သည်ဟု သိရသည်။

ဆင်ဖမ်းဆီးမည့် အစီအစဉ်တွင် ကြီးကြပ်မှုအတွက် သက်ဆိုင်ရာဒေသ မန်နေဂျာ၊ ဆင်ဆေးကုနှင့် ဆင်ဖမ်းအဖွဲ့ ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင်ငါးဦး ပါဝင်မည်ဖြစ်ပြီး ဆင်လက်ခံရယူရေးအတွက် ကြီးကြပ်မှုအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦး ပါဝင်မည်ဖြစ်သည်ဟု သိရသည်။

တောဆင်ရိုင်း ဖမ်းဆီးမည့် အစီအစဉ်

အုပ်ချုပ်ရေး တိုင်း	သစ်ထုတ်လုပ် ရေးဒေသ	ဖမ်းဆီးမည့် မြို့နယ်	ဖမ်းဆီး မည့်စနစ်	ဖမ်းဆီးမည့် ကောင်ရေ
ရန်ကုန်တိုင်း	သာယာဝတီ	လှည်းကူး	မွေ့ဆေး	၄
ရန်ကုန်တိုင်း	ပဲခူး(တောင်)	လှည်းကူး	ကျိုး	၁၀
ရန်ကုန်တိုင်း	ပဲခူး(တောင်)	လှည်းကူး/ဖောင်ကြီး	ကျိုး	၁၀
ရန်ကုန်တိုင်း	သာယာဝတီ	တိုက်ကြီး	ကျိုး	၁၅
ပဲခူးတိုင်း(အနောက်)	သာယာဝတီ	သာယာဝတီ/တိုက်ကြီး	မွေ့ဆေး	၄
ပဲခူးတိုင်း(အနောက်)	သာယာဝတီ	သာယာဝတီ	ကျိုး	၁၅
ပဲခူးတိုင်း(အရှေ့)	ပဲခူး(တောင်)	ပဲခူး	ကျိုး	၁၅
မန္တလေးတိုင်း	ပြင်ဦးလွင်	သပိတ်ကျင်း	ကျိုး	၁၅
မန္တလေးတိုင်း	ပြင်ဦးလွင်	စဉ့်ကူး	ကျိုး	၁၅

မြန်မာ့မြေပေါ်မှ တောဆင်ရိုင်းများအခြေအနေ

မြန်မာနိုင်ငံတွင် စစ်ကြိုခေတ်က လူဦးရေသည် ၁၆ သန်းမျှ ရှိခဲ့ရာမှ ယခုအခါ ၅၅ ဒသမ ၄ သန်းကျော် ရှိလာသဖြင့် လူဦးရေသည် သုံးဆကျော် လေးဆနီးပါး တိုးပွားလာခဲ့သည်။ အများအားဖြင့် တစ်နိုင်ငံလုံးလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ သစ်တောမှီခိုသူများဖြစ်နေပေသည်။

မြန်မာနိုင်ငံသစ်တောဧရိယာသည် စစ်ကြိုခေတ်ကာလက နိုင်ငံတော်ဧရိယာ၏ ၇၅ ရာခိုင်နှုန်းကို ဖုံးလွှမ်းလျက်ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီးနောက် နှစ်ပေါင်း ၄၀ ကျော် ကာလအတွင်း သစ်တောများကို ကောင်းစွာ စီမံအုပ်ချုပ် ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့၍ တစ်စတစ်စ ပြုန်းတီးလျော့ပါးလာခဲ့ရာမှ ယခုအခါ သစ်တောကောင်းဧရိယာသည် နိုင်ငံဧရိယာ၏ ၄၃ ဒသမ ၃ ရာခိုင်နှုန်းသာ ဖုံးလွှမ်းလျက်ရှိတော့သဖြင့် မူလကရှိခဲ့သော သစ်တောများဧရိယာ၏ ထက်ဝက်လျော့ပါးပြုန်းတီးခဲ့ပေသည်။

သဘာဝသစ်တောများအတွင်း ကျက်စားနေထိုင်သော တောဆင်ရိုင်းများအခြေအနေကို လေ့လာသောအခါ သစ်တောဦးစီးဌာန မှတ်တမ်းတင်ခဲ့သော ခန့်မှန်းခြေစာရင်းများအရ အောက်ပါအတိုင်း စိစစ်လေ့လာတွေ့ရှိရပေသည်။

* ၁၉၃၆-၃၇ ခုနှစ် နှစ်ချုပ် အစီရင်ခံစာအရ ကောင်ရေ = ၄၀၀၀မှ ၅၀၀၀
* ၁၉၅၆ ခုနှစ်မှ ၁၉၆၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်ထိ ကောင်ရေ = ၉၀၅၇
* ၁၉၈၃ ခုနှစ် ကောက်ယူခဲ့သော ခန့်မှန်းခြေ ကောင်ရေ = ၅၀၀၀
* ၁၉၉၆ ခုနှစ် တောရိုင်း အာရှဆင်မှတ်တမ်း မြန်မာပြည် = ၄၀၀၀ မှ ၆၀၀၀

နှစ်အလိုက် ခန့်မှန်းခြေကောက်ယူခဲ့သော စာရင်းမှတ်တမ်းများအပေါ် ဆင်ကျွမ်းကျင်သူတို့၏ တွက်ချက်မှုစနစ်အရ၊ နှစ်စဉ်တိုးပွားမှုကို ၅ ရာခိုင်နှုန်း သတ်မှတ်တွက်ချက်ပြီး သေဆုံး၊ ဖမ်းဆီး၊ ခိုးယူသတ်ဖြတ် စသည်ဖြင့် လျော့ပါးပြုန်းတီးမှုကို ၂၅ ရာခိုင်နှုန်း ထားရှိ တွက်ချက်ပါသည်။

သို့ဖြစ်၍ ၁၉၉၆ ခုနှစ် နောက်ဆုံးကောက်ယူ မှတ်တမ်းတင်ထားသော ကောင်ရေ စာရင်းအပေါ် တွက်ချက်ကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိရပေသည်။

၁၉၉၆ ခုနှစ်ရှိ ခန့်မှန်းခြေစာရင်းအရ - ကောင်ရေပေါင်း (ပျမ်းမျှ) = ၅၀၀၀
၁၉၉၆ မှ ၂၀၀၇ ခုနှစ်ထိ (၁၁) နှစ်အတွင်း နှစ်စဉ် ၅% တိုးပွားမှု = ၂၇၅၀
(၂၅၀×၁၁ နှစ်)

ပေါင်း = ၇၇၅၀
ပြုန်းတီးလျော့ပါးမှု ၂၅% = (-)၁၉၃၇
ကျန်ရှိနေမည့်ကောင်ရေ = ၅၈၁၃

သို့ပါ၍ မြန်မာ့မြေပေါ်မှ သစ်တောများအတွင်း တောဆင်ကောင်ရေ ၅၈၁၃ ကျန်ရှိနေသေးသည်ဟု တွက်ချက်၍ရပါသည်။

သို့ရာတွင် အာရှဆင်ကျွမ်းကျင်မှုများနှင့် သဘာဝဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အေဂျင်စီ (EIA) ၏ အစီရင်ခံစာများက ကောင်ရေ ၃၀၀၀ မှ ၄၀၀၀ အကြား ကျန်ရှိသေးကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေရှ်၊ အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနယ်စပ်တစ်လျှောက် ကျက်စားနေထိုင်လျက်ရှိကြောင်း ဖော်ပြထားပေသည်။

သုံးသပ်ချက် - နိုင်ငံ၏ လူဦးရေသည် ယခုအခါ၌ သုံးဆမှ လေးဆနီးပါး တိုးပွားများပြားလာသည်။
- နိုင်ငံ၏ သစ်တောဧရိယာသည် ကနဦး ရှိရင်းထက် ထက်ဝက်လျော့နည်းသွားသည်။
- တောဆင်ရိုင်းများ၏ အရေအတွက်က မူလစာရင်းရှိ ကောင်ရေနှင့် မကွာခြားလှပေ။

အာရှ တောဆင်ရိုင်းများ အခြေအနေ

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ထိုင်း၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေရှ်၊ နီပေါ၊ တရုတ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဘူတန်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ် စသော နိုင်ငံများရှိ အာရှတောဆင်ရိုင်းများ ရှင်သန်ပေါက်ဖွား ကျက်စားရာ ဒေသများတွင်လည်း မြန်မာ့မြေပေါ်မှာကဲ့သို့ လူနှင့်ဆင်အကြား ပဋိပက္ခတိုက်ခိုက် အားပြိုင်မှုများဖြစ်ပွားနေပြီး တောဆင်ရိုင်းများ၏ ဘဝရှင်သန်ရပ်တည်နေနိုင်ရေးသည် အကျပ်အတည်းများဖြစ်နေပေသည်။

သီရိလင်္ကာနိုင်ငံရှိ စပါးခင်း၊ လက်ဖက်ခင်းများမှသည် ဗီယက်နမ်နိုင်ငံရှိ လယ်ယာမြေစပါးခင်းများအဆုံး တောဆင်ရိုင်းများ နှစ်စဉ် မကြာခဏ ဝင်ရောက်စားသောက် ဖျက်ဆီးမှုများ ရှိနေသည်။ လူများက သေနတ်များဖြင့် ပစ်ဖောက်ခြောက်လှန့်ခြင်း၊ အဆိပ်လူးမြားဖြင့် ပစ်ခတ်ခြင်း၊ အက်စစ်ရည်များဖြင့် ပက်ဖျန်းခြင်းစသည်ဖြင့် နှိမ်နင်းနေကြရသည်။ နှစ်စဉ် တောဆင်ရိုင်းများ သေဆုံးကြရသကဲ့သို့ ကမ္ဘောဒီးယားတွင် တောဆင်တိုက်ခိုက်မှုကြောင့် နှစ်စဉ်လူ ၅၀ ကျော် သေဆုံးနေကြရသည်။ အာရှတောဆင် အများဆုံးနေထိုင်ကျက်စားရာ အိန္ဒိယနိုင်ငံဆိုလျှင် နှစ်စဉ်လူ ၂၀၀ မှ ၂၅၀ အကြား သေဆုံးနေရကြောင်း၊ အမဲလိုက်သတ်ဖြတ်ခြင်း၊ နှိမ်နင်းခြင်းဖြင့် တောဆင်ရိုင်းများလည်း တစ်စတစ်စ လျော့နည်းလာနေရကြောင်း “ဘန်ဂလို အခြေစိုက်” “အာရှဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့” က ထုတ်ပြန်ခဲ့သည်။

“လူတွေက အုံနဲ့ကျင်းနဲ့ ရွှေ့ပြောင်းအခြေချ နေထိုင်မှုတွေများလာတော့ ဆင်တွေရဲ့ စားကျက်မြေတွေကိုပါ ထိခိုက်လာတယ်၊ ဒီအခါ ဆင်နဲ့လူအကြား ပဋိပက္ခဖြစ်ပြီး ဆင်တွေ အသတ်ခံရတော့တာပဲ” ဟု ဗီယက်နမ်ရှိ Fauna & Flora International (FFI) မှ Ha Bich Nguyen က ပြောကြားခဲ့သည်။

ယခုအခါ အာရှအနောက်ဘက် ဂျာဗားနှင့် တရုတ်နိုင်ငံ ဒေသအများစုတွင် အာရှဆင်များ မျိုးသုဉ်းခဲ့ပေပြီ။ တရုတ်နိုင်ငံသည် ကမ္ဘာတွင် ဆင်စွယ်သယံဇာတ ကုန်သွယ်မှု အကြီးမားဆုံးဖြစ်သည်။ အာဖရိကမှ ဆင်စွယ်များသည် တရုတ်နိုင်ငံစျေးကွက်သို့ အများဆုံးဦးသွင်းခံနေရကြောင်း သဘာဝဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အေဂျင်စီ” (EIA) ၏ အစီရင်ခံစာက ဖော်ပြသည်။ ထို့ပြင် တရုတ်အပါအဝင် ဂျပန်နှင့်ဥရောပစျေးကွက်များ၌ အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချရာတွင် ဆင်စွယ်ကိုအများဆုံး အသုံးပြုရောင်းဝယ်လျက်ရှိနေကြောင်း၊ အာရှ ၁၃ နိုင်ငံ၌သာလျှင် တောဆင်ရိုင်းကောင်ရေ ၄၀၀၀၀ မှ ၅၀၀၀၀ အကြား ကျန်ရှိတော့ကြောင်းနှင့် အဆိုပါ ကျန်ရှိတောဆင်များထဲမှ ကောင်ရေ

၁၅၀၀၀ ခန့်မှာ ဖမ်းဆီးခံရပြီး လုပ်ငန်းခွင်များတွင် အသုံးချကြရာ၌ အများစုမှာ အိန္ဒိယ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင်သာ ဖြစ်ကြောင်းဖော်ပြခဲ့သည်။

ကမ္ဘာနှင့်အဝန်း သဘာဝသစ်တောများ ပြုန်းတီးလျော့ပါးလာမှု၊ မြေယာတိုးချဲ့မှုများကြောင့် တောရိုင်းမြေများ နည်းပါးလာမှု၊ သဘာဝစားကျက်များ ကျဉ်းမြောင်းလာခြင်း အကြောင်းအမျိုးမျိုးဖြင့် တောဆင်ရိုင်းများအား ဖမ်းဆီး သတ်ဖြတ်၊ ခိုးယူခြင်း စသည်တို့ကြောင့် အာရှဆင်ဦးရေသည် တစ်စတစ်စ လျော့နည်းလာလျက် ရှိပေသည်။

အထူးသဖြင့် အာရှဆင်များ၏ ဘဝရပ်တည်မှုအခြေအနေသည် အကျပ်အတည်းဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ တစ်ချိန်က အိန္ဒိယနိုင်ငံ၊ ထိုင်း၊ တရုတ်နိုင်ငံမှစ၍ အီရတ်နိုင်ငံ သဘာဝသစ်တောများအထိ ပျံ့နှံ့နေထိုင်ကျက်စားခဲ့သော အာရှဆင်များသည် ယခုအခါ ကျွမ်းကျင်သူများ၏ ခန့်မှန်းတွက်ချက်မှုအရ အိမ်မွေးဆင်ယဉ်အပါအဝင် အာရှဆင်ကောင်ရေသည် ၅၀၀၀၀ မျှသာ ရှိနိုင်တော့ကြောင်း သိရပေသည်။

သာဓကအားဖြင့် အိမ်မွေးဆင်ယဉ် အများဆုံးပိုင်ဆိုင်ခဲ့သော အိမ်နီးချင်း ထိုင်းနိုင်ငံမှ အာရှဆင်များ၏ ဘဝတစ်စိတ်တစ်ဒေသကို အကျဉ်းမျှ တင်ပြပါသည်။ လွန်ခဲ့သော နှစ်တစ်ရာခန့်လောက်က ဆင်ကောင်ရေ တစ်သိန်းခန့် ရှိခဲ့ရာမှ ယခုအခါ အိမ်မွေးဆင်ယဉ် ၃၀၀၀ နှင့် တောဆင်ရိုင်းကောင်ရေ ၃၀၀၀ ခန့်လောက်သာ ကျန်ရှိတော့သည်ဟု ဆိုပါသည်။ ကျန်ရှိနေသော ဆင်များ၏ ဘဝအခြေအနေမှာလည်း အလားအလာ မကောင်းပေ။ ထိုင်းနိုင်ငံသည် သစ်တောများ အဆမတန် ပြုန်းတီးသွားခဲ့၍ နိုင်ငံ၏သစ်ထုတ်လုပ်ငန်းများ ရပ်ဆိုင်းလိုက်ရသဖြင့် အဖိုးတန်သစ်ထုတ်ရေး ဆင်ယဉ်များအားလုံး အလုပ်လက်မဲ့ဘဝသို့ ရောက်ကုန်ကြသည်။ ဆင်ပိုင်ရှင်တို့က ဝင်ငွေကောင်းစွာ မရတော့သည့်အပြင် ဆင်များ၏ နေ့စဉ်စားသောက်စရိတ်၊ ကျွေးမွေးထိန်းသိမ်းစရိတ်များ ကြီးမြင့်လာမှုကြောင့် အချို့ အိုမင်း မစွမ်း ဆင်ယဉ်များသည် အသား၊ အစွယ်ထုတ်လုပ် သတ်ဖြတ်ရောင်းချသူများ လက်ဝယ်သို့ ရောက်ကြရလေသည်။

အချို့သော ဆင်ပိုင်များက ဆင်ဦးစီးများကို ပုတ်ပြတ်ငှားရမ်း အပ်နှံစနစ်ဖြင့် "ဆင်ပြဆန်တောင်း" စီးပွားရှာလုပ်ငန်းများဖြင့် ခိုင်းစားကြသည်။ ဆင်ဦးစီးများက မြို့ပေါ်တက်ကာ ခရီးသွားများ၊ မြို့ပေါ်သူမြို့ပေါ်သားများထံ လှည့်လည်၍ ဆင်များကို ဦးညွှတ်ဝပ်တွား ခိုင်းပြီး နှာမောင်းများထောင်ကာ ပိုက်ဆံတောင်းခြင်း၊ အစာတောင်းခြင်းဖြင့် လှည့်လည်ကြသည်။ ထိုင်းလူထုက ကရုဏာသက်ကြသဖြင့် ကျွေးကြ၊ ပေးကြ၏။ ထိုင်းတို့၏ အယူအဆတစ်ရပ်လည်းရှိသည်။ ဆင်ဗိုက်အောက် သုံးကြိမ်သုံးခါဖြတ်လျှင် ကံကောင်းသည်၊ ကိုယ်ဝန်

ဆောင်များ သားမွေးဖွားလွယ်သည်၊ ဆင်များကို အစာရေစာကျွေးမွေးခြင်းဖြင့် ဆန်ရေစပါး ပေါကြွယ်ဝသည်။ စီးပွားလာဘ်လာဘ တိုးတက်သည်ဟု အယူအဆရှိကြသည်။ သို့ကြောင့် တစ်နယ်လုံးရှိ ဆင်ယဉ်များကို တစ်နေရာတည်းတွင်စု၍ စုပေါင်းဆင်စာကျွေးမွေးပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။ ဆင်ဦးစီးများက ငှက်ပျော၊ ကြံ ဆင်စာများကို ရောင်းချပေးပြီး ကျွေးစေသည်။ လမ်းဘေးဈေးဆိုင်၊ စားသောက်ဆိုင်၊ ရပ်ကွက်များအတွင်း လှည့်လည် ပိုက်ဆံတောင်းကြရာ တစ်ညလျှင် ဒေါ်လာ ၁၀၀ မှ ၂၀၀ ခန့် ရကြသည်။

နေ့စဉ်နှင့်အမျှ ဆင်ပြဆန်တောင်းကြသည့် လုပ်ငန်းသည် ကြီးထွားလာသဖြင့် မြို့ပေါ်တွင် ဆင်များဖြင့် ဗန်းပြပြီး စီးပွားရှာခြင်းကို တားမြစ်ပိတ်ပင်ခဲ့ရသည်။ သို့သော်လည်း ရပ်ကွက်ဆင်ခြေဖုံးများ၊ ကျေးရွာများတို့တွင် ရှိနေဆဲဖြစ်သည်။ ညအခါ တိတ်တဆိတ် မြို့ထဲသို့ခိုးဝင်ကြသည်။ ကားတိုက်မှုမဖြစ်ရအောင် ဆင်များ၏ အမြီးဖျားတွင် မီးနီများ၊ ရောင်ပြန်ပြားများကို ချိတ်ဆွဲထားကြသည်။

ပင်လယ်ကမ်းခြေမြို့တစ်မြို့ဖြစ်သည့် ပတ္တရားမြို့တွင် "ပတ္တရားဆင်ရွာ" (Pattaya Elephant Village) ၌ ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်ပျမ်းမျှ တစ်သိန်းကျော်လာရောက်လေ့ ရှိသဖြင့် အဆိုပါဒေသတွင် ဆင်ယဉ်ကောင်ရေ ၇၀ မှ ၈၀ အထိငှားရမ်းပြီး ဆင်စီး၍ လှည့်လည်ခြင်း၊ ဖျော်ဖြေမှုအနေဖြင့် သစ်ဆွဲ၊ သစ်မခြင်း၊ နှာမောင်းထောင် ဆလံပေးခြင်း၊ ဦးညွှတ်ခြင်း၊ ကင်းမြီးကောက်ထောင်ပြခြင်း၊ ဘောလုံးကန်၊ ဘတ်စကက်ဘော ဂိုးသွင်းပြရခြင်းစသည်ဖြင့် တိုးရစ်များ၏ စိတ်ပျော်ရွှင်မှုအတွက် ဆင်များသည် ဖျော်ဖြေရေးသတ္တဝါများဘဝ ရောက်နေကြရသည်။

ထိုင်းဆင်များအတွက် ကံကောင်းထောက်မစွာ ကုသိုလ်ဖြစ် ကယ်တင်ရှင်များလည်း ပေါ်ပေါက်လာသည်။ အသက် ၄၂ နှစ်ရှိ ထိုင်းအမျိုးသမီး "ဆန်ဒူဝမ်ချိုင်းလတ်" သည် မိဘမဲ့ဆင်လေးများ အပါအဝင် အိုမင်းခြင်း၊ ဒဏ်ရာအနာတရဖြင့် အင်္ဂါချို့ယွင်း၍ မတရား ငွေရှာခိုင်းခံနေရခြင်းတို့အပြင် မသမာသူများလက်ချက်ကြောင့် မျက်စိနှစ်ဖက်ကန်းခဲ့ရသော "ဂျူကီယာ" အမည်ရှိ မျက်မမြင် ဆင်မကြီးအပါအဝင် ဒုက္ခသည် ဆင်ယဉ် ၁၇ ကောင်ကို ဝယ်ယူပြီး နှစ်အတန်ကြာ ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။ ချင်းမိုင်ပြည်နယ်၏ မြောက်ဘက် ၃၅ မိုင်အကွာတွင် အစိုးရထံမှ မြေဧက ၉၅၅ ဧကဝယ်ယူပြီး ဆင်တို့၏ ခိုလှုံရာစခန်း (Elephant Haven) ဆင်သဘာဝဘေးမဲ့ဥယျာဉ် တည်ထောင် စောင့်ရှောက်ထားခဲ့ပေသည်။

"ချိုင်ယာကန်" ဆိုသူကလည်း မူးယစ်ဆေးစွဲပြီး ပိန်လှီချည့်နဲ့၍ သေလုမျောပါးဖြင့် မတရားနှိပ်စက် အခိုင်းခံနေရသော ဆင်မလေး "ဘွန်လိုင်း" ကို ဝယ်ယူပြီး ဘေးမဲ့အဖြစ် ကယ်တင်စောင့်ရှောက်ထားခဲ့သည်။

"ရစ်ချက်လေယာ" ဆိုသူက အလုပ်လက်မဲ့ဖြစ်ပြီး ခိုကိုးရာမဲ့ သတ်ဖြတ်စားသောက်ခြင်း ခံရတော့မည့် ဆင်ယဉ် ၁၂ ကောင်ကို ဝယ်ယူကယ်တင်ပြီး ထူးထူးခြားခြား ဆင်တီးဝိုင်းကြီး တစ်ခု တီထွင်ဖော်ထုတ်ရန် လေ့ကျင့်သင်ကြားလျက် ရှိပေသည်။

ဒုက္ခသည်ဆင်ယဉ်များ၏ ဘဝလုံခြုံကောင်းစားရေးအတွက် ထိုင်းအစိုးရက အထူး စီမံချက် ရေးဆွဲဆောင်ရွက်နေခြင်းလည်းရှိသည်။ လူနေဒေသများအတွင်း ကျူးကျော်ဝင်ရောက်၍ လူနှင့်တောဆင်တို့ ပဋိပက္ခဖြစ်ပွားရာဒေသတို့တွင် တောဆင်ရိုင်းများကို ဝေးရာသို့ ဆင်ယဉ်များဖြင့် လိုက်လံမောင်းနှင်စားကျက်ပြောင်းပေးခြင်း၊ တောတွင်းမတရား ခိုးထုတ် ရောင်းဝယ်မှုများကို ကာကွယ်ခြင်းနှင့် ဆင်ပြဆန်တောင်းကိစ္စများ ပပျောက်စေရန် ဆင်ဦးစီးများနှင့်ဆင်များကို သစ်တောများအတွင်းသို့ ပို့ဆောင်တာဝန်ပေးပြီး စောင့်ရှောက် ကာကွယ်သွားကြရန် နည်းလမ်းဖြင့် စီစဉ်လျက်ရှိကြသည်။

ကြိုးပမ်းချက်တစ်ရပ်

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ဆင်များအပါအဝင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်နှင့်ရင်ဆိုင်နေရသော တိရစ္ဆာန်များ ပျောက်ပျက်တိမ်ကောမသွားရအောင် ထိန်းသိမ်းကာကွယ်ရေး နည်းလမ်းတစ်ရပ်အနေဖြင့် မေထုန်မဲ့ သန္ဓေတည်နည်းဖြင့် ဆင်ပေါက်ထီးကလေးတစ်ကောင်ကို ၂၀၀၇ ခုနှစ်အတွင်း အောင်မြင်စွာမွေးဖွားနိုင်ခဲ့သည်။ အာရှတွင် ပထမဦးဆုံးအကြိမ် မေထုန်မဲ့ဆင်ကလေးဖြစ်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း လမ်းပန်းမြို့ "ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးဌာန" ရှိ ဆင်ဆေးရုံတွင် မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။ ကိုယ်အလေးချိန် ၁၀၀ ကီလို (၂၂၀ ဒသမ ၄၆) ပေါင်ရှိပြီး မိခင်ဆင်နှင့် ဆင်ထီးကလေးပါ ကောင်းစွာ ကျန်းမာဖွံ့ဖြိုးပေသည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ထိုင်းနိုင်ငံအတွင်း လျော့ပါးပျောက်ကွယ်သွားခဲ့သော ဆင်ကောင်ရေကို ပြန်လည်တိုးတက်စေရေးအတွက်လည်းကောင်း၊ ဆင်များထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက်လည်းကောင်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆင်ဆေးရုံအုပ်ကြီး "ဆစ်သီဒက်မဟာဆဝမ်ကူးလ်" က ပြောကြားခဲ့ပေသည်။

တောရိုင်းအာရှဆင်ဦးရေ ခန့်မှန်းချက် (၁၉၉၆)

စဉ်	တိုင်းပြည်	အနည်းဆုံး	အများဆုံး
၁	အိန္ဒိယ	၂၃၅၀၀	၂၇၅၀၀
၂	မြန်မာ	၄၀၀၀	၆၀၀၀
၃	အင်ဒိုနီးရှား (ဆူမားတြား)	၃၀၀၀	၄၀၀၀
၄	သီရိလင်္ကာ	၂၀၀၀	၃၀၀၀
၅	မလေးရှား (ပင်နီဆူလာ)	၁၂၀၀	၁၅၀၀
၆	ယိုးဒယား	၁၂၀၀	၁၅၀၀
၇	ကမ္ဘောဒီးယား	၅၀၀	၁၀၀၀
၈	မလေးရှား (ဆာဘား)	၅၀၀	၈၀၀
၉	ဗီယက်နမ်	၃၀၀	၆၀၀
၁၀	တရုတ် (ယူနန်)	၃၃၀	၃၇၀
၁၁	လာအို	၂၀၀	၅၀၀
၁၂	ဘင်္ဂလားဒေ့ရှ်	၂၀၀	၂၅၀
၁၃	ဘူတန်	၅၀	၁၀၀
၁၄	နီပေါ	၅၀	၆၀
	စုစုပေါင်း	**၃၇၀၃၀**	**၄၇၁၈၀**

ဇယ်မြစ် - Richard Lair (1997) Gone Hstray:
The Care and Management of Asian Elephant in Domesticity, FAO Bangkok.

နိုင်ငံအလိုက် အာရှတောဆင်ရိုင်းများ

အိန္ဒိယနိုင်ငံ

ကောင်ရေ ၂၃၉၀၀ မှ ၃၂၉၀၀ အကြားရှိသည်။ အာရှဆင်ကောင်ရေ၏ ၆၀ ရာခိုင်နှုန်း ရှိရာ အများဆုံးပိုင်ဆိုင်လျက်ရှိသည့် စိုက်ပျိုးမြေ လူနေကျေးရွာများ တိုးချဲ့မှုများကြောင့် ပဋိပက္ခဖြစ်ပွားရာမှ နှစ်စဉ်ကောင်ရေ ၁၀၀ ခန့် သေဆုံးရလျက်ရှိသည်။

ထိုင်းနိုင်ငံ

ကောင်ရေ ၃၀၀၀ မှ ၃၇၀၀ ရှိသည်။ တိုးပွားလာသော လူဦးရေကြောင့် စိုက်ပျိုးမြေများအတွက် သစ်တောများတွင် တိုးချဲ့ခုတ်ထွင်မှု များပြားလာ၍ နှစ်စဉ်ကောင်ရေ လျော့ပါးလာလျက်ရှိသည်။

သီရိလင်္ကာနိုင်ငံ

ကောင်ရေ ၂၁၀၀ မှ ၃၀၀၀ ရှိသည်။ လူတို့နှင့် ပဋိပက္ခတိုက်ခိုက်မှုများနှင့် မြေမြှုပ်မိုင်းများ အသုံးပြုမှုကြောင့် ဆင်များသေဆုံးလျော့ပါးလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ

ကောင်ရေ ၁၀၈၀ မှ ၁၅၅၇ အကြား ရှိသည်။ ဆူမားတြားနှင့် ဘော်နီယိုကျွန်းရှိ သဘာဝသစ်တောများ ပြုန်းတီးပျက်စီးလာရာမှ ဆင်များသည် အစာရေစာ၊ စားကျက်ရှားပါးပြီး ကောင်ရေလျော့ပါးလာသည်။

မလေးရှားနိုင်ငံ

ကောင်ရေ ၁၂၅၀ မှ ၁၄၆၆ အကြားရှိသည်။ ဘော်နီယိုကျွန်း သစ်တောများအတွင်း ကျက်စားနေထိုင်သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ တောဆင်ရိုင်းများကောင်ရေ ရာနှင့်ချီပြီး အမျိုးသားဥယျာဉ်များသို့ ရွှေ့ပြောင်းပေးရသည်။

လာအိုနိုင်ငံ

ကောင်ရေ ၇၀၀ မှ ၁၂၀၀ အကြားရှိသည်။ သစ်ထုတ်မှု၊ လျှပ်စစ်စီမံကိန်းနှင့် စိုက်ပျိုးမြေများတိုးချဲ့မှု များပြားလာရာ တောဆင်ရိုင်းများ စားကျက်ရှားပါးမှု ပြဿနာကြုံနေ၍ ဘဝရှင်သန်နိုင်ရေးကို ခြိမ်းခြောက်လျက်ရှိနေသည်။

ဘူတန်နိုင်ငံ

ကောင်ရေ ၄၀၀ မှ ၆၀၀ အကြားသာရှိရာ ရာသီအလိုက် သစ်တောများအတွင်း ရွှေ့ပြောင်းကျက်စား နေထိုင်လျက်ရှိနေသည်။

ကမ္ဘောဒီးယားနိုင်ငံ

ကောင်ရေ ၂၅၀ မှ ၆၀၀ အကြားသာရှိသည်။ ဆင်စွယ်အတွက် အမဲလိုက်သတ်ဖြတ်ခြင်းနှင့် မြေမြှုပ်မိုင်းများ အသုံးပြုမှုဒဏ်ကြောင့် နှစ်စဉ်ကောင်ရေလျော့နည်းနေသည်။

တရုတ်နိုင်ငံ

ကောင်ရေ ၂၀၀ မှ ၂၅၀ အကြားသာ ရှိလေသည်။ ဆင်စွယ်ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်၍ လက်ကျန် တောဆင်ရိုင်းများ လုံးမျိုးတုံးပျောက်ကွယ်ရတော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ကောင်ရေ ၁၉၆ မှ ၂၂၇ ကောင် အကြားသာ ကျန်ရှိတော့သည်။ သစ်တောများ အတွင်း စိုက်ပျိုးမြေများ တိုးချဲ့မှုနှင့် တောဆင်များအား ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိ၍ နှစ်စဉ် ကောင်ရေလျော့ပါးနေသည်။

နီပေါနိုင်ငံ

ကောင်ရေ ၁၀၀မှ ၁၇၀ အကြားသာရှိသည်။ နီပေါနှင့်အိန္ဒိယနိုင်ငံအကြား ကျက်စားနေထိုင်ပြီး လူတို့နယ်မြေချဲ့ထွင်မှုကြောင့် ဆင်များ၏စားကျက်မြေများ လျော့ပါးလာခဲ့ရာတွင် တောဆင်များ၏ ဘဝရှင်သန်ရပ်တည်ရေး အခက်အခဲနှင့် ကြုံနေရသည်။

ဗီယက်နမ်နိုင်ငံ

ကောင်ရေ ၇၄ မှ ၉၄ ကောင် အကြားသာရှိသည်။ ကောင်ရေနည်းပါးသည့်အပြင် လူတို့၏သစ်တောများ ခုတ်ထွင်ရှင်းလင်း စိုက်ပျိုးမြေတိုးချဲ့မှုများကြောင့် တောဆင်ရိုင်းတို့ မျိုးပြုန်းပျောက်ကွယ်မှု အန္တရာယ်နှင့် ကြုံတွေ့နေရသည်။

လူနှင့်တောဆင် ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်း

အထက်ပါ သုံးသပ်ချက် ကိန်းဂဏန်းများအရ လေ့လာကြည့်ပါလျှင် နိုင်ငံဧရိယာ၏ ထက်ဝက်ကျော် ဖုံးလွှမ်းနေသည့် သစ်တောများ ပြုန်းတီးလျော့ပါးသွားသည့်အပြင် တိုးပွားလာသော လူဦးရေအတွက် အိမ်ခြေ၊ ကျေးရွာ၊ စိုက်ပျိုးမြေ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆည်မြောင်း၊ တမံ စသည်ဖြင့် သစ်တောဧရိယာများသို့ တိုးချဲ့နေရာယူလာခဲ့မှုများလည်း ရှိလာခဲ့ပေရာ မူလက ဆင်တို့နေထိုင်ရာ စားကျက်နယ်မြေ သဘာဝသစ်တောဧရိယာများသည် ပိုမို ကျဉ်းမြောင်းလာခဲ့ရသည်။

သို့ကြောင့် တောဆင်ရိုင်းများသည် ငှဲ့မ်းပူဆာ မနေသာတော့၍ လူနေဒေသ စပါးခင်းများ၊ ကြံခင်းများ၊ ဥယျာဉ်ခြံများ၊ စိုက်ပျိုးခင်းများသို့ စွန့်စားကျူးကျော် ဆင်းသက်လာခဲ့ကြရာက လူသားတို့နှင့် မလွှဲမရှောင်နိုင် တိုက်ခိုက်ကြရပေသည်။ သို့ကြောင့် လူနှင့် တောဆင် ပဋိပက္ခဖြစ်ပွားရခြင်း အကြောင်းရင်းသည် **“လူနေရာ လူနေ၊ ဆင်နေရာ ဆင်နေရမည့် ဂေဟစနစ် ချိန်ခွင်လျှာ ပျက်ယွင်းမှု”** ကြောင့်သာ ဖြစ်ရကြောင်း သိသာနိုင်ပေသည်။

သီရိလင်္ကာနိုင်ငံတွင် တောဆင်ရိုင်းကောင်ရေ ၃၀၀၀ ခန့်ရှိသည်။ ဆင်တစ်ကောင်၏ စားကျက်ဧရိယာသည် ၅ စတုရန်းကီလိုမီတာ လိုအပ်သည်။ လက်ရှိထိန်းသိမ်းကာကွယ်

ထားသော သစ်တောဧရိယာသည် ဆင်တို့လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းမျှသာရှိခြင်းကြောင့် လူသားနှင့်ဆင် ပဋိပက္ခဖြစ်ပွားရသည့်အကြောင်းအရင်း ဖြစ်သည်ဟု ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် တောဆင်ရိုင်းများနေထိုင်ရန် သီးသန့်သစ်တောဧရိယာများ သတ်မှတ်ထားရှိရန် စီစဉ်ကြသည်။ တောဆင်ရိုင်းအုပ်တစ်အုပ် (One Clan) သည် စားကျက်ဧရိယာ စတုရန်းကီလိုမီတာ ၆၀၀ မှ ၇၀၀ ထိ ပင်မနယ်မြေ (Home Range) ဧရိယာအတွင်း လှည့်လည်ကျက်စား နေထိုင်နိုင်သည်ဟု ဆင်ကျွမ်းကျင်သူများက တွက်ချက်ထားကြောင်း လေ့လာသိရှိရပါသည်။

သို့ပါ၍ မြန်မာမြေပေါ်သစ်တောများအတွင်း ဆင်နေရာဆင်နေနိုင်ဖို့ လုံလောက်သော သီးသန့်ပင်မနယ်မြေ (Home Range) သစ်တောဧရိယာများ စူးစမ်းရှာဖွေ သတ်မှတ်နေရာချထားပေးဖို့ လိုအပ်လာပြီဟု သုံးသပ်ရပေသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်း ဟက်တာသန်း ၆၇ ဒသမ ၆၆ ရှိသည့် အနက် သစ်တောကောင်း ဖုံးလွှမ်းသည့်ဧရိယာသည် ဟက်တာသန်းပေါင်း ၂၉ ဒသမ ၃၁ ရှိသဖြင့် နိုင်ငံတော်ဧရိယာ၏ ၄၃ ဒသမ ၃ ရာခိုင်နှုန်း ဖုံးလွှမ်းလျက်ရှိနေသေးပေသည်။ သို့ကြောင့် ကျန်ရှိနေသေးသော သစ်တောကောင်းဧရိယာများကိုလည်း မပြုန်းတီးစေရအောင် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နေဖို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရဦးမည် ဖြစ်ပေသည်။

ꕥ ꕥ ꕥ ꕥ ꕥ

နိဂုံး

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် အသုံးဝင်တန်ဖိုးရှိသော ဆင်အများဆုံး ပိုင်ဆိုင်သည့် နိုင်ငံတစ်ခုဟု ဆိုနိုင်ပါသည်။ ထို့အပြင် အိမ်မွေးဆင်ယဉ် (Domesticated) များကို အသုံးပြု ကိုင်တွယ်ရာတွင် မြန်မာ့ဆင်ဦးစီး၊ ဆင်လုပ်သားတို့၏ ကျွမ်းကျင်မှုသည် ကမ္ဘာတွင် အကောင်းဆုံးဖြစ်ကြောင်း နိုင်ငံတကာက အသိအမှတ် ပြုကြရသည်။

မြန်မာနိုင်ငံတွင် အိမ်မွေးဆင်ယဉ် အရေအတွက်သည် ၁၉၉၃-၁၉၉၄ ခုနှစ် စာရင်းများအရ မြန်မာ့သစ်လုပ်ငန်းပိုင် ဆင် ၂၉၇၃ ကောင်နှင့် ပုဂ္ဂလိကပိုင် ဆင် ၂၇၁၈ ကောင် စုစုပေါင်း (၅၆၉၁) ကောင် ရှိကြောင်းသိရသည်။ အဆိုပါ တန်ဖိုးရှိလှသော ဆင်ယဉ်များကို မွေးဖွားသည်မှ သေဆုံးချိန်ထိ ဘဝမှတ်တမ်းကြီးသဖွယ် ဆင်မှတ်ပုံတင်စာအုပ် (Elephant Log book) (ပုံစံ-ည) ဖြင့် မြန်မာ့သစ်လုပ်ငန်းက ထိန်းသိမ်းထားရှိသည်။ သို့ကြောင့် "ထာဝစဉ် တည်တံ့နေသော ဆင်အုပ်ချုပ်မှု" စနစ်ဖြင့် မြန်မာ့ဆင်တို့၏ အစဉ်အလာ ကောင်းကို ရေရှည်ထိန်းသိမ်းထားနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံတွင် ဆင်အပါအဝင် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေး အတွက် ၁၉၁၂ ခုနှစ်တွင် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဥပဒေ (The Wild Bird and Animals Protection Act 1912) ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ယခင်ထုတ်ပြန်ခဲ့သော ဥပဒေစည်းမျဉ်း စည်းကမ်းများကို တစ်ပေါင်းတည်းစုပေါင်း၍ မြန်မာနိုင်ငံ သားငှက် တိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးဥပဒေ (The Burma Wildlife Protection Act 1936) ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ၎င်းဥပဒေကို ဖျက်သိမ်းပြီး ခေတ်စနစ်နှင့်လျော်ညီသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (Protection of Wildlife and Wild Plants and Conservation of Natural Areas Law 1994) ကို ပြဋ္ဌာန်းထားရှိပေသည်။

ဆင်များအပါအဝင် သဘာဝတောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်၍ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် "အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း" [Con-

vention on Biological Diversity (CBD)] တွင် အဖွဲ့ဝင်နိုင်ငံ အဖြစ် လက်မှတ်ရေးထိုး ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်တွင် ကျင်းပသော "မျိုးတုံးရန်အန္တရာယ် ရှိသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ရောင်းဝယ်ဖောက်ကားမှုကို ထိန်းချုပ် သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း [Convention on International Trade in Endangered Species (CITES)] တွင်လည်း အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုး ပါဝင်ခဲ့ ပေသည်။

ထို့အပြင် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များဖြစ်သည့် Smith Sonian Institute, Wild Life Conservation Society, Bird Life International, Wild Bird Society of Japan စသည့် ပြည်ပအဖွဲ့ အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မြန်မာ့အမျိုးသားရတနာ "ဆင်" များနှင့်တကွ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ဥပဒေအရ ကာကွယ်ထိန်းသိမ်းထားရုံမက ကုလသမဂ္ဂအစီ အစဉ်ဖြင့် သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များ စီမံကိန်း (Nature Conservation and National Parks Project) လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် အောက်ပါအတိုင်း ဥယျာဉ်ကြီးများနှင့် သဘာဝနယ်မြေများကို တည်ထောင်ထားခဲ့ပြီးဖြစ်သည်။

(၁) အမျိုးသားဥယျာဉ်ကြီးများ = ၄ ခု (စတုရန်းမိုင် ၂၄၃၂.၀၉)
(National Parks)

(၂) သဘာဝထိန်းသိမ်းရေးနယ်မြေ = ၂ ခု (စတုရန်းမိုင် ၄၆.၅၄)
(Conservation of Natural Area)

(၃) တောမွေတောများ = ၂၄ ခု (စတုရန်းမိုင် ၅၂၁၆.၉၃၈)
(Wild Life Sanctuary)

(၄) ဆင်ထိန်းသိမ်းအုပ်ချုပ်ရေးနယ်မြေ = ၁ ခု (စတုရန်းမိုင် ၅၀၀.၀၀)
(Elephant Control Area)

(၅) ဥယျာဉ်များ (Parks) = ၂ ခု (စတုရန်းမိုင် ၅၁.၀၀)

စုစုပေါင်း (၃၃) ခု၊ ဧရိယာစတုရန်းမိုင်ပေါင်း (၈၂၄၆.၅၆၈) ရှိပေသည်။
(အသေးစိတ်စာရင်းကို နောက်ဆက်တွဲတွင် ဖော်ပြပါရှိပါသည်။)

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် ဆင်များအပါအဝင် သဘာဝတောရိုင်း တိရစ္ဆာန်များနှင့် တကွ သဘာဝအပင်များ၊ သဘာဝနယ်မြေများ၊ မြန်မာ့သစ်တော၊ ရေမြေတောတောင်များ ထာဝစဉ်တည်တံ့စေလျက် ရှင်သန်ဖွံ့ဖြိုးနေရေးသည် နိုင်ငံသားတိုင်းအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်သာ ဖြစ်ပါသည်။

ꕥ ꕥ ꕥ ꕥ ꕥ

တိုက်ကြီးမြို့နယ်
ရန်ကုန်တိုင်း
အညွှန်း

မြန်မာနိုင်ငံ အာမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောများ
(၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ)

စဉ်	အမည်	အကျယ်အဝန်း (စတုရန်းမိုင်)	စတင်တည်ထောင်သည့် ခုနှစ်	တည်ရှိသည့် နေရာ
၁။	ပိတောင်ဘေးမဲ့တော	၂၆၉. ၆၀	၁၉၁၈	ကချင်ပြည်နယ်
၂။	ရွှေဥဒေါင်းဘေးမဲ့တော	၁၂၅. ၈၈	၁၉၁၈	မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်
၃။	ပြင်ဦးလွင်ဘေးမဲ့တော	၄၉. ၁၃	၁၉၁၈	မန္တလေးတိုင်း
၄။	မော့စ်ကို့စ်ကျွန်းစုဘေးမဲ့တော	၁၈. ၉၉	၁၉၂၇	တနင်္သာရီတိုင်း
၅။	တောင်ကြီးဘေးမဲ့တော	၆. ၂	၁၉၃၀	ရှမ်းပြည်နယ်
၆။	ကဟီလူဘေးမဲ့တော	၆၁. ၉၉	၁၉၃၂	ကရင်ပြည်နယ်
၇။	မူလာရစ်ဘေးမဲ့တော	၅၃. ၄၉	၁၉၃၆	ကရင်ပြည်နယ်
၈။	ဝက်ထီးကန်ဘေးမဲ့တော	၁. ၇၅	၁၉၃၉	မကွေးတိုင်း
၉။	ရွှေစက်တော်ဘေးမဲ့တော	၂၁၃. ၄	၁၉၄၀	မကွေးတိုင်း
၁၀။	ချပ်သင်းဘေးမဲ့တော	၁၀၄. ၀၀	၁၉၄၁	စစ်ကိုင်းတိုင်း
၁၁။	အလောင်းတော်ကဿဖ အမျိုးသားဥယျာဉ်	၆၀၂. ၀၀	၁၉၄၁	စစ်ကိုင်းတိုင်း
၁၂။	ကေလာသဘေးမဲ့တော	၉. ၄၅	၁၉၄၂	မွန်ပြည်နယ်
၁၃။	သမီးလှကျွန်းဘေးမဲ့တော	၀. ၃၄	၁၉၇၀	ဧရာဝတီတိုင်း
၁၄။	မင်းဝံတောင်ဘေးမဲ့တော	၇၉. ၄၉	၁၉၇၂	စစ်ကိုင်းတိုင်း
၁၅။	ထမံသီဘေးမဲ့တော	၈၃၀. ၄၀	၁၉၇၄	စစ်ကိုင်းတိုင်း
၁၆။	လှော်ကားဥယျာဉ်	၁. ၃၇	၁၉၈၂	ရန်ကုန်တိုင်း

မြန်မာနိုင်ငံ အာမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောများ
(၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ)

စဉ်	အမည်	အကျယ်အဝန်း (စတုရန်းမိုင်)	စတင်တည်ထောင်သည့် ခုနှစ်	တည်ရှိသည့် နေရာ
၁၇။	ပုပ္ပါးတောင်ဥယျာဉ်	၄၉.၆၃	၁၉၈၄	မန္တလေးတိုင်း
၁၈။	အင်းလေးကန်ဘေးမဲ့တော	၂၄၈.၀၀	၁၉၈၅	ရှမ်းပြည်နယ်
၁၉။	မိုးယွန်းကြီးဘေးမဲ့တော	၄၀.၀၀	၁၉၈၆	ပဲခူးတိုင်း
၂၀။	မိန်းမလှကျွန်းဘေးမဲ့တော	၅၂.၇၈	၁၉၉၄	ဧရာဝတီတိုင်း
၂၁။	နတ်မတောင်အမျိုးသားဥယျာဉ်	၂၇၉.၀၀	၁၉၉၄	ချင်းပြည်နယ်
၂၂။	ပါဆာသဘာဝနယ်မြေ	၃၀.၀၀	၁၉၉၆	ရှမ်းပြည်နယ်
၂၃။	လွိုင်မွေသဘာဝနယ်မြေ	၁၆.၅၄	၁၉၉၆	ရှမ်းပြည်နယ်
၂၄။	ခါကာဘိုရာဇီအမျိုးသားဥယျာဉ်	၁၄၇၂.၀၀	၁၉၉၆	ကချင်ပြည်နယ်
၂၅။	လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်	၇၉.၀၉	၁၉၉၆	တနင်္သာရီတိုင်း
၂၆။	လောကနန္ဒာဘေးမဲ့တောဥယျာဉ်	၀.၁၇၈	၁၉၉၇	မန္တလေးတိုင်း
၂၇။	ရခိုင်ရိုးမ ဆင်ထိန်းသိမ်း အုပ်ချုပ်ရေးနယ်မြေ	၅၀၀.၀၀	၁၉၉၇	ရခိုင်ပြည်နယ်
၂၈။	ကျိုက်ထီးရိုးဘေးမဲ့တော	၆၉.၇၅	၁၉၉၈	မွန်ပြည်နယ်
၂၉။	အင်းတော်ကြီးဘေးမဲ့တော	၂၉၉.၃၂	၁၉၉၉	ကချင်ပြည်နယ်
၃၀။	ပန်းလောင်ပြဒါးလင်းဘေးမဲ့တော	၁၂၈.၈၈	၁၉၉၉	ရှမ်းပြည်နယ်
၃၁။	မင်းစုံတောင်ဘေးမဲ့တော	၈.၇၂	၁၉၉၉	မန္တလေးတိုင်း
၃၂။	ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော	၂၄၉၄.၀၀	၂၀၀၁	ကချင်ပြည်နယ်
၃၃။	ကျောက်ပန်းတောင်ဘေးမဲ့တော	၅၁.၂၀	၂၀၀၁	ချင်းပြည်နယ်

အမျိုးသားဥယျာဉ်နှင့် သေးမဲ့တောများ

(၂၀၀၁ခုနှစ်၊ ဖေဖော်ဝါရီ)



Source: Forest Department

Myaing Hay Wun Elephant Camp

1. Location

Located in Taikkyi Township of Yangon Division.

2. Area

10 acres.

3. Year of Establishment

Established in 1986

4. Access

Yangon to Pa-lon, 60 miles by car, Pa-lon to KwanTi Myaung, unmetalled road 8 miles, and Kwan Ti Myaung to Myaing Hay Wun, forest road 4.5 miles.

5. Objectives

To develop and promote from Elephant Nursing Camp to Myaing Hay Wun Elephant Research Camp.

6. Wildlife

Elephant, Gaur, Banteng, Barking Deer, Wild Boar, Hare Wild Cat, Green Peafowl, Ruddy sheld duck, Hill Myna, Blossom-headed Parakeet, Pheasant, Red jungle fowl, Quail, Dove, Duck, Lesser Tree Duck, Butterflies, Moths, Snakes, Monitar lizard, Ground lizard, Grass lizard and Chameleon are present.

7. Conservation, Development and Research Programmes

(a) Research on Elephant Artificial Insemination (EAI).
(b) Increasing elephant population by Elephant Artificial Insemination (EAI)method.
(c) Study reproducting of female elephant by feeding food additives.

8. Opportunities for Study and Recreation

(a) Study of fishes and aquatic creatures in La-har-ma-nge fishpond and recreation by fishing.
(b) Viewing of pyinkadoe plantation situated near Sinte and Listening to the sound of birds.
(c) Hiking and mountaineering in the forest.
(d) Observing training of domestic elephants.
(e) Elephant riding around the camp.
(f) Study of the capture of wild elephants.

မြို့ငယ်လယ်က ဟတ္ထိဝက်

မှတ်တမ်းတင်ဓာတ်ပုံများ

ဆင်ပစ်မှေ့ဆေးသေနတ်အသင့်ပြင်ဆင်ကြပုံ



ခွန်ခို့ဆင်ကြီးနှင့်သူ၏ဦးစီး

တောဆင်ရိုင်းတို့ ကျက်စားရာ ဖောင်းကိုင်းတောကြီးထဲအဝင်

မိုးမိတ်သစ်တောခရိုင်အတွင်း ရွှေလီမြစ်အနောက်ဘက်ကမ်းတစ်နေရာ ညောင်ပင် အိုက်ဖောင်း
ကိုင်းတောအတွင်း၌ အရပ် ခုနစ်ပေ၊ လေးလက်မရှိ တောဆင်မကြီးကို တောဆင်ရိုင်းအသင်းမှ
ပစ်ခတ်ဖမ်းဆီးပြီးနောက် ခန္ဓိးတို့၏ တိုင်လည်ချည်နည်းဖြင့် ယာယီထားသည်မှာ . . .



ဆင်ဖမ်းရာ၌ အသုံးပြုသော ကြိုးများကို မေ့ဆေးဆင်ဖမ်းစခန်း၌ပင် ဖန်တီကြီးက ဦးစီး၍ကျစ်သည်။
မနီလာကြိုးထက် ပီလောလျှော်ဖြင့်ကျစ်သောကြိုးက ပိုခိုင်သည်ဆို၏။

ဖမ်းမိပြီးဆင်များကို မေ့ဆေးစခန်း၌ပင် ယဉ်ပါးအောင် မှိန်းသင်လျက် . . .

မှိန်းသင်ပြီးစဆင်၏ကျန်းမာရေးကိုတာဝန်ခံအရာရှိတို့ကစခန်း၌ပင်စစ်ဆေးရသည်

မှိန်းသင်ပြီး ဆင်များကို ရေချလေ့ကျင့်ပေးကာ ကျန်းမာရေး၊ သန့်ရှင်းရေး ဆောင်ရွက်ရသည်။

အစွယ်တစ်ချောင်းသာရှိသောဆင်ကို တည်ဟုခေါ်သည်။
တည်အမျိုး တောဆင်ရိုင်း စီးတိုးကြိုးတစ်ကာင်ကို ရင်ဆိုင်၍ မာတ်ပုံရိုက်ခဲ့စဉ်က . . .

စာရေးသူတို့အဖွဲ့လုပ်ငန်းခွင်တစ်နေရာ

သစ်ဆွဲအလုပ်သင်(ကြိုးသင်)ဝန်ဟေါ်သစ်များဖြင့်စတင်လေ့ကျင့်စဉ်

ပဲခူးရိုးမတောတွင်းခရီးတစ်နေရာ

လေ့ကျင့်စ(၁၆-၁၈နှစ်)ဆင်ငယ်တစ်ကောင်၏အလုပ်ခွင်တစ်နေရာ

မြို့ပေါဝန်ဧခန်းမှ 'ယူနီယံ' အမှတ်တရ(၂၁-၃-၂၀၀၄)

မြို့ပေါဝန်ဧခန်းမှ 'ဝင်းဝင်းလှိုင်' အမှတ်တရ(၂၁-၃-၂၀၀၄)

ကုန်းဘောင်ခေတ်ဆင်ကျူးသွင်းခြင်းမြင်ကွင်း



ယောဒေသနှံ့သာတောမှ ဖမ်းယူရရှိခဲ့သည့်ဆင်တော်ကို အင်းဝမြို့နေဆင်ဖမ်းအဖွဲ့ (၉) ဖွဲ့၊ စလင်းမြို့မှ ဆင်ဖမ်းအဖွဲ့ ခုနစ်ဖွဲ့တို့က အောက်မားဆင်တော်များနှင့် ငင်ယူဖမ်းဆီးခဲ့ရခြင်းဖြစ်သည်။ ဆင်တော်ကျူးသွင်း၍ ဖမ်းမြဲထုံးစံအတိုင်း ကျေးဖြင့် ဖမ်းဆီးခဲ့ကြသော်လည်း ဆင်တော်မှာ နံရံတိုင်ကို တိုးဝှေ့သဖြင့် အစွယ်ကျိုးသွား၍ တောတွင်း ပြန်လည်လွှတ်ပေးရသည်။ ကုန်းဘောင်ခေတ်မြန်မာဘုရင်များသည် ဆင်နှင့်ပတ်သက်၍ ဆဒ္ဒန်ဆင်မင်းဝန်၊ အောက်မားဝန်၊ ဓနက်ပလာဆင်ဝန် စသည်ဖြင့် ရာထူးအဆင့်များခွဲခြားခန့်အပ်ထားသည်။ အောက်မားဝန် (**officer of catching elephants**) သည် တောဆင်ရိုင်းဖမ်းဆီးကျူးသွင်းလေ့ကျင့်ရေး အဓိကတာဝန်ဖြစ်သည်။

မြိုင်ဟောဝန်၏ အကောင်းဆုံးခွန်ချီဆင် ရွှေတိုးဝင်းကြီးအား အမှတ်တရ (၂၁-၃-၂၀၀၄)

တိုက်ကြီးမြို့၊ ပထမအကြိမ် စွယ်တော်လှည့် ပူဇော်ပွဲတွင် ရွှေတိုးဝင်းအား အမှတ်တရ (၂၂-၂-၂၀၀၅)

လူသတ်ကောင် ဟိုင်းကြီးနှင့် တောဆင်ရိုင်းအုပ်များ စိုအောင်းကျက်စားရာ အဝေးမှရှုမြင်ရသော လှိုင်ရိုးမတောင်ပေါ်သစ်တောကြိုးဝိုင်းအကွက်အမှတ် (၂၅၊ ၂၆၊ ၂၇) ဧရိယာ ဘုရားတောင်၊ သစ်စိမ်းတောင်၊ သံပုရာမြောင်၊ ထိုးချ၊ ရေတာရှည်စစန်း၊ ယာတဲစုကလေးများ အပါအဝင် ရော်ဘာစိုက်စင်း၊ စပါးလင်ဆီမွှေး၊ ကြံစီမံကိန်း၊ ကြက်ဆူစိုက်စင်းနှင့် သစ်တောစိုက်စင်း စသည့်ဌာန၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများကလည်း နေရာယူထားကြဧင်းများရှိနေသည်။

သေကံမရောက်စဲ့သူ ဦးမြသန်း (မိသားစုနှင့်အတူ) ကျားရောင်းရွာနေအိမ်တွင် အမှတ်တရ

ဟိုင်းဆင်ရိုင်းကြီး၏ ဖိုက်အောက်ရောက်ပြီးမှ သေကံမရောက်စဲ့သူ ဦးမြသန်းအား စာရေးသူနှင့် အဖွဲ့တို့တွေ့ဆုံမေးမြန်းကြစဉ်

ကျမ်းကိုးစာရင်း

၁။ ဓမ္မပဒဝတ္ထုတော်ကြီး (ပထမတွဲ)၊ အရှင်ဓမ္မသမီဘိဝံသ၊ ၁၉၉၇

၂။ ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး၊ ဦးမောင်မောင်တင် (၁) K.S.M, A.T.M.၊ (ဒုတိယတွဲ) (တတိယတွဲ)၊

၃။ ကုန်းဘောင်ရှာပုံတော်၊ ညိုမြ

၄။ မြန်မာ့သစ်လုပ်ငန်း နှစ် (၅၀) ပြည့် ရွှေရတုစာစောင် (၁၉၄၈-၁၉၉၈)၊ ၁၉၉၈

၅။ တိုက်ကြီးမြို့နယ်မှတ်တမ်း (GAZETTEER,1982)

၆။ မြန်မာ့ကျွန်းရတနာ၊ ဘချစ်၊ သစ်မင်း၊ ဇန်နဝါရီ၊ ၂၀၀၇

၇။ မြန်မာ့ဆင်၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ စာပေဗိမာန်၊ ၁၉၇၂

၈။ ဘေးမဲ့တော၊ ကျော်ကြီး၊ စာပေဗိမာန်၊ ၁၉၇၂

၉။ ဆင်လုပ်သား၊ ဖိုးကျော့၊ စာပေဗိမာန်၊ ၁၉၇၃

၁၀။ တောဆင်ရိုင်းဖမ်းအဖွဲ့နှင့် လိုက်ပါခဲ့စဉ်က၊ ရဲမြင့် (သစ်တော)

၁၁။ မြန်မာ့ဆင်များရေးရာမှတ်စု၊ သတိုးမင်းကျော်၊ စိမ်းရောင်လွင်မဂ္ဂဇင်း၊ မေလ၊ ၂၀၀၁

၁၂။ ပြောင်းလဲနေတဲ့ ပစ္စုပ္ပန်၊ မြတ်သူ (တိုးချဲ့/ပညာ)၊ သစ်တောကျောင်းရာပြည့်မဂ္ဂဇင်း

၁၃။ မြန်မာ့ရိုးရာဆင်အက၊ ဒေါက်တာခင်မောင်ညွှန့်၊ မြန်မာ့အလင်းသတင်းစာ၊ ၂၃-၁၀-၂၀၀၅

၁၄။ ထူးဆန်းထွေလာ သတ္တကမ္ဘာ၊ တင်မောင်ဝေ၊ သုတစွယ်စုံ၊ ဒီဇင်ဘာ၊ ၂၀၀၀

၁၅။ ဆင်များနှင့်အတူ၊ မျူးခင် (ရွှေပြည်သာ)၊ အောက်တိုဘာ၊ ၂၀၀၈

၁၆။ Working Plan For Insein Forest Division (1965 to 1979-80) Vol.I

၁၇။ Ecotourism Site In Myanmar, Union Of Myanmar Ministry Of Forestry, July

၁၈။ Today News Journal, November, 2007

၁၉။ Weekly Eleven News (၁၉-၃-၂၀၀၈) နှင့် (၂၆-၃-၂၀၀၈)

၂၀။ Elephant Bill, J.H. Williams

တွေ့ဆုံမေးမြန်းခဲ့သူများ

၁။ ဦးထွန်းလှိုင်၊ အတွင်းရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၊ တိုက်ကြီးမြို့၊ ၂၀၀၅-၂၀၀၆ ခုနှစ်။

၂။ ဦးသန်းဝင်း၊ ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ တိုက်ကြီးမြို့၊ ၂၀၀၇ ခုနှစ်။

၃။ ဦးသာလှိုင်၊ ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းရုံး (ကျောက်ကြီးမြို့နယ်မှူး)၊ ၁၉၈၆ ခုနှစ်။

၄။ ဦးစိုးဝင်း၊ လက်ထောက်မန်နေဂျာ (ဆင်ဆေးကု) မြိုင်ဟောဝန်ဆင်စခန်း၊ တိုက်ကြီးမြို့။

၅။ ဦးစောစေးစေး၊ ဆင်ခေါင်းကြီး၊ မြိုင်ဟောဝန်ဆင်စခန်း၊ တိုက်ကြီးမြို့။

၆။ ဦးကြာဆုရ၊ ဆင်အုပ် (ငြိမ်း) မြိုင်ဟောဝန်ဆင်စခန်း (တာဝန်ခံ-ငြိမ်း)။

၇။ ဦးမြင့်အောင်၊ အဘ ဦးစိုးတင့်၊ ရင်းတိုက်ကွင်းကျေးရွာ၊ တိုက်ကြီးမြို့။

၈။ ဦးမြသန်း၊ အဘ ဦးအောင်သိန်း၊ ကျားကျောင်းကျေးရွာ၊ တိုက်ကြီးမြို့။

၉။ ဦးသက်အောင်၊ ရဲအုပ်စခန်းမှူး၊ တိုက်ကြီး၊ ပ/ရ စခန်း၊ ၂၀၀၈ ခုနှစ်။

၁၀။ ဦးနေဝင်းထွန်း၊ ဒုရဲအုပ်၊ တိုက်ကြီး၊ ပ/ရ စခန်း၊ တိုက်ကြီးမြို့၊ ၂၀၀၈ ခုနှစ်။

၁၁။ ဦးမြင့်လွင်၊ ဥက္ကဋ္ဌ၊ ရယက ချင်းကုန်းကျေးရွာအုပ်စု၊ တိုက်ကြီးမြို့၊ ၂၀၀၇ ခုနှစ်။

၂၀၀၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု
စာပဒေသာ ပထမဆုရ

မြိုင်ယံလယ်က တတ္တိဝတီ

ရေးသူ – သောင်းညွှန့်သစ်

အဖဦးမှင်နှင့် အမိဒေါ်အေးတို့မှ မြန်အောင်မြို့တွင် မွေးဖွားသည်။ မြန်မာနိုင်ငံသစ်တောကျောင်းတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သစ်တောဦးစီးဌာနတွင် တောခေါင်း၊ ဒုတိယ တောအုပ်၊ နယ်စည်းတောအုပ်ကြီး၊ မြို့နယ်ဦးစီးမှူး ရာထူးများထမ်းဆောင်ခဲ့သည်။

၂၀၀၇ ခုနှစ်တွင် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုကို 'တစ်ခေတ်တစ်ချိန်က ချင်းရိုးမဆီရောက်ခဲ့စဉ်' စာမူဖြင့် ရရှိခဲ့သည်။

၂၀၀၁ ခုနှစ်မှစ၍ တိုက်ကြီးမြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်းမှာ – ဦးသောင်းညွှန့်ဖြစ်သည်။
နေရပ်လိပ်စာ – အမှတ်(၃၇၁)၊ လယ်တီ(၁) လမ်း၊ ရှမ်းစုရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။